
www.burmeseclassic.com

# အိမ်အပြန်နှင့်

## အခြားဝတ္ထုတိုများ

သင်းစုစုညိမ်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်အပြန်နှင့် အခြားဝတ္ထုတိုများ (သင်းစုစုညိမ်း)

■

စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၁၇၈၇/၂၀၀၃ (၁၂) ]
စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၂၁၆/၂၀၀၄ ( ၂ ) ]

■

ပထမအကြိမ်၊ ရှင်သန်ခြင်းစာပေ၊ ဧပြီလ၊ ၂၀၀၄ခုနှစ်။
အုပ်ရေ (၅၀၀)

■

**မျက်နှာဖုံး**
ဖေစိုးအောင်
**အတွင်းသရုပ်ဖော်**
မောင်နီး၊ ဖေစိုးအောင်၊ ဝလုံး၊ သည်နိုင်။
**စီစဉ်သူ**
ဆောင်းဖြူ

■

ဦးခင်မောင်သိန်းဆွေ၊ သလ္လာဝတီစာပေ (၀၇၄၇)
တိုက် ၂၄၀၊ အခန်း ၃၊ ဇေယျာသုခလမ်း၊
၂၅ ရပ်ကွက်၊ သုဝဏ္ဏမြို့နယ်မှထုတ်ဝေ၍
ဒေါ်ခင်ဆွေနွဲ့၊ သီဟပုံနှိပ်တိုက် (၀၅၂၃၂)
အမှတ် ၂၄၀၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

■

တန်ဖိုး (၆၅၀) ကျပ်

# မာတိကာ


၁။ ရှင်သန်ခြင်း ၁
၂။ ပိတ်ဆို့စီးကြောင်း ၁၇
၃။ ပန်းအိပ်မက် ၂၉
၄။ မေ့ဖြစ်တွေ ၄၅
၅။ စိတ်ကူးအိမ် ၆၃
၆။ ထိုအမျိုးသမီး ၇၅
၇။ တစ်နေရာတည်း၌ ရပ်တန့်ခြင်း ၉၁
၈။ ရစ်နှောင်မိသော ၁၀၉
၉။ ဒဏ်ရာ ၁၁၉
၁၀။ ကြိုရသည်က ၁၃၁
၁၁။ အိမ်အပြန် ၁၄၅
၁၂။ အမွေအနှစ် ၁၅၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သန်ခြင်း

နံနက်စောစောအချိန်တွင် မြက်ခင်းပြင်နှင့် အဘွားအို၏ စိုက်ခင်းကို ဖြတ်တိုက်လာသော မြောက်ပြန်လေသည် နေ့သစ်ကို ရင်ဆိုင်ရန် နိုးကြားလာသော အဘွားအို၏ အာရုံကို နှုတ်ခွန်းဆက်သလိုက်သည်။ သည်လေပြည်သည် အဘွားအို၏ တစ်နေ့တာအဖို့ ပထမဆုံးမိတ်ဆွေ ဖြစ်သည်။ နံနက်တိုင်း အဘွားအိုကို နှုတ်ဆက်မြဲ။

အဘွားအိုသည် စောင်စုတ်ကလေးကို ခွာချရင်း ခုတင်ပေါ်မှ ထလိုက်သည်။ ဝါးခုတင်နိမ့်နိမ့်လေးသည် လှုပ်ရှားမှုကြောင့် တကျွီကျွီ မြည်သွားသည်။ စောင်ပိုင်းကလေးကို အဝတ်တန်းပေါ် လွှားထားလိုက်သည်။ ဤစောင်ပိုင်းကလေးသည် ချမ်းအေးသောရာသီအတွက် အဘွားအို၏ တစ်ခုတည်းသော အနွေးဓာတ်ပေးရာဖြစ်သည်။ သူသည်ပင် အနွေးထည်၊ သူသည်ပင် ခြုံစောင်ဖြစ်သည်။ ဝါးထရံပေါက်များမှ အေးမြသောလေသည် တဲတွင်းသို့ တိုးဝင်လာ၏။ ဆောင်းဝင်ခဲ့ပြန်ပြီပဲ။

မြေစိုက်တဲကလေးသည် အိုဟောင်းလှချေပြီ။ သူသည် အဘွားအိုနှင့်အတူ နှစ်ချီလများ ကြုံတွေ့ခဲ့ရသော လောကဓံတရားများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်းကို အိုဟောင်းခြင်းဖြင့် သက်သေထူနေသည်။

အခန်းကလေးမှာ ၁၀ ပေ ပတ်လည်သာ ကျယ်ဝန်းပေမည်။ လက်ယာဘက်ထောင့်တွင် အဘွားအို၏ ခုတင်ရှိသည်။ ခြေရင်းဘက်တွင် အဘွားအို၏ ဘောင်းချက်စားသော မြေအိုးကလေးများ ခွင်ခုံလောက်ပေါ်တွင် နေရာယူထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခန်းအလယ်ရှိစားပွဲပေါ်တွင် တိုလီမိုလီပစ္စည်းအချို့ တင်ထားသည်။ တစ်ရက်စာသာကျန်သော ဆန်ထုပ်ကလေးကို အိမ်တိုင်၏ ဝါးငုတ်ကလေးတွင် ချိတ်ထား၏။ အဝတ်တန်းပေါ်တွင် လုံချည်တစ်ထည် အင်္ကျီတစ်ထည် လွှားတင်ထားသည်။ အဘွားအိုတွင် လုံချည်နှစ်ထည်သာရှိ၏။ နှစ်ထည်စလုံးသည် ဘာထည်မှန်းမသိလောက်အောင် အရောင်စုံသော ဖာရာကွက်များ ထပ်နေ၏။ ထိုလုံချည်လေးနှစ်ထည်သည်လည်း သူတို့အဘွားအိုနှင့် ပတ်သက်ခဲ့ရသော အချိန်ကာလတို့ကို ဖော်ပြလျက်ရှိပေသည်။

ထရံပေါက်ကို ညှပ်၍ဖာထားသော သတင်းစာစက္ကူစသည် နှင်းစိုစွတ်ပြီလုပြီဖြစ်သည်။ ထိုအပေါက်ကို လုံလုံခြုံခြုံပြန်ကာရန် အဘွားအိုတွင် ခွန်အားတလော မအားလပ်သေးချေ။

အဘွားအို၏အကြည့်သည် ထရံကြားတွင် ထိုးညှပ်ထားသော ဆေးတံလေးဆီသို့ ရောက်သွားသည်။ သွားလေသူ ခင်ပွန်းသည်၏ အမြတ်တနိုးရှိခဲ့သော ပစ္စည်းဖြစ်သည်။ ဘဝခရီးကို အတူတကွလက်တွဲကာ လျှောက်လှမ်းခဲ့ကြရသော နှစ်ယောက်တစ်ဘဝဖြစ်ခဲ့သော်လည်း ခင်ပွန်းဖြစ်သူသည် အဘွားအိုဘဝမှ စောစီးစွာ ကွယ်ပျောက်သွားခဲ့သည်။ သူမ ဘဝသည် အထီးကျန်ဆန်လွန်းလှပေသည်။

ဤဆေးတံကိုမြင်လျှင် အားရပါးရ ဖွာရှိုက်၍ ဆေးတံသောက်နေတတ်သော ခင်ပွန်းဖြစ်သူသည် အဘွားအို အာရုံထဲသို့ တိုးဝင်ရောက်လာတတ်၏။ ထိုအခါ အဘွားအိုအား အားပေးနှစ်သိမ့်သောအပြုံးတို့ဖြင့် ကြည့်နေတတ်သည်။ အရောင်လက်သော မျက်လုံးတို့သည် အဘွားအိုအား စွမ်းအားတစ်မျိုး ဖြစ်စေသည်။

ဆေးတံသောက်ရန်အတွက် သူ့ဘေးနားမှာထိုင်၍ ဆေးလိပ်ပေးခဲ့ရသည်ကို မြင်ယောင်၏။

"အဲဒီတုန်းကများဆိုရင် ငါမှာ ဆေးစိုက်ခင်းလည်း စိုက်ရတယ် ကိုယ်တိုင်ခူး၊ ကိုယ်တိုင်နေလှမ်းပြီး ငါကိုယ်တိုင် လိပ်ပေးမှ သောက်တာ သူက ဆေးတံသောက် ငါက ရေနွေးကြမ်းသောက်ပြီး အိမ်ရှေ့ ကွပ်ပျစ်မှာ ထွေရာလေးပါး ပြောဆိုကြတာပေါ့၊ ငါက ဆေးတံသာမသောက်တာ၊ သူ့ဆေးနံ့ကိုတော့ တစ်ချိန်လုံး ထိုင်ပြီး ရှူနေနိုင်တာပဲ"





အဘွားအိုတစ်ယောက်တည်း ကြည်ကြည်နူးနူးလေး ရေရွတ်နေသည်။

"သူက တကယ့်ကို ရိုးသားဖြောင့်မတ်တဲ့လူပဲ၊ ပြီးတော့ ကြင်နာတတ်တယ်၊ သူ့ရဲ့ ကြင်နာတဲ့မျက်လုံးတွေက ငါ့ကို အားပေးနေတာ ခုထိပါပဲ"

အဘွားအိုသည် တစ်ယောက်တည်း စကားပြောသည်မှာ အကျင့်ပါနေချေပြီ။ တစ်ယောက်တည်း အထီးကျန်ဘဝတွင် သူမ ပြောစကားများကို နားထောင်မည့်သူ မရှိချေ။ သူမသည်သာ သူမ၏ စကားပြောဖော်၊ သူမ၏ စကားများကို အားပေးထောက်ခံသူ ဖြစ်ခဲ့သည်။ အဘွားအိုတွင် ဆွေမျိုးမရှိ၊ ကျောထောက်နောက်ခံ သားသမီးမရှိ။ အဘွားအို အပြင်းဖျားလျှင် ပြုစုယုယမည့်သူမရှိ။

အဘွားအိုသည် သေးကွေးကြုံလှီလှ၏။ ပါးရေနားရေတို့ကြောင့် မျက်နှာပြင်တွင် ရှုံ့တွနေ၏။ ခေါင်းမှ ဆံပင်တို့သည် ဖွေးဖွေးလှုပ်အောင် ဖြူနေ၏။ ပိန်ပိန်ပါးပါးလေးဖြစ်နေသော ခန္ဓာကိုယ်သည် အသားမရှိဘဲ အရိုးအရေတို့ဖြင့်သော ဖွဲ့စည်းထားသကဲ့သို့ ဖြစ်နေ၏။ မျက်ခွံတို့သည် မျက်လုံးတစ်ဝက်ကို ဖုံးသွားသည့်တိုင် တွဲလဲကျနေကြသည်။ အဆီအသားတို့ ကုန်ခမ်းနေပြီ ဖြစ်သော်လည်း အဘွားအို၏ လှုပ်ရှားပုံတို့မှာ ဖျတ်ဖျတ်လတ်လတ် တောင့်တောင့်တင်းတင်း ရှိလှ၏။

အဘွားအိုတွင် ခိုင်မြဲသော ယုံကြည်ချက်တွေရှိသည်။ မျှော်လင့်ချက်တွေရှိသည်။ ဘဝကို အရှုံးပေးရန် စိတ်ကူးမရှိ။ အောင်နိုင်သူတစ်ယောက်၏ ကျေနပ်မှုမျိုး အဘွားအို မျက်နှာတွင် အမြဲတွေ့ရသည်။ ဘဝ၏ ဆိုးကျိုးကောင်းကျိုးများကို တုန်တုန်လှုပ်လှုပ် ခံစားတတ်ခြင်း အဘွားအိုတွင် မရှိတော့။

သို့ဖြစ်၍ အလိုမကျဖြစ်ခြင်း၊ မကျေနပ်ခြင်းတို့သည် အဘွားအို အပါးမှ ဖယ်ခွာလျက် ရှိကြသည်။ သူမ၏ စိတ်သည်လည်း ထူးခြားစွာ သန့်စင်တောက်ပြောင်နေသည်။ စင်ကြယ်သော စိတ်အာရုံဖြင့် မြတ်စွာဘုရားကို အာရုံသည်။ ဆုတောင်းသည်။ ထိုစင်ကြယ်သော စိတ်ဓာတ်ကြောင့် သူမဘဝ သွန်စွာမှ အနှစ်သာရရှိလှ၏။

အဘွားအို၏ လက်တွေ့ဘဝသည် ယေဘုယျစဉ် မျှော်လင့်ခဲ့သလောက် သည်း မကောင်းချေ။ မျှော်လင့်သလောက်လည်း မဆိုးဟု ထင်သည်။

www.burmeseclassic.com



ဒါဟာ ရောင့်ရဲတင်းတိမ်နိုင်မှုမှာ အရင်းခံတာပဲ။ အဘွားအို တွေးမိသည်။ သူမဘဝသက်တမ်း ၈၀ လောက်အတွင်း တွေ့ကြုံခဲ့ရသော ဘဝသည် တစ်သမတ်တည်းမဟုတ်။ အနိမ့်အမြင့် အဖြူအမည်း ရောင်စုံရှိခဲ့သည်။

တကယ်တော့ ဘဝဆိုတာ ငါဝတ်ထားတဲ့ လုံချည်စုတ်ကလေးလိုပါပဲလား၊ လူတစ်ယောက်ရဲ့ ဘဝမှာလည်း ဒီလုံချည်လေးလို အကွက်ကွက် အဆင်ဆင် ရောင်စုံတွေ ရောပြွမ်းနေတာပဲလေ။

အဘွားအိုသည် မနက်စောစောတွင် သူမ၏ စိုက်ခင်းများကို ရေလောင်းလေ့ရှိသည်။ ခြံထဲတွင် ဟင်းသီး ဟင်းရွက်သီးနှံစုံလင်စွာ စိုက်ပျိုးထားသည်။ အိမ်ပတ်ပတ်လည်တွင်လည်း ငှက်ပျော၊ သရက်၊ ရှောက်၊ လိမ္မော် စသော အသီးအနှံတို့မှာ အတော်ကလေး မျိုးစုံလှသည်။

အဘွားအိုသည်လည်း သီးနှံများကို ရသလောက်ခူးပြီး အစည်းလေးတွေ ပြုလုပ်လိုက်သည်။ အိမ်ရှေ့ရှိ သပြေပင်ကြီးကိုလည်း မော့ကြည့်မိသေးသည်။ သပြေသီးက ကွဲစပြုလာပြီ။ အလျှံပယ်သီးချိန်က အဘွားအို ဈေးသို့ယူရောင်းလေ့ရှိသည်။ ချဉ်ပေါင်ကတော့ နောက်တစ်ရက်လောက်မှ ခူးရမည်။ အရှေ့ဘက်ကောင်းကင်တွင် ရောင်နီပျို့လျှင် အဘွားအိုသည် ဈေးခံတောင်းနှင့် အတူအိမ်မှထွက်လေသည်။ အဘွားအို၏တဲသည် ရွာအစွန်၌ ရှိသဖြင့် ဈေးသို့ တစ်မိုင်ကျော်ခန့် လမ်းလျှောက်ရ၏။ 'အင်း ဒါတွေရောင်းပြီးရင် ဆန်တစ်ပြည်လောက်တော့ ဝယ်နိုင်ကောင်းပါရဲ့' အဘွားအိုတစ်ကိုယ်တည်း တွေးလာ၏။

'အိုအေ တစ်ပြည်မရလည်း ရသလောက်ပေါ့၊ ခုတလော ငါမှာလဲ ကံမလိုက်ပါလား၊ ဟိုနေ့က ယူလာတဲ့ ကြက်ဥလေးတွေလည်း မစွံနိုင်လို့ ဆိုင်တစ်ဆိုင်မှာ ရတဲ့ဈေးနဲ့ တင်ပစ်ခဲ့ရတယ်၊ ချဉ်ပေါင်ကလည်း မစွံပါဘူး လူတွေ ချဉ်ပေါင်မကြိုက်ကြတော့ဘူးနဲ့ တူပါရဲ့၊ ငါတော့ သိပ်ကြိုက်တယ် ချဉ်တင်တင် ချွဲပျစ်ပျစ်ကလေးနဲ့ ဒီလောက်ကောင်းတဲ့ အရသာကိုများနော် သပြေသီးကလည်း သိပ်ဈေးမကောင်းပါဘူးလေ၊ သပြေသီးက ဖန်ပေမဲ့ သင်းသင်းလေးပါပဲ၊ ငါတော့ကြိုက်ပါရဲ့'

အဘွားအိုသည် သူမစားနေကျ အသီးအရွက်တို့ မည်မျှကောင်းကြောင်း ဆက်လက်တွေးတောလာသည်။





အဘွားအိုသည် ဈေးထောင့်စွန်တစ်နေရာတွင် တောင်းကိုချပြီး ဝယ်သူကို စောင့်နေလိုက်သည်။ နေအတော်မြင့်လာပြီ၊ ဘေးနားမှ ဈေးသည်တွေမှာ တချို့တစ်ဝက် စွံနေကြပြီ။ အဘွားအိုလည်း ဈေးဦးဖောက်မည့်သူကို မျှော်လင့်နေမိသည်။ သူမကို ကျော်ကာ တစ်ဖက်ဈေးသည်ဆီသို့သာ ရောက်သွားကြသည်။ သူမနှင့် သက်တူရွယ်တူများက အဘွားအိုကို စာနာစွာ ကြည့်သွားကြသည်။ အဘွားအိုက ပြန်ကြည့်လျှင် မလုံမလဲ မျက်ဝန်းလွှဲလိုက်၏။ ထိုအခါမျိုးတွင် အဘွားအို၏ မျက်ဝန်းလက်လက်တို့သည် ပြုံးရယ်နေသည်ဟု ထင်ရ၏။ အဘွားအိုဘေးမှ ဈေးသည်များကလည်း သူမ၏ အသီးအနှံတို့ကို အထင်မကြီးစွာ စိုက်ကြည့်ကြပြီး မခိုးမခန့် လုပ်ကြ၏။ သို့သော် အဘွားအိုသည် သူမ၏ သန့်စင်သောစိတ်ကို ဒေါသဖြင့် အရောင်မဆိုးပေ။

'လူတွေ ငါ့ကို မမြင်ကြသလိုပဲပါလား၊ ငါ့ကိုမြင်အောင်ဆိုပြီး ငါထခုန်လိုက်ရင် သူတို့တွေ လန့်သွားမှာ အမှန်ပဲ၊ ငါက ဝိညာဉ်ဘဝကနေပြီး လူတွေထဲမှာ လာဈေးရောင်းသလို ဖြစ်နေပြီ၊ အဟင်း ...'

အဘွားအို တစ်ကိုယ်တည်း တွေးလျက် ပြုံးနေမိသေးသည်။

'လူတွေက ငါ့ကို လူရာမသွင်းကြတော့ဘူး၊ သူတို့က မသွင်းပေမဲ့ ငါက လူဆိုတော့ လူရာဝင်ပြီးသားပေါ့၊ အင်း ဇရာနှင့် ဥပေက္ခာခံယူမှုဟာ ဒွန်တွဲလျက်ပါလား'

အဘွားအိုတွင် အသီးအရွက်တချို့ ကျန်နေသေးသည်။

'ကဲပါလေ ဈေးလဲကွဲပြီ၊ ငါထိုင်နေတော့လည်း စွံမှာမဟုတ်ဘူး၊ ဒီလိုကျန်တော့ ငါ့အတွက် ဟင်းမခူးရတော့ဘူးပေါ့၊ အဆင်ပြေသားပဲ၊ မနက်ဖြန်အတွက်သာ အစည်းကောင်းကောင်းလေးတွေ စည်းပြီး ချောင်မကျတဲ့ နေရာမှာ ထိုင်ရောင်းရမယ်'

အဘွားအိုသည် မနက်ဖြန်အတွက် တက်တက်ကြွကြွ ဖြစ်နေပြန်သည်။

အပြန်တွင် အဘွားအိုသည် ကုန်စုံဆိုင်သို့ ဝင်သည်။ ရွာဈေးတွင် ကုန်စုံဆိုင် သုံးဆိုင်ရှိသည်။ အဘွားအိုသည် သူမအတွက် အဆင်ပြေသည်ဟု ထင်ရသည့် ဆိုင်တစ်ဆိုင်တွင်သာ ဝယ်လေ့ရှိသည်။ အဘွားအို အကဲခတ်မိသလောက် ဆိုင်ရှင်လူဝကြီးသည် အဘွားအိုကို ရောင်းလိုဟန်မရှိချေ။ သူ့ မျက်နှာပြိုပြိုကြီးတွင် မျက်စိပေါက် ပါးစပ်ပေါက် ကျဉ်းသလောက် နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပွသည်။ သူ့မေးချွန်ချွန်သည် ပါးစပ်မှ တွဲလဲကျနေသော သစ်သီးတစ်လုံးနှင့်တူသည်။ ခြုံကြည့်လျှင် လူဝကြီးသည် ဘုရားစောင်းတန်း၌ တွေ့ရတတ်သော ရှုဗကာရုပ်တုနှင့် တူလှသည်။

လူဝကြီး၏ မိန်းမသည်လည်း လူဝကြီး ဝသလောက်ဝ၍ ဝမ်းဗိုက်သည် ဝက်တစ်ကောင်လို ဆူဖြိုး၏။ ခန္ဓာကိုယ်သည် သေးငယ်သော ခေါင်းနှင့် မလိုက်ဖက်ချေ။ ရယ်စရာကောင်းသော ကာတွန်းရုပ်နှင့် တူလှသည်။ မျက်နှာထားဆိုးဆိုးနှင့် အော်ဟစ်ဈေးရောင်းတတ်သဖြင့် သူမကိုလည်း အဘွားအို မနှစ်မြို့က်ပါ။

လူဝကြီး၏ မိခင် ပိန်ပိန်ပါးပါး သပြေသီးမှည့်ရောင်မျက်နှာနှင့် အဘွားအိုကြီးကိုတော့ စိပ်ပုတီးကိုင်၍ အိမ်ထဲတွင် လမ်းလျှောက်လျက် တစ်ခါတစ်ရံ တွေ့ရသည်။ ပုတီးစိပ်ရင်းမှလည်း ဝယ်သူပေးသော ငွေအ အလျော့ကို သူသိနေသည်။ တစ်ခါက အဘွားအို ငွေလျော့ပြီးမှားပေးမိသဖြင့် ဖျော့တော့နေသော ရုပ်ရည်နှင့် မလိုက်ဖွာ မာကျောသောလေသံဖြင့် အဘွားအိုကို အော်ငေါက်ဖူးသည်။ လက်ထဲတွင် တယမ်းယမ်းပါလာသော ရှည်လျားသည့် စိပ်ပုတီးကိုတော့ အဘွားအို အားနာပြုံးပြုံးပြခဲ့သည်။

လူဝကြီး၏ သမီးငယ်ကလေးမလေးသည် အဘွားအိုနှင့် အဆင်အပြေဆုံး ဖြစ်သည်။ သူမထံမှ အဘွားအို အကြွေးယူလို့လည်း ရသည်။ ဝယ်သူတွေများနေလျှင်လည်း တိုးပေါက်မရတတ်သော အဘွားအိုကို ဦးစားပေး ရောင်းသည်။ တစ်ယောက်စာ ဆန်၊ ဆီ၊ ဆား၊ နနွင်း၊ ငါးပိ၊ ငါးခြောက် စသော တိုလီမိုလီ ဝယ်ယူရသော အဘွားအိုကို စိတ်ရှည်လက်ရှည် ရောင်းပေးသည်။ သူမ၏ပြုံးရွှင်နေသော နှုတ်ခမ်းလေးက ကြမ်းကြမ်းတမ်းတမ်း မအော်ငေါက်တတ်ပါ။

သူမသည် အဘွားအိုတဲသို့ အလည်ရောက်တတ်သည်။ အဘွားအို အလုပ်များနေလျှင်လည်း ကူညီလုပ်ကိုင်ပေးတတ်သည်။ တစ်ခါတစ်ရံ တစ်နေကုန်နေပြီး ခြံထဲတွင် ကစားနေတတ်သည်။ ဟိုတစ်ခေါက်လာတုန်းက

'အဘွားရဲ့ ခြံလေးက သိပ်လှတာပဲ၊ ဘေးနားမှာလည်း လယ်ကွင်းတွေ တမျှော်တခေါ်ပဲ၊ ကျွန်မသူငယ်ချင်းတွေ နောက်တစ်ပတ်ခေါ်ခဲ့မယ်နော်၊ သူ တို့လည်း တစ်နေရာကို ပျော်ပွဲစားထွက်ချင်နေကြတာ၊ အဘွားရဲ့ ခြံလေး





အကောင်းဆုံးလို့ ကျွန်မ ပြောထားတယ်၊ အဘွားဆီကို လာတာ ကျွန်မအတွက်တော့ အကျိုးထူးရတယ်၊ ကျောင်းမှာလေ ဆရာက 'လယ်တောသို့ အလည်တစ်ခေါက်' ခေါင်းစဉ်နဲ့ စာစီကုံးခိုင်းတယ်၊ ကျွန်မ အမှတ်အများဆုံးပဲ အဘွားရေ'

ဝမ်းသာအားရ အဘွားအိုကို ပြောခဲ့သေးသည်။

ကလေးမကိုတော့ အဘွားအိုချစ်သည်။ ဆိုင်တွင်လည်း သူမကိုသာ တွေ့ရ၍ အဘွားအို ပျော်သွားသည်။

'ဟိုတ် ကလေး နင်မလာတာကြာပြီကော၊ လိမ္မော်သီးတွေလည်း နင့်အတွက် ငါဆွတ်ထားသေးတယ်'

'ကျွန်မ နေမကောင်းလို့ အဘွားရေ၊ မနေ့ကမှ ကျောင်းပြန်တက်ရတာ'

အဘွားအို စိတ်မကောင်းဖြစ်သွားသည်။

'နင့်သူငယ်ချင်းတွေ ခေါ်လာမယ်ဆိုလို့ ငါလည်း မျှော်နေတာ၊ ဒီကျောင်းပိတ်ရက်မှာ လာခဲ့ကြပေါ့ဟဲ့၊ ငါစားစရာတွေ လုပ်ထားမယ်'

တံခါးဝ၌ စိပ်ပုတီးကြီးကိုင်ထားသော အဘွားကြီးကို မြင်လိုက်တော့ ကလေးမလေး ရှုံးတိုးရှုံ့တန့် ဖြစ်သွားသည်။ အဘွားအိုလည်း စကားရပ်ထားလိုက်သည်။ နောက်မှ တိုးတိုးလေး–

'သူက ငါ့ဆီလာတာ မကြိုက်လို့လား'

'အင်းပဲ ထင်ပါရဲ့'

ကလေးမက အားတုံ့အားနာ ပြုံးပြီး လေသံကလေးဖြင့် ပြောလိုက်သည်။

အဘွားအိုလည်း ကလေးမလေးနှင့် စကားဝအောင် မပြောခဲ့ရဘဲ အိမ်ပြန်ခဲ့ရသည်။ အဘွားအိုတောင်းထဲတွင် ဟင်းရွက်ကျန် အနည်းငယ်၊ ဆန်တစ်ပြည်၊ ငါးခြောက်ပြားလေးတစ်ပြား ပါသွားသည်။ အဘွားအို ပြန်ရောက်သောအခါ နေအတော်မြင့်နေချေပြီ။ ကြက်များလည်း တစီစီအစာ ဘောင်းနေကြ၏။

'နင်တို့တွေက ဘေးသံကျူးရင့်ပြီး ငါ့ကို ကြိုနေကြတာပေါ့လေ၊ ကျေးရူးတင်တဲ့အနေနဲ့ ငါကလည်း အစားကောင်းကောင်း ကျွေးမှာပါ'

ကိစ္စအဝဝပြီးသော် အဘွားအိုသည် နံနက်စာ စီစဉ်လေသည်။

'ငါးခြောက်နဲ့ ချဉ်ပေါင်ချက်မှ၊ ချဉ်ပေါင်းဟင်းနဲ့ ငါးခြောက်ပုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အင်မတန်လိုက်ဖက်တာ၊ မနက်စာတော့ စားကောင်းဦးမှာပဲ၊ အင်း'

အဘွားအိုသည် ကိုယ့်စကားကိုယ်ထောက်ခံသလို လုပ်နေ၏။ ထို့နောက် လယ်ကွင်းထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။

'စပါးရိတ်သမားတွေလည်း မပြီးသေးကြဘူးနဲ့ တူပါရဲ့'

အဘွားအိုသည် လယ်ကွင်းပြင်၌ တလှုပ်လှုပ်နှင့် ကောက်ရိတ်နေကြသူများကို လှမ်းမြင်နေရသည်။

'ငါတို့တုန်းကလည်း ဒီလိုပါပဲ၊ အုပ်စုလိုက် ကောက်ရိတ်ကောက်စိုက်ရတာလောက် ပျော်စရာမရှိဘူး။ သူတို့တွေ ထမင်းစားပြန်ကြရင် ငါတဲကို ဝင်ရင်ကောင်းမယ်'

သို့သော် ကောက်ရိတ်သမားများသည် အဘွားအိုတဲကို ဝင်ခြင်းမရှိချေ။ အဘွားအို စိတ်မကောင်းစွာ ငေးကျန်ခဲ့သည်။

နောက်တစ်ပတ် ကျောင်းပိတ်ရက်တွင် သူငယ်မကို အဘွားအို မျှော်မိသေးသည်။ တစ်နေ့သာ ပျင်းရိဖွယ် ကုန်သွားသည်။ ရောက်မလာခဲ့ချေ။

"ဒီအပတ်လည်း မလာပါလား၊ ကလေးမလေးနဲ့ဆို ငါပျင်းမှာ မဟုတ်ဘူး"

ကလေးမလေး၏ သွက်လက်စွာ လှုပ်ရှားပြေးလွှားနေပုံကို မြင်ယောင်မိသည်။ သူမ အတွေ့အကြုံများကို တောင်စဉ်ရေမရ ပြောဆိုသံကို ကြားယောင်မိသည်။

"ငါ့မှာ ကလေးမလေးလို မြေးတစ်ယောက်ရှိရင် သိပ်ကောင်းမှာပဲ"

အဘွားအိုသည် ခုတင်ပေါ်တွင် ခွေခွေလေးလှဲနေလိုက်သည်။ နံရံကြားရှိ ဆေးတံကလေးကို ကြည့်နေမိစဉ် သူမကို အားအင်တစ်မျိုးဖြစ်စေသော အရောင်တလက်လက် မျက်ဝန်းတစ်စုံသည် ဆေးတံငွေ့များကြားမှ ပေါ်လာသည်။ မကြာမီ အဘွားအိုသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။

ထို့နောက် ငယ်စဉ်ဘဝတွင် ခင်ပွန်းသည်နှင့် သွားလာလည်ပတ်ခဲ့သည်ကို အိပ်မက်မက်လေသည်။ လေညင်းလေးနှင့်အတူ ပါလာသော ဆေးတံအနံ့ကို ရှူရှိုက်ရ၏။ ထိုအခါ အဘွားအိုသည် လွန်စွာလန်းဆန်းပေါ့ပါးလာသည်။ ပုံသဏ္ဌာန်ကို ကွယ်ပျောက်၍သွားကာ သယ်ဆောင်ထားခြင်း မရှိသကဲ့သို့ လွင့်မျောနေတတ်၏။ အဘွားအို မရောက်ဖူးသော နေရာဒေသကြီး





မြင့်မားသော ချောက်ကမ်းပါး၊ အငူစွန်း ၊ အလွန်တရာမြင့်မားသော တောင်ကြီးများကိုလည်း တွေ့ရသည်။ ထိုအရာတို့ကိုလည်း အဘွားအိုသည် အံ့ဩလောက်အောင် လျင်မြန်မှုနှုန်းဖြင့် ဖြတ်ကျော်နိုင်သည်။ သမုဒ္ဒရာရေလွှာကို ဖောက်ထွင်းပြီးလည်း သွားနိုင်၏။ စကြဝဠာတစ်ခုလုံးကိုလည်း နေရာအနှံ့ ခြေဆန့်နိုင်စွမ်းရှိ၏။ အဘွားအိုသည် ညစဉ်အိပ်မက်ထဲ၌ ဆေးတံနံ့ကို ရမြဲပင်။

တစ်ခါတစ်ရံ၌ ရေတံခွန်များအကြောင်းကို မက်စဉ်၌လည်းကောင်း၊ ဟိမဝန္တာတောင်ကြီးများကို မက်စဉ်၌လည်းကောင်း၊ ပင်လယ်ရေလှိုင်းများပေါ် လမ်းလျှောက်ရသည်ဟု မြင်မက်စဉ်၌လည်းကောင်း မည်သို့ပင်ဖြစ်စေ တစ်နည်းနည်းဖြင့် ထိုအနံ့အငွေ့တို့ကို ရှူရှိုက်ရမြဲပင်။

ဆေးတံငွေ့များ တဖြည်းဖြည်းပြယ်လာပြီး ရနံ့ပျောက်ကွယ်သွားချိန်ရောက်တိုင်း အလိုလိုပင် အဘွားအို အိပ်ရာမှ နိုးလာတတ်၏။ ထိုအခါ စွမ်းအင်တစ်မျိုးသည် သူမ ခန္ဓာကိုယ်တွင်း၌ ကိန်းအောင်းကျန်ခဲ့သည်ဟု အဘွားအို ယုံကြည်သည်။ ထိုစွမ်းအားတို့သည် သူမအား စိတ်ဓာတ်တက်ကြွစေသည်။ ရှူသည်ဟု ဆိုစေကာမူ အဘွားအို၏ ကြီးမားသော ယုံကြည်ချက်က ပျောက်ကွယ်မည်မဟုတ်။ စွမ်းအင်သစ်များဖြင့် တက်တက်ကြွကြွ ဖြစ်နေသော အဘွားအို၏စိတ်ဓာတ်သည် အစဉ်မြဲ နုပျိုလျက်ပင်။

*

ခုတလော အဘွားအို ဈေးရောင်းမကောင်း။ သူမ အသီးအနှံများကသည်း နည်းအမျိုးမျိုးဖြင့် မစွံဖြစ်နေသည်။ သို့ဖြစ်၍ ယနေ့ဈေးသို့ စောစီးရောက်ရန် အဘွားအို ဝီရိယကောင်းနေ၏။ ရောင်နီမပျို့ခင် အိမ်မှ ထွက်ခဲ့သည်။

'အဘွားကြီးပုံကြည့်ရတာ ဟုတ်မယ့်ပုံပဲ၊ သူ့အနားမှာ ဈေးရောင်းတဲ့ ချွေခင်ကတောင် ပြောသေးတယ်၊ သူ့အနားနေရတာ ခပ်ကြောက်ကြောက်ဆိုတဲ့ သူ့အသီးအနှံတွေမှာလည်း ဘာတွေစီရင်ထားမှန်း မသိ၊ စုန်းအတတ်နဲ့ အမ်းဘာတွေထည့်ထားကော ဘာတတ်နိုင်မှာလဲ၊ မဝယ်တာ အကောင်းဆုံးပဲ'

"တစ်ဈေးလုံးလတ်လတ်ဆတ်ဆတ် အသီးအနှံတွေက ပြည့်လို့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိထားတော့ ရှောင်နိုင်တာပေါ့၊ တို့အိမ်နားကလူတွေပါ သတိပေးရမယ်၊ သူ့ပုံစံကလည်း အရိုးဖြိုင်းဖြိုင်းနဲ့ မျက်လုံးတွေကလည်း ကြောက်စရာကြီး၊ ရွာပြင်မှာနေတယ်ဆိုကတည်းက ဟုတ်လို့နေမှာပေါ့”

ဈေးရောက်တော့ မှုန့်ဝါးဝါးအလင်းရောင်အောက်တွင် ဈေးဝယ်သူနှစ်ယောက်၏ အချီအချစကားသံသည် အဘွားအို နားထဲ တိုးဝင်လာသည်။ သူမကို ပြောနေမှန်းသိတော့ အလွန်အံ့အားသင့်သွားသည်။

‘အင်း ကလေးမလေး မလာတဲ့ အကြောင်းရင်းကလည်း ဒါပဲ ဖြစ်ရမယ်၊ မဟုတ်တာတွေ လျှောက်ပြောနေလို့ ကလေးတွေ ကြောက်နေရောပေါ့၊ သပြေသီးမှည့်ရောင်မျက်နှာနဲ့ မိန်းမကပြောလို့ နေမှာပေါ့’

အဘွားအို ဘာမှုမဖြစ်သလို ရှောင်းနေကျနေရာလေးတွင် ဝင်ထိုင်လိုက်သည်။ ဈေးဝယ်သူတို့လည်း အဘွားအနီးမှ ခွဲသွားကြ၏။ သူမ နွဲ့ကောင်းကောင်းဖြင့် ဈေးဦးဖောက်မည့်သူကို မျှော်နေမိသည်။ နောက်ဆုံးမဆိုစလောက်သာ စွံခဲ့ပြီး အဘွားအို ထပြန်ခဲ့ရသည်။

‘အင်း ဒီလိုသာဆို ခက်ရချည်ရဲ့၊ လူတွေကလည်းလေ အတွေးမျော်ရန်ကော၊ ဒီနေ့ ဆန်ဝယ်ဖို့တောင် မရတော့ဘူး၊ အိမ်မှာရှိတာလေးနဲ့တော့ ဒီတစ်ရက် စားလောက်နိုင်ပါရဲ့၊ ဟင်းကတော့ မပူရပါဘူးလေ’

အဘွားအို အိမ်ပြန်အရောက်တွင် သူမကို ကြိုနေသော ကြက်ကောင်ရေမှာ ခါးတိုင်းထက် လျော့နည်းနေသည်ကို တွေ့ရသည်။ အဘွားအိုရင်ထဲ ထိတ်စနဲ ဖြစ်သွားပြီး ကြက်ခြံသို့ အပြေးအလွှား သွားကြည့်သည်။

‘အို ...ဘုရား ...ဘုရား၊ ထင်တဲ့အတိုင်းပါပဲလား၊ ကြက်ခြံပေါက်နေပြီ၊ ခဲဝါလက်ချက်လား၊ သူခိုးလက်ချက်လား မသိဘူး၊ အတော်များများပါသွားပါလား၊ ဒါဆို အကောင်ကလေးတွေပါ အားလုံးပေါင်းမှ ဆယ်ကောင်ဆယ့်ငါးကောင်ပဲ ကျန်တော့တယ်၊ ဟုတ်တယ် ဟုတ်တယ်၊ ငါ ကံဇာတာနိမ့်လာတာ အမှန်ပဲ’

အဘွားအိုသည် မညည်းညူစဖူး ညည်းညူလိုက်သည်။ သူမသည် တစ်မနက်လုံး ကြက်ခြံကို ဝါးကပ်ဖြင့် ကြိုးစား၍ ပြန်ပိတ်လိုက်သည်။ ဟင်းခင်းခြံကိုလည်း ကြက်၊ ဘဲ မဝင်နိုင်စေရန် ပြန်ပြုပြင်လိုက်သည်။ နံနက် ၁၁ နာရီ ၁၁.ပြီးချိန်တွင် အဘွားအိုသည် အတော်ကလေးမောဟိုက်နေသည်။ မြက်ခင်း





ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး အမောပြေစေရန် သက်ပြင်းရှူနေလိုက်သည်။

‘ငါ အလျင်ထက် တော်တော်မောတတ်နေပြီ၊ အေးလေ ဇရာကလည်း အချိန်ကျတော့ မင်းမှုလာမှာပေါ့၊ ဒါက အရေးမကြီးပါဘူး၊ မောလာရင် အမောဖြေလိုက်ရုံပေါ့’

အဘွားအိုသည် သူမ၏ တစ်ဦးတည်းသော အရင်းနှီးဆုံးမိတ်ဆွေ ကလေးမလေးကို သတိရသွားသည်။

‘အင်း ကလေးမလေး ငါ့အနားမှာရှိရင် သိပ်ကောင်းမှာပဲ၊ သူနဲ့ဆို အကူအညီရမယ်၊ ငါလည်း ပင်ပန်းမှာ မဟုတ်ဘူး’

အဘွားအိုသည် ပြောပြောဆိုဆို သပြုပင်ကြီး၏ ခြေရင်းတွင် ပစ်လှဲလိုက်ပြီး ပြာလဲ့လဲ့ကောင်းကင်ကြီးကို မော့ကြည့်နေလိုက်သည်။

*

ထိုနေ့ နေ့လယ်ပိုင်းတွင် အဘွားအိုခြံရှေ့မှ ဖြတ်သွားသော စပါးရိတ်သမားတစ်စု ပြောဆိုသွားကြသော စကားအချို့ကို အဘွားအို စိတ်ဝင်စားသွားသည်။

သူတို့ ပြောကြသည်မှာ ဤရွာမှ လေးမိုင်ခန့်ကွာဝေးသော ရွာတစ်ရွာတွင် ကထိန်အလှူတစ်ခုရှိကြောင်း၊ ထိုကထိန်တွင် အကျွေးအမွေးအတွက် ဟင်းသီးဟင်းရွက်အချို့လိုနေသေးကြောင်း၊ ဈေးသို့လာဝယ်သော်လည်း လောက်ကျ၍ မရလိုက်ကြောင်း၊ ယနေ့ ညဦးပိုင်းပင် အကျွေးအမွေးရှိသဖြင့် အခက်ကြောင်း ပြောဆိုသွားကြသည်။

အဘွားအိုသည် ရွှင်လန်းအားတက်ကာ ထိုရွာသို့ သွားရန် စိတ်ကူးလသည်။

‘အဲဒီကိုရောက်အောင်သွားစမ်းပါဟယ်၊ လေးငါးမိုင်ဆိုတာ ဝေးတာမှ မဟုတ်တာ၊ငါ့မှာလည်း ရပေါက်ရလမ်း ရှိသေးတာပဲ၊ ကံဇာတာတက်လာပြီ ထင်ပါရဲ့၊ သူတို့မှာလည်း အဆင်ပြေ၊ ငါမှာလည်း အဆင်ပြေမယ်၊ မှုန်းသည့်ခင် အမြန်သွားမှ၊ ညနေပိုင်းလောက် ပြန်ရောက်ရင် တော်ပါပြီ’

အဘွားအိုတစ်ကိုယ်တည်း တွေးတောကာ သွားရန် ပြင်ဆင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် အဘွားအို သွက်လက်ရွှင်မြူးစွာ လှမ်းလာလိုက်သည်။ နေပူမပြင်း၍ ထင်သလောက် မပင်ပန်းကြောင်း အဘွားအို တွေ့ရသည်။ အဘွားအို ထိုရွာသို့ရောက်သောအခါ နေ့လယ်တစ်နာရီ ကျော်ချေပြီ။

ထိုအလှူတွင် ဟင်းသီးဟင်းရွက်များ လိုနေသည်မှန်သော်လည်း အဘွားအို မရောက်မီကပင် ယာခင်းတစ်ခုမှ မှာယူရရှိပြီး ဖြစ်၍ မလိုအပ်တော့ကြောင်း ဟူသော သတင်းစကားသည် အဘွားအိုအား ဆီးကြိုနေသည်။

အလှူအိမ်ရောက်အောင် သွားကြည့်ခဲ့သော်လည်း အကြောင်းမထူးချေ။ ထိုအခါကျမှ သူမ မည်မျှမောပန်းနေကြောင်း သတိပြုမိသည်။ နေပူပူတွင် တောင်းကြီးကို ရွက်၍ ခရီးဝေးမှ လာခဲ့ရသဖြင့်လည်းကောင်း၊ တောင်းအလေးကိုပင်ရွက်၍ အိမ်ပြန်ရမည့်ခရီးကြောင့်လည်းကောင်း သူမသည် မတ်တတ်က ခွေလဲသွားမတတ် ခံစားလိုက်ရသည်။ ဟင်းသီးဟင်းရွက်များကို ရွာထဲ၌ကြိုးစား၍ ရောင်းကြည့်ပါသော်လည်း အချည်းနှီးသာ။

အဘွားအိုသည် ရွာစပ်ရှိ မန်ကျည်းပင်ခြေရင်းတွင် ထိုင်၍ အမောဖြေနေလိုက်သည်။ ခြေလက်များသည် တောင့်တင်း၍နေ၏။ ပင်စည်ကို မှီလိုက်စဉ် တစ်ကိုယ်လုံး နုံးခွေကာ အိပ်ပျော်လုလု ဖြစ်သွားသေးသည်။

'မဖြစ်ဘူး၊ ဒီမှာထိုင်နေလို့လည်း တော်တော်နဲ့ အမောပြေမှာ မဟုတ်ဘူး။ သွားစရာရှိတာ ဆက်သွားရမယ်၊ ကဲ...ဟင်းရွက်တောင်းကြီးရေ၊ နင်က ငါ့ကို နိုင်နေတုန်းဆိုတော့ ငါ့ခေါင်းပေါ်က သက်သောင့်သက်သာ တက်ပြီး လိုက်ခဲ့ ဦးပေါ့'

အပြန်တွင် အသွားတုန်းကလောက် နေပူခြင်းမရှိတော့။ သို့သော် အဘွားအို၏ ကြုံလှီသော ခြေထောက်ကလေးများသည် အလေးအပင် သယ်ဆောင်လာခဲ့ရသဖြင့် တဖြည်းဖြည်းအားလျော့နွေးကွေးလာတော့သည်။ အဘွားအို၏စိတ်ထဲတွင် ခြေလှမ်းပေါင်းများစွာကို အားနှင့် မာန်နှင့် လှမ်းနေ၏။ သူမ၏ ခန္ဓာကိုယ်သည် အားမာန်မရှိတော့သော်လည်း မလျော့သောဇွဲဖြင့် မနားတမ်းလှမ်းလာခဲ့သည်။ အဘွားအို မောဟိုက်လာသည်မှာလည်း ဆိုဖွယ်မရှိတော့။

'ငါ့နှယ် မမောစဖူး မောလိုက်တာ၊ ခေါင်းထဲကလည်း နောက်ထွေးလာပြန်ပကော'





ချွေးပေါက်တို့ဖြင့် ကျိန်းစပ်နေသော မျက်လုံးတို့ကို လက်ဖြင့် အသာပွတ်လိုက်သည်။ ပင်ပန်းလွန်း၍ မူမော်လဲသွားမည်ကို စိုးရိမ်နေမိသည်။

'အို ... ဒါတွေထားစမ်းပါ၊ ကိုင်း ဒီအချိန်ဟာ မောပန်းနေရမှာ မဟုတ်ဘူး၊ ငါ့တဲကို မြန်မြန်ရောက်နိုင်ဖို့ပဲ အရေးကြီးတာ'

အဘွားအိုခေါင်းမှတောင်းသည် ပိဿာတစ်ရာထည့်ထားသကဲ့သို့ လေးလာသည်။ သူမသည် မူးဝေ၍ သတိလစ်မလို ဖြစ်ပြီး မျက်လုံးများ ပြာသွားသည်။ တောင်းနှုတ်ခမ်းကို လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်ကာ ထိန်းနေလိုက်သည်။ မျက်စိ သဲသဲကွဲကွဲ ကြည့်နိုင်စေရန် မျက်တောင်ကို လေးငါးချက် စုံခတ်ပစ်လိုက်သည်။

'အင်း ငါတို့ရွာရောက်ပြီပဲ၊ ဟိုကမြင်ရတာ ငါ့တဲလေးပဲ၊ သေချာပါတယ် အားတင်းလျှောက်စမ်းပါဟဲ့'

အဘွားအို စိတ်ကိုတင်းလိုက်သည်။ အမြင်အာရုံတို့ မှုန်ဝါးဝါး ဖြစ်နေကြ၏။

'ရောက်ပါပြီ၊ ရောက်ပါပြီ ငါ့တဲပဲ'

အဘွားအိုသည် သပြေပင်ကြီးနားအရောက်တွင် ပြိုလဲတော့မလို ဖြစ်သေးသည်။

'လဲလို့မဖြစ်သေးဘူး၊ ဟိုမှာ တဲပေါက်ဝကိုတောင် မြင်နေရပြီ'

အဘွားအို ဆက်လက်အားတင်းလိုက်သည်။ ထိုအချိန်တွင် သူမ၏ ခြေလှမ်းအကျယ်သည် တစ်ထွာသာသာ ရှိတော့၏။

တဲတွင်းသို့အရောက်တွင် ယိမ်းယိုင်သွားသဖြင့် ဟန်ချက်မညီဘဲ ခင်းတောင်းမှောက်ကျသွားတော့သည်။ ခရမ်းသီး၊ ငရုတ်သီးများ၊ ဟင်းညွန့်ည်းများသည် တဲအတွင်း၌ ပျံ့နှံ့သွားလေသည်။ သူတို့သည် အဘွားအိုအား ဘင်ပြောင်နေသကဲ့သို့ပင်။ အဘွားအိုသည် ၎င်းတို့ကို ရီဝေသောမျက်လုံးများ နှင့် ကြည့်ကာ ဝါးခုတင်ရှိရာသို့ တရွေ့ရွေ့လှမ်းလာပြီး ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ် လှဲချလိုက်လေတော့သည်။ သူမ၏ ခန္ဓာကိုယ်သည် ဘယ်လိုမျှ ယှဉ်ရှားနိုင်လောက်အောင် အားအင်ကုန်ခန်းနေ၏။ မွေးကင်းစကလေးကပင် ယှဉ်ရှားနိုင်ရန် အဘွားအိုထက် အားအင်ရှိပေဦးမည်။

အဘွားအိုသည် သူမ နှလုံးခုန်သံကို ခပ်ဝေးဝေးမှ ဖြစ်ပေါ်နေသော



www.burmeseclassic.com

ကျယ်ကျယ်လောင်လောင် အသံတစ်ခုဟု ထင်နေသည်။ အဘွားအို၏ သေး
ကွေးသော လက်ချောင်းများသည် ဆတ်ခနဲ ဆတ်ခနဲ ဂနက်တက်နေ၏။ ဖြူ
ဖွေးသော ဆံပင်တို့သည် ပုခုံးပေါ်သို့ လျော့ရဲကာ ကျနေ၏။ ပါးစပ်ကို
ဟလျက် ပင်ပန်းကြီးစွာ အသက်ရှူနေ၏။ ချိုင့်ဝင်နေသောမျက်တွင်းထဲမှ
သေးငယ်ကျဉ်းမြောင်းသော ရီဝေဝေ မျက်လုံးတို့သည် နံရံပေါ်ရှိ ဆေးတံ
လေးကို အားယူကြည့်နေ၏။

ထိုအခါ အဘွားအိုသည် သူမ၏ ယုံကြည်ချက်အတိုင်း ဆေးတံငွေ့
များကြားမှ အားပေးနှစ်သိမ့်သော မျက်ဝန်းတစ်စုံကို မြင်နေမည်လား မပြော
တတ်။ အဘွားအို၏ မျက်ဝန်းတို့သည် တဖြည်းဖြည်း မှေးကျကာ မကြာမီ
အတွင်းတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။ နှုတ်ခမ်း
များသည် ပြုံးလျက်။

ဆောင်းရာသီ၏ အေးမြသော ညနေခင်းလေပြည်သည် တဲပေါက်
တို့ဝင်လာ၏။ ဆည်းဆာရောင်ခြည်သည် အဘွားအို၏ ဝင်းခြံပတ်လည်တွင်
လှပစွာ ဖြန့်ကျဲနေ၏။ အဘွားအိုသည် အိပ်မက်ထဲ၌ ဆေးတံငွေ့များ
ရှုရှိုက်ရင်း တောတောင်အနှံ့ သွားရောက်နေမည်လော။ ပင်လယ်ပြင်
ဖောက်ထွင်းသွားလာနေမည်လော။ စကြဝဠာအနှံ့ လှည့်လည်ကာ သာယာ
လှပသော ရှုခင်းများကို ကြည့်ရှုနေမည်လောမသိ။

မည်သို့ပင်ဖြစ်စေ၊ အဘွားအိုသည် အိပ်ရာမှ နိုးထလျှင် အားမာန်သစ်
တို့ဖြင့် တစ်ဖန်ပြန်လည် လန်းဆန်းတက်ကြွလာမည်မှာ မုချ သေချာသည်။

မိုးမိုး (အင်းလျား) အမှတ်
ဝတ္ထုတိုပြိုင်ပွဲ အထူးဆု (



www.burmeseclassic.com

# ပိတ်ဆို့စီးကြောင်း

ဝမ်းနည်းစိတ်ပျက်ငြီးငွေ့ဖွယ်ရာညများကို အိပ်စက်ခြင်းဖြင့် ခင်အဆုံးသတ်နိုင်ခဲ့လျှင် ခင့်အတွက် လှပသည့်ဘဝလေးနှင့် တန်ဆာဆင်ထားသော အိမ်မက်ကလေးကို ခင် ပိုင်ဆိုင်ခွင့်ရသည်။ ဘဝမှာ ခင်လွတ်လပ်စွာပိုင်ဆိုင်ခွင့်ရတာ ဒီအိပ်မက်ကလေးပါပဲလို့ ရိုးသားစွာ ဝန်ခံလိုပါသည်။

*

မနေ့က ခင်အိပ်မက်မက်ပြန်သည်။ ထုံးစံအတိုင်း သဲတွေ ဟိုတစ်ပုံဒီတစ်ပုံနှင့် ကစားနေသည်။ အုန်းပင်တွေက လေတဝှီးဝှီးအတိုက်မှာ ယိမ်းထိုးအော်မြည်နေသည်။ အုန်းလက်ခြောက်တွေ တွဲလောင်းဆွဲကာ လှုပ်ယမ်းနေသည်မှာ အသည်းယားစရာကောင်းလှသည်။ ဒါပေမဲ့ ခင်က အုန်းပင်အောက်မှာ မကြောက်မရွံ့ တစ်ချိန်လုံး ထိုင်နေခဲ့သည်။

ပင်လယ်ပြင်ကြီးကတော့ ကြောက်စရာကောင်းသည်။ ဒေါမာန်ထနေသည်။ ဒီအချိန်မှာ ကြီးကြီးက ဖျတ်ခနဲ ပေါ်လာသည်။ ကြီးကြီးရဲ့ ရှားပါးတဲ့ အပြုံးမျက်နှာချိုကို ထူးထူးဆန်းဆန်းတွေ့သဖြင့် ခင် အံ့သြနေသေးသည်။ ခင့်ကို စကားမပြောခဲ့လို့နေမည်။ ပြောခဲ့လျှင် ခက်ထန်တဲ့လေသံနှင့်အတူ အပြုံးပါ ပျောက်ကွယ်သွားပေမည်။

ကြီးကြီးသည် ခင့်အတွက် ကြောက်စရာ အကောင်းဆုံးပုဂ္ဂိုလ်ဖြစ်သည်။

www.burmeseclassic.com



မုန်းစရာလည်း အကောင်းဆုံးဟု ထင်သည်။ မုန်းစရာလည်း အကောင်းဆုံးဟု သတ်မှတ်ဖို့ရာ ခင်ကြောက်သည်။ ကြီးကြီးကို မုန်းတဲ့အတွေးဝင်လာလျှင် ခင် မျက်စိမျက်နှာပျက် ကြောက်လန့်နေတတ်သည်။

ခင့်အတွက် တစ်ခုတည်းသော စွဲမက်ပျော်ရွှင်စရာ အိပ်မက်လေးထဲထိ ကြီးကြီး လိုက်လာတာ မကောင်းဟု ထင်သည်။ ကြီးကြီးဟာ တော်တော်ဆိုးပါလားဟု မှတ်ချက်ချရင်း ခင် အိပ်ရာမှ ထလာသည်။

အိပ်မက်ထဲမှာ ခင့်ချစ်သူကလည်း ဗိုးတဝါးပါပဲ။ အဲဒါ ကြီးကြီးကြောင့် ဖြုန်းဆို ကြီးကြီးပေါ်လာပြီး ဘယ်သွားမလဲလို့ မေးတယ်။ ခင်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ သူ သူဆိုပြီး သူ့ကို လက်ညှိုးညွှန်ပြတယ်။ ကြီးကြီးကြည့်ရတာ မြင်ပုံမရဘူး။ ဘာလဲလို့ ထပ်အမေးမှာ ခင် လန့်နိုးသွားတာပဲ။

ကြီးကြီး သူ့ကို မြင်သွားရင် ကောင်းမှာပဲ။ ခင်က မြင်စေချင်သည်။ အားလုံး အားလုံးကို ကြီးကြီး မြင်စေချင်သည်။ မနက်စောစော နှင်းဆီပန်းတွေ သွားခူးတော့ အိပ်မက်ကို စိတ်စွဲပြီး ကြီးကြီးမြင်မှာပါဟု ထပ်ကာထပ်ကာ ပြောနေမိသဖြင့် လက်မှာ ဆူးစူးသွားသေးသည်။

*

မနေ့က အိပ်မက်ထဲမှာ ချစ်သူရှိရာ ခင် အလိုလိုရောက်သွားသည်။ သောင်ပြင်ကြီးက ခင် ခြေမလှမ်းရအောင် ကြို့ပေးသည်တဲ့။ အိပ်မက်ထဲမှာတော့ ဘာမှမထူးဆန်းဆိုပဲ၊ ငပလီက ကျောက်ဆောင်တွေကလည်း ခါတိုင်းလိုမဟုတ်ဘဲ ထိုးထောင်ချွန်ထက် မြင့်မားနေကြသဖြင့် ခင် မရောက်ဖူးသလို ဇဝေဇဝါ ဖြစ်သေးသည်။

ဘန်ဂလိုကတော့ မှောင်မှောင်မည်းမည်းနှင့် အပေါ်ကို ရှည်ရှည်ချွန်ချွန်းဆောက်ထားသည်။ အပြင်ကကြည့်လျှင် အရစ်အချွန်းတွေနဲ့ လှပတဲ့ကစားစရာ အကြီးစားလေးလို ဖြစ်နေသည်။ ခင်က အကြောင်း သိပြီးသားဆိုတော့ မည်းကြုတ်ကြုတ်နဲ့ အိမ်များ ဘယ်ကလေးမှ ကစားချင်မှာ မဟုတ်ဘူး — ဆိုပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ သောင်ပြင်ပေါ် ထွက်လာခဲ့သည်။ အိမ်ထဲမှာ ကြီးကြီး အသံကြားရရင်ပဲ ခင် ထွက်ပြေးချင်သည်။ သောင်ပြင်ပေါ်





မှာလည်း ခင်ကတော့ မဝံ့မရဲပါပဲ။

ကျောက်ဆောင်တွေကလည်း နက်မှောင်ပြောင်ချောနေကြသည်။ လရောင်အောက်မှာ တပြောင်ပြောင်နဲ့ ခင် မျက်စိ ကျိန်းရသေးသည်။ တချို့ကျတော့လည်း ကိုင်လိုက်ရင် ချလွတ်ချလွတ်နဲ့ အသက်ဝင်သလို ဖြစ်နေသည်။

အရပ်ရှစ်မျက်နှာက လာတဲ့လေတွေအားလုံး ခင့်နှာခေါင်းထဲ အသက်ရှူမရအောင် တိုးဝင်ပြီး၊ ခေါင်းက ပဝါကလည်း လျင်မြန်စွာ လွင့်ပါသွားပြီဆိုရင် ခင့်နားတွေ အူလာတော့သည်။ အဲ့သည်အခါမှာ သတိသာထားပေတော့။

လှိုင်းလုံးကြီးတက်လာပြီ၊ လှိုင်းသံအကျယ်ကြီး ကြားရပြီ၊ ကျယ်မှတကယ့်ကို အကျယ်ကြီး...။

ခင်လည်း အားကုန်ပြေးရပြီ။ အသံတွေ ကျယ်သည်ထက် ကျယ်လောင်လာတာက ခင့်နားထဲက အော်နေသလိုပဲ၊ ခင့်နောက်ကို လှည့်ကြည့်လိုက်ရင်ဖြင့် မြင့်မားတဲ့ ကျောက်ချွန်းတွေကို ဖုံးလွှမ်းသွားတော့မယ့် ဧရာမလှိုင်းလုံးကြီး မာန်ဖီ၍ လာနေသည်ကို တွေ့ရသည်။

သူ့ကို ရှာမတွေ့တော့ ဟိုသည် လိုက်ကြည့်ရပြန်သည်။ မောင်တော် ကျောက်နံ့ဆားက ကျောက်ဆောင်ကြားမှာ ငုတ်တုတ်ကလေး ထိုင်နေရှာသည်။ ခင့်ကို လက်ဟန်ခြေဟန်ဖြင့် အပေါ်တက်ပြေးဖို့ နှမတော် ကျောက်နားမှာ နေဖို့ပြောသည်။

ခါတိုင်းဆို သူသိထားတဲ့ ခရုပုတီးလေးတွေ ခင့်ကို ပေးတတ်သည်။ ခင့်ခေါင်းက ပန်းကိုတော့ ယူမလိုလိုနဲ့ တစ်ခါမှ ပေး၍မရ၊ ခင့်အတွက် ဘာဆို သူပေးချင်ပေမယ့် ခင့်ဆီက ဘာမှမယူလိုပါ ပြောတော့ ခင့်ရင်တွင်းထိ ခိုက်ရသည်။ လက်ကလေးနောက်ပစ်ပြီး ခင်လုပ်သမျှ တပြုံးပြုံးနှင့် လိုက်ကြည့်နေ၏။ အင်မတန် ကြင်နာပြီး ခင်လိုလားနှစ်သက်တဲ့အပြုံးတွေ...ခင် တစ်ခါတစ်ခါကြည့်နူးလွန်း၍ မျက်ရည်များတောင် လည်ရသည်။

အို ... ချစ်သူမျက်ဝန်းဟာ အလင်းရောင်တစ်ခုပါလား၊ ဒါပေမဲ့ တစ်ခဏပဲ ...တစ်ခဏပဲ။

*



www.burmeseclassic.com

www.burmeseclassic.com



ခင်အိပ်ရာမှ နိုးချိန်မှာ တေးသီငှက်ကလေးတွေ လွတ်လပ်စွာ ပျံသန်းနေတာ တွေ့တော့ အိပ်မက်ထဲမှာ ငှက်ကလေးတွေပါရင် သိပ်ကောင်းမှာပဲ တွေးမိသည်။

ခင့်ခုတင်ခေါင်းရင်းမှ ဒေါနပန်းက မွှေးကြိုင်နေသည်။ အောက်ထပ် ဆင်းတော့ ကြီးကြီးတို့ မနိုးသေးပေ။ ခင့်အခန်းထဲ ပန်းအိုးထိုးရန် ခြံထဲဆင်းပြီး ပိန်းပန်းခူးသည်။ ကြီးကြီးကတော့ ကျက်သရေမရှိတဲ့ပန်းဟု ဆိုဦးမည်။ ပန်းအိုးအစိမ်းပုပ်ရောင်နှင့် ပိန်းပန်းအနီရဲရဲက တစ်မျိုး လိုက်ဖက်နေ၏။ ကြီးကြီးသည် ဧည့်ခန်းထဲတွင် နှင်းဆီမှလွဲ၍ အခြားပန်းထိုးသည်ကို မကြိုက်ချေ။

"မှတ်ထား...နှင်းဆီရှိတဲ့ ဧည့်ခန်းဟာ အမြဲတမ်း ထည်ဝါကျက်သရေရှိတာ"

ဘာပန်းဖြစ်ဖြစ် သူ့အလှနဲ့ သူထည်ဝါတာ ကြီးကြီး မသိပြန်ဘူး။ ခင် ပန်းအိုးထိုးတိုင်း ကြီးကြီး အပြစ်ပြောနေကျ။ ခင်ကတော့ တစ်အိမ်လုံးရှိသမျှ ခုံတိုင်းမှာ ပန်းအိုးတင်ချင်သည်။ ပိန်းပန်းနီကြောင်ကြောင်တစ်ပွင့်တည်း ခေါင်တောင်တောင် ထိုးထားလည်း ခင်ကြည့်ပြီး သဘောကျတတ်သည်။ ခင်က ပန်းတွေကို ချစ်သည်။ နှင်းဆီငုံကလေး ပွင့်အာလာတာ ထိုင်ကြည့်ပြီးလည်း ချစ်တတ်သည်။ ပိန်းပန်းဆိုလျှင် ရိုးတန်စိမ်းရှည်မြင့်မြင့် ဟန်ချီတော့မော့နှင့် ရိုးရှင်းသလို ရှိပေမဲ့ တော်တော်မာနကြီးမယ့် ပန်းပဲလို့ ခင် ဆိုချင်သည်။ နူးညံ့တဲ့အလှရှိတဲ့ နှင်းဆီပန်းလို ပန်းတွေကြားမှာ မာရေကျောရေ အတော်ကလေး ခံနိုင်ရည် ရှိသည်။

*

အိမ်ရှေ့ခန်းရှိ ကျွန်းစားပွဲညိုဝါဝါကြီးပေါ်မှာ ငွေရောင်ပန်းအိုးလေးနှင့် ရိုးတန်ရှည်ဖြတ်စိုက်ထားတဲ့ နှင်းဆီဖြူတွေ ညွတ်ကျနေသည်။ ပွတ်သီးနေတာလည်း မဟုတ်။ ပွင့်တချို့ ... ငုံတချို့...အာတချို့... အလှချင်းပြိုင်နေကြသည်။

ကြီးကြီးက ခင့်ကို အိမ်အလှပြင်ခိုင်းထားသည်။ ချက်ရေးပြုတ်ရေးတာဝန်ကိုတော့ ကြီးငယ်ယူသည်။ ကြီးကြီး နိုးလာလျှင် မာန်မဲခေါက်ထန်ရှံသာ ရှိတော့သည်။ မကျဉ်းမကျယ် ဧည့်ခန်းလေးက ခင် ပြင်လိုက်တော့ ဓာခန်းဆီး တလွင့်လွင့်နှင့် နေချင်စဖွယ် သပ်ရပ်သန့်ရှင်းသွားသည်။





သည်နေ့ အိမ်ကို ဧည့်သည်ရောက်မည်။ ဧည့်သည်ရောက်လျှင်ကောင်းမွန်စွာ စကားပြောဧည့်ခံရမည်ဟု ကြီးကြီးက ပြောထားသည်။ ဧည့်သည်အရောက်နည်းပါးသည့်အိမ်မို့ ပထမတော့ ထူးဆန်းသလို ဖြစ်မိသည်။ နောက်မှ ခင်နှင့် သဘောတူလက်ထပ်ရန် ကြီးကြီး အလွန်တရာ လိုလားသူဟု သိရတော့ အံ့သြထိတ်လန့်ရသည်။ ကြီးကြီးက ဆို၏။

"ငါတို့ဘဝမှာ နင့်အတွက်ပဲ၊ နင်ကောင်းစားဖို့ပဲ လုပ်ခဲ့ကြတာ"

ခံစားချက်ကင်းမဲ့တဲ့ ခင့်မျက်နှာကိုတော့ ကြီးကြီးတို့ လျစ်လျူရှုမြဲဖြစ်၏။

ခင်တစ်ခုပြန်ပြောသံကို လိုလားဟန် ကြီးကြီး ခဏတော့ နားစွင့်နေသေး၏။ ဒါပေမဲ့ ခင် ဘာမှမပြောနိုင်။ ဝမ်းနည်း၍သာလာသည်။ အိပ်မက်ကိုသတိရသည်။ အိပ်မက်ထဲသာ တိုးဝင်ဆန့်နေလိုသည်။ ခင် ဘာလုပ်ရမလဲ။

ခင်မိဘနှစ်ပါးကို မမြင်ဖူးလိုက်ပါ။ ဓာတ်ပုံများ အသုံးအဆောင်ပစ္စည်းများက အစ ကြီးကြီး ဖျောက်ပစ်သည်။ ဖေဖေ့အကြောင်းကို လည်းကောင်း၊ မေမေ့အကြောင်းကို လည်းကောင်း၊ ဒီအိမ်မှာ ပြောခွင့်မရှိပေ။ ဖေဖေနှင့်ပတ်သက်ရင် 'အမျိုးယုတ်'ဟုသာ ကြီးကြီးထံမှ ကြားရသည်။

"ငါ့ညီမက မွေးထားတယ်ဆိုတဲ့ အသိကြောင့် နင်ခုလိုနေရတာ၊ ဒီသည်းအမေလိုသာလာရင်တော့ ငါက အရှင်မထားဘူး။ ကျေးဇူးကန်းမယ့်အမျိုးယုတ်မကူးနဲ့"

ခင်ကလေးဘဝကပဲ အချုပ် အချယ်ခံခဲ့ရသည်။ မနက် မျက်လုံးနှစ်လုံးဖွင့်သည်နှင့် ခင် ဘာတွေ အမှားလုပ်မိဦးမည် မသိ။ ရင်ကလေး တဒိတ်ဒိတ်နှင့် ထလာတတ်သည်။ ခင့်ရဲ့ လွတ်လပ်ပျော်ရွှင်တတ်တဲ့ ဇီဇကလေးသည် ငယ်စဉ်ကပင် သူတို့တွေ မျက်လုံးပြူးပြူးနဲ့ တားဆီးအော်ငေါက်ကြတော့ အရိပ်အရာမရအောင် ပျောက်ဆုံး ပျက်စီးခဲ့ရသည်။

အရွယ်နှင့် မလိုက်အောင် ခင့်မျက်နှာက ရင့်သည်။ စိုးရိမ်သောကတွေ ဖုံးနေတတ်သည်။ ခင့်လို ရိုးရိုးအအ အရာရာ ကြောက်တတ်တဲ့ မိန်းမငယ်လေးအဖို့ ယောက်ျားဟာ အိမ်ထောင်တစ်ခုအတွက် ခင့်ဘဝရဲ့ ဘယ်အတိုင်းအတာထိ အမှောင်ချခံရဦးမလဲဆိုတာ တွက်ဆရင်း ခင့် ရင်ကလေး တဒိတ်ဒိတ်ခုန်နေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က တစ်ဖက်ခြံသွားကစားရမည်လားဆိုကာ ကြီးကြီး ခင့်ကို အသေအလဲရိုက်ကာ တံခါးပိတ်လှောင်ထားသည်။ ထိုအချိန်မှစ၍ ကြီးကြီးကို အကြောက်ကြီး ကြောက်မိသည်။ ကြီးငယ်က တစ်ခါတစ်ခါ ဖာဖာထေးထေး ပြုတတ်ပေမဲ့ ကြီးကြီးကို မဆန့်ကျင်ရဲ။ ဒါပေမဲ့ ခင့်ကို အပြစ်ပြောကြတဲ့ နေရာမှာ နှစ်ယောက်စလုံး အတူတူပဲ ထင်ပါရဲ့။

ကြီးကြီးဒေါသထွက်လျှင် တစ်ဖက်သားကို ကိုယ်ထိလက်ရောက် နာကျင်အောင် စိတ်လိုက်မာန်ပါ လုပ်ရမှ ကျေနပ်သည်။ ငယ်စဉ်က ရခဲ့တဲ့ ကိုယ်ပေါ်က ဒဏ်ရာတွေက ပျောက်ပြီဖြစ်ပေမဲ့ ခင့်စိတ်ထဲမှ ဒဏ်ရာကြီးက သွေးစိမ်းရှင်ရှင်နှင့် လတ်လတ်ဆတ်ဆတ်ရှိတုန်း ပင်။ အောင့်အီးမျိုသိပ်ကာ ဝမ်းနည်းစိတ်ပျက် ငိုကြွေးခဲ့ရသောညများသည် ခင့်ကလေး ဘဝတစ်လျှော လုံးပင်။

ခင် ကိုးတန်းနှစ်တွင် ခင် မသိသော ရည်းစားစာတစ်စောင် လွယ်အိတ် ထဲ ရောက်နေမှုကြောင့် ခင်အကြီးအကျယ် ရိုက်နှက်ခံရသည်။ တစ်ပတ်ခန့် ခင်ကျောင်းမသွားနိုင်ခဲ့။ 'ညည်းကို ကျောင်းထားတာ လင်ရှာရအောင်မဟုတ် ဘူး၊ နားလည်လား'ဆိုကာ နားရွက်လိမ်ဆွဲခံရတာလည်း ညစဉ်ပင်။ ရိုက်နှ သည်ထက်ပင် နာကျင်ခံခက်လှသော စကားဒဏ်တွေကြောင့် မျက်ရည်ပိုး ပေါက်ပေါက် ကျရတဲ့ညတွေဆိုလည်း ရေတွက်မကုန်နိုင်တော့။

ခင် ဆယ်တန်းနှစ်ထိ ကြီးကြီးတို့ ကျောင်းကြိုကျောင်းပို့ လုပ်ခဲ့ သည်။ တုတ်နှောင်သော ခြေလှမ်းများနှင့် ဖြူဖျော့သော ကိုယ်ဟန် မ တလှုပ်ဖြင့် သူတို့နံဘေးမှ ခေါင်းငုံ့မျက်လွှာချကာ ကျောင်းတက်ခဲ့ရသည် လှောင်ပြောင်သံတွေကြားရလျှင် ခင် ရှက်လွန်းသဖြင့် အဝေးသို့ ထွက် ချင်သည်။

ဆယ်တန်းအောင်တော့ ခင် အဝေးသင်ဖြေရသည်။ ခင် ဝါသနာပါ ကျောင်းဆရာမအလုပ်ကိုလည်း မလုပ်ရဆိုသဖြင့် ခင် အေးအေးပဲ နေလို သည်။ ယခု ခင့်ကို သူတို့ စိတ်ကြိုက် အိမ်ထောင်ချပေးဖို့ ကြံစည်လာကြ သည်။ သူတို့ ခင့်ကို ချစ်လွန်းလို့ ချစ်ဖို့မတတ်ဘဲ အချစ်ကြီးနေလို့ နား ရန် ကြိုးစားတိုင်း စိတ်ရှုပ်ထွေးစွာ မျက်ရည်လည်လာသည်။

နောက်ပိုင်းမှာ ခင်နေတတ်အောင် ကြိုးစားခဲ့သည်။ ပန်းပင်တွေ





ပျိုးရင်း စိတ်ထဲက အကျိတ်အခဲတွေကို မြေကြီးကို စိတ်ရှိလက်ရှိ တူးဆွရင်း ကြေစေခဲ့တာ ပန်းပင်လေးတွေ ရေလောင်းရင်း ပန်းကလေးတွေ လန်းသလို ခင့်စိတ်ကို သန့်စင်လန်းဆန်းအောင် ကြိုးစားခဲ့တာ ပန်းကလေးတွေ အသိ ဆုံး ဖြစ်မည်။ ခင့်ကျေးဇူးရှင်များပင်။ သူတို့ကို ရှင်သန်ကြီးထွား လန်းဆွင့်စေ ရမှာ ခင့်ဝတ္တရားပဲ။ အသက်မဲ့ ပန်းကလေးတွေကိုတောင် ကျေးဇူးသိတတ်မှ တော့ ကြီးကြီးတို့အပေါ်မှာ ပြောနေစရာတောင် မလိုဘူး ထင်သည်။

*

ခင့်ချစ်သူကတော့ ဘယ်သူမှ နှောင့်ယှက်ဖျက်ဆီးလို့ မရတဲ့ ခင့် ကိုယ်ပိုင်ကမ္ဘာလေးမှာ ရောက်ရှိလာတာကိုပဲ ခင် ကျေနပ်မဆုံး။ သူ့ကို ခင် ချစ်သည်။ ခင်လိုချင် ဝေတ်မွတ်သော အကြင်နာမေတ္တာကို သူသာလျှင် ပေး နိုင်သည်။ အိပ်မက်ထဲမှာတော့ သူနဲ့ ခင်ဟာ ထာဝရ သက်တစ်ဆုံး အတူနေရမလို ကြောင့်ကျမဲ့ ပျော်ရွှင်နေကြသည်တဲ့။

ခင့်ဘဝရဲ့ အဆင်တန်ဆာသည် အနာအဆာမရှိတဲ့ ချစ်ခြင်းမေတ္တာနှင့် ထုံမွှမ်းသည်တဲ့။ အဲ့ဒါစရာ မကောင်းဘူးလား။

အိပ်ရာကနိုးလာလျှင် ခင့်မျက်ဝန်းမှာ မျက်ရည်တို့ ဝေ့သီနေသည်။ အခြားအိပ်မက်တွေ ကြိုးကြားကြိုးကြား ဝင်လာသည်ကိုပင် ခင် မလိုလား။

ထိုနေ့ ညေ့သည်ရောက်ချိန်တွင် ကြီးကြီးတို့ ညီအစ်မသည် ပျူငှာစွာ နှင့်ပြုံး ကြိုဆိုကြသည်။ ခင်က မုန့်ပန်းကန်တွေ သယ်ယူချပေးရသည်။

ကြီးကြီးသည် ခင့်အား ခရမ်းရင့်ရောင် ကီမိုနိုအဆင် ရိုးရိုးတစ်ထည် ဆုတ်ဆင်ပေးထားသည်။ ပန်းနုရောင်ရင်စေ့လက်ရှည်ဝတ်စေသည်။ ပုလဲ သော်ကတ်နှင့် ဆွဲကြိုးကို ဆွဲပေးသည်။ ပန်းရောင် ရေမွှေးနှင်းဆီတစ်ပွင့် ခံစေသည်။ သို့ရာတွင် ပိန်းပန်းကိုသာ ခင် မျက်စိကျနေသည်။

ဒီလောက်လည်း မလိုပါဘူး ကြီးကြီးရယ်ဟု ပြောချင်ပေမဲ့ ပြောမထွက်။ ခင် အတတ်နိုင်ဆုံး ကြီးကြီးတို့ကို မဆန့်ကျင်ဖို့ရာ ဆုံးဖြတ်ပြီး ဖြစ်သည်။ ကြီးကြီးတို့ ယုံကြည်စိတ်ချသူကိုတော့ ခင်တစ်သက်လုံး ယုံကြည်ဖို့ရာ ကြိုးစား ရမည်။

ဧည့်သည်သည် ရခိုင်လုံချည် ရှားညိုရောင်ကို ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်ပြန့်သော လက်ချောင်းများကို ခင် မြင်ရသည်။ လက်စွပ်တွေ ဝတ်ထား တာတော့ ခင့်အမြင်မှာ များလွန်းနေသည်။

ခင်နှုတ်ခမ်းလေးတွန့်ပြီး သူ့မျက်နှာကြည့်မိတော့ ကြီးကြီးကျယ်ကျယ် နှင့် တစ်ဖက်သားကျလောက်အောင် ပြောဆိုနိုင်သောလေသံ၊ ဟန်ပန်အမူအရာ ကို တွေ့ရသည်။ ပြီးတော့ လွှမ်းမိုးအနိုင်ယူတတ်မည့် အရိပ်အယောင်တစ်ခု လည်း ပါဝင်ဖြည့်စွက်ထားသည်။ စီးပွားရေးသမားဆိုတာ ဒီလိုရှိရမယ် ကောင်းတာပေါ့၊ ကောင်းတာပေါ့။

ခင်သည် တပြုံးပြုံးနှင့် ခေါင်းညိတ်ကျေနပ်နေသော ကြီးကြီးနောက်မှ သံယောင်လိုက်နိုင်အောင် ကြိုးစားနေသည်။ သူ့ကို မခန့်မှန်းတတ်ပေမဲ့ ခင် ချစ်သူနှင့် ဘယ်နေရာကမျှ မတူနိုင်တာ သိသည်။ သူက မျက်ခုံး၊ မျက်လုံး ကောင်းသည်။ နှုတ်ခမ်းများကိုတော့ ခင်မကြိုက်၊ သူဟာ ကိုယ့်ဇနီးမယား ကို ကြမ်းကြမ်းတမ်းတမ်း မအော်ငေါက် မရိုက်နှက်ဆိုတာတော့ တပ်အပ် ပြောလို့မရ။

အိပ်မက်ကလေး ခင့်အာရုံကို ဖုံးလွှမ်းသွားတော့ ခင် တွေးငေးထား မျက်ဝန်းတို့ ရီဝေသွားသည်။ ခင်သတိထားမိချိန်မှာ ကြီးကြီးတို့ ထမင်းပွဲပြင် ရန် ဝင်သွားသည်။ သူက လှုပ်လှုပ်ရှားရှားပြုံသည်။ ခင့်ကို စကားပြောချင် တော့ သိသည်။ လှသည်ဟုလည်း ပါသည်။

ခင် ဆတ်ခနဲဖြစ်ကာ အေးစက်စက်ဖြင့် သူ့ကို ကြည့်သည်။ စိတ် လည်း တိုမိသည်။ ရှင်ညာတာ၊ ခင်ချစ်သူက ခင့်ကို ဒီလို ဘယ်တော့မှ မပြောဘူး။ ခင့်အကြည့်က အတော်ကြာ တင်းမာဆဲ။ သူ ရယ်မောလိုက် နှစ်ယောက်ကြားမှာ နေသားတကျ ပြေလျော့သွားသည်။ ထိုအချိန်မှာ ကြီးကြီးက ထမင်းစားလာခေါ်သည်။

သူ ငါးဖမ်းစက်လှေတွေ၊ မော်တော်ဘုတ်တွေ အကြောင်းပြောသော ကြီးကြီးမျက်နှာ အလွန်တရာ ပြုံးချိုနေသည်ကို သတိထားမိသည်။

သူ့အမေပိုင် ပေလီကမ်းခြေမှ ဘန်ဂလိုတွေ အုန်းပင်တွေဟာလည်း သူ့အတွက် ဖြစ်ကြောင်း ဆက်ပြောသည်။ သူ့မိခင်၏ ငွေတိုးချေး အလုပ်ကိုလည်း ခင်သာ လုပ်ရမည်ဖြစ်ကြောင်းလည်း ပါသည်။

ခင်မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြင့် အလွန်တရာ ဝမ်းနည်း





လာ၏။ စိတ်ညစ်စရာပါလားဟု အသံထွက် ညည်းညူချင်လာသည်။ တကယ် တော့ လောကကြီးနှင့် ခင် စိမ်းလွန်းသည်။

ခင့်အတွက် မိုတွယ်ရာလေးကိုသာ လှိုက်မောတမ်းရှိုက်ရင်း...

အဆုံး၌ ခင်သည် အိပ်မက်မက်ခွင့်ကိုသာ ထပ်ကာ ထပ်ကာ ဆုတောင်းမိလျက် ရှိနေသည်။

[တလောင်းသစ်မဂ္ဂဇင်း၊ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၇)]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပန်းအိပ်မက်

လသည် ထိန်ထိန်သာနေ၏။ မလေး တစ်ရေးနိုးလာချိန်တွင် ငွေမှိန်ချော့သည် အခန်းထဲသို့ လှည့်ပတ်ကျက်စားနေလေသည်။ တိမ်မျှင်တိမ်စိုင်များသည် ငွေရောင်ဖြာလက်၍ လမင်းစန္ဒာကို ဝန်းရံလျက် ရှိကြ၏။ တိမ်မျှင်များ ရွေ့လျားနေသဖြင့် ကောင်းကင်မြစ်ပြင်ကျယ်ကြီးဝယ် အရာအားလုံးဒီးမြောလိုက်ပါနေသည်ဟု ထင်ရ၏။ ကြည့်နေခိုက်မှာပင် ကြယ်များသည် လျှင်မြန်စွာ မျက်တောင်ခတ်လာကြသည်။ ကောင်းကင်ကြီးသည် အနှစ်သာရခဲ့သော ဖြူရော်ရော် မျက်နှာပြင်အဖြစ်သို့ အသွင်ပြောင်းသွားသည်။ ချက်ချင်းရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်ဟု ထင်လိုက်ရသော်လည်း အကြည့်ကို ခွာ၍မရ မျက်စိကြောင်သွားသည့်တိုင်၊ ကြိုးစားဇွတ်မှိတ်၍ အိပ်ကြည့်သည့်တိုင် အိပ်မပျော်ခဲ့။

အခါတိုင်းဆိုလျှင် ဒီလိုညမျိုးမှာ စာအုပ်တစ်အုပ်ကို ကောက်ကိုင်ပြီး မိုးတလင်းထိုင်မြဲ။ စာအုပ်ကို စိတ်ဝင်စားလှသည်တော့မဟုတ်။ ရှေ့မှာချထားသည့် ကော်ဖီတစ်ခွက် အေးစက်သွားသည်ထိ စာတစ်ရွက်မှ မလှန်ရဘဲ ငိုင်မြဲ၊ ယခုလည်း ထထိုင်လိုက်သည့် ရည်ရွယ်ချက်ကားမရှိ ခန်းခြောက်စမျက်ရည်တွေနှင့် ပါးပြင်မှာ ကပ်ငြိနေသည့် ဆံနွယ်များကို သပ်တင်လိုက်သည်။ ဘယ်တုန်းက ကျနေမိသည့် မျက်ရည်တွေမှန်း မသိလိုက်၊ စိတ်အစဉ်ကို ထိန်းသိမ်းမရဘဲ အဝေးတစ်နေရာသို့ လွင့်မျောရင်း မျှော်လင့်ကြီးမားနှင့် တွေ့လိုသူကို ရှာနေမိသည်မှာ မည်မျှကြာပြီလဲ၊ ဘယ်ဆီမှာလဲ ချစ်ဦးသခင်

www.burmeseclassic.com



ရယ်၊ ချစ်သူသာ ကြားနိုင်မည်ဆိုပါက ရင်ပွင့်မတတ် အသည်းနှလုံးကြေပြွန်းသည်ထိ အော်ခေါ်လိုက်ချင်ပါရဲ့၊ မဖြစ်မနေ စွန့်လွှတ်ရမည့် အချစ်မျိုးကိုမှ မလေးနှင့် လာကြုံသည်။ အံ့ရဲ့ကွယ်။

ပြာသိုလ၏ ညလေသည် အေးစက်စူးရှစွာ ပြေးဝင်လာရင်း ဓာခြင်ထောင်ကို ဆော့ကစားနေသည်။ လှိုင်းတွန့်ကလေးများ တရိပ်ရိပ်ဖြတ်ပြေးသွားသည်။ လှိုင်းထိပ်တွင် သော်ငွေရောင် အနားသတ်ကို တွေ့ရသည်။ မလေးသည် ခေါင်းကို အနည်းငယ် လှုပ်ကာ ခါယမ်းမိသည်။

ကြည့်စမ်းပါဦး၊ လတွေ ရက်တွေ ဘယ်လောက်ကြာညောင်းခဲ့ပြီလဲ၊ သူ ဘာကြောင့် မလေးအနီးမှာ ရှိမနေပါလိမ့်၊ တမ်းတနေစရာမလို၊ စိတ်မှာ အမြဲရှိနေသည်။ ဒါတွေကို မသိအောင် သူရှောင်ပြေးတာဟာ တစ်ကိုယ်ကောင်းဆန်ရာ ကျမနေဘူးလား၊ သို့သော် ဒါကိုပင် ကျေးဇူးတင်ရမည့် အခြေအနေပင်။ တိတ်ဆိတ်သောညများသည် မလေး၏ ရှိုက်သံကို သိနိုင်သလို မှုန်ပျပျကောင်းကင်၏အလင်းသည် မလေး၏မျက်ရည်ကို ညစဉ် မြင်နိုင်ခဲ့သည်။ ချစ်သူကိုလည်း ဒီလိုညမျိုးတွေနှင့်အတူ ကျိန်စာသင့်ဖို့ကို လိုလားကြည်ဖြူလှပါ၏။

"အချစ်ဆိုတာ ကိုင်ရတွယ်ရ သိပ်ခက်တယ်၊ တစ်ယောက်ကို တစ်ယောက် မေးခွန်းထုတ်ဖို့လည်း မလွယ်ဘူး၊ ဖြေဖို့ဆိုတာလည်း မလွယ်ဘူး၊ ကိုယ့်ချစ်သူက ပစ်ပယ်လိုက်မှာကို အကြောက်ဆုံးပဲ"

သူဆိုတဲ့ ရဲဖော်က ပြောဖူးသည်။ သူ့အကြောင်းတွေ ကုန်စင်အောင် မသိခင်တော့ စိုးရိမ်တတ်ရန်ကောဟု တွေးမိသေးသည်။ သူသိတာ ဒါလောက်ပဲလား၊ မလေးခံစားရတာကို ထည့်မတွက်ဘူး၊ အို... သူရှိနေစဉ်က မလေးမေ့လျော့နေတာလည်း ပါတယ်လေ။ ဒါလည်း နှစ်ယောက်စလုံးအဖို့ ခပ်ကောင်းကောင်း။

အိပ်မရတော့သည့်အတူတူ ရုတ်တရက် လှုပ်ရှားပြီး ပြတင်းပေါက်မှာ သွားရပ်သည်။ ခုတင်ပေါ်က အဆင်း လက်က စားပွဲပေါ်ရှိ ပန်းအိုးကို တိုက်မိသည်။ ပန်းအိုးလဲကျသံမှာ ကျယ်လောင်လှသည်။ အနီးရှိ စာအုပ်ပေါ် ရေဖြတ်စီးသံ၊ နောက်ကြမ်းပြင်ပေါ် တပေါက်ပေါက်စီးကျသံ ကြားနေရသည်။ နှင်းဆီဝါနှစ်ပွင့်ကို လက်မှာ ဆုပ်မိသည်။ ညနေက ကိုကိုပေးထားသော





နှင်းဆီပွင့်များ ဖြစ်သည်။ 'ကိုကို ပန်ပေးမယ်'ဆိုသဖြင့် ပန်းပန်လေ့ အကျင့်မရှိပေမဲ့ ကိုကို ကျေနပ်အောင် မလေး ငြိမ်နေခဲ့သည်။ အဟင်း ကိုကိုကလည်း နှင်းဆီဝါမှ ချစ်သတဲ့၊ နှင်းဆီပွင့်များ မလေးလက်ထဲမှာ ကြေမွသွားသည်။ လရောင်ကိုတော့ မလေး မရှက်တော့၊ လရောင်သည် မလေး မျက်ရည်ကို ငြိမ်သက်စွာ စိုက်ကြည့်နေ၏။

သူနှင့် မလေး ချစ်တယ်ဆိုတာတွေ ဝေးလွင့်ခဲ့ပြီ။ သူနှင့်အတူ ကွယ်ပျောက်ခဲ့ပြီ၊ ဒါ တကယ်ဖြစ်ခဲ့တာနော်ဆိုရင် စိတ်ထဲမှ လွမ်းမှသာ ရတော့သည်။ တမ်းတရခြင်းတို့ကြောင့် မလေးသည် အတိတ်၏ အခါအခွင့်များဆီသို့ ကြိမ်ဖန်များစွာ ပြေးလွှားလိုက်ကာ တောင့်တပါသော်လည်း မောဟိုက်ပန်းလျခြင်းတွေသာ ကျန်ခဲ့ရ၏။ အချစ်ဆိုတဲ့ မှတ်သိပ်ခြင်းဟာ ဘယ်အခါမှ ပြေပျောက်သည်မရှိ၊ ဒါ နောက်ဆုံး အချိန်ဆိုတာ သိနေသည်။ မလေးအတွက် စီရင်ချက်တစ်ခု မလှမ်းမကမ်းတွင် ရှိနေသည်။ နောက်များမကြာမီ မလေးကိုကို့အား လက်ထပ်ရပေတော့မည်။ မေမေကလည်း လွန်စွာ သဘောတူနေသည်။ ငြင်းပယ်စရာလမ်းက မမြင်ပြီ။

'ကိုကို့ကို ချစ်တယ်' နှုတ်မှ ရွတ်ဆိုကြည့်သည်။ ကိုကိုကြားအောင်လည်း ပြောခဲ့ရပြီးပြီ၊ နှုတ်ခမ်းကို ကိုက်ကာ မဲ့ပြုံးပြုံးလိုက်မိသည်နှင့် ညိုမှောင် ဆွေးလျသော မျက်ဝန်းတစ်စုံကို မြင်ယောင်သည်။ ထိုမျက်ဝန်းများ၏ ဆွဲဆောင်ရစ်ငင်ထားမှုကြောင့် ကိုကို့ရှေ့တွင် မလေးမျက်ဝန်းများ၊ ကြည်လဲ့နေဖို့ ကြိုးစားရပါသည်။

လသည် အုန်းလက်ဖျားတွင် တင်နေ၏။ ကြည့်လေမြင်လေရာတိုင်းသည် ငွေရောင်အနားသတ်နှင့် လှပ၏။ လေသည် သော်ငွေရောင်တို့ကို လှိုင်းထလှုပ်ရှားစေရာမှ တဖျပ်ဖျပ် မြူးကြွလျက် ရှိနေ၍ လရောင်အောက်ရှိ စိမ်းမြရောင်လက်သော အခက်အလက်များမှာ မမှိတ်မသုန် ထိုင်ကြည့်ချင်စရာကောင်းလှ၏။ အို ...ည၊ လှလိုက်တဲ့ညရယ်။

မလေး၏ စိတ်အစဉ်သည် အပြောကျယ်စွာသော ကောင်းကင်ပြင်ဆီသို့ လွင့်ပါသွားကြ၏။ ကောင်းကင်မြစ်ထဲတွင် တောက်ပစီးမျောရွေ့လျားနေသော တိမ်လှေတွေကို စီးပြီး လိုက်ပါသွားချင်သည်။ မလေးရင်မှာ လှုပ်ရှားလှိုက်မောလာသည်။ ဝမ်းနည်းလာရ၏။ နှလုံးအိမ်ကို ထိုးဖောက်ကြည့်မြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ အချစ်ကို တွေ့ရ၏။ အသက်ရှင်နေရခြင်း၏ အကြောင်းရင်းကို လည်း တွေ့ရသည်။ အလွန်တရာ အားပျော့သော မျှော်လင့်ခြင်းဖြင့်သာ နှလုံး အိမ်မှာ တွယ်ငြိနေ၏။ သို့သော် တဖြည်းဖြည်း အားပျော့လာသည်က အမှန် ပင်။

အို မချစ်တော့ပါဘူး၊ သူ့ကို မချစ်တော့ပါဘူးဆိုမှ တွေ့လိုမြင်လိုစိတ်က ရှိသေးသည်။ ကြိတ်မှိတ်နေလျက်က သူ့ရင်ခွင်မှာ အားရအောင် ငိုလိုက်ချင် သေး၏။ ငိုနေသော သူ့နှလုံးသားကို မြင်ရမည်။ ပြီးတော့ ကျောခိုင်းထွက် သွားခြင်းကို ထပ်မံ ခံစားရဦးမည်။ သည်လိုနေရတာမှ သူနှင့် ပတ်သက်၍ စိတ်ကူးယဉ်မျှော်လင့်ချက်ကလေးတွေ့ရှိသေး၍ ခံသာသည်ဟု ဆိုရမည်။ တကယ်တမ်းရင်ဆိုင်တွေ့လျှင် နှလုံးသားထဲ၌ သူနှင့် ပတ်သက်၍ ဖန်တီးသို ဝှက်ထားသော ကြည်နူးချိုမြမှုများ ကွဲအက်သွားမည်လား စိုးရိမ်မိရပြန်သည်။

*

ယခု ရဲဇော်ပြန်ရောက်နေသည့်အကြောင်း မလေး သိရသည်။ မလေး ဆီသို့ ပြန်မလာဖို့၊ မလေး အပြစ်ကင်းကင်းနေနိုင်ဖို့အတွက် အခါခါ ဆု တောင်းလျက်က တွေ့ချင်မြင်ချင်သေးသည်။

သူနှင့် တွေ့လိုခြင်းသည် သူ့မျက်ဝန်းအောက်မှာ ယခင်ကလို ပီတိ ဖြာလျက် ရှက်ရွံ့စွာ ကြာရှည်တိတ်ဆိတ်နေဖို့မဟုတ်၊ အနည်းဆုံးတော့ ပြော လိုတဲ့စကားတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ရှောရှောရှူရှူ သူ့နားထဲ ရောက် ဖို့သာလိုသည်။ ဘယ်လိုပြောရပါ့မလဲဟု မလေး အခါခါတွေးလျက် စိတ် မောလူမောဖြစ်၍နေ၏။

သူနှင့် ရင်းရင်းနှီးနှီးနေခဲ့ရသည့် နွေးထွေးသောကာလတွေကို မြင် ယောင်သည်။ ထိုစဉ်က မလေး၏ ပန်းအလှအိုးများကို မြင်ယောင်သည်။ ရဲ ဇော်စိုက်ပျိုးသောပန်းများကို မလေးလက်ဖြင့် ကိုင်တွယ်ထိုးစိုက်ခဲ့သလို၊ မလေးအလှပြင်သော ပန်းအိုးများသည် မြို့ပေါ်မှာ ကျော်ကြား၏။ ပန်းတွေ ကို ဘယ်လိုစိုက်လျှင် လှလိမ့်မည်ကို မလေးတဖြည်းဖြည်း သိလာသည်။ မြို့ ပေါ်ရှိ ညှော်ခံပွဲများတွင် မလေးမှာ အရေးပါသူပင်၊ ကိုယ့်အလှကိုယ် ယုံကြည် သည်။ ပန်းကလေးများအပေါ် တတ်သိမှုမှာ ယုံကြည်သည်။ ထို့ကြောင့်





လှပသော ပန်းအိုးများနှင့်အပြိုင် နေရာယူနိုင်သည်။

"ပန်းအလှပြင်တာ ဘယ်သူလဲ"

"မလေးလေ၊ မလေးပြင်တဲ့ ပန်းတွေ သိပ်လှတာပဲ၊ သိပ်အနုပညာ မြောက်တာပဲ'

"ကျွန်တော်ကတော့ဗျာ ညှော်ခံပွဲမှာ သူကိုယ်တိုင် လာရောက်ရင်ပဲ အခြား ဘာပန်းအိုးမှ လိုမယ်မထင်ဘူး"

"သူ့အပြင်အဆင် အခြယ်အသက သူ့အလှကို သိမ်မွေ့စွာ အားဖြည့် ပေးတဲ့ နောက်ခံပန်းခက်ကလေးတွေ ကျနေတာပဲ"

"သူခြယ်သထားတာ ဘယ်သူမှမသိဘူး၊ သူသိပ်လှနေတာပဲ လူတိုင်း သိတယ်"

မလေး စိတ်ကူးတို့က ဖျပ်ဖျပ်မြူးကြွလာသည်။ မလေးလက်ချောင်း များတွင် အလှရှိသည်။ အလှကို သူတို့သိသည်။ မလေးကျေနပ်သည်။

အလှကို သိသလို အချစ်ကို သိလာသည်။ နှလုံးသားဖျတ်လတ် မြူးကြွလာသောအခါ မလေး၏ လက်ချောင်းကလေးများသည် ချစ်စရာကောင်း သော ပန်းအိုးလေးများကို ဖန်တီးသည်။ လက်ချောင်းကလေးများ၏ ဖန်တီး နိုင်စွမ်းနှင့်အတူ ပန်းကလေးများကြားတွင် အချစ်သည် သိမ်မွေ့စွာ ကပ်ပါသွား သည်။ မလေးကိုယ်တိုင်သာသိသည်။ သိပ်ကျေနပ်သည်။ လူတွေက အဖြေ ရှာသည်။ 'သိပ်လှတယ်'ဟုသာ အဖြေရှာ၍ ရသည်။

ရဲဇော်က သူ့ပန်းပင်တွေကို အစွမ်းကုန်ပြုစုရင်း ချစ်သူအတွက် ပန်း မှန်မှန်ဆက်နေရလျှင် ပြည့်စုံပြီ၊ မလေးက သူ့ကို ချစ်သည့် ရေယဉ်ကြော မှာ မျောပါနေသည်။ ချစ်စကားပြောရန်ပင် သတိမရ၊ ရင်ထဲမှာ ရှိသည့် ဆုထည်ကြောင့် ပါးစပ်က ပြောပြခြင်းသည် ပိုသည်ထင်သည်။ နှစ်ယောက် သား ပျော်ရွှင်နေကြသည်။ မလေးကတော့ ရေ့လျှောက် နီးစပ်ဖို့သာ ရှိသည် ဟု ယုံကြည်သည်မှတစ်ပါး အခြား ဘာမျှ သံသယမဖြစ်။ အခုတော့ ကိုယ့် ကံကို လက်ညှိုးထိုးစရာ ပေါ်လာပြီ၊ ကံကို ပုံချပြီး သက်သောင့်သက်သာ နေနိုင်ပေမဲ့ မျက်ရည်မဝေဘဲတော့ မနေနိုင်၊ အသည်းနှလုံးက မငိုကြွေးဘဲ မနေနိုင်။

မှတ်မိသေးသည်။ သူ့ပန်းခြံထဲမှ ပန်းတွေယူပြီး ပြန်လာသည့်တစ်နေ့က



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မြို့အဝင်လမ်းမှာ စိန်ပန်းတွေ ရဲရဲနီအောင် ပွင့်နေကြသည်။ မလေးစီးလာသည့် စက်ဘီးခြင်းထဲရှိ နှင်းဆီဝါ အစည်းလိုက် အပေါ်သို့ ညနေခင်း၏ ရွှေအိုရောင် ဖိတ်စင်နေသည်။ ရဲဇော်က စက်ဘီးကို တွန်းလျက် ဘေးမှပါလာသည်။ စကားတွေ ပြောလာသည်။ ဘာတွေပြောမှန်းပင်မသိ တော့၊ အနီရောင်တိမ်တိုက်တို့သည် ကောင်းကင်တွင် လှပစွာ တည်နေ၏။ ဆည်းဆာရောင်တို့သည် အနောက်ဘက်ကွင်းစပ်အဆုံးမှ အဝေးတစ်နေရာ မိုးကုပ်စက်ဝိုင်းဆီသို့ ရှပ်တိုက်ပြေးလျက် ရှိသည်။ လမ်းဘေးရေအိုင်ထဲတွင် ဘဲငန်းတစ်ကောင် ရေကူးနေ၏။ သူ့တောင်ပံ သူ့လည်တိုင် သူ့ကိုယ်ဟန်တို့ အို သိပ်လှနေပါ၏။

မလေးမျက်စိဝယ် အလှကိုပဲ မြင်နေသည်။ ကြောင့်ကြမဲ့စွာ ပျော်ရွှင် မြူးထူးနေသည်။ ထိုပျော်ရွှင်မှုသည် ရာသက်ပန်ကာလအတွက် ဖြည့်ဆည်း ထားသည့်ပမာ မကုန်ခမ်းနိုင်ဟု ထိုခဏမှာ ယုံကြည်နေ၏။ အဝေးပြေးကား ကြီးတစ်စီး ဟိုးအဝေးမှ အရှိန်ပြင်းစွာ ပြေးဝင်လာသည်။ မလေး ကြောက် စိတ်မရှိ။ အခါတိုင်းလို လမ်းဘေးကပ်ကာ အပြေးအလွှား မရှောင်မိ၊ တိုက် သွားလျှင်လည်း ပျော်ပျော်ကြီး သေလိုက်မည်ဟု တွေးကာရယ်မိသည်။ သူ ကလည်း ဘာစကားမှမဆို၊ သူ့မျက်ဝန်းအကြည့်က မလေးအပေါ် နွေးထွေး သိမ်မွေ့စွာ ကျရောက်လာသည်။ ရင်တလှပ်လှပ်ခုန်လာသည်။ ဘာကို ကျေနပ်မှန်းမသိ အကျေနပ်ကြီး ကျေနပ်နေတာတော့ အမှန်ပင်။

"ပျော်စရာပဲ"

မလေးက ပျော်ရွှင်တာ သူ့ထံ ကူးစက်စေချင်သည်။

'ပျော်ပါတယ်' 'ရှင်ကောမပျော်ဘူးလား' မလေး ရယ်မိပြန်သည်။

ဒီအဖြေမှာလည်း မလေး ကျေနပ်စရာတွေ ရှာတွေ့နိုင်ခဲ့သည်။ မလေးအနားမှာ သူရှိသည်။ သူ့စကားသံကို ကြားနေရသည်။ သူ၏တောက် သော မျက်ဝန်းများကို မြင်နေသည်။ သူချစ်နေတာသိသည်။ သို့ဖြစ်၍ ဘာမှ မလိုတော့ဘူး ထင်မိသည်။

သူ တစ်ခုခု ပြောချင်နေသည်။ သူ့မှာ မျိုသိပ်ထားတာ ရှိနိုင်လိမ့်မည် ချစ်စကားတွေပဲ၊ အိုမကြားလိုသေး၊ အတွေးနှင့်ပင် တစ်ကိုယ်လုံး နွေးထွေး သွားသည်။ သူက မြတ်နိုးစွာကြည့်လာလျှင် မလေးသည် ရှောင်ကွင်းထား





ရယ်မောစရာများနှင့် လှည့်ပတ်ရှောင်ထွက်မြဲ၊ သူက ထိုအခါ သူလုပ်နေသည့် စိုက်ပျိုးရေးလုပ်ငန်းအကြောင်း၊ ပန်းပင်တွေအကြောင်း၊ ယခု စိုက်ပျိုးနေသော ခြံမြေကို ဝယ်ယူလိုက်ပုံ၊ သူစွန့်လာခဲ့သည့် သူ့ဇာတိမြို့အကြောင်းများကို မဆီမဆိုင် ဝင်ပြောသည်။ အိမ်က အဒေါ်အပျိုကြီးတွေကြောင်းလည်း တစ် ခွန်းတစ်စပါသည်။ မလေးကြိုက်သည့် သီချင်းတွေအကြောင်းတော့ များများ ပြောဖြစ်သည်။ တကယ်တော့ ထိုစဉ်က ပြောနေသမျှသည် တကယ့်လက် တွေ့ဖြစ်ပျက်ခံစားနေရသည်များ မဟုတ်ခြင်း ဆိုတာကိုတော့ နှစ်ယောက် စလုံးက ရှင်းရှင်းလင်းလင်း နားလည်ခဲ့ကြသည်။

မနက်စောစောတွင် မလေးမြတ်နိုးလှသော နှင်းဆီဝါများကို သူလာပို့ လေ့ရှိသည်။ မနက်ခင်း နှင်းရည်ကို သောက်သုံး၍ လန်းဆွင့်မွှေးပျံ့နေသည့် ပန်းတွေကို မြင်သည်နှင့် မလေးမျက်နှာသည်လည်း ပန်းတစ်ပွင့်လို လန်းဆန်း သွားမည် ထင်ပါသည်။ သူ့မျက်ဝန်းရွှန်းလဲ့မှုအောက်မှာ မလေးအပြုံးတို့ အနည်းငယ် အခြေပျက်ရသည်။ ညို့ယူဖမ်းစားခြင်းခံရသူပမာ သူ့ရှေ့မှာ မလှုပ် နိုင်မရှားနိုင် ဖြစ်ရသည်။

အံ့သြစရာမှာ ရဲဇော်သည် ဘယ်လိုပင် စကားလမ်းကြောင်းသင့်သင့်၊ အခွင့်အလမ်း ဘယ်လောက်သာသာ မလေးအား ချစ်သည့် အကြောင်းဖွင့်၍ မပြောခြင်းပင်၊ ဒါကိုပင် အထင်ကြီးစရာ ဖြစ်ရပြန်သည်။

မလေးကတော့ နှင်းဆီဝါများကို စွဲစွဲမြဲမြဲချစ်တတ်လာသည်။ ရံဖန် ရံခါ သူ့ချစ်စကားသံကို နားဖြင့် ကြားလိုလျှင်နှင်းဆီဝါများကို စကားဆို တတ်စေချင်လာသည်။

'မင်းတို့ ဘာတွေသိသလဲကွယ်၊ မင်းတို့သခင်က မင်းတို့ကို ဘာပြော လိုက်သလဲ၊ သိရင် တို့ကို နည်းနည်းပြောပြပါလား' အထပ်ထပ်နမ်းမိသည်။ ပွင့်ဖတ်ကလေးများသာ ကြွေသွားရရှာသည်။ သူတို့ ဘာစကားမှ မဆိုနိုင်။ 'အိုကွယ်...မလေး ဘာလုပ်ရမလဲ' နှင်းဆီငုံပွင့်ဖတ်ဝါလေးတွေ သိပ်လှသည်။ မွှေးကြူလျှင် ရင်ထဲထိ မွှေးမြ၏။ ပွင့်ဖတ်ကလေးတွေ နူးညံ့မှုကို မြင်တွေ့ နေရသည်။ လက်ဖျားကလေးနှင့် တို့ထိတိုင်း ခံစားရသည်။ အိပ်ခန်းထဲတွင် နှင်းဆီဝါတွေ လှိုင်နေ၏။ ဘီရိုပေါ်မှာ၊ စာကြည့်စားပွဲပေါ်မှာ၊ အိပ်ယာဘေးက စားပွဲပုလေးပေါ်မှာ ကြာသော် နှင်းဆီဝါနှင့်မှ မလေး အိပ်စက်တတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တို့တတွေဟာ ချစ်သူတွေဆိုတာ ငြင်းမရပါဘူး။ အချစ်ကို တားဖို့ စိတ်မကူးဘူး၊ သူ့ရုပ်သွင် သူ့ဟန်ပန်ကို တွေးထင်မမြင်ယောင်ဘဲ မနေနိုင်။ သူ့မှာ မိန်းမနှင့် သမီးလေးတစ်ယောက် ရှိသည်။ အိမ်ထောင်နှင့် ကင်းကွာနေသည်။ မပြတ်စဲရသေး၊ ဒါတွေ သိပြီးသည့်တိုင် အချစ်စိတ်ကို မျိုသိပ်မရ ဒီစကားတွေ ကြားစဉ်က မလေး နှလုံးသွေး ရပ်မတတ် တုန်လှုပ်ရသည်။ ကိုယ်တစ်ယောက်တည်းသာ အဦးဆုံး ပိုင်ပိုင်နိုင်နိုင် ရပြီထင်ရတဲ့ အချစ် ယုံကြည်ချက်တွေ၊ အထင်ကြီးချက်တွေ ဘာမှ သုံးမရတော့၊ အို ငါဟာ လိမ်ညာခံနေရတာပဲဟု စိတ်ထိခိုက်ရသည်။ သူ့ကို အပြစ်တင်၍မရ၊ ချစ် ကဲခေလိုက်ပုံကိုသာ မတွေးချင်လောက်အောင် နာကြည်းသည်။ ဩော်... သူကတော့ မိမိရဲ့ အချစ်ဦးအသစ်ဖူးကိုမှ ပိုင်ဆိုင်ရယူနိုင်သည်။ မိမိမှာတော့ မယှဉ်သာတဲ့ ကုသိုလ်ကံကိုပဲ ဝမ်းနည်းမဆုံး။

ဒါတွေမသိရသေးခင် သူအစချီကာပြောလာတော့ သူ့စကားတွေကို အံ့ဩသည်။ နောက်သဘောကျကျရှိတာနဲ့ ကြိတ်ရယ်မိသည်။ ကြာလာတော့ ငိုရသည်။

"ကိုယ် မင်းကို ချစ်တယ်၊ မင်းကို တစ်နေ့မမြင်ရဘဲ ကိုယ်မနေတတ် ဘူး၊ မင်းကို တစ်ချိန်လုံး ပျော်ရွှင်ဝမ်းမြောက်နေတာ မြင်ချင်တာ အမှန်ပဲ မင်းပျော်ရင် ကိုယ်လည်း ပျော်တယ်၊ မင်းငိုရင် ကိုယ်ငိုတယ်၊ မင်းကို သိပ် ချစ်တယ်ဆိုတာလောက်ပဲ မင်းသိထားပါ။ ကိုယ့်ကို ချစ်လားလို့ ကိုယ် မမေးဘူး၊ ကိုယ့်ကို ပြန်ချစ်ပါလို့ ကိုယ်မတောင်းဆိုဘူး၊ ဘာမှ အဖြေ စရာမလိုဘူး တကယ်တော့လေ မင်းကိုချစ်တဲ့အကြောင်း မပြောရက်လောက် အောင် မင်းကို ကိုယ်ချစ်တာ မင်းနဲ့ ပတ်သက်ရင် ကိုယ်ဟာ အားငယ် ကျတဲ့ သတ္တဝါဖြစ်ဖြစ်သွားတယ်"

ထိုစဉ်က သူ့မှာ မိန်းမရှိတာ မသိသေး၊ ဆန်းကျယ်လိုက်တာ လောကကြီးဟာ အမြဲတမ်း အဆန်းကျယ်တာနဲ့ ပြီးနေတာပဲ၊ တွေ့ဆုံ အကြောင်းပါလာတဲ့သူနှစ်ယောက်ကို ဘာကြောင့်များ စောစောစီးစီး ဆုံ မပေးပါလိမ့်၊ မမြင်ရဘဲ အထင်အရှားရှိနေသည့် အတားအဆီးတစ်ခုကို ဖော်ကြည့်နိုင်စွမ်းမရှိ၊ ကိုယ်နဲ့မဆိုင်သလို အရာအားလုံးကို ခွင့်လွှတ်နားလည် စွာ ကြည့်နေနိုင်မည့် အသည်းနှလုံးသာ လိုချင်သည်။ လောကမှာ ထိုအသည်း





နှလုံးမျိုးနှင့်သာ ထိုက်တန်သည်။

သူ့မျက်လုံးများ ဆွေးရိပ်သန်းနေသည်။ သူ့မျက်နှာ ချက်ချင်းအုံ့မှိုင်း သွားသည်။ သူ့အချစ်ကို မလေး အထင်အရှားမြင်နေရသည်။ မပိတ်ပင်ရက်၊ မတားဆီးရက်၊ မြတ်နိုးလိုလားစွာ မခံယူဘဲလည်း မနေနိုင်၊ အို...ချစ်သည်၊ သူ့ကို သိပ်ချစ်သည်။ မိမိကို ပိုင်စိုးသည့်စိတ်ကို နာကြည်းသလိုပင် ကမ္ဘာဦး ကတည်းက အချစ်ဆိုတာ မပေါ်ပေါက်ခဲ့ရင် ကောင်းလေစွ။

မဖြစ်နိုင်ဘူးဆိုတာ သိလိုက်ပြီ၊ မလေးအနေနဲ့ ဒီကိစ္စ ရှေ့ဆက်တိုး၍မဖြစ်တော့၊ မလေး ခေါင်းထဲသို့ အရင်ဆုံး ဝင်လာတာက သူမရှိလျှင် သူ့ မိန်းမတစ်ယောက်တည်း ဘယ်လိုရပ်တည်နေပါလိမ့်ဆိုသည့်အတွေး၊ ဒီလို တွေးတော့ သူ့ကို စိတ်နာချင်သလိုပင်၊ မိန်းမတစ်ယောက်ရဲ့ ဘဝကို မိန်းမ တစ်ယောက်ကသာ နားလည်နိုင်သည်။ ကိုယ်ချင်းစာကာ အကြင်နာပွားမိသည်။ မိန်းမချင်းသစ္စာ စောင့်သိတာ ပို၍ မြင့်မြတ်သည်။ ပိုပြီး အဖိုးတန်သည်ထင်၏။ ရိုးဖြောင့်လိုက်ခြင်းဖြင့် တစ်သက်လုံးလည်း လိပ်ပြာလုံရမည်။ ပြီးတော့ လူမပည်သမီးလေးတစ်ယောက် ဒီကလေးကြီးလာရင် သူ့အဖေကို လေးစားမှု ပိုနိုင်ပါမည်လား၊ အဖေဆိုတာ သူ့ဘဝမှာ ရှေ့ဆောင် လမ်းပြမှတ်တိုင်တစ်ခု အနေနဲ့ တည်နိုင်မလား။

မလေးဘဝမှာ အတောင့်တဆုံးက အဖေပင်၊ မလေးငယ်ငယ်ကပဲ အဖေ ဆုံးသွားသဖြင့် အဖေ့အား ကောင်းကောင်းမမှတ်မိလိုက်၊ သိတတ်ပါပြီဆိုက တည်းက အဖေဟု အားရပါးရ မခေါ်ခဲ့ရတာကို စတင်၍ သိသည်။ မလေး ဘဝမှာ ဖြည့်ဆည်းရမည့် ကွက်လပ်တစ်ခုက အမြဲလှစ်ဟာနေခဲ့သည်။ ဒီလို အဖြစ်မျိုး မိမိအကြောင့်တော့ သူတစ်ပါးကို မကြုံစေလို၊ ရဲဇော်သမီးလေးက မလေးထက် ဆိုးရွားမည်။ ထိုကလေးဟာ သက်ရှိထင်ရှား အဖေကို ပိုင်ပိုင် နိုင်နိုင် ခေါ်ရဲရှာမည်မဟုတ်၊ ချစ်ချင်သော်လည်း ချစ်ရဲရှာမည်မဟုတ်။

"ကိုယ့်ကိုချစ်တယ်လို့ တစ်ခွန်းပဲ ပြောစမ်းပါ မလေးရယ်၊ တစ်ခွန်း တည်းပါ။ ဒီစကားတစ်ခွန်းဟာ ကိုယ်တို့ကြားက အတားအဆီးတွေကို ဖြိုခွက်နိုင်တယ်၊ ဟင် အားလုံးကို ကိုယ်ရင်ဆိုင်နိုင်ပါပြီ"

မလေးတစ်ဖက်သို့ မျက်နှာလွှဲ၍နေ၏။ သူက မလေးမျက်နှာလှည့် ရာသို့ အမိအရလိုက်ကြည့်သည်။ မျက်နှာလွှဲ၍မရ၊ သူ့အမူအရာကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းကြေကွဲလာသည်။ ထိန်းချုပ်မရတော့။ သူ့မျက်နှာကို တွေကြည့်လျှက် က မျက်ရည်တွေ စီးကျလာသည်။ ပြောလိုလှသည်။ သို့သော် အသံထ မထွက် သူမချင့်မရဲဖြစ်လာ၏။

'ဟင် ကိုယ့်ကို ချစ်တယ် မဟုတ်လား' သို့သော် အားမလိုအားမရ ထပ်မေးသည်၊ 'ကိုယ်သိနေပါတယ်၊ မင်းပါးစပ်ကပြောဖို့ပဲ ကျန်တော့တယ်။ ဒီအတိုင်း ရှေ့ဆက်လျှောက်လို့ ကိုယ်တို့ဘဝ သာယာမယ်ထင်လို့လား"

မျှော်လင့်ချက်တွေ လက်ဖြာနေတဲ့ သူ့မျက်ဝန်းတွေ တိုးတိတ် တုန် ယင်နေတဲ့ သူ့လေသံတွေက အချစ်ကို ဖော်ကျူးနေသည်။ မလေး ငြင်းနိုင် သည့် စွမ်းအားမရှိ၊ အားအင်ကုန်ခမ်းသလိုဖြစ်ကာ သူ့ရှေ့မှာ ဒူးတွေ ညွတ် ခွေမသွားအောင် မနည်းအားတင်းနေရသည်ကို ဘယ်လိုရုန်းထွက်နိုင်မလဲ။

နှုတ်ခမ်းကို ဖိကိုက်ကာ ခေါင်းကို တွင်တွင်ခါပြလိုက်သည်။ မလေး ပန်းကို ဆုပ်ကိုင်ထားသည့် သူ့လက်တွေ အရုပ်ကြိုးပြတ်ကျသွားလေသည်။

"ကိုယ်ဆန္ဒတွေ စောမိတယ်၊ ကိုယ့်မှာက ချွတ်ယွင်းချက်တွေ တသီ ကြီးနဲ့၊ မလေးကို မတရားသလို ဖြစ်နေပြီ၊ ဒါတွေကို မလေး ကျေနပ်အောင် ကိုယ်ပြင်နိုင်ပါတယ်။ မလေးကိုယ့်ကို ဒီလောက်ချစ်တာကို မသိဘဲနေပါ့မလား။ ကိုယ်တို့ အချစ်တွေကို အဓိပ္ပာယ်မဲ့ ဖြစ်သွားမှာကို မလေးက ထိုင်ကြည့်ရက် တယ်ပေါ့"

"မလေးကို ဘယ်လိုထင်ထင် ဂရုမစိုက်ဘူး၊ ဒီနေရာမှာတော့ ဆုံးဖြတ် ချက် မှန်ကန်ချင်တယ်။ မလေးကတော့ ဘယ်နည်းနဲ့မှ ရှေ့မတိုးနိုင်ဘူး။ မလေးစောင့်သိရမယ့် သစ္စာတရားကို မဖျက်ဆီးချင်ဘူး၊ ကိုယ့်သမီးလေးက ငယ်သေးတယ်၊ အဖေမဲ့တဲ့ဘဝကို မလေးကိုယ်တိုင် ခံစားခဲ့ရလို့ ကိုယ်ချင်းစာ နိုင်တယ်၊ မလေးဘဝမှာ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်ကြိုက် မိလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိဘူး၊ ကြုံလာပြန်တော့လည်း အကောင်းဆုံးကို လက်ခံနိုင်ဖို့ ကြိုးစားရမှာပေါ့။ မလေးကြောင့်တော့ ဘယ် သူမှ ဒုက္ခ မရောက်စေချင်ဘူး"

စကားကို အသက်မရှူဘဲ မရှိက်ဘဲ တောက်လျှောက်ပြောချလိုက်သည်။ သူဘယ်လိုကျန်ခဲ့လည်း လှည့်မကြည့်တော့၊ အိမ်ပြန်ရောက်လျှင် သူပေးသည့် နှင်းဆီဝါတွေ တစ်ပွင့်ချင်း ခြွေချပစ်လိုက်သည်။ ညတွင် နှင်းဆီဝါမရှိ၍





[…]လေးအိပ်မပျော်တော့ပါ။ နောက်နေ့မနက်မှာ နှင်းဆီဝါပေါ်လာနိုး မျှော်မိ […]သေးသည်။ ပန်းစည်းရောက်မလာပါ။ နောက်နေ့မှာလည်း မရောက်၊ နောက် […] နောက်နေ့တွေမှာလည်း ရောက်မလာပါ။

မကြာမီ သူထွက်သွားသည့် သတင်းကို ကြားရသည်။ သူ့အားနွေးထွေး […] ကြိုမည့် မိသားတစ်စုကို မြင်ယောင်သည်။ အခြားနေရာတော့ မလွင့်စေ […]င်၊ သူ့အား မလေး အပြတ်ပြောလိုက်ပြီဖြစ်၍ စိတ်လိုက်မာန်ပါလုပ်မည် […]ဟုတ်၊ သူ့သမီးလေးမျက်နှာတော့ ထောက်ထားလိမ့်မည်ဟု ယုံကြည်သည်။

ပန်းတွေကို ထိတွေ့ကိုင်တွယ်ရတိုင်း သူ့ကို အမှတ်ရတတ်သည်။ […]ယ်လောက်ကြာကြာမနေ့တစ်နေ့ကလို စိတ်မှာလတ်ဆတ်ဆဲ၊ သူ့ပန်းခြံထဲ […] လမ်းလျှောက်ခဲ့ပုံ၊ ပန်းခူးကြပုံ၊ ပန်းပင်တွေအကြောင်းပြောနေသော သူ့ […]ကားသံကို ကြားယောင် မြင်ယောင်မိသည်။ ထိုစဉ်က မွေးပျိုးခဲ့သော ပန်း […]များသည် မလေး၊ အခန်းထဲသို့ တိုင်ရောက်လာပြီး မွှေးပျံ့နေသယောင် […]တ်မှာထင်ရသည်။ ထိုအခါ သူသည် စာကြည့်စားပွဲဘေးမှ လည်းကောင်း၊ […]ရိုနားမှ လည်းကောင်း မလေးရဲ့ ပန်းတွေကို ကိုင်တွယ်နေသလို မလေး […] ငေးစိုက်ကြည့်နေသလို ခံစားရသည်။

သူပြန်ရောက်လာသည့် သတင်းကို ကြားပြီးနောက်တွင် နှင်းဆီဝါ […] မြင်ရရုံနှင့်ပင် မလေး ရင်တထိတ်ထိတ်ခုန်၍ နေ၏။ နှင်းဆီဝါ၏ ရနံ့ […]သည် မလေးအား အခါတိုင်းထက် တိမ်းမူးတွယ်နစ်လေသည်။ ရင်မှာ စိုးထိတ် […]က် ပျော်ရွှင်ခြင်းတော့ ဖြစ်မလာပါ။

*

ညက အိပ်မပျော်ခဲ့၍ မနက်မိုးလင်းသောအခါ မလေးမျက်လုံးတွေ […]င့်ဝင်နေသည်။ ဖြူဝင်းလှသော မလေးမျက်နှာကို မှန်ထဲတွင် မြင်နေရ […]သည်။ နက်မှောင်ကျော့ရှင်းသော ဆံကေသာတို့သည် ပခုံးနှစ်ဖက်ပေါ် […]ပိုကရိုဝဲကာကျနေသည်။ ကိုကိုက မလေးမျက်လုံးတွေ သိပ်လှသည် သူ […]ပ်ချစ်ရပါသည်ဟု ဆိုသည်။

"ဒီမျက်လုံးလေးတွေကြောင့် မလေး နှုတ်ခမ်းတွေ ပြုံးရိပ်သမ်းနေတာ" ကိုကိုပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲတွင် မလေးနောက်မှ အခန်းတံခါး ဖျတ်ခနဲ ပွင့်သွားပြီး ကိုကို ပေါ်လာသည်။ လက်ထဲတွင် နှင်းဆီဝါတစ်စီးလည်း ပါလာသည်။ ပန်းတွေ သိပ်လှသော်လည်း မလေး ငိုင်သွားသည်။ ကိုကို ယူလာသည်။ ပန်းစည်းကို အကြောင်းပြပြီး ကျွန်မအခန်းထဲထိ ကိုကို ဝင်လာတာ မကောင်းဘူးထင် သည်။

မှန်ထဲမှာ ကိုကိုက ပြုံးနေသည်။ မကြာခင် နီးစပ်တော့မည့်အရေး ကြောင့် ကိုကို ပျော်နေသည်။ ကျွန်မ ရင်ခွင်ထဲ ပန်းစီးထည့်ရင် ကျွန်မ လည်တိုင်ကို တို့ထိနှုတ်ဆက်ခဲ့သည်။ ကတ်ကလေးတစ်ကတ်လည်း တွဲလျက် ပါလာသည်။ 'အချစ်များစွာနှင့်'တဲ့။

"ဘာလို့ယူလာတာလဲ ကိုကို၊ မနေ့က ပန်းတွေ လန်းတုန်းပဲ"

"အိမ် တံခါးမှာတွေ့လို့ ကိုကို ယူလာတာ"

"ဘာရယ် ကိုကို။ ဒါဆို သူ သူပဲ၊ သူ မလေးဆီကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာပြီ"

ပန်းတွေအပေါ် မျက်နှာမှောက်ချလိုက်သည့်ခဏအတွင်း မျက်ရည်တို့ စိုစွတ်သွားသည်။ ကမ္ဘာပေါ်မှာ မလေး ရင်းနှီးကျွမ်းဝင်နိုင်တာ သူနှင့် ပတ် သက်သောအရာတွေပါပဲလားဟု ချက်ချင်း အသိဝင်လာသည်။ အို သူ ဘာလို့ ပြန်လာရတာလဲ၊ သူနှင့် ပတ်သက်၍ မလေး ဘာမှ မမျှော်မှန်း ဘယ်လမ်းကိုပဲ ရွေးရွေး ချောက်ထဲ ထိုးဆင်းရသလိုပင်။ တစ်သက်လုံး လိပ်ပြာလုံလုံနေနိုင်ဖို့အတွက်တော့ ရိုးရိုးဖြောင့်ဖြောင့်သာ ကျင့်ချင်သည်။

ကိုကို့အား နားစွင့်ကြည့်လိုက်ရာ တိတ်ဆိတ် ငြိမ်သက်နေသည်။ မလေးမျက်ရည်ခမ်းခြောက်၍ မော့ကြည့်လိုက်ရာ ကိုကို မရှိတော့ပါ။ ကိုကို ထွက်သွားသည်ကို မသိလိုက်၊ ကိုကို့အား ကျေးဇူးတင်မိသည်။ မလေး ရှိ တထိတ်ထိတ် စိတ်လှုပ်ရှားလျက် အယောင်ယောင် အမှားမှားဖြစ်နေ ရဲဖော်ပြန်မလာသင့်ဘူး၊ သူ ဘာတွေများ လုပ်လာလို့ မလေးကို တစ်ခါ ပြန် ရင်ဆိုင်ရဲတာလဲ၊ ဘုရား ဘုရား မဟုတ်ပါစေနဲ့ သူ့မိသားစုကို အပြီးထိုး ခွဲထွက်လာတာ မဖြစ်ပါစေနဲ့၊ ဒီလိုဆိုရင် မလေးတစ်သက်လုံး စိတ်ကောင်း နိုင်မည် မဟုတ်။ ဖြေသိမ့်နိုင်မည်မဟုတ်။ မလေး တစ်စုံတစ်ခုကို စိုးရိမ်တကြီး ဖြစ်သွားသည်။





အောက်ထပ်သို့ ရုတ်ခြည်း ဆင်းပြေးခဲ့သည်။ တံခါးရွက်ကို ဆွဲ ဖွင့်ရန် မလေး စိုးထိတ်ပြီး လက်ချောင်းများ တုန်ယင်စပြုသည်။ ထင်သည့် အတိုင်းပင်၊ စာရွက်လိပ်ကလေးတစ်လိပ်၊ ကိုကို တကယ်ပဲ မျက်စိလျှမ်းသွား တာလား၊ တမင်တကာ မျက်စိလျှမ်းခဲ့တာလားမသိ၊ လက်မှတ်ရေးထိုးပြီး သား ကွာရှင်းစာချုပ်ကလေးကို မလေး တွေ့ရလေသည်။

ဒီလိုနဲ့ပဲ အပြစ်မဲ့တဲ့သူတွေကို မလေး အနိုင်ယူရမတဲ့လား။

အချစ်ဦးကို စွန့်လွှတ်နိုင်ဖို့ ပိုလို့ သေချာသွားပါသည်။

သည်စွန့်စားမှုကြောင့် ကိုယ်တိုင်လည်း ခိုင်မာရင့်ကျက်သွားသလိုပင်၊ မနက်ဖြန်ရောက်လာမည့် နှင်းဆီဝါများမှတစ်ဆင့် သူ့ကို သိစေရတော့မည်။

သူပေးလာမည့် ပန်းစည်းကို မလေး သူ့အား ပြန်ပေးလိုက်ရုံသာ။

နှင်းဆီဝါများက သူ့အား နားလည်အောင် ပြောပြနိုင်ပါလိမ့်မည်။

မှုခင်းရွှေထောင့်မဂ္ဂဇင်း
၁၉၉၉ ခုနှစ်၊ မတ်လ အမှတ်စဉ် (၆)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မေ့ဖြစ်သွေ

နေမှောင်စပြုသည်နှင့် အိမ်ထဲတွင် မီးရောင်လက်လာသည်။ ညနေစာကို သူတို့ ခပ်စောစော ကြိုတင်စားကြသည်။ အခါတိုင်းထက် စော၍ အိပ်ရာဝင်ကြမည်ဟု သွယ်သွယ်ထင်သည်။ ဒေါ်လှနုက အိမ်တံခါးတွေကို နေမမှောင်ခင် ပိတ်နေတာတွေ့တော့ သွယ်သွယ် အလိုက်တသိ ထပိတ်ရသည်။

ထမင်းဝိုင်းလည်း ဒေါ်လှနုပဲ စပြင်သည်။ သွယ်သွယ်ကို ခါတိုင်းလို ဘာအမိန့်မှမပေး၊ ဘာမှလည်း မခိုင်းသဖြင့် အလိုက်တသိ ဝင်လုပ်ရသည်။ ခူနီးသံ၊ ပန်းကန်သံတွေ၊ ကုလားထိုင် ရွှေ့တာတွေက အခါတိုင်းထက် အသံကျယ်လှသဖြင့် ထမင်းစားဖို့ကို သုံးလေးကြိမ်လောက်ခေါ်မှ ထမင်းဝိုင်းသို့ ရောက်လာတတ်သည့် ဘဘဦးလွန်းမောင်ပင် တစ်ခွန်းမှ မခေါ်လိုက်ရဘဲ စောစောစီးစီး ရောက်လာခဲ့သည်။

တစ်ညနေလုံး ဒေါ်လှနု မျက်နှာက ညှိုးနေသည်၊ အိုနေသည်၊ သူ့စိတ်ကို သိသဖြင့် ဘယ်သူမှ စကားဟဟမပြောရဲ၊ ညနေ ထမင်းဝိုင်းသည် နိုစိုပြည်ပြည်မရှိဘဲ ပြီးဆုံးသွားသည်။ ဦးလွန်းမောင်သည်ပင် အခါတိုင်း ကြားနေကျဖြစ်သော 'ဒီဆရာကြီးနော် ကိုယ်နဲ့တည့်တာတော့ မစားဘူး၊ မတည့်တဲ့ အစားဆို တယ်စားချင်၊ ချောင်းတဟွတ်ဟွတ်နဲ့ ရင်ကျပ်နေဦးမယ်' ဟူသော စကားမျိုးကို နိဒါန်းလောက်မှ မကြားရသောအခါ ချက်ထားသော ဟင်းများမှာ တစ်ခုခုလိုနေသလို ထင်လိုက်ရ၏။

ဒေါ်လှနု၏ ခေါင်းထဲတွင် နေ့လယ်ကမှ ကြားသိရသည့် သားကြီး

www.burmeseclassic.com



အကြောင်းမှာ လောလောလတ်လတ် ရှိနေသေးသလို မကြာသေးမီက ရောက်သော ချွေးမဖြစ်သူ မေသူ၏ စာထဲမှ အကြောင်းအရာများပါ တစ်ခုနှင့် တစ်ခု ဆက်စပ်ရောက်ရှိ၍ နေသည်။

ယခုလို အသက်အရွယ်ကြီးရင့်ချိန်တွင် သားသမီးတွေအတွက် ဘာမှ လုပ်မပေးနိုင်သမျှ အိုကြီးအိုမတွေ တတ်နိုင်သော ပူပင်ကြောင့်ကြမှုသာ အချိန်နှင့်အမျှ စွမ်းစွမ်းတမံ လုပ်နိုင်တော့သည်။ သူ့မှာ နဂိုကမှ အိပ်မပျော်သည့် ရောဂါရှိသည့်အထဲ သည်လိုအပူတွေနှင့် မအိပ်နိုင်ခဲ့သောညတွေ များလှပြီ ဖြစ်သည်။

"ကလေးတွေမှ မဟုတ်တော့တာကွာ၊ ပူစရာ မဟုတ် အလကား တွေးပူနေတယ်"

ဦးလွန်းမောင်က ဆိုလာ၍ ပူပန်ရသည့်အထဲ မိမိအပူကို မနှစ်သိမ့်သည့် အပြင် သည်လိုပြောရပါမလားဟု စိတ်ဆင်းရဲပိုတတ်ပြန်၏။

ထိုအခါ ဦးလွန်းမောင်သည် ဆေးတံကြီးကို ပါးစပ်မှ ခဲတော့သည်။ အေးအေးဆေးဆေး အလိုရှိသူပီပီ သူနေတတ်သလိုနေသည်။ ဒေါ်လှနု၏ အပူကို ငြိမ်းအောင်လည်း မလုပ်၊ သူငြိမ်းပေးလို့ မငြိမ်းနိုင်ဆိုသည်ကို နှစ် ပေါင်းများစွာကပင် သိလာခဲ့လေသောကြောင့် ဒေါ်လှနု ဘာဖြစ်ဖြစ် နေသား တကျရှိပြီဖြစ်သည်။

ဒေါ်လှနုက စိတ်ကြီးသည်။ မာနကြီးသည်။ သူ့စိတ်ကို ဘယ်သူမှ ဖြေပေး၍မရ၊ သူ့စိတ် သူ့ဟာသူ ဖြေမှ ပြေသည်။ ထိုစိတ်သောက မပြေ သ၍ တအုံနွေးနွေး အပူရပ်ဖြင့် ရှိနေသဖြင့် အိမ်သားများ၏ စိတ်ထဲ အနှောင့်အယှက် မဖြစ်စေရန် မည်သူနှင့်မျှ စကားမပြောဘဲ တစ်ယောက် တည်း လုပ်စရာရှိသည်ကိုသာ ကျုံးလုပ်နေတတ်သည်။

သူ့အရိပ်အခြည်ကို ကြည့်၍ အခြားသူများမှလည်း အလိုလို တုံ့နိဘား ဖြစ်ရကာ မျက်နှာကိုလည်း မိနစ်မဆိုင်း အလိုအလျောက် ညှိုးထားရလေ၏။

နေ့လယ်က ဒေါ်လှနု၏ သားကြီးရှိရာမြို့မှ သူ့မိတ်ဆွေတစ်ယောက် အိမ်သို့ ရောက်လာကာ လူကြုံပါးလိုက်သော ပစ္စည်းများကို လာပေးသည်။

"စာမရေးလိုက်ဘူးလား"

"မရေးလိုက်နိုင်ဘူးတဲ့ ဒေါ်ဒေါ်၊ ပိုက်ဆံ ထည့်ပေးလိုက်တယ်





ကျွန်းကျွန်းမာမာရှိကြတဲ့အကြောင်းသာ ပြောလိုက်ပါတဲ့၊ ကျွန်တော်နဲ့ တွေ့ တာ ခဏလေးပဲ၊ သူနဲ့ တူပါတယ်လို့ ထင်ပြီး ကျွန်တော်က လိုက်ကြည့်ရာက နှတ်ဆက်ခဲ့ရတာ ရက်တရက် မမှတ်မိဘူး၊ ပိန်ပြီး အသားတွေ ညိုနေတယ်၊ အလုပ်က အရမ်းများတယ်၊ ပင်လည်းပင်ပန်းတယ်တဲ့"

စာပို့ရန် ရောက်ရှိလာသူ ပြောပြချက်ကို ငြိမ်၍ နားထောင်နေခဲ့၏။ "ပြီးတော့ ပြောသေးတယ်၊ သူငယ်ငယ်က အကျင့်တွေ မပျောက်နိုင်လို့ ရာထူးမတက်တာတဲ့၊ သူစိတ်က မဟုတ်မခံတဲ့အပြင် ခွတ်တရွတ်လည်း လုပ်တတ်သေးတယ်။ သူ့အလုပ်ကိုတော့ တော်တော် စိတ်ပျက်နေတယ်လို့ ပြောတယ်၊ အိမ်ပြန်လာချင်လို့ ခွင့်ယူဖို့ကြိုးစားတာလည်း ကြာပြီတဲ့၊ သူ့ ကလေးတွေလည်း အတော်ကြီးနေကြပြီ၊ ဒီကောင်ကြီး ရွာပြန်မရောက်တာ တောင် ကြာလှပြီပဲ"

ညှိုသည် ပြန်သွားသောအခါ သားပေးလိုက်သော ငွေကို လက်ဖြင့် ဆိမ်လျှင် ထိမိချင်း ဒေါ်လှနု မျက်ရည်လည်သည်။ သားကြီးမှာ ငယ်စဉ်ကတည်း က ရှူးရှူးဒိုင်းဒိုင်း မဟုတ်မခံစိတ် ရှိနေသဖြင့် ဒေါ်လှနုမှာ အမြဲကြောင့် ကြနေရသည်။ နေရာတိုင်းနှင့် တိုက်ဆိုင်မှုမရှိသော စိတ်ဓာတ်ကို ယခင်က တော့ တတွတ်တွတ် ဖျောင်းဖျနေကျ။

'ကြားတယ် မဟုတ်လား ရှင့်သားဆီ စာရေးဦးနော်"

အနားတွင် ရှိနေသော ဦးလွန်းမောင်ကို ကိုင်ရင်း လှုပ်ရင်း မျက်နှာ အိုစာစွာနှင့် ပြောလိုက်၏။

ပညာတွေတတ်၊ အတောင်အလက်စုံလာသောအခါ တစ်ယောက်ပြီး တစ်ယောက် ဝေးရာလွင့်ကြသည်။ ဒေါ်လှနုမှာ သမီးမရှိ သားချည်းနှစ်ယောက် ဖြစ်နေသဖြင့် ရံဖန်ရံခါ ကိုယ့်အနားမှာ နေမယ့် သမီးမိန်းကလေးကို တောင့် တမိသည်။ သားကြီးသည် ဘွဲ့ရ၍ အလုပ်ဝင်ပါပြီ ဆိုကတည်းက အိမ်မှ ခွာခဲ့သည်။ မိန်းမယူပြီးစတွင် ဆွေပြမျိုးပြ တစ်ခေါက်ပြန်လာဖူးသည်။ သူ့ မိန်းမသည် အသားဖြူဖြူ ပါးပါးလျားလျားဆိုတာ သိလိုက်သည်မှအပ ကျူးရှူးတင်ရဦးမည်။ မြေးငယ်လေးများကိုလည်း ဓာတ်ပုံထဲမှာ မြင်ဖူးသည်။

သားကြီး၏ မိန်းမ မေသူမှာ မိဘများ ကွဲနေကြသူများ ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိခွင့်ရသဖြင့် အားကိုးမရှိသည့် မိခင်ကြီးက အိမ်ထောင်အတည်တကျနှင့် တင့်တောင်းတင့်တယ် ဖြစ်နေသော သမီးမေသူနှင့် လာနေသည်။ ဖခင်ဘက်သို့ မကပ်နိုင်ကြသော ကျန်သားသမီးများပါ မိခင်နောက်ပါလာသည်။ အစ်မအိမ်မှာပဲ သောင်တင်နေကြတော့သည်။ သားကြီးမှာ မိမိဘက်မှ မိသားစု တာဝန်ကင်းသလောက် မိန်းမဘက် မိသားစုတာဝန်တွေက များလှသည်။

ကြာသော်ရာနိုင် ဖွေနိုင်တုန်း ပစ္စည်းဥစ္စာ စုဆောင်းထားရမည့် အချိန်တွင် ဟိုပဲ့ သည်ပဲ့ပေးနေရသည့်အဖြစ်ကို ဒေါ်လှနုမှာ အစေးမှနေ၍ မရှုဆိတ်နိုင် ဖြစ်လာသည်။ ဒေါ်လှနုက အိမ်ထောင်ရက်သားကျပြီးလျှင် မိဘနှင့် ခွဲနေခြင်းကို သဘောကျသည်။ သူ့ဘက် ကိုယ့်ဘက် ပေးကမ်းသင့်သလောက် ပေးကမ်းပြီး စုသင့်တာကိုလည်း ရှေ့ရေးအတွက် ကျစ်ကျစ်လျစ်လျစ် စုဆောင်းစေချင်သည်။

သားကြီးက လက်ဖွာမှု အသုံးအစွဲကြီးသူဖြစ်သဖြင့် သူ့မိန်းမသားကောင်းကောင်း မစုဆောင်း၊ မထိန်းသိမ်းတတ်လျှင်ဟူသော အတွေးကြောင့် ပူပင်မိရသည်။ မေသူက စုဆောင်းတတ်သည်ထားဦး၊ အမေတစ်ယောက်လုံး အိမ်ပေါ်မှာ ရှိနေ၍ လူကြီးဆိုပြီး နေရာတကာ ခြယ်လှယ်နေမှ ခက်ဦးမယ်ဟု အိပ်မပျော် ဖြစ်ရသေးသည်။

မိမိတို့မှာ ငွေတိုးချေးထားသည့် အတိုး အရင်းအနှီးကလေးကြောင့် မကြောင့်မကြ နေသွားနိုင်သည်။ သားတွေ ပို့သည့်ချေးနဲ့စာကို သူကိုယ်တိုင်က မယူရက်၊ မသုံးရက်၊ အလှူအတန်း ကုသိုလ်ကောင်းမှုအတွက်သာ သုံးသည်။ သားတွေဆီ စာရေးတိုင်း ဒီအကြောင်းကို ရေးမိသည်။

"မေမေတို့အတွက် မပူပါနဲ့ မေမေတို့မှာ စားဖို့သောက်ဖို့ လှူဖို့ တန်းဖို့လောက် အမြဲရှိနေတယ်၊ ဘာမှ အပိုမလိုပါဘူးကွယ်၊ အိမ်စရိတ်ဆိုတာကလည်း နှစ်ယောက်တည်းဆိုတော့ ထွေထွေထူးထူး မကုန်ပါဘူး၊ သားတို့မှာသာ ရှေ့ရေးအတွက် ရှာဖွေနိုင်တုန်းမှာ စုဆောင်းကြပေါ့ကွယ်"

သားတွေ စာရေးပျင်းကြတာ ဒေါ်လှနု သိသည်။ တက္ကသိုလ်တက်နေကြစဉ်ကလည်း သူတို့ငွေလို၍မှာမှ သူတို့စာကို မိဘများ ဖတ်ရှုရသည်။ ရေးလိုက်လျှင်လည်း နေကောင်းကျန်းမာငွေပို့ပါဆိုသည့် အဓိကအကြောင်း အရာမှလွဲ၍ ရှည်ရှည်ဝေးဝေး မရေးကြ။





ယခုလည်း ရေးစရာရှိလျှင် မေသူပဲရေးသည်။ ချွေးမတွေ ရေးလိုက်စုံစုံစေ့စေ့ ဖတ်ရကာ အပူအဆာတွေ အတိုင်အတောတွေနှင့် သားတွေကြောင်းမှာ ဝေဝေဆာဆာရှိလှ၏။ ဟိုတစ်လောက ချွေးမမေသူ၏ စာထဲင် သားဖြစ်သူအကြောင်း တော်တော်များများ ပါသည်။

"သူ့အလုပ်က အရမ်းပင်ပန်းတယ် မေမေ၊ ပင်ပန်းသလောက် ကျိုးခံစားရတာလည်းမဟုတ်ဘူး၊ လူအမြင်မှာ ဂုဏ်ရှိတာပဲရှိတယ်၊ ကိုယ့်း မှာကိုယ်သာသိဆိုသလို ပြီးတော့ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ အောင် ဝတ်စားနေထိုင်ရသေးတယ်၊ ကျားကြီးတော့ ခြေရာကြီးတာပေါ့။ ရာတာ သူဖြုန်းတာနဲ့ အဖတ်တင်တယ်ရယ်လို့ မရှိဘူး မေမေစာရေးရင် မေ့သားကို ဆုံးမပါဦး၊ အရက်လျှော့သောက်ဖို့လည်း ပြောပါဦး၊ အရင်တုန်း ထက် ပိုသောက်နေတယ်၊ အလုပ်ပင်ပန်းရတဲ့အထဲ ကြာရင် ကျန်းမာရေးပါ ိုက်မှာ စိုးရတယ်"

အရက်အကြောင်းပါလာ၍ ဒေါ်လှနုမှာ စိတ်မကောင်း ဖြစ်သွားရ ည်။ စာကို စိတ်မသက်မသာဖြင့် ဆက်ဖတ်မိ၏။

"မေမေတို့ဆီ ငွေပို့ချင်လွန်းလို့ သမီးလည်း လစဉ်လစဉ် အနည်းအပါး ဆောင်းထားရတယ်၊ သူ့လစာဆိုတာက လကုန်ရင် သမီးက မြင်ရတာ ဟုတ်ဘူး၊ အိမ်မှာ မပြေမလည်ဖြစ်နေတာ ကြာပြီ၊ အပိုဝင်ငွေလေး ရပါစေ ာ့လို့ အိမ်ကအဖေနဲ့ ညီမတွေကို ဈေးထဲမှာ အထည်ဆိုင်ဖွင့်နိုင်းထား ယ်။ အဲဒါလေးရှိလို့သာ အိမ်စရိတ်လည်း လည်ပတ်နေနိုင်တာ၊ သူတို့ပဲ းကိုးနေရတယ်၊ မေမေ့သားက လက်ထဲမှာ ငွေရှိတာ မရှိတာ မသိဘူး မေတို့ဆီ ငွေပို့လိုက်ဆိုရင် သမီးမှာ ရှာရပြန်ရော၊ တစ်လတစ်လ အိမ် က ဖဲ့ဖဲ့ပြီး စုဆောင်းထားမှ သူပြောတဲ့အချိန်မှာ တစ်လုံးတစ်ခဲတည်း တာ"

ဒေါ်လှနုမှာ စာကို ဖတ်ရင်း အမျိုးအမည်လည်း မဖော်တတ်၊ ရင်ထဲ ဘယ်လိုမှန်းမသိ တစ်မျိုးကြီးဖြစ်၍ လာ၏။ တစိမ့်စိမ့်တွေးရင်း ပို၍ဖင် ဘ၏။ ဒေါ်လှနု ငယ်ငယ်က မည်သူ့ဆီမှာမှ အောက်ကျခံခဲ့သည်မဟုတ်၊ း အားကိုယ်ကိုးဖို့ အမြဲလိုလာသည်။ ရှိတာလေးနှင့်လည်း ရောင့်ရဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူများပစ္စည်းကိုလည်း မမက်၊ မိဘအမွေတောင် မမက်ခဲ့၊ ဆွေမျိုးတွေထဲ လည်း အားလုံးနှင့် ပြေသနာကင်းအောင် နေနိုင်သည်။ အိမ်ထောင်ကျ မိဘနှင့် ခွဲကတည်းက ကိုယ့်ဟာကိုယ် ရပ်တည်နိုင်အောင် ကြိုးစားခဲ့သည်

မိဘဖြစ်လာတော့လည်း သားသမီးတွေဆီက ပို၍ မယူလို၊ ဘာ မမျှော်ကိုး၊ သူတို့လိုအပ်သမျှကို မိမိတို့ကသာ ဖြည့်ဆည်းပေးလိုသည် စိ အလျှင်သည် အဆက်မပြတ် ထာဝရမြစ်အသွင် စီးဆင်းမြဲပင်။

သားကြီး အရက်တွေသောက်သည်ဆို၍ ပူပန်ရသည့်အထဲ သားက အမေကို ပို့ပေးသည့်ငွေကိုပင် သူတို့ရှာစာ သူတို့ထမင်းအိုးထဲက ခွဲပေးရ ဆိုသေးသဖြင့် စိတ်မှာ ခံပြင်းလျက် တအုံနွေးနွေး ဒေါသဖြစ်ပွားရပြန်သ တစ်ခါတလေများဆိုလျှင် ယခုပို့လိုက်တဲ့ငွေဟာ တစ်နှစ်စာ၊ ဒီနှစ်ထဲမှာ နောက်ထပ်ပို့နိုင်မယ့် အခြေအနေမရှိဘူးဟု မပြောရုံတမယ် အဓိပ္ပာယ်သ ရောက်သည့်သဘောမှန်း သိလိုက်ရသည်။

စာဖတ်ပြီးသည်နှင့် ချက်ချင်း 'ဒီငွေတွေ ငါမယူပါဘူးတော် ချက် ပြန်ပို့မယ် မသဒ္ဓါရေစာတော့ မစားဘူး ကျုပ်တို့မှာ ငတ်ပြတ်နေတာလ မဟုတ်ဘူး၊ သေတဲ့အထိ ကျုပ်တို့မှာ ကိုယ့်ဟာနဲ့ကို စားသွားနိုင်တယ် မျက်ရည်လည်ရွဲဖြစ်ရင်း ပြောမိသည်။

တဖြည်းဖြည်း စိတ်ပြေလာမှ သားတွေ မျက်နှာ တရစ်ဝဲဝဲပေါ လျှင် ငွေပြန်ပို့ဖို့ကို အကြောင်းပြချက် ရှာရမဖြစ်ပြန်၏။ သားတွေကို ဘယ်နည်းနဲ့မှ စိတ်မဆင်းရဲစေလို၊ ဦးလွန်းမောင်က ဝင်ပြောသည်။

"ဘာကိစ္စ ပြန်ပို့ရမှာလဲကွာ၊ စိတ်ဆင်းရဲစရာ ဖြစ်နေဦးမယ်၊ မိ တော့ သားက ကျေးဇူးဆပ်ချင်မှာပေါ့။ သူ့ကိုတော့ ဒီအကြောင်းတွေ ထည့်မရေးလိုက်နဲ့ဦး"

"အို ဘာလို့ ကျုပ်က ထည့်ရေးရမှာလဲ။ ပြန်လည်းမပို့ပါဘူး၊ တန်းဖို့ပဲထားမယ်၊ လင်မယားတွေ ကတောက်ကဆဖြစ်ရင် ကျုပ်သ စိတ်ဆင်းရဲရမှာ ကျုပ်က အမေပါတော်၊ သားတွေ စိတ်ဆင်းရဲအောင် ပါ့မလား၊ ခံစရာရှိ ကျုပ်ပဲ ကြိတ်ခံမှာပေါ့"

*





ဒေါ်လှနုတို့ နေသည့်လမ်းသည် နဂိုကတည်းက ခြံကျယ်ကြီးတွေ ိမ်ကြီးတွေသာ ရှိသဖြင့် တိတ်ဆိတ် အေးချမ်းရသည့်အထဲ အဘိုးကြီး ဘွားကြီး နှစ်ဦးတည်းရှိသည့်အိမ်မှာ ပျင်းရိခြောက်သွေ့ဖွယ် ဖြစ်နေလေ့ရှိ သည်။ အသက်ကလည်း ကြီးလာပြီ၊ အရေးရယ် အကြောင်းရယ်ဆိုလျှင် က်တို လက်တောင်းခိုင်း၍ရအောင် တူမတော်သူ သွယ်သွယ့်ကို မကြာခင် ခေါ်ယူမွေးစားထားသည်။

နေ့လယ်နေ့ခင်းတွင် ခြံတံခါးကို လုံခြုံမှုအတွက် ပိတ်ဆို့၍ အိမ်ထဲ သာ လုပ်စရာရှိသည်ကို တကုပ်ကုပ်လုပ်နေကြသည်။ အိမ်နီးအိမ်နား ည်ပတ်၍ စကားစမြည်ပြောဆိုဖို့ကိုလည်း သူ့အချိန်၊ ကိုယ့်အချိန် နှမြော ငယ်စဉ်ကတည်းက အကျင့်မရှိ။

သည်တော့ ပြောစရာရှိလည်း အဘိုးကြီး မာန်စရာရှိလည်း အဘိုးကြီး ယ်ချင်လာလည်း အဘိုးကြီးခေါင်းစဉ်တပ်ရသည်။ ဘယ်သူ့ကိုပဲ ဒေါသဖြစ်ဖြစ် ာက်ဆုံး အဘိုးကြီးအပေါ် ပုံချပြီး ဇွဲချက်တင်ရန်ဖြစ်ကာ တစ်ရက်လောက် ကားမပြောဘဲ နေနိုင်သေးသည်။

ဒေါ်လှနုပါ မျက်နှာသုန်သုန်မှုန်မှုန်ဖြစ်လာလျှင် စကားပြောမည့်သူ ဖြစ်ကာ တိတ်ဆိတ်အထီးကျန်၍နေတော့သည်။ သားတွေကို သတိရစရာ ကြောင်းပေါ်လာလျှင် ထိုသို့ဖြစ်တတ်သည်။ ထိုအခါမျိုးတွင် အဘိုးကြီးက ခဏ ရှောင်းဟန့်မည်။ ဒေါ်လှနုက လှုပ်လှုပ်ရှားရှားပြုကာ အနီးရှိ ကြက် ူးတံမြက်စည်းဖြင့် ဟိုသည်တို့ပြီး စက်ခုံမှာ ထိုင်ချင်ထိုင်မည်။ ဒါမှမဟုတ် ရာ ပြတင်းပေါက်ကို ဆောင့်ပိတ်ပြီး ထချင် ထသွားမည်။ ဦးလွန်းမောင် ည် ကြောင့်ကြမှု မကင်းဟန်ဖြင့် အလုပ်လုပ်စရာ တစ်ခုခုကို ရှာကြံကာ ါ်လှနုအနီး မယောင်မလည်ရောက်လာတတ်သည်။

ဒေါ်လှနု တံခါးကို ဆောင့်ပိတ်လိုက်တိုင်း နံရံပေါ်တွင် အနည်းငယ် န်ခါသွားတတ်သည့် သားတို့ဆွဲခဲ့သော ကလေးလက်ရာ ပန်းချီကားတွေ သည်။ ပြီးတော့ ဖခင်ကြီး စနစ်တကျ ဘောင်သွင်း၍ ချိတ်ဆွဲထားသော တို့အသက်အရွယ် အမျိုးမျိုးက ရိုက်ကူးခဲ့သည့် ဓာတ်ပုံတွေ ရှိသည်။ နံရံ ာက်ခြေကြမ်းပြင်ပေါ်တွင် သူတို့ငယ်စဉ်က ကစားခဲ့သော ကစားစရာ ည်းများ ထည့်ထားသည့် ထင်းရှူးသေတ္တာသည် စနစ်တကျ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ရှေ့ခန်းတွင် အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်သည် စကား ပြောလျက် လည်းကောင်း၊ ဒေါ်လှနုမှာ သိုးမွေးထိုးလျက် ဦးလွန်းမောင်သ လည်း မျက်မှန်ထူကြီးနှင့် တရားစာအုပ်ကို ကြည့်လျက် လည်းကောင်း ရှိ တတ်သည်။

ရေထမ်းသမားတစ်ယောက်သာ သူတို့အိမ်သို့ အဝင်အထွက်ရှိသည် ရေထမ်းသမားမလာသည့် ရက်များတွင် ရေကုန်ပြီဆိုလျှင် အသက် ကျော် ၇၀ နီးပြီဖြစ်သည့် ဦးလွန်းမောင်က ရေထမ်းပိုးကို ယူတာ မြင်လျှ အဘွားကြီးက စိုးရိမ်စိတ်ဖြင့် သတိပေးရသည်။

"အဘိုးကြီးနော်၊ အဘိုးကြီး ခါးနာနေမယ်၊ ကိုယ့်ကိုယ်ကိုယ် နှစ်သားများ မှတ်တုန်းလား"

ထိုသို့ သတိပေးခဲ့သော်လည်း သူကိုယ်တိုင်က ခေါင်းခုနှင့် ရေအိုး ယူကာ နောက်မှ မိအောင် ပြေးလိုက်ရသည်။ သွယ်သွယ် ရောက်လာမှ အဘိုး ကြီး၊ အဘွားကြီး အနည်းအပါး သက်သာသည်။ သွယ်သွယ့်ကို ခေါ်ထား ဆိုသောအခါ သားတွေက 'ကောင်းပါတယ်၊ မေမေတို့မှာ အဖော်ရတာပေါ့' ဆိုသော်လည်း ချွေးမက သိပ်လိုလားပုံမရ။

ချွေးမအငယ် ဖြူဖြူက ဆိုလျှင်'လူတစ်ယောက်စရိတ်ဆိုတာ ဒီခေတ် လွယ်တာမဟုတ်ဘူး'ဟု စာရေးကာ ယောကျ်ားဖြစ်သူက အခါတိုင်းထ ပို့၍ ထောက်ပံ့မည်ကို ခပ်ပြောင်ပြောင်ပင် ပွပန်နေ၏။

သူတို့နယ်သို့ မပြောင်းရမီ ရေးလိုက်သောစာထဲတွင်–

သားငယ်အလုပ်က ခဏခဏ အပြောင်းအရွှေ့များ၍ စရိတ်အ ကုန်ကျသည့်အကြောင်း' စုံနေအောင်ရေးလာသည်။ နောက်ဆုံးတော့ 'မေ သားကို မေမေ ကြည့်ပြောပါဦး'ဟု အဆုံးသတ်ရင်* ဒေါ်လှနုအပေါ် သည်။

စီးပွားရေးအရှုံးအပေါ်မှ သားအသုံးမကျတာကို မိခင်အား တိုင်တ သိတော့သည်။ တစ်ချိန်လုံး အမြတ်ထွက်နေတုန်းက မိခင်ကြီး ဝမ်းသာ ရန် ပြောဖို့ မေ့နေကြသည်။ အသိလည်း မပေးခဲ့ကြ။

သူ့စာထဲတွင် နယ်ပြောင်းရ၍ စရိတ်စကကုန်ကျရသည့်အကြော သာပါသည်။ ရာထူးတိုးမြှင့်၍ ပြောင်းရွှေ့ရသည်ကို သူများပြောမှ သိရ





တ်ဆင်းရဲစရာကို အလုံးအရင်းနှင့် ပြောပြဖို့ ရက်ရောသလောက် စိတ်ချမ်း သာစရာဆိုလျှင် ဦးဦးဖျားဖျားပြောဖို့ တွန့်တိုသည်။

"ဒီတစ်ခေါက် ငွေပို့တာ အရင်ထက် နည်းသွားတာ အဲဒါကြောင့်ပါ။ ါပေမဲ့ မေမေရယ် သမီးတို့မှာသာ အဆင်မပြေတာ၊ ကိုကြီးတို့ မသူတို့က သိပ်အဆင်ပြေတာ၊ ကိုကြီးက အရာကောင်းသလို မသူကလည်း ထိန်းသိမ်း တတ်တယ်။ ဆိုင်ခန်းတွေ ဆွဲပြီး စတိုးဆိုင်တွေ ဖွင့်ထားတာ အများကြီးပဲ။ သူတို့မှာ တိုက်လည်းတစ်လုံး ထပ်ဝယ်ထားတယ် ပြောတယ်၊ သူတို့ကတော့ ငွေမှန်မှန်ပို့နိုင်မယ် ထင်ပါတယ်၊ သမီး ဒီတစ်ခေါက် ကြန့်ကြာသွားပေမဲ့ မေမေတို့ အဆင်ပြေမယ် ထင်ပါတယ်"

ချွေးမတွေက တစ်ယောက်ကို တစ်ယောက် မျက်စိဒေါက်ထောက်ကြည့် နေတတ်ကြသည်။ ပြည့်စုံလာလေလေ၊ အသေးအဖွဲ့ကအစ သူများထက် နစ်နာ မှာကို စိုးရွံ့လာလေလေပင်၊ သားတွေကတော့ မသိရှာဘူး၊ သူတို့အလုပ် မှန် မှန်လုပ်ပြီး ဇနီးမယားတွေကို မေမေတို့ဆီ ငွေမှန်မှန်ပို့ဟု တစ်ခွန်းပြောထား လျှင် သူတို့မှာ ဝတ္တရားကျေပွန်သည်ဟု ယုံကြည်သည်။

သားယောကျ်ားတွေများနော် ကြာလာတော့ ဒေါ်လှနု ဘာမျှ မတွေးချင်၊ ဟာတွေဟာ အလိမ္မာရှိလွန်းတယ်ဟု စိတ်များပင် ညစ်၍လာရ၏။ သူတို့ က စာလာတိုင်း "ကဲ ဆရာကြီး၊ ရှင် အရင်ဖတ်"ဟု ဦးလွန်းမောင်အား ရင်ထိုးပေးသည်။

တလောက သားငယ်ခွင့်ရ၍ သူ့မိသားစုနှင့်အတူ မိဘအိမ်သို့ း‌လေးရက် ရောက်လာသည်။ သူအိမ်မရောက်တာလည်း ကြာခဲ့ပြီ။ ဒေါ်လှနု မျက်ရည်လွယ်သည်။ သားကို မြင်သည်နှင့် ဝမ်းသာလွန်း၍ မျက်ရည်လည် နှင့် စကားပင် မဆိုနိုင်၊ အသက်အရွယ်အရ ပြောင်းလဲရင့်ကျက်နေတဲ့သား ကို ကြည့်ပြီး နှစ်တွေ နောက်ပြန်ဆုတ်ကြည့်သည်။ အိမ်မှ ထွက်သွားကြ ုန်းက ငယ်ရွယ်နုပျိုတဲ့ လူငယ်လေးတွေ၊ မျက်စိထဲမှာ ကလေးသာသာ က်နှာလေးတွေနှင့် ဦးထုပ်ကလေးဆောင်း၊ ကျောပိုးအိတ်ကလေးတွေ လွယ် ၊ အမေကို ရွှင်ရွှင်မြူးမြူးနှုတ်ဆက်ပြီး အိမ်ခြံပေါက်မှ ဖျတ်လတ်တက် ွာ ထွက်သွားကြပုံများကို မြင်ယောင်နေသည်။ မနေ့တစ်နေ့ကလိုသင် ။



www.burmeseclassic.com

www.burmeseclassic.com



မြေးငယ်က အဘွားဖြစ်သူ မျက်ရည်ကျသည်ကို အထူးအဆန်းသဖွ
ငေးကြည့်နေသည်။ သည်ရက်အတွင်း သားနှင့် မြေးကို ဘယ်လိုမှ အလွ
မပြေနိုင်၊ သည့်ထက်လည်း တိုးမနေနိုင်ကြ၊ သုံးလေးရက်ဆို အိမ်မှ ထွ
သွားကြဦးမည်။ ညှိသည်တွေမှ တကယ့်ညှိသည်တွေပါပဲ။ တစ်ခါတ
တော့လဲ ဘာမှမတော်၊ သူစိမ်းတွေ၊ သူစိမ်းတွေဟုသာ စိတ်မှာ ထားချင်သည
သို့သော် အဘယ်မှာ ရမည်နည်း။

ထိုရက်များတွင် ဖြူဖြူ၏ လှပလိမ္မာသော စကားများကို ရင်မှာ မချို
သော်လည်း နားဝင်ချိုရသေးသည်။ သူပြောတာက အများသား၊ နားထေ
ကောင်းအောင် မိန်းမပီပီ ဆိုလေသည်။

မိန်းမများ စကားပြောလျှင် ဘာကိုပဲ စကားအဖြစ် လုပ်ပြောသ
တိုင် စကားဖြစ်သည်ချည်းပင်၊ ဒီကလေးမကို ငယ်ငယ်ကတည်းက စက
များလွန်း၍ တယ်သဘောမကျချင်၊ ရုပ်ကလေးကလည်းချော၊ အပြောလေး
လည်း ကောင်းသဖြင့် မျက်နှာထားလေး ရွှင်ရွှင်နှင့် ပြောလိုက်လျှင်မှ
မဟုတ်တာပြောမှန်း သိလျက်ပင် ဟုတ်သယောင်ယောင်။

*

သူတို့ပြန်သွားသောအခါ မိဘများကို အလည်ခေါ်သည်။ ဘုရာ
လိုက်ပို့မည်၊ ဟိုမှာ ပျော်သလောက်နေဟု ခေါ်သည်။ ဒေါ်လှနုက မလို
လို၊ ကိုယ့်အိမ်က မခွာနိုင်သလို၊ သူများအိမ်မှာလည်း မနေတတ်၊ ထို့ကြေ
အဖေကြီး လိုက်သွားလေဟု ဦးလွန်းမောင်ကို အတင်းထည့်လိုက်၏။ ဦးလွ
မောင်မှာ သားအငယ်ထံတွင် တစ်လလောက်ကြာသည်။ ၁၀ ရက်လော
ကတည်းက ဒေါ်လှနုမှာ အိမ်မှ ထိုင်ကာ မျှော်နေသည်။

မိမိတစ်ယောက်တည်း စကားပြောဖော်မရှိ၊ မြည်တွန်တောက်တီ
မည့်သူ မရှိ၍ ဒီအဘိုးကြီးဟာလေ သူများအိမ်မှာ တစ်လကိုးသီတင်းနေရတ
လို့ဟု ဒေါသပို၏။ တစ်ယောက်တည်း အထီးကျန်မှန်းမသိကျန်သည် ထ
လာသည်။ ရန်ဖြစ်ရမည့်သူမရှိ၊ တစ်နေ့တစ်နေ့ ယောင်ချာချာဖြစ်ကာ
တွေ ရက်တွေ ကုန်ခဲလှတော့၏။

အိမ်မှာ ယောကျ်ားသားမရှိ၍ နေမှောင်လျှင် တံခါးလုံအောင်ပိ





ည့်ကြားက သူခိုး၊ လူဆိုးများ၏ ရန်ကို ကြောက်ရသဖြင့် ချွတ်ဆို အိပ်
ပျော်၊ အိပ်ရာမှ လန့်နိုးဖြစ်ရသေးသည်။ အဘိုးကြီးရှိလျှင် ဘာမှ မစွမ်းဆောင်
၊ ဘာမှလုပ်မပေးနိုင်သည်ထား၊ ရောဂါဖြစ်၍ အိပ်ရာထဲလဲနေစေဦးတော့၊
ားရှိပါသေးသည်။

သူ မရှိမှ ခြေဆုပ်လက်နယ် ပြုစုချင်လာသည်။ ကရုဏာဒေါသော
ပြောချင်ဆိုချင်လာသည်။ မိမိဘဝမှာ ဒီအဖော်သာ မရှိလျှင်တော့ဟု
ွးကာ အဘိုးကြီးတစ်ခုခုဖြစ်မှာ စိုးရိမ်လာသည်။

မိမိတို့ဇနီးမောင်နှံမှာ ယခင်ကတည်းက အမြဲတကျက်ကျက်၊ ဝေးပြန်
ော့လည်း တသက်သက်ဖြစ်နေတတ်သည်။ တစ်ခါတလေ ဝတ္တရားမပျက်
ုပ်စရာရှိတာ လုပ်ပေးပြီး တစ်ပတ် ဆယ်ရက် စကားမပြောဘဲ နေချင်နေ
ာ်သည်။ သို့သော် ဦးလွန်း မောင်မှာ ဇနီးဖြစ်သူကို စိတ်ခုသည်ဟူက မရှိ၊
လိုက်တသိ ခပ်အေးအေး ပဲနေသည်။ တစ်ခါတလေ သူအလိုက်သိသည်မှာ
ရှိန်လွန်လွန်းသည်။ မိမိက စကားပြောချင်လှသည့်တိုင် သူ့ဘက်က တည်
ုန်း၊ အေးတုန်း၊ စိတ်ကောက်သူက အလိုလို စိတ်ပြေရပြီး သူကပဲ ခပ်
ည်တည်ဖြစ်နေ၍ မသိမသာ ချော့သလိုနှင့် လေသံပျော့တော့မှ ကိုယ်တော်
းက စကားဟဟ ပြောဖော်ရ၏။

ဦးလွန်းမောင် ပြန်လာသောအခါ–

“ဘယ်လိုလဲ၊ တော်တော် ပျော်ခဲ့ရဲ့လား၊ ကျုပ်က ပြန်တောင် မလာ
ော့ဘူးလား အောက်မေ့တာ”

ဟု နှုတ်ဆက်သည်။

အဘိုးကြီးကတော့ မိန်းမမျက်နှာကြည့်ပြီး ပြုံးပြုံးကြီးဖြစ်နေသည်။
ေါ်လှနုက သူ့ကို တမျှော်တည်း မျှော်နေရသည့်အထဲ ရောက်လာပြန်တော့
ကို ခနိုးခနဲ့ ပြုံးရမလားဟု လင်သည်ပြန်ရောက်လာလျှင် ဝမ်းသာသည့်
ားကပင် မျက်နှာကို မှုန်ထားလိုက်သေးသည်။

ဦးလွန်းမောင်က သားတွေ၊ ချွေးမတွေ ကန်တော့လိုက်သော ပစ္စည်း
ကို တစ်ခုပြီးတစ်ခု ထုတ်၍ ဝမ်းသာအားရ ပြသောအခါ ရန်လုပ်၍
ာင်းတော့သည်။

“တကတည်း ကျေနပ်နေလိုက်တာ၊ တော့်ချွေးမတွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့အတိုင်း၊ နှမ်းစေ့လောက် ပေးကမ်းတာကို ထောင်လုံးလောက် ဖြစ်အောင် ပြောတတ်တာ၊ ကွယ်ရာမှာ နာမည်ယူပြီး ကျုပ်တို့ကို ကျွေးထားရတဲ့အကြောင်း ဘယ်လောက်ပြောကောင်းမယ် မသိဘူး၊ သူက ပိုထောက်ပံ့ရတယ်၊ ငါ ပိုထောက်ပံ့ရတယ်၊ အချင်းချင်း ပြောကြဦးမှာ၊ ကျုပ်ကတော့ ကိုယ့်ထမင်း ကိုယ်စားပြီး အပြောမခံနိုင်ပါဘူး၊ သူတို့ဆီကဆိုရင် လက်ဖျားနဲ့တောင် မတို့ချင်ဘူး၊ မျိုလို့မကျဘူး၊ ကိုယ့်သားတွေ မျက်နှာထောက်လို့သာ"

ပြောရင်း ပြောရင်း နောက်ဆုံးတော့ ဒေါသတဖျန်းဖျန်း၊ လင်ကို လည်း လွမ်းလွမ်းရှိသည်နှင့် မျက်ရည်က အလိုလိုစမ်းရသည်။

"ကြာလိုက်တာရှင်၊ ဒီလောက်ကြာအောင် ရှင်မို့လို့ သူများအိမ်မှာ နေတတ်တယ်"

"မင်းသားက ဖေဖေ မပြန်နဲ့ဦးလို့ ဆွဲထားလို့ပါကွာ၊ ငါလည်း ရွာ ထွက်လာလို့ ဘယ်ကောင်းမလဲ၊ ကိုယ့်သားအိမ်ပဲကွာဆိုပြီး နေရတာပေါ့"

"သားအိမ်ဆိုပေမယ့် သားက တစ်နေကုန် တစ်နေခမ်းသွားနေမှာ အိမ်မှာ တခြားဘယ်သူတွေ ရှိသေးလဲ၊ ရှင့်ကိုရော ကြည်ကြည်ဖြူဖြူ ရှိ ရဲ့လား၊ စိတ်ချမ်းသာအောင်ထားကြရဲ့လား"

"ကျုပ်ချွေးမက သိတတ်ပါတယ်၊ လိုလေသေးမရှိအောင် ထား တယ်"

"မိဖြူအကြောင်း ကျွန်မ သိလို့ မေးရတာ၊ သူ့မှာ သူ့အမေအကျင့် နည်းနည်းရှိတယ်၊ လိုရင်တစ်မျိုး မလိုရင် တစ်မျိုး၊ စိတ်က သိပ်မှုမှန်တာ မဟုတ်ဘူး"

"မိဖြူအမေလည်း ငါရောက်ပြီး မကြာခင်ပဲ ရောက်လာတယ်"

"ဟင် မဆင့်က ရောက်နေတယ်၊ ပြောစမ်းပါဦး၊ ဘာကိစ္စ သူ လာရတာလဲ၊ အိမ်အခြေအနေတွေလည်း နည်းနည်းပါးပါးပြောပါဦး"

ဒေါ်လှနုက ခုံကို ဆွဲထုတ်ကာ အကျအန ထိုင်တော့သည်။ မတ်တတ် ရပ်နေသော ဦးလွန်းမောင်ကိုလည်း ဗိုက်ကို မသိမသာ ဆိတ်ဆွဲရင်း ထိုင် ခိုင်းသည်။ ဦးလွန်းမောင် ပြုံးတုံ့တုံ့ လုပ်နေ၏။

"ဘာပြောရမလဲကွာ၊ ငါက သူတို့အတွင်းရေး ဘာသိမှာလဲ၊ ငါ့ဟာ ငါ တစ်ယောက်တည်း အိမ်ရှေ့ခန်းမှာ အနေများတာ"





"အို ရှင်သိသလောက်ပြောပေါ့၊ ရှင်မြင်ရကြားရတာပြောပေါ့၊ ဟိုမိန်းမ က အိမ်မှာ မင်းမူနေတယ် မဟုတ်လား၊ ရှင်လာတာရော ကြိုက်တဲ့ပုံပြရဲ့ လား၊ ရှင့်ကို ပညာတွေ ပြလိုက်ပြီထင်တယ် ဟင်"

ဦးလွန်းမောင် အင်တင်တင် ဖြစ်နေသည်။

"သိတယ်၊ သိတယ်၊ မိလှနုတို့က သိပြီးသား၊ ဒီမိန်းမအချိုးကို သူ့ သမီးနဲ့သားနဲ့ ကြိုက်တုန်းကတော့ သားကို လက်လွှတ်သွားမှာစိုးလို့ အမေရော သမီးပါ ဖားရတဲ့ အဖားတစ်ဖားပဲ ရှိတယ်၊ ကျုပ်ကို မြင်ရင် နှုတ်ဆက်ရတာ ပျာယာခတ်နေတာပဲ၊ သားနဲ့ သမီးနဲ့လည်း ညားရော အချိုးကို ပြောင်းသွား ရော၊ အရင်တစ်ခါတွေ့ကတည်းက ကျုပ်စိတ်မှာ ခုနေတာ၊ ရှင့်ကို ဆက်ဆံ လိုက်မယ့် မျက်နှာထား၊ ကျုပ်လိုက်ပဲ ကြည့်ချင်တော့တယ်၊ တကယ်တဲ တော် သူတို့ကများ"

ဦးလွန်းမောင် မျက်နှာ ပျက်စပြုလာသည်။

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ၊ မကင်းရာမကင်းကြောင်း ဆက်ဆံရမယ့် လူတွေပဲ"

"ရှင်မပြောလဲ သူတို့အကြောင်း သိပါတယ်၊ သားက ဒါဆိုဒါမှ ဖြစ် နေလို့ ပေးစားလိုက်ရတာ၊ သူတို့ စိတ်ဓာတ်မကြိုက်လို့ ကျွန်မက သိပ်ဆက်ဆံ ချင်တာ မဟုတ်ဘူး၊ ဒြော် ဒါနဲ့ သားကိုတော့ ဘယ်လိုလဲ၊ ဖူးဖူးမှုတ်ထား ဘယ် မဟုတ်လား၊ ရွှေသမက် ငွေသမက်ကိုး"

"အေးကွ၊ တစ်နေကုန် မျက်နှာကြီး သုန်မှုန်ထားပေမဲ့ မင်းသားလာ ရင်တော့ ကြည်ရွှင်နေတာပဲ၊ သား သားနဲ့ နှုတ်ဖျားကတောင် မချဘူး၊ ပြုစု လိုက်တာ၊ ဝေယျာဝစ္စတွေ လုပ်ပေးလိုက်တာ မိဖြူတောင် လုပ်ပေးစရာမလိုဘူး"

"အမလေးတော်"

ဒေါ်လှနု ရင်ထဲမှာ အလုံးကြီး ဆောင့်တက်လာသည်။ မိမိမှာတော့ သားမျက်နှာကိုပင် ဝအောင်မကြည့်လိုက်ရ၊ ယခုအချိန်ထိ ပြုစုယုယကာ ရင်ခွင်ပိုက်လို့ရရင် ပိုက်ထားချင်သေးသည့် အမေက မဆီမဆိုင်တဲ့ သူတစ်ပါး ရဲ့ မေတ္တာထုကို သည်းမခံနိုင်ချေ။ စိတ်ထဲမှာ ဝမ်းနည်းသလိုလို၊ လှိုက်တက် လာသည်။

"တော်ပါတော့ကွာ၊ သူများအကြောင်းပြောလို့ ဘာရမှာလဲ၊ ကိုယ်သာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲပိုမှာပေါ့"

ဦးလွန်းမောင်က စိတ်ပြေပျောက်စေရန် လေပြည်နှင့် နှစ်သိမ့်သည်။

"သူက သားတို့အိမ်မှာ ကြာဦးမှာလား"

ဦးလွန်းမောင်သည် အတန်ကြာ တိတ်ဆိတ်နေသည်။ ပြောသင့်မပြော သင့် ချိန်ဆနေသေးသည်။ မပြောလျှင်လည်း ပြီးမည်မဟုတ်၊ ခုမသိလည်း နောက်သိရမည်တူတူ မထူးတော့။

"သူတို့ အဲဒီမှာ နေကြတော့မလို့တဲ့"

"အလိုတော် ဘုရားဘုရား၊ ကိုယ့်မှာ အိမ်မရှိတာလည်း မဟုတ် ဘာကိစ္စ ရောရောနှောနှောနေချင်ရတာတဲ့လဲ၊ ရှုပ်ရှုပ်ယှက်ယှက်၊ အဝေးက ထောက်ပံ့ရင်လည်း ရတဲ့ဟာကို"

"သူတို့အိမ်ကိုတောင် ရောင်းလိုက်ပြီဆိုပဲ၊ အိမ်ကိစ္စတွေပြီးရင် ကိုဘ သော်လည်း လိုက်လာတော့မယ်တဲ့"

ဒေါ်လှနု မျက်နှာချက်ချင်းညိုသွားသည်။

"အို ကျုပ်တော့ မကြိုက်နိုင်ပါဘူးတော်၊ ကျန်းကျန်းမာမာကြီးတွေ အခြားသားသမီးတွေလဲရှိတာ၊ ကျုပ်တို့မှာ သားသမီး ချွေးနဲ့စာနဲ့ ပို့တာလေး တောင် မစားရက်၊ မသောက်ရက်၊ သူတို့ကတော့ တစ်ဆွေလုံး တစ်မျိုးလုံး"

ဒေါ်လှနု ရင်မောသွားသည်။ စကားပင် ဆုံးအောင် မပြောနိုင်တော့ ရင်ထဲမှာ ဘယ်လိုမှမကောင်း။ ကိုယ်က ဘာမှလည်း မတတ်နိုင်၊ အဝေးထ သာ စိတ်ဆင်းရဲနေရုံသာ ရှိသည်။

ညတွင် ထုံးစံအတိုင်း အိပ်စက်မပျော်တော့ မျက်စိအကြောင် သားနှင့် တလူးလူးတလိမ့်လိမ့်ဖြစ်ကာ အိပ်မပျော်နိုင်ပေ၊ အတွေးတွေ ယောက်ယ ခတ်ကာ စိတ်ပူစရာများသာ အတွေးထဲ တရစ်ပြီးတရစ် တိုးဝှေ့ကြီးစိုးနေ သည်။

ခင်ပွန်းသည် ပြန်ရောက်၍ သားအငယ်အကြောင်း စိတ်ပူ၍ မဆုံးသေး၊ သားကြီးအကြောင်း တွေးစရာက ပေါ်လာပြန်လေသည်။ ဘေးန မှ တရှူးရှူးအိပ်မောကျနေသော ဦးလွန်းမောင်ကို ကြည့်ပြီး မနာလိုဖြစ်က နည်းနည်းလေးမှ အပူအပင်မရှိဘူးဟု မျက်စောင်းထိုးမိရသည်။

*





မိုးသာစင်စင်လင်းသွားသည်။ ဒေါ်လှနုမှာ တစ်ရေးမျှ မမှေးလိုက်ရဘဲ မျက်လုံးကြောင်တောင်နှင့် မူးဝေလျက် ထလာရသည်။ သွယ်သွယ်ကမူ သူ့ကြီးမေကို ကရုဏာသက်နေမိသည်။

ထမင်းဝိုင်းတွင် ထိုင်မိသောအခါ ဒေါ်လှနုက မနေ့က ကြားသိရသည့် သားကြီးအကြောင်းနှင့် အစချီကာ စကားစသည်။ ဦးလွန်းမောင်က တစ်ခွန်း မျှ ဝင်ပြောဖော်မရ။ ထမင်းကိုသာ ငုံ့စားနေသည်။ သူပြောသမျှကို ကြားသည့် အရိပ်အယောင်ပင်မပြ။

သူမို့ မပူမပင် နေရက်တယ်၊ မိမိပြောသည်ကို ဂရုမစိုက်ဘဲ နေသည့် ဦးလွန်းမောင်အား စိမ်းစိမ်းကားကား ကြည့်ကာ –

"သားကြီး အိမ်ပြန်မရောက်တာ ၁၀ နှစ်ကျော်ပြီ၊ ရှင်သိရဲ့လား၊ ရှင် ဘယ်နှစ်ကြိမ်များ ရေတွက်ကြည့်ဖူးလဲ"

"ဟ ငါ တွက်ကြည့်လို့ သူပြန်လာနိုင်မယ်ဆိုရင် တွက်တာပေါ့ကွာ"

ဟု တစ်ခွန်းသာ ဆိုလိုက်သည်။ ထမင်းပွဲသိမ်းပြီးသည်ထိ မျက်နှာ ကြီးမည်းကာ စကားတစ်ခွန်းမျှ မပြောတော့၊ သွယ်သွယ်မှာ သူ့ကြီးမေဖြစ် သူကို ကြည့်၍ ပေါ်ပေါ်တင်တင်လည်း မပြုံးရဲ။ မသိမသာလေးပြုံးကာ ထမင်းကြိတ်ဝါးနေရ၏။ ဒီတစ်ခါတော့ ဘဘကို တော်တော်နှင့် စကားစတင် ပြောမည့်ပုံပေါ်မှာ မဟုတ်ဘူးဟု တွေးမိသေးသည်။

သို့သော် နေ့လယ်တွင် အိမ်ရှေ့ခြံဝင်းထဲရှိ ခရေပင်ကြီးအောက်၌ အေးအေးဆေးဆေး ထိုင်မိကြချိန်တွင် ဒေါ်လှနုမှာ ဦးလွန်းမောင်အား စကား ပြောနေချေပြီ။ သူ့မှာ သားတွေအကြောင်းသာ ပြောဖို့ရှိသည်။ ဦးလွန်းမောင် ၏ တည်ငြိမ်အေးဆေးသည့် မျက်နှာထားကြောင့်လည်းကောင်း၊ မနက်က အရှိန်ကြောင့်လည်းကောင်း စိတ်မချမ်းသာစရာကို မစဖြစ်သေး။

မျက်နှာထားရွှင်ရွှင်နှင့် ငယ်စဉ်က ရယ်မောစရာ အဖြစ်အပျက်ကလေး များကို အမှတ်ရသမျှ ရှာရှာဖွေဖွေ ပြောနေလေသည်။ သေးငယ်သော ပုံရိပ် ကလေးနှစ်ခုသည် သူ့အာရုံမှာ စွဲမြဲထင်ဟပ်နေ၏။

ရွက်ဟောင်းများသည် မြေပေါ်ဝယ် ရုပ်တိုက်ပြေးလွှားလျက် ရှိနေ ကြ၏။ လေ၏ သယ်ဆောင်ရာ အဝေးသို့ လွင့်ပါးသွားကြသည်။ လတ်ဆတ် မွှေးပျံ့သော ခရေပွင့်သစ်လေးများသည် ဝဲကာဝဲကာ ကြွေကျသက်ဆင်းလျက်



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်ရှိ ခရေပန်းခြောက်များနှင့် ရောနှောသွားခဲ့ကြသည်။ မကြာမီပင် ရေ
ရောင်ကြောင့် နွမ်းဖတ်လာသည်ကို မျက်စိအောက်မှာ မြင်နေရသည်။

အဖြစ်အပျက်တို့သည်လည်းကောင်း၊ တစ်ချိန်က ပုံရိပ်တို့သည် လည်း
ကောင်း၊ လွန်မြောက်ပြီးကြပြီ ဖြစ်သော်လည်း စိတ်ထဲတွင် လွန်မြောက်နိုင်
ခြင်းမရှိ၊ ဒေါ်လှနုအတွေးသည် ဝဲကာဝဲကာ လွင့်ပါးလျက် ရယ်မောလျှောင်
ပြောင်သံ၊ ဆော့ကစားသံတို့နှင့်အတူ အရိပ်ကလေးနှစ်ခုသည် မိမိနံပါးမှာ ရှိ
နေသည်ကို စိတ်နဲ့ အလိုလိုသိနေခဲ့သည်။

ဆေးတံကြီးခဲလျက် အနားတွင်ရှိနေသော ဦးလွန်းမောင်ကိုလည်း
အမှတ်မထားဘဲနေ၍ မရ။ ထို့ကြောင့် ထင်ယောင်မြင်ယောင်ပုံပေါ်လာသော
ပုံရိပ်ကလေးများကို သူ့မျက်စိတွင် ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာ ရှုမ်
လုံးကြွစေရန် သူသည် မပြောမဖြစ် ဦးလွန်းမောင်အား စကားစပြောရလေ
သည်။

မှုခင်းရှာဟောင့်စွဲနေ



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကူးအိမ်

ယခင်ကတော့ 'မောင်ရေ ကိုယ်ပိုင်ခြံဝင်းလေးနဲ့ အိမ်ကလေးနဲ့ နေရရင်တော်ပါပြီ၊ ရန်ကုန်နဲ့ ဘယ်လောက်ဝေးဝေးပေါ့။ ခြံကတော့ ကျယ်လေကောင်းလေပဲ၊ အိမ်ကလဲ ဝါးအိမ်လေးနဲ့ နေရလည်း လုံလုံခြုံခြုံရှိရင် ချောတော့ နေနိုင်တယ်၊ ခြံကတော့ မကျယ်လို့ မဖြစ်ဘူးနော်၊ ဒါမှ အသက်ရှူချောင်မှာ၊ ရန်ကုန်မြို့မှာတော့ မနေချင်ပါဘူးကွယ်'ဟု ခဏခဏ ပြောဆိုခဲ့သည်။

ကာလကြာရှည်ခဲ့ပြီဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းမရှိ၊ သို့သော် မျှော်လင့်ချက်လက်တစ်ကမ်းမှာ ရှိသည်ကို အမှန်မြင်နေရသလို ခင်ခင်ချောသည် သေချာသောလေသံဖြင့် မောင်နှင့် လက်မထပ်ရသေးသည့်ကာလအထိ ခွဲကောင်းကောင်းနှင့် ပြောလာခဲ့သည်။ စိတ်ကူးထဲမှာတော့ သူတို့နေမည့် အိမ်ကလေးသည် အပီအပြင် ရှိနေ၏။

ခင်ခင်ချောက တောသူလေမဲ့ တောမှာလို ခြံမြေတွေ ပေါတိုင်းဝေစလက်ခတ်ထားတာ မကြိုက်နိုင်။ ဘယ်နေရာရောက်ရောက် အိမ်လှလှ၊ ခြံလှလှလေးများကို တွေ့လျှင် လည်ပြန်အောင် လှည့်ကြည့်မြဲ။ နေဦး ငါမှာ ကိုယ်ပိုင်အိမ်ရမှ စိတ်တိုင်းကျကို ပြင်ပစ်မယ်ဟု စိတ်ထဲမှာ တေးထားသည်။

လမ်းဘေးဈေးဆိုင်တန်းများအား လှမ်းကြည့်စဉ် ချစ်စရာကောင်းသော ပန်းခြံအလယ်က အိမ်ပုံကလေးတွေ၊ ရှုခင်းပုံပိုစတာလှလှတွေမြင်လျှင်ခေးမောဘဲ မနေနိုင်၊ သိပ်ကြိုက်လွန်းတာလေးတွေများဆိုလျှင် မျက်စိထဲ



www.burmeseclassic.com

www.burmeseclassic.com



က မထွက်တော့။ စိတ်ထဲတွင် နဂိုရှိပြီးသား အရောင်များကို အရောင်သစ် အသွေးသစ်များ ဆေါင်းစပ်ပြီး မျက်လုံးလေးမှေးကာ အာရုံစိုက်ကြည့်လိုက်မှ လျှင် မိမိအိမ်ကလေးမှာ သဘောမတွေ့ချင်စရာမရှိ။ ထိုအခါ မကျေနပ်စရာမရှိ သောကြောင့် ပြုံးပင် ပြုံးမိရ၏။

အိမ်ဆောက်မယ်ဆိုတော့ အစဦးဆုံးနေရာကို စဉ်းစားရသည်။

မောင်နှင့်တွေ့လျှင် မဆိုင်းမတွပင် 'ဘယ်နေရာကောင်းမလဲမောင်' ဟု နေရာအရင်ရွေးဖြစ်သည်။

"မင်္ဂလာဒုံလောက်ဆိုရင်"

ခင်ခင်ချောကပဲ အရင်အကြံပြုရသည်။

မောင်က ရယ်သည်။

"ချောမှာ ဘယ်လောက်ချမ်းသာလို့လဲကွ"

စိတ်ကူးကိုလာဖျက်သည်။ လက်ရှိကို သတိပေးရမလားဟု မောင့် စကားကို စိတ်တိုမိသည်။

"ရန်ကုန်နဲ့ တစ်နေ့တည်းသွားလို့ ပြန်လို့ရမယ်နေရာ၊ အိမ်ခြံရော လည်း ရန်ကုန်လောက် ဈေးမကြီးတဲ့ အေးအေးချမ်းချမ်းရှိမယ့် မနီးမဝေး နေရာကို စဉ်းစားပေါ့၊ ဟိုဘက်ရောက်ရင် ထောက်ကြန့်၊ လှည်းကူး"

"အို ... ချောကတော့ မှော်ဘီဘက် ပိုကြိုက်တယ်'ဟု သွက်သွက် လက်လက်ကြီး ဝင်ပြောလိုက်သည်။ နေရာကောင်းကို စဉ်းစားမိသည့်တူ မောင့်ကို ဘယ့်နှယ်လဲဟု ကြည့်ကာ ပြုံးသည်။ အကြိုက်ချင်းတူသဖြင့် ဘာမှ အငြင်းပွားစရာမရှိ။

"မှော်ဘီက ရေမြေကောင်းတယ်၊ စိမ်းစိုလန်းဆန်းနေတာပဲ၊ ချောတို့ အလုပ်အကိုင်တွေ အဆင်မပြေရင် ခြံစိုက်စားလို့လဲ ရတယ်၊ ပန်းပင်စိုက် တာတော့ ချောဝါသနာပါတယ်၊ ချောက ခြံကို သိပ်အလှပြင်ချင်တာ"

"ပန်းခြံကို စနစ်တကျ ပုံစံချပြီး အမြင်ဆန်းအောင်ကို စိုက်မယ် မောင်နဲ့ ချော ညနေတိုင်း လမ်းလျှောက်ဖို့ ပန်းခြံကို ဖြတ်ပြီး လမ်းကလေး မပြစ်မနေ ဖောက်ထားရမယ်၊ ပိုစတာထဲက ပန်းခြံနဲ့ အိမ်ကလေးတွေမှာ ဘယ်လောက်လှသလဲ...နော်"

ခင်ခင်ချောသည် မောင့်လက်မောင်းကို မှီတွယ်ထားရာမှ မောင့်မျက်



နှာကို သူ့နဖူးဖြင့် အသာတိုးဝှေ့လိုက်ရင်း ကျေနပ်စွာ ပြုံး၏။ ပြီးလျှင် 'နော် မောင်'ဟု ထပ်ပြောလိုက်သည်။

မောင်က ပြုံးနေသည်။ ခင်ခင်ချောဆောက်သည့် စိတ်ကူးအိမ်မှာ နေနေပြီလားမသိ။ အတော်ကလေးကြာမှ 'ချော စိတ်တိုင်းကျရင် ပြီးတာပဲ' ဟု ဆိုသည်။

ဤသို့ဖြင့် မှော်ဘီမှာ အိမ်ဆောက်ကြသည်။ စိတ်ထဲမှာ ဆောက်သည့် အိမ်ဖြစ်၍ နေရာ မကြာခဏ ပြောင်းကြသည်။ ခြံက ကျဉ်းလိုက် ကျယ်လိုက်၊ အိမ်ပုံစံကလည်း အမျိုးပေါင်းရာကျော်ပြီထင်သည်။ တစ်ခါတစ်ခါမှာ ပန်းခြံ ပေါ၊ မောင့်သဘောကျ မြက်ခင်းစိမ်းမြမြနှင့် ခရစ္စမတ်ထင်းရှူးပင်တွေနှင့် တစ်ခြံလုံးအစိမ်းရောင် ခြယ်လျက်ပြီးသည့်အခါ ပြီးရသည်။

"ချော ကျောင်းတက်ဖို့ ကားတစ်စီး မပြစ်မနေလိုဦးမှာ"

'အို... ဒါက အရေးမကြီးပါဘူး'ဟု ခပ်ပေါ့ပေါ့ ပြန်ပြောလိုက် သည်။

သူတို့နှစ်ယောက်လက်ထပ်ဖို့ ရည်ရွယ်တာကြာခဲ့ပြီ၊ လက်ထပ်ပြီးလျှင် အတည်တကျနေရအောင် အချိန်ကို စောင့်သည်။ အတူနေထိုင်ဖို့အတွက် ဆောင်းရသည်။ ပြင်ဆင်ကြသည်။ သို့သော် ကုန်ကျစရိတ်နှင့် ဘာမျှ အဖတ်မတင်၊ နှစ်ဦးစလုံး ရန်ကုန်မှာ အိမ်ရှိကြသည် မဟုတ်၍ ခက်သည်။

မောင်က သူ့အလုပ်က ပေးသည့် တိုက်ခန်း၌ သူငယ်ချင်းတွေနှင့် နေသည်။ ခင်ခင်ချော လိုက်နေလို့လည်း မတင့်တယ်။ ခင်ခင်ချောကတော့ တက္ကသိုလ် တစ်ဝန်းလုံးကို မသိသူမရှိအောင် နှစ်ရှည်ရှည် ပညာသင်လျက် ဘွဲ့တွေ တစ်ခုပြီးတစ်ခုယူကာ တက္ကသိုလ်မှာပဲဆရာမပြန်လုပ်သည်။ နေတော့ ကျောင်းနှင့်မဝေးသည့် ကမာရွတ်လှည်းတန်းက မိန်းကလေးတွေ စုနေသည့် ဘော်ဒါဆောင်မှာနေသည်။

တက္ကသိုလ်တစ်လျှောက်လုံး ဘော်ဒါဆောင်မှာ နေကာ ပညာသင်လာ ခဲ့သော ရန်ကုန်မြို့ရဲ့ ကျပ်တည်းမှုကို ကောင်းကောင်းသိပြီး ဖြစ်၏။

ကျောတစ်ချစာနေရာလေးကိုပင် ရှားရှားပါးပါး ရှာဖွေရသည်။ အဆောင် လည်း တရိပ်ရိပ်တက်လာသည်။ ယခင်က ထောင့်ငါးရာ၊ နောက်ထောင့် ရှစ်ရာ၊ ယခုနှစ်ထောင်ထိ တက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာတော့ ဆရာမဆိုသည့် ဣန္ဒြေလေးနှင့် မိဘလက်ငုတ်ရင်းရှိတာကြောင့် ဝမ်းဆက်မှန်မှန်ဝတ်ပြီး ကျောင်းသွားနေနိုင်တာကို ကျေးဇူးတင်ရမည်။ သို့သော် ယခုအချိန်ထိ အိမ်က အထောက်အပံ့ကို မလွှတ်နိုင်သေးတာ ဆင်ခြင်မိသည်။

ချွေချွေတာတာနေဖို့ လေကျင့်ခဲ့တာလည်း ကြာခဲ့ပြီ။ အဝတ်အစားဆိုလည်း ပေါ်သမျှကို အရင်ကလို မမက်နိုင်တော့ပါ။ နှုတ်ခမ်းနီကအစ ကိုယ့်အသက်အရွယ်နဲ့ ဒီအရောင်လေးပဲ ဣန္ဒြေရပါတယ်ဟု နှုတ်ခမ်းအသားရောင် ခပ်မှိန်မှိန်တစ်မျိုးတည်းသာ ဝယ်ဆိုးပြီး အရင်တုန်းကလို အင်္ကျီလုံချည်လိုက်၍ အနီဆိုအနီ၊ ပန်းရောင်ဆို ပန်းရောင် ထွေလာကောလာ မလုပ်တာကြာခဲ့ပြီ၊ အစားအသောက်ဆိုလျှင်လည်း တန်ဖိုးကြီးသည့် အစားကောင်းအသောက်ကောင်းဆိုလျှင် ဝမ်းက လက်မခံချင်ပြီ။

တစ်ကိုယ်ရေတစ်ကာယနေလျှင် ဘယ်လိုနေနေ အရေးမကြီး၊ နှစ်ယောက်ပေါင်း၍ နေတော့မည်ကြမှ မပြည့်စွမ်းနိုင်တာတွေ အများကြီးပေါ်လာသည်။ တောပြန်လျှင် အိမ်ကြီးရနိုင်တွေ အဆင်သင့်ရှိသည်။ ပညာတွေသင်ပြီးမှတော့ တောပြန်၍ ဘာလုပ်စားမည်နည်း။

မောင်က တိုက်ခန်းငှားနေမလားဟု ဆိုသေးသည်။ ထိုသို့နေမည်ဆိုလျှင်လည်း မောင်သည် တတ်နိုင်မည်မဟုတ်။ သူ့အိမ်ကိုပဲ အပူကပ်ရပေမည်။ ပြီးတော့ အိမ်ထောင်ဦးအစမှာ ခင်ခင်ချောက အိုးပိုင်အိမ်ပိုင်လေးနှင့် နေရသူမို့ ငှားနေမည့်စကားကို တော်တော့်ကို စိတ်နာသည်။ တွင်တွင်သာ ငြင်းသည်။ သို့သော် ယခင်ကလောက် အားမသန်နိုင်တော့ချေ။

ကြာလာသည်နှင့်အမျှ စိတ်ကူးအိပ်မက်ကလေးက မှုန်ဝါးလာသည်။ ခင်ခင်ချောက မျှော်လင့်ချက် အရောင်မှိန်မှိန်လေးနှင့် မရဲတရဲ စောဒကတက်မြဲပင်။

"နောက်တဖြည်းဖြည်း ပြေလည်သွားလိမ့်မယ်ဆိုပေမဲ့ တော်ကြာ သားတွေ သမီးတွေနဲ့ ဖြစ်လာဦးမှာ"

အသက်တွေလည်း မငယ်တော့ဆိုတာ ထည့်ထွက်ကြသည်။ မောင်က အိမ်လခရော စားစရိတ်ပါလောက်အောင် ရှာနိုင်သည်ဟု နှစ်သိမ့်သည်။





မပြည့်စုံဘဲ ဘဝကို စတင်တာ ရှက်စရာမဟုတ်ဟု ဆိုသေးသည်။ ဟုတ်သည်။ ကိုယ့်အပေါင်းအသင်း ရွယ်တူတွေ ကြည့်လိုက်လျှင်လည်း ဒီလိုပဲ ရုန်းကန်နေကြရသည်။

ခင်ခင်ချောကတော့ အိမ်ထောင်ပြုပြီးမှ အတည်တကျမရှိဘဲ ဟိုပြေးဒီပြေး ပြေးနေရမှာကို စိုးရိမ်မှု ပိုသည်။ အဖေအမေတို့ အိမ်ပြီးလျှင် ဘဝတစ်သက်စာ နွေးထွေးရမည့် အိမ်ဖြစ်၍ စိတ်ထဲမှာ အလေးအနက် ရှိသည်။

အဆောင်က ကောင်မလေးတွေက ခင်ခင်ချောတို့အကြောင်း သိထားသူတွေမို့ မကြာခဏ ပွဲတောင်းကြသည်။ ခင်ခင်ချော အသက်သုံးဆယ်က အတော်လေးစွန်းခဲ့ပြီဆိုတာ ပြောတော့ အံ့သြကြသည်။ 'မမက သိပ်နုတာပဲ'ဟု ဆိုသည်။ သူ့မျက်နှာက အမြဲပြုံးရွှင် လန်းဆန်းနေတတ်သဖြင့် ငယ်နုသည်ဟု ထင်ရသည်။

ပြီးတော့ တစ်လျှောက်လုံး အဆောင်နေလာသူမို့ ငယ်ရွယ်သူတို့ရိုက်က တော်တော်နှင့် မပျောက်၊ အဆောင်သည် ရွယ်တူမိန်းကလေးတွေ စုစည်းရာဖြစ်သဖြင့် စိတ်ဆင်းရဲစရာတွေ၊ မေ့ပျောက်ထားချင်သော အရာတွေကို ရယ်မောပျော်ရွှင်စွာနေရင်း မေ့မေ့ပျောက်ပျောက်နေနိုင်သော နေရာဖြစ်သည်။

သို့သော် တက်ကြွသည့်အရွယ်၊ အပြိုင်အဆိုင် အတုအပတို့ကြားဝယ်ရှေ့ရေးကို အဆုံးအဖြတ်ပေးသည့် ကာလဖြစ်သဖြင့် ရင်မောစရာလည်း ကောင်းသည်။

ရင်မောနေ၍လည်း မပြီးဟု တွေးရင် ခင်ခင်ချောသည် ရင်မောရသည်ကို ဖြေဖျောက်ဖို့ ချစ်စရာကောင်းသော အိမ်ကလေးများနှင့် လှပသော ရှုမျှော်ခင်းတွေပါသော ပိုစတာတွေ ဝယ်ရသည်။ မိမိအခန်းထဲတွင် ကပ်စရာနေစရာလွတ်ပင် မရှိတော့ချေ။

စိမ်းညို့ညို့တောတောင်အလယ်က အိမ်သေးသေးလေးမှာ ပန်းကလေးတွေ၊ ငှက်ကလေးတွေ၊ စမ်းချောင်းကလေးတွေကို အဖော်ပြုပြီး ဘဝကို စတ်မြုပ်နေလိုစိတ်တွေ ပေါ်လာသည်။ လွမ်းစရာပဲဟုတော့ မျက်ရည်ဝဲသေးသည်။ အဖော်တစ်ယောက်တော့ပါမှ ဖြစ်မယ်၊ မောင့်ကို သတိရပြန်တော့ စိတ်ကူးအိမ်ကလေး ပိုမိုခိုင်ခန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ချောတို့အိမ်ခြံထဲမှာ ကံကောင်းထောက်မစွာ စမ်းချောင်းလေး ဖြတ်စီးနေမယ်ဆိုရင် ဘယ်လောက်ကောင်းလေမလဲ၊ စမ်းရေကြည်လေးတွေ ကျောက်တုံးလေးတွေကို တိုးဝှေ့ဖြတ်စီးနေမယ်၊ ကျောက်တုံးလေးတွေစီပြီး ကျောက်တုံးတံတားလေး လုပ်ထားဦးမယ်။

ခင်ခင်ချောက စံပယ်ပန်းကြိုက်တော့ မောင်က စံပယ်ခြုံတွေ အများ ကြီးဖြစ်အောင် စိုက်ပေးထားမယ်၊ ညလေမှာ စံပယ်ပန်းနံ့က မွှေးကြိုင်နေမယ် မွှေးပျံ့တဲ့လေကို ရှူပြီး စမ်းချောင်းလေးရဲ့ဆားမှာ စမ်းရေစီးသံကို နားထောင် ရင်း ပန်းကလေးတွေ မျောလိုက်ဦးမယ်။

အို ... နုတောင် စိတ်ကူးကလေးကြောင့် မွှေးနေသည် ထင်၏။ စမ်း ရေစီးသံကိုပင် ကြားမိသလို ရှိ၏။

စိမ်းမြမြမြက်ခင်းပေါ်မှာ ပန်းကလေးတွေ ဟိုတစ်ပွင့် သည်တစ်ပွင့် ရော်ရွက်ဝါလေးတွေလည်း ရှိနေမယ်၊ လေနဲ့အတူ ရွက်ဝါလေးတွေက မောင် နဲ့ ခင်ခင်ချောဆီ အပြေးကလေး လာစားဦးမယ်၊ အိုမောင်ရေ... ဒီလိုနေရာ လေးမှာ အပူအပင်ကင်းကင်းနဲ့ ဘဝကို ကုန်ဆုံးစေချင်လိုက်တာ၊ မောင်မ လို့တော့ မဖြစ်ဘူးလေ နော...။

ခင်ခင်ချော စိတ်ထဲမှာ ကြည်နူးနှစ်သက်စိတ်ရောထွေးလျက် ချက်ချင်း ဆူဝေတက်လာသည်။ စိတ်မျက်စိမှာ ဆောက်ထားသည့် အိမ်ကလေးက တကယ့်ကို ခင်ခင်ချောအား ဆွဲဆောင်ထားသည်။

အိမ်ကလေးကို မီးခိုးရောင်ဖျော့ ဒါမှမဟုတ် စိမ်းဖန့်ဖန့် စိမ်းတယ်ဆို ရုံလောက် သုတ်မယ်၊ သိပ်ချစ်စရာကောင်းမှာပဲ၊ မြင်ဖူးသမျှ ရုပ်ပုံထဲက အလှဆုံးအရောင်တွေ ပေါင်းစပ်၍ စိတ်ကြိုက်ဖန်တီးသည်။

မောင်နှင့်တွေ့သော် ခင်ခင်ချောက သူဆောက်ထားသည့် အိမ်ကို အရသာရှိရှိ ပြောပြသည်။

"ဒီတစ်ခါ အတည်ပုံစံမပြောင်းတော့ဘူးနော်၊ ကောင်းတယ် မဟုတ် လား"

ခင်ခင်ချော စိတ်ထဲဝင်မကြည့်နိုင်သော်လည်း မောင်က 'ကောင်း တယ်ကွာ'ဟု ကျေနပ်ဖော်ရသည်။

လက်တွေ့နှင့် စိတ်ကူး အလှမ်းကွာသည်ကို သတိပြုမိပြန်တော့ ဘာ





ဲ့လုပ်ကြမလဲဟု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေးခွန်းထုတ် ကြသည်။

သို့သော် သူတို့ ဒီနှစ်သီတင်းကျွတ်လျှင် လက်ထပ်ကြတော့မည်ဟု ောက်ခါငင်ခါ ဆုံးဖြတ်လိုက်လေသည်။ တဖြည်းဖြည်းနဲ့ ကိုယ်ပိုင်အိမ်ကလေး ော့ ရလာမှာပါဟု မောင်က နှစ်သိမ့်သည်။

"ချော စိတ်ကြိုက်အိမ်ကလေးတစ်လုံး ငှားနေကြတာပေါ့"

ဒီတစ်ခါ မောင့်သဘောကို လိုက်၍ မဖြစ်နိုင်တော့ မျက်ရည်လေး ော့ ဝေလိုက်သေးသည်။ စောင့်စားခဲ့ရတဲ့အချိန်တွေ နောက်ထပ်စောင့်ရ ယ့်အချိန်တွေကို တွေးမိလျှင် ကိုယ့်အပြင် သနားစရာလူမရှိတော့။

နှစ်တွေ လတွေ အကုန်မြန်ပေမဲ့ စောင့်ဆိုင်းလျှင် သိပ်ကြာသည်။ ်ခင်ချောက အိမ်အကြောင်းလည်း မပြောဖြစ်တော့၊ မောင်က အိမ်ခန်းလိုက် ှာသည်။ ဟိုနေရာဈေးတော်သည်၊ ဒီနေရာကောင်းသည်ဆိုလျှင် နှစ်ယောက် သား အပြေးအလွှားသွားကြည့်သည်။

ခင်ခင်ချောက တိုက်ခန်းကျဉ်းကျဉ်းကျပ်ကျပ်လေးတွေထဲ ရောက်တိုင်း ီးနှင့်ဝင်းနှင့် သာသာယာယာနေလိုသည့် စိတ်ရင်းစွဲနှင့်ပင် ဘယ်တစ်ခုကိုမှ သဘောမတွေ့နိုင်။ နှစ်ယောက်စလုံး ချေးများဖို့ အားသန်လျက် အချိန်ဆွဲကာ ိုက်ရှာကြ၏။

မြေနဲ့ နီးစပ်အောင် ရပ်ကွက်တွေထဲ ဆင်းပြန်တော့ လမ်းကြိုလမ်းကြား း နံရံတစ်ချပ်သာခြားတဲ့ အခန်းတွေမှာ တခြားသူတွေနဲ့ ရောနှော၍ မနေ ိုင်ပြန်။

မနေလိုသည့်အိမ်ကို လိုက်ရှာရတာ စိတ်အပျက်ကြီးပျက်လာလေသည်။ ေ့ ဥပဲ မောပန်း၍နေ၏။ နောက်ဆို ချေးမများတော့၊ စိတ်မများတော့ဘူး၊ ွေ့တဲ့နေရာမှာ နေတော့မည်ဟု စိတ်ဆုံးဖြတ်သည်။ တစ်ခုမဟုတ်တစ်ခု ချွတ် ွင်းချက်ကတော့ ရှိသည်။ ငါရောင့်ရဲနိုင်ပါတယ်ဟု စိတ်ကို ဖြေသည်။

တစ်ပတ်ခန့်ကြာသော် မောင့်ဆီမှ သတင်းကောင်းရသည်။

'ဂျပန်သွားမယ့် မောင့်သူငယ်ချင်းတစ်ယောက်က သူ့အိမ်မှာ သွားနေ ားတဲ့၊ နေမယ့်သူမရှိလို့ အိမ်စောင့်ရင်း သွားနေကြတဲ့၊ တလောကမှ ်းတာ။ လုံးချင်းအိမ်ကလေး၊ ခြံဝင်းလေးလည်း ရှိတယ်နေမလား'မေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မစဉ်းစားတော့ဘဲ ...

'နေမယ်'ဟု ကောက်ကာ ငင်ကာ ပြောလိုက်သည်။ ပြီးမှ...

"သူ့အိမ်က ဘယ်မှာလဲ" မေးဖို့ သတိရသည်။

"ရွှေပြည်သာမှာ"

ခင်ခင်ချောအသံတိတ်သွားသည်။

"ဝေးနေမလား၊ ချောကျောင်းလာရတာ အဆင်ပြေပါ့မလား"

ခင်ခင်ချော ဆုံးဖြတ်ပြီးပြီ၊ ဒီတစ်ခါတော့ စွန့်စားတော့မည်၊ ဘယ်နေ ရရ နေတော့မည်ဟု မောင့်ကိုလည်း သေသေချာချာ ပြောထားပြီးပြီဖြစ် တောဒကတက်မနေတော့။

'အို နေမယ်၊ နေမယ် လာနိုင်အောင်လာရမှာပေါ့။ နေမယ် မောင်'ဟု သေချာအောင် ထပ်ပြောသည်။

မဟုတ်ရင် ရှိတဲ့ငွေလေးက စပေါ်တင်တာနဲ့ ပြောင်သွားနိုင်သည် ယခုလိုဆိုတော့ အချိန်ယူငွေထပ်စုပြီး သည့်ထက်ကောင်းတာ ရှာနိုင်သည် အခုလည်း ခြံဝင်းလေးနဲ့ဆိုတော့ စိတ်ကူးထဲမှာလို မဆန်းကျယ်တော သပ်သပ်ရပ်ရပ်ဖြစ်အောင်တော့ ဖန်တီးနိုင်မှာပါဟု ဖြေသိမ့်ရသည်။

သို့နှင့် ရွှေပြည်သာသို့ အိမ်သွားကြည့်ကြသည်။ ကားမှတ်တိုင် ဆင်းပြီး လမ်းမကြီးမှ အတွင်းဘက်သို့ မနည်းလမ်းလျှောက်ဝင်လာရသည်

အိမ်ကုပ်ကုပ်ကလေးတွေ၊ အပင်မကြီးမငယ် ခပ်အုပ်အုပ်ကလေး နှင့် တိတ်ဆိတ်လှသဖြင့် ရွာထဲဝင်ရသလို ဖြစ်နေသည်။

အိမ်ကောင်းရာကောင်းများနှင့် ဆောက်လက်စတိုက်များ တွေ့ရသ လူမနေသည့် အိမ်ကလေးတွေလည်း တွေ့ရသည်။

မြေနိမ့်ပိုင်းတချို့မှာ ခြံဝင်းတွေ လက်ဝဲဘက်အခြမ်းတွင်တော့ အိမ် ကျိုးတိုးကျဲတဲရှိသည်။ ရေမြောင်းကိုလည်း လှမ်းမြင်ရသည်။

"ဟိုရှေ့မှာရောက်ပြီ"ဟု မောင်က လက်ညှိုးညွှန်ပြသည်။ အိမ် မှာ ပိတောက်ပင်ရိပ်ကလေးတော့ ရှိနေ၏။ အိမ်နားရောက်ခါနီးမှာ ကွင်း ကို ဖြတ်ကာသည့် လေပြည်လေးက ခင်ခင် ချောတို့ဆီ အတားအဆီးမဲ့ ဝင်လာသည်။

နေပူထဲက အရိပ်ထဲအရောက် ရုတ်တရက် လေပြည်အေးနဲ့တွေ့





အမောပြေအောင် သက်ပြင်းရှိုက်၍ ရှူလိုက်၏။

အိမ်ရှေ့ရောက်တာနဲ့ ခင်ခင်ချောစကားပင် မပြောနိုင်၊ ခြံဝင်းကို မြင်တာနှင့်ပင် အမောဆို့သွားသည်။

'တံတားကကူးရဦးမယ်'ဟု နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

အိမ်မှာ ခြေတံမြင့်မြင့်နှင့် ဆောက်လုပ်ထားပြီး လမ်းနှင့် ဖိနပ်ချွတ် ဝရံတာကို တံတားထိုးထားသည်။ တံတားမှာ ပျဉ်ချောင်းသုံးလေးချောင်းဖြင့် ပြီး၏။

လက်ရမ်းမှာ အလယ်က တိုင်စိုက်၍ ဝါးလုံးနှစ်လုံးတန်းကာ ခနော် ခနဲ့လုပ်ထားသည်။ လက်ယမ်းကို ကိုင်၍ အားပြုလျှင် ကိုယ်ပါမြောင်းထဲကျ နိုင်သဖြင့် ယောင်၍ လွှတ်လိုက်မိ၏။

တံတားကို စိတ်မချ၍ တစ်ယောက်ပြီးမှ တစ်ယောက်ကူးရ၏။

အိမ်ကတော့ ပျဉ်ထောင်၊ သွပ်မိုးအိမ်ဖြစ်သည်။ အိပ်ခန်းတစ်ခန်းသာပါ သည်။ ဖိနပ်ချွတ်နှင့် တစ်ဆက်တည်း ဝရံတာလေးပါသည်။ မီးဖိုချောင်ဟူ၍တော့ သတ်သတ်မရှိ။ တော်သလို လျော်သလို ချက်ပြုတ်ရပေမည်။

ရွှံ့ပုပ်နံ့ နံ့နေတာကြောင့် အိမ်ထဲမှာ ပန်းတွေ လှိုင်လှိုင်ထိုးစိုက်မှပဲ ဟု တွေးသည်။ ခြံထဲမှာ ပန်းပင်စိုက်စရာ မြေမရှိ။ ဝရံတာမှာပဲ ပန်းအိုးတွေ ဘင်ကာ စိုက်ရမည်။ တွဲလို့ရတာ တွဲထားမည်။ မဟုတ်ရင် အိမ်ကိုမြင်ရတာ အဝေးကပဲ စိတ်ဆင်းရဲစရာ ဖြစ်နေမည်။ အဖတ်ဆယ်လို့ ရသလောက် ဆယ်ရမည်ဟု တွေးတောသည်။

တကယ်တော့ အိမ်ရှေ့မှာ မြက်ခင်းစိမ်းစိမ်းလေးပဲ ရှိရမှာ၊ စမ်းချောင်း လေးလည်း မပါနိုင်တော့။ မောင်နဲ့အတူ ပန်းတွေ မျှော၍လည်းမရတော့။

စိတ်ကူးပိုကဲသည့် အတွေးထဲက အိမ်မှာလို စမ်းချောင်းနံဘေးမှာထိုင် ကာ စမ်းရေစီးသံကို နားထောင်ဖို့ ပန်းရနံ့တွေ ပျံ့တဲ့လေကို ရှူဖို့ဆိုတာနဲ့ ဆင်တူတာကို ဒီမှာ အနီးစပ်ဆုံး လုပ်နိုင်တာက တံတားပေါ်ထိုင် ညည်းတွား ဖို့သာ ရှိသည်။

ဒီထက်ကောင်းတာက တံတားပေါ်မှာ အထိုင်ကြာ၍ ခနော်ခနဲ့ တံတား ကျိုးကျလျှင်လည်း နှစ်ယောက်စလုံး ရွှံ့ရေလူးကာ ပျော်စရာတစ်မျိုး ကြုံနိုင် သေးသည်ဟု ခင်ခင်ချောသည် ပြုံးတစ်ဝက် မဲ့တစ်ဝက်ဖြင့် မောင့်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

သို့သော်ငြားလည်း လသာညဆိုလျှင် ချမ်းမြေ့လွန်လွန်းသည့် စိတ်သဘောအစဲနှင့် ရေအိုင်ထဲကလကို ငုံ့ကြည့်ရင်း 'ဘယ်နေရာကောင်းမလဲ မောင်'ဟု စိတ်လက်ကြည်စွာ နေရာရွေးနိုင်ပါသေးသည်။ ရွှံ့ရေထဲက လ၏ အရောင်ကို ဆန်းစစ်နိုင်သေးသည်။ စိတ်ကူးရောင်တွေ ဆန်းကြယ်နိုင်ပါသေးသည်ဟု ကျေနပ်ရလေသည်။

**မှုခင်းမှုထောင့်မှောင်**

**၁၉၉၉ ခုနှစ်၊ ဇွန်လ အမှတ်စဉ်[၉]**



www.burmeseclassic.com

www.burmeseclassic.com

# ထိုအမျိုးသမီး

တောင်ကုန်းပေါ်သို့ လေးလေးနွဲ့နွဲ့တက်လာသော သူ့ပုံသဏ္ဍာန်သည် တဖြည်းဖြည်းနီးလာ၏။ သူ ဘယ်အချိန်တုန်းက ရောက်နေသလဲတော့ ကျွန်တော် မသိ၊ ကျွန်တော် ပန်းချီဆွဲရန် နေသားတကျ ဖြစ်ချိန်တွင် သူ့ကို စမြင်တွေ့ခဲ့ရသည်။ ကျွန်တော့်မြင်ကွင်းထဲ သူဝင်လာပြီးကတည်းက စိမ်းမြမြ နောက်ခံနှင့်အဝါရောင် သူ့အရိပ်ကို သတိမမူဘဲ နေ၍မရ။ သည်နေရာမှာ ကားကမ်းမပေါ်မှ သွေဖည်သွားသည့် ရွာတစ်ရွာ၏ အနောက်ဘက် ကွင်းစပ်တွင် ဖြစ်သည်။ လူဆို၍ မြက်ရိတ်သမားတချို့သာ ဖြတ်သွားဖြတ်လာလျက် ရှိရာ နံနက်စောစောအချိန်၌ သူ့လို ချောမောလှပ၍ မို့ဟန်ပေါက်သော မိန်းမတစ်ယောက်ကို နှစ်ရက်သုံးရက် ဆက်တိုက် တွေ့မြင်နေရသဖြင့် စိတ်မှာ ထူးဆန်းနေ၏။

မြက်ခင်းပြင်သည် တောင်ကမူငယ်များကြောင့် လှိုင်းထလျက် အဝေးမှ တောစပ်သို့ နီးကပ်သွားသည်။ တစ်ဖက်မြင်ကွင်းအဆုံး၌ မြို့ကို ပတ်ခွေ၍ စီးဆင်းလာသော မြစ်ရေပြင်ကို တလက်လက်မြင်ရသည်။ မလှမ်းမကမ်း တောင်ခြေရှိ ကုန်းမြေခပ်မြင့်မြင့်ပေါ်တွင် အင်္ဂလိပ်ခေတ်က ဆောက်လုပ်ထားသည့် အနီရောင် အုတ်အိမ်ကြီးတစ်ဆောင် ရှိသည်။ ခြံစည်းရိုးတစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ဖုံးအုပ်နေသည့်အပြင် ခြံဝင်းတွင်းရှိ ကြီးမားသော သစ်ပင်ဝါးပင်များကြောင့် လည်းကောင်း၊ လူသူကင်းမဲ့ခြင်းကြောင့်

www.burmeseclassic.com



လည်းကောင်း အိမ်ကြီး၏ အနီးမှပင် မဖြတ်သွားချင်လောက်အောင် တိတ်ဆိတ်ချောက်ချားဖွယ်ရာ ဖြစ်နေသည်။

အခါတိုင်းတော့ သူ ကျွန်တော့်ဆီကို ရောက်အောင်လာလေ့မရှိဘဲ အိမ်ကြီး၏ အနီးတစ်ဝိုက်တွင်သာ တွေ့ရတတ်သည်။ အမျိုးသမီး၏ ပွယောင်းယောင်း အဝတ်အစားများမှာ လေတွင် တဖျပ်ဖျပ်ဖြစ်နေ၏။ သူ့ကိုယ်ဟန် ပါးပါးကပင် လေမှာ တနွဲ့နွဲ့ဖြစ်နေသလို ထင်ရသည်။ သူ့ဆံနွယ်များက လှုပ်ရှားလွင့်ပါးနေ၏။ ရုတ်တရက် ပေါ်လာသည့် သက်ရှိ ပန်းချီကားကို ကျွန်တော် ငေးမောမိသည်။ အနီးကပ်လာမှ ညိုပုပ်ပုပ်နှုတ်ခမ်းဆိုးဆေးတင်ထားသော သူ့နှုတ်ခမ်းများက မနက်ခင်းအလှကို ဖျက်ချင်နေကြောင်း စိတ်မချမ်းမြေ့ဖွယ် တွေ့ရသည်။ စိတ်ထဲက ဒီအရောင်ကြီးနဲ့ နှုတ်ခမ်းထူကြီးများ ဘယ်လို တွဲစပ်မိပါလိမ့်ဟု တွေးမိသေးသည်။ သူ့ပါးစပ်အနေအထားနှင့် သွားများ သိပ်လှသည်ကို ငေးမောရ၏။

သူက 'ဒီနေရာ သိပ်စိတ်ကြည်နူးစရာကောင်းတာပဲ'ဟု စကားဆိုသည်။ 'တို့အိမ်အို အိမ်ဟောင်းကြီးဟာ ဒီပတ်ဝန်းကျင်နဲ့ ဒီလောကထဲ လိုက်ဖက်နေမှန်း တို့ တကယ်မသိဘူး၊ ပန်းချီဆရာ တော်လို့ ဖြစ်ပါလိမ့်မယ်၊ ဒီနေရာရောက်တာနဲ့ တို့စိတ်တွေ လန်းဆန်းသွားတာပဲ၊ ပန်းချီဆရာနဲ့ ဆုံပြန်တော့ တို့ သိပ်ကျေနပ်ပြန်ရော"

သူသည် ကျွန်တော့်နံဘေးတွင် လက်နှစ်ဖက်နောက်ပစ်၍ ရပ်နေလျက် ခေါင်းကို တစောင်းငဲ့ကာ ခပ်နွဲ့နွဲ့ ပြောသည်။ ပန်းချီကားပြီးလျှင် သူဝယ်မည် သူ့အတွက် မဖြစ်မနေ ဆွဲပေးပါဟု ဆိုပြန်သည်။

"ဟိုအိမ်ကြီးပုံပါတာနဲ့တင် တို့အတွက် သိပ်တန်နေပြီ"

"ဒီပန်းချီကားက ရောင်းဖို့ မဟုတ်ပါဘူး၊ ကျွန်တော့်လက်ရာက ရောင်းလောက်အောင်လဲ မကောင်းသေးပါဘူး"

"ဘာပဲဖြစ်ဖြစ် တို့ဝယ်မယ်၊ ကောင်းလွန်းရင်လည်း တို့ မကြိုက်တတ်ဘူး၊ ဒီလိုပါ၊ တို့အကြောင်းပြောပြရင် မင်းနားလည်သွားမှာပါ။ ဒီအိမ်ကြီးနဲ့ ပတ်ဝန်းကျင်ခြံမြေ အတော်များများကို တို့ပိုင်တယ်လေ၊ ဒါပေမဲ့ သိပ်တော့ အရောက်အပေါက်မရှိဘူး။ ဒီနေရာလေးက အေးချမ်းတယ်၊ လူသူနဲ့လည်း မဝေးဘူး၊ မြို့နဲ့လည်း ဝေးတယ်လို့ မဆိုသာဘူး၊ ဒီနေရာမှာ နေချင်ပေမဲ့ ဒီ





...မ်ကြီးမှာ မနေရဲဘူး။ မကြာခင် ဖျက်ပြီး တို့စိတ်ကြိုက် အိမ်ကလေးတစ်...း ဆောက်မယ် စိတ်ကူးထားတယ်၊ မကြာခင် ကွယ်ပျောက်သွားမယ့် အိမ်...ကြီးရဲ့ ပန်းချီကားကို တို့ အမှတ်တရ သိမ်းထားချင်လို့ပါ။ ဒီပန်းချီကား ကို...ဝယ်မယ်၊ တို့ ... လိုချင်တယ်' အမျိုးသမီးက ရှည်ရှည်ဝေးဝေး ရှင်းပြ...သည်။

သူ့လေသံက ချွဲပျစ်ကာ နှော့လာသည် ထင်၏။ သူ့ဟန်ပန်ကို ...ကြည့်ပြီး ခဏချင်းပင် တစ်စုံတစ်ခုကို ကျွန်တော် စိုးရိမ်သွားသည်။ သူနှင့် ...ဉ့်လျက် ကျွန်တော့်အား တစ်စုံတစ်ယောက် မြင်သွားမှာကိုပင်။ သူ့ကို ...ျွန်တော့်ထက် ကြီးမယ်မှန်း သိပေမဲ့ အသက်အရွယ် မခန့်မှန်းတတ်၊ သူ့...တ်ခမ်းတွေက ပြုံးနေသည်။ စကားပြောလျှင် ပြုံး၍ ပြောသည်။ မျက်လုံးတွေ...လည်း ရယ်နေသည်။ ပြုံးနေသည့် မိန်းမတစ်ယောက်အနားမှာ ကျွန်တော်...နေလို့၊ ကျွန်တော့်အား ပြုံး၍ကြည့်လျှင် ကျွန်တော် အလိုလို မျက်မှောင်ကြုတ်...သည်။ အပြုံးစွက်သောလေသံသည် အတည်လား၊ အနောက်လား ကျွန်တော်...ခွဲတတ်။

"တို့ကို ကူညီတဲ့အနေလည်း ရောက်ပါတယ်၊ ဒီအိမ်ကြီးက ဆုံးသွား...ဲ့ တို့ခင်ပွန်းရဲ့ အမွေအနှစ်မို့ တို့လိုချင်တာပါ။ တို့တန်ဖိုးမဖြတ်ဘူး၊ ...င်းစိတ်ကြိုက်တောင်း၊ တို့ပေးမယ်၊ ဟုတ်ပြီလား၊ တကယ်ပဲကွယ် မင်းနဲ့...တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

အိမ်ထောင်ကျဖူးသည့် အသက်အပိုင်းအခြားလား၊ ကျွန်တော်ထင်တာ...က် သူ အသက်နည်းနည်း ပိုကြီးပြီ ထင်သည်။ နေရောင်သည် ရွှေရွှေရှရှ...ောက်လာ၏။ လေကလည်း ပူနွေးလာ၏။ ညိုလွဲတောက်ပသော မျက်ဝန်း...စုံ ကျွန်တော့်အနီးတွင် တဖျပ်ဖျပ် လှုပ်ရှားနေ၏။ ပတ်ဝန်းကျင်သည် ...က်ဝင်လှုပ်ရှားလာသည့်အပြင် အရောင်အသွေးလေးများလည်း မြူးကြွ...လွင်လာသည်ဟု တွေးမိပါသည်။

နောက်နေ့တွေမှာလည်း သူရောက်လာလျှင် ကျွန်တော် ငေးစိုက်ကြည့်...။ သူ့နှုတ်ခမ်းများ နေ့တိုင်းတော့ ညိုလွဲမနေပါ။ လိမ္မော်နီရောင် တင်...သောနေ့တွင် တောက်ပထွန်းလင်းသော ပတ်ဝန်းကျင်ကို တစ်ခုခုစေ...မည်လို သူ့နှုတ်ခမ်းများသည် အာဏာကြီးသည် ထင်ရ၏။ သူပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကျွန်တော့်စိတ်တွေ အနည်းငယ် လှုပ်ရှားသွားသည်။ သူအ
ရောက်လာသည်ထိ ထိန်းမရသေး၊ တုန်ယင်စပြုတဲ့ လက်ချောင်းများ
လတ်တလော အရောင်ကို ခွဲခြားမသိနိုင်၊ အိမ်ပြန်ရောက်သည်ထိ မျ
ထဲတွင် ထိုအမျိုးသမီးကို မြင်နေသေးရာ နောက်နေ့ ထပ်မံ ဆုံဆည်းရမည်
စိုးရိမ်စိတ်တစ်မျိုး ဝင်လာလေသည်။

*

ရက်အနည်းငယ်ကြာသောအခါ အိမ်တွင် ကျွန်တော့်အဒေါ်
ညစာထမင်းဖိတ်ကျွေးသည့် အထူးဧည့်သည်အဖြစ် သူ့အား တွေ့ရသ
သူသည် ကျွန်တော်တို့ ခေါင်းရင်းခြံမှ အိမ်တွင် ခေတ္တငှားနေကြော
သိရ၏။ ကျွန်တော့်ကို တွေ့သောအခါ သူ့မျက်လုံးများတွင် အသိအမှ
သည့် အရိပ်အယောင်လက်ဖြာလျက် ဦးခေါင်းကို မသိမသာ ညွတ်၍
ဆက်လိုက်သည်။

သူ့နှုတ်ခမ်းတွေက ပြုံးနေသည်။ ဆိုးဆေးတော့ တင်မထား၊ သူ
ကို ပြောင်းသွားသည်ဟု ထင်မှတ်ရာ ယခင်နေ့တွေက အဆင်အပြင်
မဟုတ်သည်ကို သတိထားမိသည်။ ဟိုနေ့က မျက်နှာတစ်ဝိုက် ဖားလျား
သော ဆံနွယ်များကို ယခုမူ သေသေသပ်သပ် စည်းနှောင်ထားသည်။ မျ
က ဝင်းဖန့်နေသည်။ ကျွန်တော့်စိတ်ထင် အစိမ်းရောင်ပင် သန်း
မျက်နှာက သွယ်ချွန်းသည်။ မျက်ဝန်းများက နက်နက်ရှိုင်းရှိုင်း ကြည့်
သည်။ ဟိုနေ့တွေက သူ့အဆင်အပြင်ကြောင့် အသက်အရွယ်ခန့်မှန်း
သော်လည်း ယနေ့တွင်မူ အနီးစပ်ဆုံး ကျွန်တော် ခန့်မှန်းနိုင်ပြီ။

သူသည် အလွန်ပျော့ပျောင်းသည့် ဖျင်စကို အထက်အောက် ဆင်
ဝတ်ထားသည်။ လည်တိုင်ရှည်၍ အကြောတွေ ယှက်နွယ်စပြုပြီ၊ သူ့အ
အရွယ်၊ အရပ်ရှည်ပုံနှင့် စာသော် သူ့ကိုယ်ခန္ဓာသည် ပိန်သွယ်လွန်း
ပြေပြစ်ကျယ်ဝန်းသော နဖူးပြင်၊ အနည်းငယ် ချိုင့်၍ ထင်ရှားသော
ထင်ရှားသောနှာတံ၊ အသားပြည့်သည်ထက် ပို၍ ထူဝန်းသည့် နှုတ်ခ
အတန်ငယ်ကျယ်သည့်ပါးစပ်၊ လောလောဆယ်တွင် အသက်သုံးဆယ်
လေးဆယ်ခန့် ရှိမည့် အမျိုးသမီးတစ်ဦး၏ အလှကို မြင်ရသည်။ သူ့နှုတ်





း မထိတထိ ပြုံးတတ်သည်ကို ကျွန်တော် မြင်ဖူး၏။ ထိုအပြုံးသည် သူ့
သက်အရွယ်ကို မှေးလျော့ဖုံးကွယ်စေနိုင်သည်။

သူ့တွင် မိဘများ မရှိကြတော့ဘူးဟု သိရသည်။ သူပြောသမျှတွင်
ခြားဆွေမျိုးသားချင်းအကြောင်းများ မပါ၊ မရှိ၍လည်း ဖြစ်နိုင်သည်။ သူ့
ားများအရ သူသည် ငယ်စဉ်ကတည်းကပင် မိမိစိတ်၊ မိမိသဘော၊ အုပ်
ုပ်ခံမှု ကင်းစွာဖြင့် ကြီးပြင်းလာသူဟု ယူဆရသည်။ ကိုယ်ယုံကြည်ရာကို
ယ်ပေါက်ပေါက်လမ်းထွင်လျှောက်မည့်အကြောင်းမဲ့ သတ္တိမျိုး ရှိသည့်အပြင်
ားဘိကို မမှုသည့်ဟန်က သူမ၏ မျက်လုံး၌ မကြာမကြာ ပေါ်တတ်သည်။

ကျွန်တော့်မှာလည်း အမေမရှိတော့ပါ၊ အဖေဆိုတာလည်း တစ်သက်
 တစ်ခါဆိုသလိုသာ မြင်ဖူးသည်။ အမေ့ဘက်မှ အဒေါ်အမျိုးကြီးများ၏
ည့်ရှုစောင့်ရှောက်မှုကြောင့် လူလားမြောက်ခဲ့ရသည်။ ကျွန်တော့်သက်တမ်း
ဆယ်ကျော်မှာ အဖေ့အား အကြိမ်အနည်းငယ်သာ တွေ့မြင်ဖူးသည်။ အဖေ
် ကျွန်တော်မှာ နီးစပ်မှုမရှိ၊ ကျွန်တော့်အား သံယောဇဉ်လည်း ရှိပုံမရ၊
ဖေ၏ အလှူပယ်ပေးခဲ့သော မုန့်ဖိုးများမှ လွဲ၍ အဖေ့မေတ္တာကို ကျွန်တော်
ားရပါ။

အဖေ့အား တွေ့လိုစိတ်ရှိသော်လည်း တကယ်တမ်း တွေ့လျှင်လည်း
ေ့ထံမှ မေတ္တာကို မမြင်ရမှာစိုးပြန်သည်။ ရံဖန်ရံခါ အဖေက စိတ်လိုလက်ရ
ေရး၍ ခေါ်လျှင်ပင် ကျွန်တော် သွားလိုစိတ်မရှိ။ အမေ့အိမ်တွင် အဖေတစ်
ာက်တည်း မဟုတ်ဘဲ နောက်အိမ်ထောင် တစ်စိမ်းများကို တွေ့ရမှာ
သည်။ အမေ့အပြင် အဖေ့မှာ မိန်းမများလွန်း၍ အဖေ့အိမ်ထောင်များကို
န်တော် မသိလိုက်သည်လည်း ရှိသည်။

'မင်းက ပန်းချီဆရာဆိုကွဲ့' အမျိုးသမီးက မေးသည်။ ကျွန်တော်
ဖြချင်၊ သူသိပြီးသား။

"ငယ်ငယ်ကတော့ ဆွဲဖြစ်တယ်၊ ဝါသနာပါရုံလောက်ပါ"

ကျွန်တော် မျက်နှာ ခပ်လွှဲလွှဲထား၍ ပြောလိုက်သည်။ သူက အသံ
က်အောင် ရယ်သည်။ ပြီးတော့ စိတ်ကောက်နေသည့် ကလေးကို ထပ်စ
ည့်လေသံဖြင့် 'မင်း ပန်းချီကားတွေ ကြည့်ရအောင်လေ၊ တို့ကို ပြဦး' ဟု
န်တော့်ဘက် စောင်းငဲ့ကြည့်ကာ ဆိုသည်။ ဟိုနေ့က လေသံစွက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ 'သူ့ဝါသနာကိုတော့ မပြောပါနဲ့၊ စန္ဒီလည်း ဝါသနာပါတယ် ထင်ပါရဲ့၊ အန်တီကို လိုက်ပြလိုက်စမ်းပါသားရဲ့' ကျွန်တော့်အပေါ်က ဝင်သည်။

"ကဲပါ လာလေ ထ' သူအရင်ထကာ လက်ကမ်းသဖြင့် မကျေမချမ်း လိုက်ထရသည်။ အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက်၏ အပြုအမူ အများရှေ့တွင် သံသယကင်းဖွယ် ဖြစ်သည်။ သူ ကျွန်တော်နှင့် ကပ်၍ ပါလာသည်။ အောက်ထပ်အဆင်း လှေကားတွင် ကျွန်တော့်လက်မောင်း ရင်းနီးရဲတင်းစွာ ကိုင်တွယ်လာသည်။ သူ့အသွင်က ကိုယ့်အပေါ်အရှ အမျိုးသမီးတစ်ယောက်အဖြစ် မြင်ရမည်ဖြစ်သော ရိုးသားသည့်အမြင် နှောင့်ယှက်နေသည်။ ကျွန်တော်ကပဲ စိတ်အနှောင့်အယှက်ကြီးနေတာများလား လက်မောင်းကို ဆွဲရုန်းလိုက်ချင်သည်။ သူ့လက်ဖျားအတွေ့ကို ဘာကြောင့် သတိပြုနေရတာလဲ၊ သူ့အငွေ့အသက်မှာ ဖျားချင်ရပါသလဲ။

သူသည် ကျွန်တော်နှင့် နီးကပ်စွာ ရပ်၍ ရယ်မောနေရင်း တစ်ချိတ်တွင် သူ့ပခုံးစွန်းသည် ကျွန်တော့်ကို လာထိသည်။ မွှေးပျံ့သော သူ့လည်တိုင် ရနံ့တစ်မျိုးကို ကျွန်တော် ရနေသည်။

သူ့နှုတ်ခမ်းတွေ ဆိုးဆေးတင်မထားသည်ကို ကျေးဇူးတင်မိသည်။ ကျွန်တော့်ချစ်သူ လှိုင်လေးမှာ ပန်းနုရောင် နှုတ်ခမ်းပါးလေးများနှင့် ဖြစ်သည် များသောအားဖြင့် ဆေးမကွာဘဲ ထားတတ်သည်။ ဆေးဆိုးလျှင်လည်း မျှော် တော့သိမ်မွေ့သော အရောင်များကို ဆိုးတတ်ရာ သူ့နှုတ်ခမ်းလေးများ နုည့်ပါးလွှာသော ပွင့်ချပ်ကလေးများကဲ့သို့ပင်၊ ထိုနှုတ်ခမ်းပါးလေးများ သာ ချစ်တတ်ရာ ထူအမ်းသော နှုတ်ခမ်းတစ်စုံကို လှလိမ့်မည်ဟုလည် မထင်၊ အိပ်မက်ထဲတွင်ပင် မမြင်မိ။

ကျွန်တော် ဆွဲထားသော လှိုင်လေး၏ ပုံတူပန်းချီကားချပ်ကို သူအကြာ ကြီး ကြည့်သည်။ ပြီးတော့ 'မင်းရည်းစားလား'ဟု ဖြုန်းခနဲ နောက်လှည့် ကာ မေးသည်။

"ကိုယ်မှန်းရင် အမြဲတမ်း လွဲတတ်တယ်၊ ဒီတစ်ခါတော့ မှန်လိမ့်မယ်" ဟု ဆိုပြန်ရာ ဖြေချင်စိတ်ပင် ပျောက်သွားသည်။

"မဟုတ်ဘူး၊ ကျွန်တော့်ချစ်သူ"





သူ့နှုတ်ခမ်းတွေက ကျွန်တော့်ပန်းချီကားတွေအကြောင်း ပြောနေသည် ကို ကျွန်တော် ငေးစိုက်နားထောင်နေသည်။ ပန်းချီအကြောင်း သူ တီးမိ ခေါက်မိ မရှိတာ ကျွန်တော် သိသည်။ သို့သော် နားထောင်ချင်နေသည်။ ညတွင် အိပ်မက်ထဲ၌ သူ့နှုတ်ခမ်းတွေက ကျွန်တော့်နားနားကပ်ကာ အေးစက်စူးရှ သောလေသံဖြင့် တီးတိုးစကား ဆိုလေသည်။

အိမ်ချင်းနီးသော်လည်း သူ့ကို မကြာမကြာ တွေ့ရလေ့မရှိ၊ ရောက်တာမ ကြာသေးပေမဲ့ မြို့ထဲမှာတော့ သူတော်တော် ကျော်ကြားနေပြီ။ အချိန်ပိုရှိ ကြသည့် မြို့လူထုအတွက် ဘယ်လိုနေရာတွေမှာ သူ့အကြောင်း များများကြား ရပါသလဲ၊ ယောကျ်ားတွေ အများဆုံးရှိသည့် နေရာတို့တွင် သူ့အကြောင်း ပိုကြားရသည်။ အချို့ပါးစပ်မှာ ကြမ်းကြမ်း၊ တချို့ဆီမှာတော့ မပြောချင် ဘန် ခပ်ရွံ့ရွံ့၊ သို့သော် အားလုံး သူ့ကို စိတ်ဝင်စားကြသည်မှာ ထင်ရှားသည်။

သူ့အကြောင်းပြောလျှင် သူသည် ဘာကိုမျှ မမှုဆိုသည်က စရမည်။ လောကကြီးမှာ သူသိတာ သူ့အတွက် တစ်ခုတည်းလား ထင်မှတ်ရသည်။ သူ့အတွက် သူ့ရှေ့ အလောတကြီး သိလွန်း၍ သူ နာသလား၊ သာသလား စေစ်နိုင်သည့်အခါတွေ များခဲ့ပြီ။ ထိုသို့ စစ်ဆေးရမည့် အတွေးလေးပင် ဝင် ခွင့်မရအောင် သူ့ပျော်ရွှင်မှု၊ သူ့ဘဝသူ ကျေနပ်မှုတွေက လမ်းဖယ်ပေးခဲ့သည် ထင်၏။

သူ့မိဘများ မရှိကြသောအခါ ပညာတစ်ပိုင်းတစ်စနှင့် သူ့ဘဝသူ ကျောင်းသည်။ သူလိုချင်တာ သူလိုအပ်တာ သူမလိုက်နိုင်သောအခါ လုပ် ပေးနိုင်သူကို ရှာ၏။ ရှာရတာ မခက်၊ သူ့အလှအပ၊ သူ့အလှည့်အပတ်တို့က လမ်းဖွင့်ပေးခဲ့သည်။ ရန်ကုန်တွင် နေစဉ် အလုပ်ရှင် အဘိုးကြီးက အိမ်မှာ ခေါ်ထားသည်။ လခဆိုလည်း အလျှံပယ် ပေးထားသည်။ အဘိုးကြီးမှာ ဇနီး သားသမီးလည်း မရှိ၊ သူက အဘိုးကြီးသွားလေရာ တကောက်ကောက် လိုက်ပါရလေ့ရှိသည်။ သူတို့ထဲတွင်တော့ မွေးစားသမီးလိုလို ဘာလိုလို ထည့်ပြောသည်။

အဘိုးကြီးနှင့် ကွဲသွားသောအခါ သူ့မှာ အတော်အတန် စုမိဆောင်မိ ကျန်ခဲ့သည်။ သူ့ဇာတိမြို့သို့ ပြန်သွားပြီးနောက် များမကြာမီ အငြိမ်းစားယူထား သည့် ဆရာဝန်ကြီးတစ်ဦးနှင့် လက်ထပ်ယူလိုက်သည်။ ထိုဆရာဝန်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မြို့ဇာတိဖြစ်သည်။ ဆရာဝန်ကြီး သေဆုံးပြီးနောက် အမွေအနှ
များစွာ သူရလိုက်ပြန်သည်။ ရှိရှိသမျှကို မယားဖြစ်သူအား ပေးခဲ့၍ တူမ
နှင့် ပြဿနာဖြစ်သေးသည်ဟု ဆိုသည်။

သူ့အား အမြဲတမ်း ပြုံးရွှင်၍ တွေ့ရသည်။ သူ့ဘဝသူ ကျေနပ်
ရွှင်နေသည့်ပုံမျိုး၊ တောင့်တသမျှ ပြည့်စုံနေသည့် ပျော်ရွှင်ပုံမျိုးနှင့် ဖြစ်သည်
သူ့ဘေးမှာ အမြဲတမ်း ယောကျာ်းတစ်ယောက်တော့ ရှိတတ်စမြဲ၊ သူလိုသ
ဖြည့်ဆည်းပေးနိုင်သည့် လူမျိုးကိုမှ ရွေးကာ တွဲတတ်၏။

အပြင်တစ်နေရာရာတွင် သူ ကျွန်တော့်ကို တွေ့လျှင် ဘယ်တော့
သိကျွမ်းပုံမပြ၊ ဘယ်တော့မှ မမြင်၊ အိမ်ရှေ့မှ ဖြတ်သွားသည့် ကားတစ်
စီးပေါ် သူခေါင်းမော့၍ ပါသွားတိုင်း ကျွန်တော် မျက်စိတဆုံး ငေးမော
ရစ်စမြဲ။

ညတွင် သူ့အပြန်ကို ကျွန်တော် စောင့်နေတတ်သည်။ လမ်းထဲသို့
ကားဝင်လာသံကြားလျှင် ကျွန်တော် ထိုင်၍မနေနိုင်၊ ညနေစောင်း တစ်
တစ်ခါ အတော်ကြီးမှောင်မှ သူပြန်လာသည်။ ကျွန်တော် စောင့်ကြည့်ဖန်များ
သော် တစ်မူထူးခြားသည့် သူ့အသွင်ကို ဂရုပြုမိလာသည်။ အိမ်ထဲသို့ ဝင်လျှ
လျှင် သူ့အပြုံးသည် အပြင်မှာလို မလန်းဆန်း၊ မျက်လုံးတွေက ဝေသီ
သည်ဟု ကျွန်တော် မြင်သည်။ ငိုနေသော သူ့မျက်လုံးတို့ကို မြင်ယောင်
သည်။ တစ်ခါတွင် ငိုကြွေးလွန်း၍ မျက်ရည်သာမက သူ့မျက်လုံးများ
သွေးပါ ကျလာသည်ဟု အိပ်မက်မက်ကာ ယောင်ယမ်းခဲ့ဖူးသည်။

တစ်ညတလေ သူ့အပြန်ကို မအိပ်ဘဲ စောင့်ကြည့်၍ မိုးလင်းခါ
မနက်ငါးနာရီမှ မှေးခနဲ အိပ်ပျော်သွားလည်း သူက ပေါ်မလာပါ။ ကျွန်တော
ကတော့ အခန်းတံခါးကို ညစဉ် ဖွင့်၍ စောင့်ကြည့်ရမှ ကျေနပ်သည်။

ညှိုးနွမ်းလေးလံသော ခြေလှမ်းများနှင့် အသက်ကင်းမဲ့သော သူ့မျက်
ကို ညတိုင်းလိုလို မြင်ရပါသည်။ အပြင်လောကတွင် ကျေနပ်ပျော်ရွှင်
ပျော်နေသော မျက်နှာသည် သူတစ်ယောက်တည်း ရှိချိန်တွင် ဘယ်လိုမှ ဟ
မဆောင်နိုင်တာကိုတော့ ကျွန်တော် တွေ့ရသည်။

သို့သော် နောက်နေ့များတွင် သူ့အား မြူးကြွပျံလွှားလို့ တွေ့ရပြ
ပါသည်။





ကျွန်တော် ရေးဆွဲသော ပန်းချီကားကို သူ့အား လိုလိုလားလားပင်
ေးဖြစ်ပါသည်။

‘မင်းကို သိပ်ကျေးဇူးတင်တာပဲ၊ ထင်တာထက် မင်းက ပိုတော်တယ်၊
င်း ဘာလိုချင်လဲ၊ ကိုယ် ဘာပေးရမလဲ’ မျက်လုံးထောင့်ကပ်၍ ဆိုသည်။
ပြီးတော့ ချက်ချင်း တည်တည်ငြိမ်ငြိမ် ဖြစ်သွားသည်။ သူက ပိုပိုကဲကဲပင်
ငြိုးငွေ့ပင်ပန်းဟန်ဖြင့် ကျွန်တော့်လက်မောင်းကို လာခိုသည်။

ကျွန်တော့်မှာ သူ့အခြေအနေကိုလည်း သုံးသပ်မရ၊ ကိုယ့်ကိုယ်ကိုယ်
လည်း နားမလည်ဖြစ်ကာ ကြောင်တက်တက်ဖြစ်ရ၏။ သူက ငိုသလို မျက်
ရည်သုတ်ဟန်လည်း မြင်ရ၏။ သူ့အား ကျွန်တော့် နံဘေးမှထား၍ လမ်း
လျှောက်ရန် ခေါ်သွားချင်သည်။ ကျွန်တော် ခြေလှမ်းစတော့ သူအလိုက်သင့်
လိုက်လှမ်းလာသည်။ သူသည် မူးမူးဝေဝေ ဖြစ်နေသလိုလည်း ထင်ရ၏။
ကျွန်တော်တို့နှစ်ယောက်သည် ဘာမျှ မသိဘဲ ပတ်ဝန်းကျင်မှ ခဏထွက်၍
နေသည်နှင့် တူသည်။ ထိုခဏ ဘာဖြစ်သွားသလဲ၊ ကျွန်တော့်ကိုယ်-ကျွန်တော်
ပင် မသိ၊ ဝေခွဲမရ၊ သူဖမ်းစားတာ ခံရသလို ရင်တစ်ခုလုံး တဆတ်ဆတ်
တုန်ယင်၍ နေ၏။

“ခင်ဗျား ငိုနေသလား”

ကျွန်တော့်လေသံ ကျွန်တော် မကြားရ၊ ကျွန်တော် သူ့အား အားပေး
နှစ်သိမ့်ဖို့ အဆင်သင့်၊ လိုအပ်လျှင် ဒူးထောက်မည်၊ ကျွန်တော့်အား ယုံကြည်
စေချင်သည်။

ထိုခဏ၊ မီးရောင်နှင့် မရေးမနှောင်းတွင် ကားတစ်စီး လာရပ်သည်။
သူ့မျက်လုံးတွင် မျက်ရည်စနှင့် သောကရိပ်ကို အစရှာမရလိုက်တော့၊ ကား
ပေါ်မှ လူတစ်ယောက်စီးကရက်ဖွာ၍ ဆင်းလာသည်။

“ရှာလိုက်ရတာ စန္ဒီရာ၊ ကိုယ့်ကို ချိန်းထားပြီးတော့ လမ်းလျှောက်
သွားတယ်ဆိုလို့ ဟိုဘက်မှာ သွားရှာသေးတယ်”

ထိုသူက လက်ဆွဲ၍ ကားပေါ်တက်စေသည်။ ကားပေါ်ရောက်မှ
မှောင်ထဲမှ ကျွန်တော့်ကို စိုက်ကြည့်၍ စီးကရက်တိုကို ပစ်ချခဲ့သည်။ ကား
နောက်မီးကို မျှော်ကြည့်ရင်း ထိုနေရာတွင် အတန်ကြာအောင် အကြောင်းမဲ့
ရပ်နေမိပါသည်။ ညသည် မှောင်တစ်ဝက် လင်းတစ်ဝက် တိတ်ဆိတ်ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ရစ်သည်။ အေးစက်သော လေကြောင့်မဟုတ်ပါဘဲနှင့် ကျွန်တော် ထိုနေရာ ထွက်လာသောအခါ နှင်းရည်စွတ်သော သစ်ရွက်များသည် ခြေဖဝါးရာအောက် တွင် အေးစက်ကျန်ရစ်ခဲ့သည်၊

သည့်နောက်ပိုင်း သူ့အား အတော်ကြာကြာ မတွေ့ဘဲ နေခဲ့သည် ရံဖန်ရံခါတွင် ဘာရယ်မဟုတ် ကျွန်တော့်ခြေထောက်တွေ လှည့်ဖျားခေါ်ဆော သဖြင့် ပန်းချီဆွဲရာ တောင်ကုန်းနှင့် အိမ်နီကြီးရှိရာ အနီးပတ်ဝန်းကျင် ကျွန်တော် ရောက်သွားတတ်သည်။

မြို့ထဲတွင် သူ့အေးနားမှာရှိသော ပုဂ္ဂိုလ်ကြီးများနှင့်စာလျှင် ကျွန်တော် မှာ ကလေးသာသာ ကစားစရာ အရုပ်ကလေးမျှသာ ဖြစ်သည်။ ထိုလူကြီး များ သူ့အနားတွင် ရှိနေသည့် အဖြစ်ကို ကျွန်တော် ဘယ်လိုမှ မကြည့်နိုင် တော့သဖြင့် သူ့အား တွေတွေဆိုင်ဆိုင် တွေ့ရမည့် နေရာကို ရှောင်တ လာသည်။ ကွယ်ရာမှသာ သူ့အား စူးစူးစိုက်စိုက် ကြည့်နေလိုသည်။ လေညင်း လေးတွေ သင်းပျံ့တဲ့ သစ်တောရနံ့တွေက ကျွန်တော့်ဆီ ဘာတွေ သယ်ဆော လာသလဲဆိုတာ ကျွန်တော် မသိနိုင်သော်လည်း ထိုနေရာတွေမှာမှ သူနှင်း နီးစပ်စွာ ရှိနေသည်ဟု ထင်မိခဲ့၏။

တစ်နေ့မှာတော့ မြက်ခင်းကို ဖြတ်ပြီး တောင်ကုန်းပေါ် တက်လာတဲ့ ဖြူလွလွ သူ့အရိပ်ကို ကျွန်တော် လှမ်းတွေ့ခဲ့ရသည်။ လူပုံက ပန်းနေသည် အပြုံးက နွမ်းနေသည်။ နှုတ်ခမ်းဆိုးဆေးရောင် တောက်တောက်ကြီးနှင့် မြ တာမဟုတ်၍ ဖြစ်နိုင်သည်။ သူ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် လျှောက် လာသည်။

သူ့ကို မြင်တဲ့ခဏမှာ သူ့ကို ငေးစိုက်ကြည့်တဲ့ အလုပ်ကလွဲလို့ ကျွန်တော် အခြား ဘာမှ မလုပ်လိုတော့၊ သူ့အား ဒီလိုမြင်လိုက်ရတာကို ကျေနပ်သလို၊ သူတောင့်တတာကို သူ့မျက်လုံးမှာ ကျွန်တော် မြင်ရသည်။ သူ့ကို စိတ်ချမ်းသာအောင် လုပ်ပေးနိုင်မည့်သူဟာ လောကကြီးမှာ ကျွန်တော် တစ်ယောက်ပဲ ရှိသည်ဆိုတာ ထိုခဏမှာ သိလိုက်သည်။

'မင်းပန်းချီဆွဲမယ် ထင်လို့ တို့လာတာ၊ တို့ တစ်နေ့လုံး ထိုင်ကြည့်နေ မယ်ကွာ'ဟု ဟန်ဆောင်ကာ ခပ်မြူးမြူးလေး ဆိုလိုက်သည်။ သို့သော် ကြာ ကြာဟန်မဆောင်နိုင်။





"တို့ ငြီးငွေ့တယ်၊ အိပ်ရာကနိုးတော့ တို့စိတ်ပျက်နေတာပဲ သိတယ်၊ နေရောင်ခြည်ဟာ တို့ပြတင်းပေါက်ကို မရောက်သေးဘူး၊ အဝေးက တောင် တန်းကြီးနဲ့ မြစ်လယ်က သောင်ပြင်ကြီးကို တို့ မြင်ရတယ်၊ အဲဒီသောင်ပြင် ပေါ် လျှောက်ပြေးချင်သလား တွေးမိတုန်း၊ တို့ဆန္ဒက မင်းပန်းချီဆွဲတဲ့အနား မှာ ထိုင်နေချင်တယ်ဆိုတာ သေသေချာချာ သိလိုက်တယ်"

ပြောပြီး ခဏအကြာမှာ လက်နောက်ပစ်ကာ လိမ်ဖယ်လိမ်ဖယ် လမ်း လျှောက်ရင်း သူမဟုတ်သလို အမူအရာဖြင့် နေသည်။ ဘာဖြစ်ရပြန်တာလဲ၊ သူပြောင်းလဲသွားတာကို ကျွန်တော့်စိတ်ကလည်း လက်ခံသည်။ ပြန်ပြော မိသည်။

"ကျွန်တော်က ပန်းချီဆွဲချင်တာပါ၊ ခင်ဗျားအနားထိုင်နေချင်တာ မဟုတ်ဘူး၊ အဲ ကျွန်တော့်ချစ်သူ လာထိုင်ရင်တော့ တစ်မျိုးပေါ့"

"မင်းတမင်သက်သက် ပိုပြောနေတာပါ"

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ သူ ဆတ်ခနဲ နောက်ပြန်လှည့်ကြည့်သည်။

'ဒါနဲ့ မင်းကိုယ့်ပုံကို မဆွဲချင်ဘူးလား' ကျွန်တော် မျက်လုံးလှန်ကြည့် တော့ အကြည့်ချင်းဆုံသွားသည်။

"ပုံတူ ဆွဲချင်တယ်၊ မင်းဆွဲပေးရမယ်"

"ဟင့်အင်း၊ ကျွန်တော် ပုံတူမဆွဲဘူး"

'ဘာရယ်၊ ဆွဲကြည့်စမ်းပါ၊ ဆွဲပြီးရင် မင်းလက်တောင် မင်းယုံမှာ မဟုတ်ဘူး၊ မင်းအခန်းထဲမှာ တို့တွေ့ခဲ့တဲ့ တစ်ခုတည်းသော ပုံတူက မင်း ချစ်သူ ဟုတ်လား၊ မင်း အကောင်းဆုံးဖြစ်အောင် ဖန်တီးထားရမှန်း တို့ သိပါတယ်။ တို့ပုံကို မျက်စိမှိတ်ဆွဲ' လက်ဖျောက်တစ်ချက်တီးကာ ကျွန်တော့် ကို ပြုံးထေ့ထေ့ ကြည့်သည်။

"သူ့ပုံထက် လက်ရာမမြောက်ရင် ဘာပြောပြောကွာ"

လာလှချည်လား၊ တင်လှချည်လားဟု သူ့အား စိုက်ကြည့်ရာ အေးစက် တောက်ပသော မျက်ဝန်းများကို ရင်ဆိုင်ရသည်။ ကျွန်တော် အရင် မျက်စိ လွှဲရ၏။

'တို့ ပြောစရာမလိုပါဘူး၊ မင်းကိုယ်မင်း သိပါတယ်'ဟု ထင်ဆင့်လာ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ မထိတရိ သူ့ခလသံက ကျွန်တော့်စိတ်ကို ကြောင်တောင်နှိုး
ငနေ၏။

'မခွဲပါဘူး' ဟု ကလေးစိတ်ဆိုးသည့် အမူအရာနှင့် ပြောမိသည်။
ကျွန်တော့်ဒေါသတွေ ချက်ချင်း အရောင်ညှိုးသွားသည်။ ကိုယ့်ကိုယ်ကို
မကျေနပ်၊ သူ့အပြုံးမှာ ကျွန်တော့်ကို တင်းချည်တစ်လှည့် လျော့ချည်တစ်လှည့်
ဖြစ်စေတတ်တာ ရှိနေပါလား၊ သူ့ရယ်သံက ကျွန်တော့်နောက်မှ လွင့်ပါ
လိုက်လာသည်။

သို့သော် သူ့ပုံတူ ပန်းချီကို တိတ်ဆိတ် ရင်ခုန်စွာပင် ကျွန်တော် ဆွဲ
မိရသည်။ သူ့မျက်နှာသည် ကျွန်တော့်စိတ်ထဲမှ ပုံကို ဖြန့်ချလိုက်သကဲ့သို့
ဖြစ်နေသည်ကို တအံ့တသြ တွေ့ရ၏။ ထိုရက်များအတွင်း ကျွန်တော့်ကိုယ်
ကျွန်တော် ဘဝသစ်ထဲ ရောက်နေသကဲ့သို့ ထင်သည်။ လက်တွေ့ဘဝနှင့်
ကင်းကွာ၍ အိပ်မက်တစ်ခုကို ဖြတ်ကျော်ရသလို ရှိ၏။ ကာလတွေကို မမှန်း
ဆမိ၊ အချိန်ရတိုင်း သူ့ကို စဉ်းစားကာ နေမိ၏။ သူ့ကို တွေ့ချင် မြင်ချင်
သည်။ သို့သော် အဝေးကြီး ဝေးနေသည်ဟုသာ ထင်တော့သည်။ ပန်းချီကား
ထဲမှ သူ့မျက်လုံးများသည်လည်း ကျွန်တော့်အား မိန်ဖျော့အားနည်းစွာ စိုက်
ကြည့်လျက်။

သည့်နောက်တွင် အချိန်အတော်ကြာ သူနှင့် ကျွန်တော် မဆုံစည်းဘဲ
နေသေးသည်။ သူ့အိမ်က ကိစ္စတွေ ပြီးစီး၍ ကျွန်တော်တို့မြို့မှ ထွက်သွား
သည့်အကြောင်း နောက်ကျမှ သိရသည်။ ကျွန်တော့်အားလည်း နှုတ်ဆက်
သွားခြင်း မရှိပါ။

ကျွန်တော် ပန်းချီဆွဲသည့်အခါ လေအေးများ ကျွန်တော့်မျက်နှာကို
ထိတွေ့သောအခါ ရံဖန်ရံခါ မြက်ပင်လေးများကို ငေးစိုက်ကြည့်နေသည့်
အခါ ဘာရယ်မဟုတ် သူ့အား ပြင်းပြင်းထန်ထန် သတိရတတ်သည်။

မြို့လယ် လူစည်ကားရာ၌ သီချင်းသံအချို့ကြားလျှင် လည်းကောင်း
...ားတဝီဝီနှင့် ဆူညံနေသည့် အချိန်အခါများတွင် လည်းကောင်း မြို့ထဲ
တစ်နေရာရာ၌ ကျွန်ကော့်အား တွေ့လျှင် မသိယောင် ဆောင်တတ်သည်ကို
မြင်ယောင်၏။ အချိန်...ာလတို့ ရွေ့လျောစီးမျောရာမှာ ကျွန်တော် အလိုလို
သင့်ပါရင်း အလွမ်း ...အဆွေး ကျောက်ဆောက်၏ ဒဏ်ချက် ပြင်းထန်ပုံကို





သာ အံ့သြတကြီး ဖြစ်နေမိတော့သည်။

တစ်နေ့မှာတော့ ကျွန်တော့်အဒေါ်က ပြောပါသည်။

"သားရေ၊ မင်းအဖေက မင်းကို စာရေးပြီးခေါ်တယ်။ မင်းကို မတွေ့
တာလည်း ကြာလို့ သိပ်တွေ့ချင်နေသတဲ့၊ သူက မအားလို့ ဘယ်လိုမှ မလာ
နိုင်ဘူးတဲ့"

အမေဆုံးမှ စာလာတိုင်း ကျွန်တော်ကိုယ်တိုင် မဖတ်တာ ကြာခဲ့ပြီ။

"ဟော ဟော့၊ မင်္ဂလာသတင်းတစ်ခုလည်း ပါသေးတယ်၊ မင်းအဖေက
တော့ တစ်သက်လုံး မင်္ဂလာယူနေတော့တာပဲ၊ အရင် အိမ်ထောင်နဲ့ ကွဲတာ
သုံးနှစ်လောက် ရှိမလားဘဲ၊ ကြားမှာ ယူမယူတော့ မသိဘူး၊ အခု အမျိုးသမီး
တစ်ယောက်နဲ့ လက်ထပ်လိုက်သတဲ့။ အသက်ကလည်း ကြီးလာပြီ။ ဒီတစ်ခါ
တော့ မြဲတော့မယ်နဲ့ တူပါတယ်။ မင်းကို လာစေချင်သတဲ့။

'သွားလိုက်ပါသားရယ်' အဒေါ်များက တိုက်တွန်းကြသည့်အပြင်
ကျွန်တော်ကလည်း အဖေ့ကို တွေ့လိုသည်က တစ်ကြောင်း၊ စိတ်ပြေလက်
ပျောက် တစ်နေရာရာခရီး ထွက်လိုစိတ် ရှိသည်က တစ်ကြောင်း လိုလိုလားလား
ခေါင်းညိတ်ကာ အဖေရှိရာ တောင်ပေါ်မြို့ကလေးသို့ သွားရန် ဆုံးဖြတ်လိုက်
သည်။

အဖေသည် မြို့ဆင်ခြေဖုံးရှိ ကျယ်ဝန်းသော ခြံကြီးနှင့် ခံ့ညားလှပသော
အိမ်ကြီးတစ်ဆောင်ကို ဝယ်ယူကာ ဇနီးအသစ်နှင့် နေထိုင်ပါသည်။

အဖေ့အား ကျွန်တော် တွေ့ရပါပြီ၊ အသက်အရွယ်နှင့် စာလျှင် အဖေ
သည် နုပျိုသည်ဆိုရမည်။ ဘဝမှာ အောင်မြင်နေသူ၏အပြုံးကို အဖေ့မျက်နှာ
တွင် တွေ့ရသည်။ အဖေ့ဘေးမှ အဖေ့ဇနီးကိုလည်း ကျွန်တော် တွေ့ရသည်။
အမျိုးသမီး၏ မျက်နှာသည် ကျွန်တော့်ကို မြင်သောအခါ သိသိသာသာ
သွေးဆုတ်ဖြူရော်သွားပါသည်။ သူ၏ ပွင့်အာလန်းဆန်းနေသော အညိုဖျော့ဖျော့
နှုတ်ခမ်းများ အံ့သြတကြီး ဖြစ်ကာ သူ့မျက်လုံးတို့လည်း တလက်လက် ဖြာ
လာပါသည်။

ကျွန်တော့်စိတ်ရုပ်လွှာကို ဖြန့်ချလိုက်တဲ့ ပန်းချီကားထဲက အမျိုးသမီး
ဟာ အဖေလက်ထပ်ယူလိုက်တဲ့ အမျိုးသမီးတဲ့လား၊ ကျွန်တော် ဘာစကားမှ
မဆိုနိုင်ဘဲ အတန်ကြာ မှင်တက် အံ့သြနေမိသော်လည်း အပြုံးအပျက်တို့



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲ လှည့်ဖျားတတ်သည်ကို ချက်ချင်း သဘောပေါက်လိုက်ရသည်။

နှင်းလွှမ်းသော မနက်ခင်းသည် လှပ၏။ နှင်းငွေ့မှုန်ထဲ နေရောင်ခြည်နှ ထိုးဖောက်ဖြာဆင်းလာလျှင် ပျောက်ဆုံးသွားသော အရာတစ်ခုကို ရမည်လို ဝိုးတဝါးနှင်းငွေ့ထဲ ကျွန်တော် ငေးစိုက်နေတတ်၏။ အဖေ့ခြံထဲ၌ ခံ့ညားထည်ဝါသော အိမ်ကြီးသည်လည်းကောင်း၊ သဘာဝနှင့် ယှဉ်၍ လှပအောင် မွမ်းမံထားသော ပန်းခြံသည် လည်းကောင်း၊ ပတ်ဝန်းကျင် အလှအပ တို့ကို ဘယ်နေရာက ကြည့်ကြည့် လှပအောင် အားဖြည့်နေသည်။

တစ်ချိန်ကျလျှင် ဤအိမ်ကြီးကို အကောင်းဆုံး ရှုထောင့်မှ ဆွဲသော ပန်းချီကားတစ်ချပ် သူလိုချင်လာဦးမည်လား၊ ထိုသို့ လိုချင်လာလျှင်လည်း ဒီတစ်ကြိမ်မှာ ကျွန်တော့်အား ဆွဲခိုင်းမည်တော့ မထင်ပါ။

အနုပညာကြေးမုံမဂ္ဂဇင်း၊ ၁၉၉၈ခု
ဇူလိုင်လ၊ အမှတ် (၂၅)



www.burmeseclassic.com

www.burmeseclassic.com

## တစ်နေရာတည်း၌ ရပ်တန့်ခြင်း

ကျွန်မ သွားနေကျ နေရာများမှ သွေဖည်၍ ထွက်လာခဲ့ခြင်းမှာ တောင်ကုန်းပေါ်ရှိ တဲသို့ သွားရန် ရည်ရွယ်၍ ထွက်လာခဲ့ခြင်းမဟုတ်ပါ။ အကြောင်းအားလျော်စွာ သူနေထိုင်သည့်တဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ပါ သည်။ တကယ်တော့ သူနှင့် တွေ့ဆုံရခြင်းသည် ကျွန်မအဖို့ အမြဲ အမှတ်ရစရာတစ်ခုပင်။

ကားလမ်းနံဘေးတွင် တည်ရှိသော အပင်အုပ်အုပ်နှင့် ဒီတောင်ကုန်း နေရာကို ကျွန်မ ဆွေမျိုးများရှိသည့် ရွာသို့ သွားတိုင်း သတိပြုမိနေသည်။ ဖြတ်သွားနေကျနေရာ ဖြစ်သော်လည်း တစ်ခါမှ သူ့ဆီကို မဝင်ဘူး၊ ဒီနေရာ တွင် သူရှိမှန်းလည်းမသိ၊ အထူးသဖြင့် ကားပေါ်က လှမ်းကြည့်ရင် ခနိရည် ဆောင်းတဲ့ တဲလို့ ကျွန်မ သိထားတဲ့၊ အမူးသမားတွေ ဝင်ထွက်နေတဲ့နေရာမှာ အမျိုးသမီးတစ်ယောက်တည်း ခနိရည်ရောင်းနေမှန်း ကျွန်မ မသိပါ။

ထိုနေရာသည် အရိပ်အာဝါသကောင်းသော အပင်ကြီးများ ရှိသဖြင့် ခရီးသွားများ နားနေတတ်ကြသည်။ ညနေစောင်းအချိန်များ၌ ခရီးသွား ယောကျ်ားများ နီးစပ်ရာရွာများမှ မြို့သို့ အလုပ်ဆင်းရသော အလုပ်သမားများ ရုံးဝန်ထမ်းများ အိမ်ပြန်ချိန်ဖြစ်သဖြင့် ခရီးတထောက် အမောပြေ အပန်းပြေ ခနိရည်ဝိုင်းဖြင့် စကားပြောကောင်းသော နေရာဖြစ်သည်။ ကျွန်မ သတိထား မိသလောက် ထိုနေရာသည် ဘယ်တော့မှ ဆူဆူညံညံ ရန်စပွားလေ့ မရှိတတ်ပေ။

www.burmeseclassic.com



လူတွေ၏ မျက်စိအောက်မှ ရှောင်ကွင်းလိုသော ကျွန်မဟာ လူ့အသိုင်းအဝိုင်းနှင့် ဝေးရာ ဆိတ်ငြိမ်သည့် နေရာတွေကို ရှာဖွေ၍ အချိန်ဖြုန်းခဲ့သည်မှာ ကြာပါပြီ။

လူမစည်ကားသေးသည့် နေ့လယ်ခင်းအချိန်များတွင် သူ့ထံ ကျွန်မ သွားရောက်လည်ပတ်နေလေ့ရှိ၏။ ကျွန်မအဖို့ တဒင်္ဂစိတ်ချမ်းသာစရာတစ်ခု ဖြစ်နေပါသည်။

အကြိမ်ပေါင်းများစွာ ခြေရာထပ်ခဲ့သည့် ပင်လယ်ကမ်းခြေလို နေရာ ကျွန်မ ဆွေမျိုးတစ်စု နေထိုင်ရာ ရွာအပါအဝင် အခြားမည်သည့်နေရာကို မှ ခြေဦးမလှည့်ချင်တော့။

မြင်းထန်သော ပင်လယ်ပြင်ကို ကြည့်၍ လည်းကောင်း၊ ရွှန်းဘေား စိမ်းမှောင်ငြိမ်သက်သော ချောင်းရေပြင်ကို ကြည့်၍ လည်းကောင်း၊ နာရီပေါင်းများစွာ ထိုင်ခဲ့ဖူးပြီးနောက် ရေနှင့် နီးနီးကပ်ကပ် နေရမှာကို ကျွန်မ ကြောက်လာပါသည်။

ပင်လယ်ကမ်းစပ်က လှိုင်းသံ၊ တစီစီ အော်မြည်ပြီး နားထဲ ဖြတ်ပြေးသွားသည့် ပင်လယ်လေတိုက်သံ တိုးတိုးပွက်ပွက် ညည်းညူတောင်းဆိုတတ်သည့် ကျောက်ကြိုကျောက်ကြားက ရေတိုးသံတွေ စတဲ့ အရာအားလုံး ဘာကိုမှ ကျွန်မ သည်းမခံနိုင်တော့၊ အနှစ်သာရမဲ့တဲ့ ဖြူလွလွသောင်ပြင်ကြီးကိုလည်း ကျွန်မ ခြေမချချင်တော့။

တကယ်၊ တကယ့် ဘာမှ အဓိပ္ပာယ်မရှိတဲ့ ပင်လယ်ကြီးပေါ့။ ကျွန်မတို့ ဘာဖြစ်ဖြစ် သူက သူ့တရားနှင့် သူနေသည်။ သူ့ရေလှိုင်းတွေက ကမ္ဘာတည်စကပဲ ဒီလို တငြိမ့်ငြိမ့်ခုန်နေခဲ့သည်မှာ ကမ္ဘာပျက်သည်ထိ ဒီအတိုင်း သွားပေမည်။ မည်သည့်အရာကိုမှ သူဂရုမစိုက်၊ မိုးကောင်းကင်က တိမ်ဖြူလွှာတွေကလည်း ကျွန်မကို ငုံ့သာကြည့်သည်။ မမြင်။ လောကကြီးမှာ ကျွန်မတစ်ယောက်တည်းလား၊ ကျွန်မအတွက် ကြိုးစလေးတစ်မျှင်တောင် ရစ်ပတ်စရာ မရှိတော့ဘူးလား။ ကျွန်မတို့ကို စောင့်မျှော်နေတဲ့ တစ်စုံတစ်ရာ ရှိသလား၊ လူတွေ ဘာကြောင့် အသက်ရှင်ကြရသလဲ၊ ဘယ်အရာကမှ လူတွေအတွက် ပြည့်စုံခြင်းကို ဖန်တီးပေးနိုင်ခြင်း မရှိပါ။

အသည်းနှလုံးတစ်စုံ လန်းဆန်းနိုးထ၍ တေးဂီတသည် ရှိုမြိန့်မည်။



ဘဝကို ရင်ခုန်စရာ ကဗျာတစ်ပုဒ်လို ဖတ်ရမည်။ တောတောင်ရေမြေ သဘာဝအလှတွေ၊ မြက်ပင်လေးတစ်ပင် ဒါမှမဟုတ် သစ်ခြောက်ပင်ကြီးတစ်ပင်၊ သူတို့မှာရှိတဲ့ အလှနဲ့ ကျွန်မကို ဖမ်းစားမည်။ ကျွန်မ စိတ်တွေ နူးညံ့ပျော့ပျောင်းနေခဲ့သည်။ အချစ်ကို သိသည်။ ချစ်သောသူကို ပိုင်ခဲ့သည်။ ဒါဟာ အနှစ်သာရလား။ ဘဝမှာ ကြီးကျယ်ခမ်းနားသူအဖြစ် မိမိသည်သာ မိမိဘဝ၏ အရှင်သခင်အဖြစ် လူအဖြစ်မှာ အနှစ်သာရ ရရှိခြင်းသည် ဘဝမှာ တစ်ခဏသာ ကျရောက်ခဲ့သည်။ ထိုခဏသည် တိုတောင်းလှ၏။

ဘဝကို အယုံအကြည်ကင်းမဲ့လာ၏။ အနှောင်အဖွဲ့အားလုံးကို စွန့်ပစ်ရဲသည့် သတ္တိလည်း ကျွန်မမှာ မရှိ။ စိတ်ဓာတ်ကျဆင်း စိတ်လေနေသည့် မိန်းမတစ်ဦးကိုတော့ ကြောက်ရကောင်းမှန်း သိသည်။ သို့သော် ကျွန်မ၏ ဆင်ခြင်တုံတရားတွေ ကျွန်မထံမှ အဝေးသို့ ထွက်ပြေးခြင်း မရှိသေးပါ။ လောလောဆယ်တွင် ထွက်ပေါက်တစ်ခုကိုတော့ ကယ်တင်ရှင်အဖြစ် တောင့်တနေပါသည်။

•

ယောက်ျားတစ်ယောက် ဖောက်ပြန်ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုလား၊ လောကကြီးသည် မကောင်းသည့်ဘက်သို့ ဖောက်ပြန်ပျက်စီးရန် အမြဲတစေ လျက် ရှိသည် ထင်၏။ လင်ယောက်ျား ဖောက်ပြန်သည်ကို သိသိကြီးနှင့် ကြိတ်မှိတ်မျိုသိပ်နေရသော အိမ်သူ မိန်းမတစ်ယောက်၏ ခံစားမှု အုံကြွပေါက်ကွဲခြင်းသည် အကောင်းဘက်သို့ ဦးမတည်နိုင်။

ကျွန်မတို့ နှစ်ဦး ညီမျှစွာ စတည်ခဲ့သည့် အချစ်ဆိုသော အရာသည် ဘယ်ဆီရောက်နေပြီလဲ။ ကျွန်မတို့ကြားမှာ ဟန်ဆောင်ဆက်ဆံမှုသည်သာ ထင်ထင်ရှားရှား ကျန်ခဲ့သည်။

သူ ညဉ့်နက်သန်းခေါင် အိမ်ပြန်လာတဲ့နေ့တွေမှာ ဘယ်သွားနေလဲ လို့ ကျွန်မ မမေးဘူး။ ပင်ပန်းနွမ်းနယ်ရတဲ့ တစ်နေ့တာအတွက် ကျွန်မ အရိပ်ဟာ သူ့အတွက် အေးမြလိမ့်မည်။ ကျွန်မ ရင်ခွင်သည်သာ သူ့အတွက် နားခိုရာဟု ရိုးသားစွာ ယုံကြည်နေခဲ့သည်။ ဒါပေမဲ့ ကျွန်မရဲ့ ရှိုမြိန်မှုမှာ သူ ဘယ်လောက် ခါးသီးခဲ့ပြီ။ ဘယ်အချိန်ကစပြီး ခါးသီးခဲ့ပြီကို ကျွန်မ မသိ။

ခွင်သစ်ကြိုင်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အပြင်က ဇာတ်လမ်းကို ကျွန်မ သိသည်မှာ မကြာသေးပါ။

အစုတလော သူ့အမူအရာတွေ မျက်ယွင်းလာသည်မှာ သူတို့ တိ
တိတ်ပုန်းဇာတ်လမ်းကြာခဲ့သည်နှင့်အမျှ လူပြောများလာသည့်အလျောက် ကျွ
သိနေမည်ဟု ရိပ်စားပြုသောကြောင့် ဖြစ်သည်။ ကျွန်မ သူ့အပေါ် ယုံကြ
လေးစားထားသမျှကို သူသည် အလွဲသုံးစား လုပ်နေခြင်းပင်။

ခွင့်လွှတ်ခြင်းဆိုသည့် စကား၏ အတိုင်းအတာတစ်ခုကို/ကျွန်မ
လည်းကောင်း၊ ကျွန်မ၏ ဂုဏ်သိက္ခာနှင့်လည်းကောင်း တိုက်ရိုက်ပတ်သ
နေသူဖြစ်သဖြင့် သူ့အား အပြစ်တင်လိုခြင်းထက် ခွင့်လွှတ်ရန် ကြိုးစား
သည် နာကြည်းစရာကောင်းနေ၏။ ထိုခွင့်လွှတ်ခြင်းသည် သူ့အဖို့ အခွင့်အ
များ ထပ်မံရရှိစေကြောင်း ဖြစ်သည်ကိုလည်း ကျွန်မနောက်ကျပြီးမှ သိရ
ပါသည်။

ကျွန်မတို့သည် တစ်အိမ်တည်းတွင် အတူနေလျက် အဝေးကြီးတေ
နေ၏။ ကျွန်မ သူ့အား ဘာမှမပြော ထိုကိစ္စများနှင့် ပတ်သက်၍ ရေငုံ
ပိတ်နေသည်။ သူကလည်း မသိလိုက်၊ မသိဘာသာနေသည်။ ဟန်ဆောင်
သည်။ ကျွန်မ၏ မျက်လုံးကို ရှောင်ကွင်းဖို့ သူက အမြဲ ကြိုးစားနေရှ
ကျွန်မ သိသည်။

တစ်နေ့မှာတော့ သူက မေးပါသည်။ ကျွန်မတို့ အကြား အေးစေ
သော ဆက်ဆံရေးအတွက် သူဟန်ဆောင်ခြင်းသာ ဖြစ်သည်။ သူ့ကိုယ်
မလုံတာလဲ ပါပေမည်။ အလုပ်နှင့် ပတ်သက်၍ ပြောစရာရှိတာ ပြော
နောက်–

"ကို့ကို မင်း ဘာပြောစရာရှိသေးသလဲ"

ကျွန်မ အပြောကို သူစိတ်လှုပ်ရှားစွာ စောင့်နေပါသည်။ ကျွန်
အော်ဟစ်ပေါက်ကွဲပြီး သူ့ဇာတ်ကြောင်းကို ကျွန်မ သိသလောက် ဖွင့်ဟပြေ
ဆိုရန်တွေ့ပစ်လိုက်မယ်ဟု သူထင်နေမလား မသိ။ ဝေးပါသေးသည်။

"ကို့ကို ပြောစရာတွေများလို့ ဘယ်က စပြောရမှန်းမသိ ဖြစ်နေတ
ကျွန်မ မြို့သွားတာ လမ်းမှာ ကားပျက်တဲ့အကြောင်း ပြောရဦးမယ်။
ပြောသလို ကားကို အနည်းအပါး စိတ်ဝင်စားထားခဲ့ရင် လမ်းလျှောက်ရ
မဟုတ်ဘူး။ မြို့အဝင်ရောက်နေလို့ တော်သေးတာပေါ့။ မြို့ထဲရောက်မှ



* ကျွန်မနေရာသည်သာပါသည်။သထည်



နဲ့က ကောင်လေးကို လွှတ်လိုက်ရတယ်။ ပြီးတော့ ခြံထဲက အလုပ်သမားတွေ
လခရှင်းဖို့ ကို့ကို မပြောရသေးဘူး။ လောလောဆယ် ကျွန်မလုပ်တဲ့ စာရင်း
တွေ ကျွာနေတာကို ကြည့်ပေးပါဦး။"

သူမျှော်လင့်ထားသည့် စကားများ မဟုတ်၍ သူ အနည်းငယ် မှုပျက်
သွားသည်။ ကျွန်မ စွပ်စွဲလျှင် ကျိုးကြောင်း ခိုင်လုံအောင် ပြန်ပြောမည့်
ရွေးချယ်စီစဉ်ထားသော သူ့စကားတွေကလည်း အနည်းငယ် လွဲချော်သွား
ပုံရသည်။

အိမ်တွင် နှစ်ယောက်တည်း တွေ့ဆုံချိန်မှာလည်း ဝတ်ကျေတမ်းကျေ
သာ စကားပြောဖြစ်သည်။ ကျွန်မ သူ့အား ပုံမှန်အတိုင်း စကားပြောဆို
ဆက်ဆံဖို့ ကိစ္စသည် အင်မတန် ခက်ခဲလာသည်။ သူပြန်လာချိန်မှာ ကျွန်မ
ရှိမှန်းတော့ သိအောင် စကားလည်း မပြောဖြစ်အောင် သူဝင်လာမည့် တံခါး
ပေါက်ကို ကျောပေးထိုင်၍ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ကြည့်ရှုနေ
ပေမည်။ သူကလည်း အလိုက်တသိ ဟန်မျိုးဖြင့် ကျွန်မရှိရာ ရှောင်ကွင်း၍
သွားတတ်သည်။

သူရေမိုးချိုးပြီး၍ အောက်ထပ်ဆင်းလာလျှင် ထမင်းစားခန်းဝမှနေ၍
ကျွန်မက မေးမည်။

"ထမင်းစားခဲ့ပြီးပြီလား"

'ပြီးပြီ' ဆိုသည့်စကားကို သူက မျက်နှာခပ်လွှဲလွှဲထား၍ ပြောမည်။

ပြီးလျှင် သူသည် လျှင်မြန်စွာ နှမ်းနယ်ပင်ပန်းစွာ အိပ်ရာဝင်ပေမည်။
မနက်တွင် ကျွန်မ အိပ်ရာမှ မထမီ သူသည် အပြင်အလုပ်ခွင်သို့ ရောက်
သွားပြီဖြစ်သည်။ ကျွန်မတို့ မျက်နှာချင်းဆိုင်သည့် အချိန်သည် မရှိသလောက်
နည်းလာ၏။

ဖေဖေကလည်း အသက်အရွယ် ကြီးလာသည်နှင့်အမျှ ယခင်ကကဲ့
သို့ လုပ်ငန်းများကို ဦးဆောင်နိုင်စွမ်း မရှိတော့။ ကျွန်မက စာရင်းဇယားများ
ကို နိုင်အောင်ကြည့်ရသည်။ သူ့မှာလည်း သစ်ကိစ္စ၊ ပွဲရုံကိစ္စများအပြင်
ဖေဖေ၏ စက်လှေများ၊ အဝေးပြေးဂိတ်မှ မော်တော်ကားများနှင့် မအားလပ်
အောင် ဖြစ်ရသည်။ မကြာခဏ ခရီးထွက်ရသည်။ အိမ်မှာ အနေနည်းသည်။
အလုပ်ကိစ္စကို အကြောင်းပြ၍ သူသွားလာနေသည့် ကျွန်မ မသိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေက အများကြီး ရှိသည်။

ငွေကြေးများစွာ ကိုင်တွယ်၍ စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ဆေ သည့် ယောကျ်ားတစ်ဦးအဖို့ အိမ်နှင့် ကင်းကွာနေသည့် လွတ်လပ်ခြင်းကို ကျွန်မ မေ့လျော့နေပါသည်။

သူငယ်ချင်းများ၏ သတိပေးစကားများကိုပင် ရယ်မောလှောင်ပြောင် ခဲ့ပါသည်။

“လူဆိုတာကတော့ ပြောကြမှာပဲကွာ၊ အကောင်းပြောတာလည်း ရှိ မယ်။ အဆိုးပြောတာလည်း ရှိမယ်။ ကိုယ် ဂရုမစိုက်ပါဘူး၊ ကိုယ်တို့တစ် ယောက်အပေါ်တစ်ယောက် ယုံကြည်မှုရှိရင် ပြီးတာပဲ”

ကွယ်ရာမှာ ဘယ်လောက်လှောင်ရယ်စရာ ကောင်းလိုက်လေမလဲ လူတွေ လှောင်ရယ်စရာကောင်းအောင်ပင် ကျွန်မ ရိုးသားနေခဲ့သည်။ သူနှင့် တကွ ချစ်ခြင်းမေတ္တာကို ယုံကြည်မှု ပိုနေခြင်းပင်။

နောက်များ မကြာမီ ကျွန်မ၏ ညီမဖြစ်သူကပါ စိုးထိတ်စွာ သတိ ပေး ပြောဆိုလာ၏။

“ဟုတ်တယ် မမရဲ့၊ သူတို့ တကယ်ဖြစ်နေတာ၊ အလုပ်ချင်းကလည်း ဆက်စပ်နေတယ်လေ၊ ကိုလတ်က အိမ်တွေ ဘာတွေတောင် ဝယ်ပေးထား တာတဲ့။ သူတို့အဖေကြီး ဆုံးပြီးကတည်းက သူတို့မိသားစု စီးပွားကျနေတာ ကိုလတ်ပဲ အဖတ်ပြန်ဆယ်ပေးထားတာ၊ မမ မသိဘူးလား၊ သူတို့ချင်းလည်း ငယ်ငယ်က ဇာတ်လမ်းရှိခဲ့ဖူးတယ်ဆိုလားပဲ။ ကိုလတ်က ငယ်ငယ်ကတည်းက အဲဒီမြို့က သူ့ဘွားအေတွေဆီမှာ ကျောင်းနေခဲ့တာ အဲဒီမှာ သူတို့အကြောင်း တစ်မြို့လုံး ဟိုးဟိုးကျော်နေပြီ”

သူ့စကားတွေကို ကျွန်မ ဆုံးအောင် နားထောင်နိုင်စွမ်း မရှိတော့

“ငါ ဘာလုပ်ရမလဲ”

အားငယ်စွာ တုန်လှုပ်စွာ မေးမိသည်။

ထိုအခါမှ ယခင်က မသိလိုက် မသိဘာသာရှိသော သူ၏ ပျက်ယွင်း မှုများကို သတိပြုမိလာသည်။ ပထမဆုံးအကြိမ်အဖြစ် သူ့အား သူမဟုတ် သည့် တစ်စိမ်းတစ်ယောက်ဟု ထင်မြင်လာသည်။ ထိုသူသည် ကျွန်မ၏ ရိုး သားခြင်း၊ ယုံကြည်လေးစားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း စသော ကျွန်မ တန်ဖိုး





ထားသည့်အရာမှန်သမျှကို ကျွန်မ၏ ငွေကြေးဥစ္စာ ပုံပေါ်မှနေ၍ တစ်စစီ ဆွဲကိုက်ချိုး ဖျက်ဆီးနေပါသည်။

ထိုသူအား မှန်းတီးစွာ ကြည့်ဖို့ ကြိုးစားတိုင်း သူ့အရိပ်သည် ဂယက် ထသည့် ရေပြင်မှာလို မှုန်ဝါးပျက်ပြယ်လျက် ရှိ၏။ ထိုလှိုင်းဂယက်တွင် ကျွန်မကိုယ်တိုင်နှင့်တကွ ကျွန်မ အသည်းနှလုံးကိုပါ ပင်ပန်းကြီးစွာ တွေ့ရသော အခါ ကျွန်မ အထိတ်တလန့် အော်မိမတတ် ဖြစ်ရသည်။

*

ထိုထိုးခြင်းကို ကျွန်မ အယုံအကြည်မရှိခဲ့။ တစ်ခါမှ ထိမပေါက်ဖူး ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ထိုးပြီးသည့် ထိလက်မှတ်ကို ပေါက်လိမ့် မည်ဟုလည်း တစ်ခါမှ တကိုတသေ သိမ်းဆည်းထားခဲ့ခြင်းလည်း မရှိ။ ထိ ပေါက်စဉ်နှင့် စနစ်တကျ တိုက်ဖူးခြင်းလည်း မရှိ၊ အပေါင်းအသင်းများက နင်နဲ့ငါ ထီစပ်ထိုးရအောင် နေ့နံသင့်တယ်ဆိုလျှင် စပ်ထိုးလေ၊ ငါဘယ်လောက် ပေးရမလဲပြောဟု ခပ်လွယ်လွယ်ပင် လိုက်လျောခဲ့သည်။ အယုံအကြည်မရှိ သည်က အမှန်ပင်။ ထိပေါက်ရလောက်အောင် ကံကောင်းသည်ဟုလည်း ကျွန်မကိုယ် ကျွန်မ မထင်ပါ။

ကိုယ်ထိုးလိုက်သည့် ထီသည် ပေါက်မည်လား။ ကိုယ်ဟာ ကံကောင်း မည့်သူလား။ ကံဆိုးမည့်သူ့လား၊ မည်သူမှ တပ်အပ်မသိနိုင်ပေ။ ကိုယ့်ကုသိုလ် ကံကိုသာ သံသယဖြစ်ကာ နေကြရသည်။

လက်ထပ်ထိမ်းမြားခြင်းသည် ထီထိုးခြင်းနှင့် အလားသဏ္ဌာန်တူသည် ပင်၊ သို့သော်လည်း ထီမပေါက်ခဲ့လျှင် ကတိလက်မှတ်ကို ဆုတ်ဖြဲပစ်ရုံသာ ရှိသည်။

မိမိ၏ အစီအစဉ်တကျ ဖြစ်နေသော ဘဝမှာ မသင့်လျော်ဆုံးနည်း ဖြင့် ကမောက်ကမ အရှက်ကွဲရသူ၏ အဖြစ်ထက်ဆိုးတာ အခြား ဘယ်မှာ ရှိမည်နည်း။

ဖောက်ပြန်သည့် လင်ယောကျ်ား၏ ဇနီးမယားအဖြစ်ကို ဘယ်ပုံဘယ် နည်း အဖတ်ပြန်ဆယ်မည်နည်း။ ဤကဲ့သို့ အဖြစ်မျိုးကို အခါများစွာကြား ခဲ့ပါသည်။ ကျွန်မ စာနာစိတ်ဖြင့် သနားကရုဏာ သက်ခဲ့သော မိန်းမများ



www.burmeseclassic.com

www.burmeseclassic.com



လည်း မနည်းတော့။ သို့သော် ဤအဖြစ်မျိုး ကျွန်မကိုယ်တိုင် တွေ့ကြုံရ
ဟူသော အတွေးသည် အလွန်ဝေးကွာသော နေရာမှာသာ ရှိခဲ့၏။

ယခုမူ ကျွန်မဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြေးလာနေသည်
ရှောင်လွှဲ၍မရ၊ ရပ်ကြည့်နေရ၏။ အဆိုးဝါးဆုံးသော ခံစားမှုသည် ဒီနေရာ
တည်နေသလား၊ ကျွန်မ တစ်ခုခု စိတ်လိုက်မာန်ပါ မလုပ်မိအောင် အချိန်တိုင်
ဆင်ခြင်နေရသည်။ အနည်းဆုံး သူ့ရှေ့မှာ မပေါက်ကွဲမိအောင် တင်းကြပ်
ဆင်ခြင်နေရသည်။ ပျော်ရွှင်ခြင်းဟာ ဘယ်က လာသလဲ၊ ဘယ်ကို ဦးတည်
နေသလဲ၊ ဒီအချိန်မှ ကျွန်မအတွက် အဖြေမရှိ။

*

မနီရည်ရောင်းသည့် အမျိုးသမီးကြီးနှင့် သိကျွမ်းခင်မင်ရခြင်းသည်
ကျွန်မ အတန်ငယ် စိတ်သက်သာရာရခြင်း၏ အကြောင်းရင်း ဖြစ်သည်
သူ့ဆီသို့ ဒုတိယအကြိမ်ရောက်သည်ထိ ကျွန်မ မနီရည်သောက်ကြည့်ရကောင်း
မလား မစဉ်းစားမိသေးပါ။ သူ့ကိုတော့ နှစ်ပေါင်းများစွာ ရောင်းချလာသည်
အမှု ဖွဲ့နေလောက်ပြီဟု ထင်ထားသည်။ သို့သော် အထင်နှင့် အမြင် တခြ
စီပင်။

သူသည် ကျွန်မနှင့် ရင်းနှီးလာပြီးနောက် သူ့အလုပ်ကို တော်တော်စိ
ပျက်ကြောင်း ဖွင့်ဟညည်းညူ စပြသည်။

"ငါ ထမင်းစားဖို့လိုလို့ ဒါကို လုပ်နေတာ ဒီအရည်တွေကို သိပ်မုန်း
တာ"

သူ့တဲရှေ့ ကားလမ်းတစ်နေရာတွင် ကျွန်မ ကားပျက်သွားစဉ် သူ
ခြံစည်းရိုးနားမှ တစေ့တစောင်း အကဲခတ်ရင်း ကျွန်မအား အရိပ်မှာ ဝင်န
ဖို့ ခေါ်ပါသည်။

"အပြင်မှာ နေပူပြင်းလွန်းတယ်၊ လာ အရိပ်ထဲ ဝင်နားနေပါလား"

ကျွန်မက သူ့တဲသို့ ဝင်ရန် ခပ်တွန့်တွန့် ဖြစ်နေ၏။

သူက တစ်ချက်မှ မပြုံး၊ လေသံက တိုးကာ သိုသိပ်သည်။ နှုတ်ခ
အရစ်ကြောင်းများတွင် ကွမ်းတံတွေးတွေ စိမ့်၍ နီရဲလျက်ရှိရာ သူသ
ကွမ်းကို အဆက်မပြတ် ငုံတတ်ပုံရသည်။ သူ့မေးရိုးတွေ သွားတွေ ယခု





အောင် ကောင်းကောင်းခိုင်မာနေသေးပုံပေါ်သည်။

သူ့အသားမှာ အတော်ညိုသည်။ သူ့အဝတ်များမှာ ဟောင်းနွမ်း ၍ အလွန်ပါးလွှာလျက် ရှိကြသည်။ ခေါင်းတွင် ဆံပင်အဖြူနှင့် အမည်းဆတူရော လျက်ရှိသည်။ ရှည်ချွန်းသော မျက်နှာပုံတွင် ရှည်လျားထင်ပေါ်သော နှာခေါင်းနှင့် သေးငယ်စူးရှသော မျက်လုံးများရှိသည်။ ဘာကိုမဆို တည်တည်တင်းတင်း မတုန်မလှုပ် စောင့်ကြည့်တတ်မည့် မျက်လုံးမျိုး ဖြစ်သည်။

ကျွန်မတို့နှစ်ယောက် တွေ့ဆုံသော ပထမအကြိမ်သည် မည်သည့် သူစိမ်းတစ်ရံဆံနှင့်မဆို စကားလက်ဆုံကျ၍ ရသည့် အကြောင်းများ ပြောဆို ရင်း ရောက်တတ်ရာရာ အချိန်ကုန်ခဲ့သည်။ ကျွန်မတို့သည် တဲအနောက်ဘက် မကျည်းပင်အောက်၌ အေးဆေးစွာ ထိုင်နေတတ်ကြသည်။ စကားတစ်ခွန်း နှစ်ခွန်းပြောဆိုပြီး ကြာမြင့်စွာ တိတ်ဆိတ်နေသည်က များသည်။ သူသည် လည်း စကားနည်းသူတစ်ဦးပင်။

ကြာသော် ကျွန်မ တစ်ခုခုဖြစ်နေတာ သူရိပ်မိလာသည်။ ရံဖန်ရံခါ ကျွန်မ မျက်လုံးများ စိုစွတ်လာလျှင် သူသည် အလိုက်တသိပင် တိတ်ဆိတ် စွာနေ၏။ ကျွန်မ သတိပြန်ဝင်က သူ့ကို အားတုံ့အားနာကြည့်မိလျှင် သူ သည် ရီဝေစွာပင် အဝေးသို့ ငေးကြည့်နေတတ်၏။

တစ်ကြိမ်မှာတော့ ကျွန်မ မူးရစ်ရီဝေနေခြင်းအားဖြင့် အားလုံးကို မေ့ ထားနိုင်မလား စမ်းကြည့်ချင်လာသည်။ သို့နှင့် ကျွန်မ၏ အဖော်အား—

'ကျွန်မ မူးလိုက်ရင် ကောင်းမလား'ဟု ကောက်ကာငင်ကာ မေးလိုက် မိသည်။ သူက ရယ်သည်။

"ဘာလုပ်မှာလဲ မိန်းကလေးရယ်၊ စိတ်ညစ်စရာကို ဒီနည်းနဲ့ ဖြေ ဖျောက်တာ ငါတော့ မကြိုက်ဘူး။ ပျော်ရွှင်ခြင်းဆိုတာ ဘယ်မှာမှ မရှိဘူး။ ကိုယ့်ကိုယ်ထဲမှာပဲ ရှိတာ။ မင်းမှာ စိတ်ဆင်းရဲစရာ ရှိတယ်ဆိုတာ ငါသိပါ တယ်"

ကျွန်မ မျက်လုံးတွင် ရစ်ဝိုင်းနေသော မျက်ရည်ဥများ ပါးပြင်ပေါ် သို့ လိမ့်ဆင်းလာသည်။ သူ့ဆီမှ အကြည့်ကို လွှဲဖယ်ရင်း ကျွန်မကိုယ် ကျွန်မ ဘာဖြစ်သွားလည်း ရုတ်တရက် စဉ်းစား၍မရ။

ဟင့်အင်း၊ ကျွန်မအကြောင်း သူသိလို့ မဖြစ်သေးဘူး။ ရှက်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိန်ချန်ထားလိုစိတ် ရှိသေးသည်။ စားပွဲပေါ် တတောင်ဆစ်ထောက်ပြီး လက်ဖဝါးပေါ် မျက်နှာမှောက်ကျကာ ကျွန်မ တိတ်ဆိတ်စွာ ငိုရှိုက်မိသည်။ သူ ကျွန်မအနီးမှ ဖြည်းညင်းစွာ ခွာသွားသည်။

*

နောက်တစ်နေ့ နေ့လယ်တွင် သူ့တဲ၌ ကျွန်မတို့ အေးဆေးစွာ စကားပြောလျက်ရှိသည်။ သူမနက်စာ စားနေသော ဝါးကွပ်ပျစ် ထမင်းစားပွဲရှေ့တွင် ကျွန်မထိုင်နေသည်။ သူသည် အနားပဲ့နေသောကြွေရည်သုတ် ပန်းကန်ပြားတွင် ပြည့်မောက်အောင် ထည့်ထားသည့် အေးစက်နေသော ထမင်းကြမ်းကို ငါးပိစော်နံလှသော ဟင်းတစ်မျိုးတည်းနှင့် နယ်ဖတ်စားနေလေသည်။ ရေတွင်းသီးရောင်ဖြင့် ထမင်းသည် ရဲရဲနီနေ၏။ လက်ဖက်ခြောက်ကျကျကြီး ခတ်ထားသော ရေနွေးကြမ်းပူပူကို တဖူးဖူးမှုတ်ကာ သောက်လိုက်၊ ထမင်းတလုတ်စားလိုက်နှင့် အားရပါးရ ရှိလှသည်။

မနက်က ကျွန်မအတွက် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသော ထမင်းပွဲမှာ မြိန်မြိန်ယှက်ယှက် မစားနိုင် မသောက်နိုင်ဖြစ်ခဲ့သည်ကို မြင်ယောင်သည်။

သူ ထမင်းစားနေသည့် အချိန်အတောအတွင်း၌ပင် ကျွန်မ၏ အတွင်းကိစ္စအချို့ကို ဖွင့်ဟမိလျက်သား ဖြစ်နေသည်။ ထိန်ချန်ထားသည်လည်း ရှိသည်။ သူ့ကို ဘာကြောင့် ဖွင့်ပြောမိရလဲ ကျွန်မ မစဉ်းစားတတ်အောင် ဖြစ်နေသည်။

သူ ကျွန်မကို ပြုံးလျက် ကြည့်နေသည်။ အရေထူနေသည့် အပြုံးမျိုး၊ ကျွန်မကို သရော်နေတာများလား၊ သနားသက်ညှာနေတာလား၊ ဘာတစ်ခုမှ ကျွန်မ မခံယူနိုင်၊ ကျွန်မ မျက်ရည်များ ချက်ချင်း ခမ်းခြောက်သွားသည်။

သူ၏ ပြုံးနေသော နှုတ်ခမ်းထောင့်စွန်းသည် တဖြည်းဖြည်း ကုပ်ကျမဲ့ဆင်းလာ၏။ ပြီးလျှင် ကျွန်မအား စိုက်ကြည့်ပြီး 'ဒါပဲလား'ဟု ခြောက်ကပ်စွာ မေးသည်။

"ငါ အရေထူခဲ့ရပုံလေး နားထောင်လိုက်ရင် မင်း နည်းနည်းတော့ ခံသာမယ် ထင်ပါရဲ့"

"မိန်းကလေးမှာ အဖက်ဖက်က ပြည့်စုံခြင်းဆိုတာ ရှိပါသေးတယ်၊





ငါဟာ ဘာမှ မသိတတ်တဲ့ အရွယ်ကတည်းက မပြည့်စုံခြင်းဆိုတာကို အရင်သိခဲ့ရတယ်။ ငါရဲ့ သေရွာပါ အဖော်လေ"

သူသည် ညိုမှောင်သော မျက်ဝန်းများ အရောင်လက်လာသည်။ မျက်ဝန်းအစုံ၏ သူငယ်အိမ်တွင် အားပျော့မှုသည် နုံးခွေလျက် ဝေးကွာသော ကာလဆီသို့ ဖြတ်ပြေးလျက် ရှိလေသည်။

"ငါ နေတတ်အောင် ကြိုးစားခဲ့ပါတယ်။ ငါ ငယ်ငယ်ကတည်းက မိဘတွေ မရှိကြဘူး။ ငါ့အဒေါ်နဲ့ နေရတယ်။ သူ့မှာလည်း ကလေးတွေ မွေးလိုက်တာ အများကြီးပဲ။ သိပ်ဆင်းရဲတယ်။ သူ့ကလေးတွေကို ငါ ခါးချိအောင် ချီပိုးခဲ့ရတယ်။ သူတို့တွေ အလုပ်သွားကြရင် ကလေးတွေ တစ်ပြုံနဲ့ အိမ်မှုကိစ္စတွေ အားလုံးကို ငါတာဝန်ယူရတယ်။ ကလေးတွေ နည်းနည်းကြီးလာတော့ ငါပါ အလုပ်လိုက်ဆင်းရတယ်။ တို့သုံးယောက် ပင်ပန်းလိုက်တာ၊ မိုးလင်းက နေဝင် နေ့စဉ်ရက်ဆက်ပဲ၊ နားချိန်ဆိုလို့ အိပ်တဲ့အချိန်ပဲရှိတယ်"

သူက သူ့ဘဝကို ဆွေးဆွေးမြည့်မြည့် ပြောပြခဲ့၏။

"ဘယ်လောက်လုပ်လုပ် တို့တွေ ထမင်းနပ်မှန်အောင် စားရတဲ့ဘဝကမတက်ခဲ့ဘူး။ ဒီရက်တွေဟာ တစ်ရက်နဲ့တစ်ရက် အတူတူပဲ။ ဘာမှ မထူးခြားဘူး။ ငါလည်း ငါ့ဟာငါ ဘယ်လိုကြီးလာမှန်းတောင် မသိလိုက်ဘူး၊ ကျောင်းစာဆိုတာ ဘာမှ မသိခဲ့ဘူး"

"ငါ အိမ်ထောင်ကျပြန်တော့ ယောကျ်ားရ ကံမကောင်းဘူး၊ သူနဲ့ ငါ ချစ်လို့ ယူကြတာပဲ၊ သူနဲ့ တွေ့ရတာ ငါ့ဘဝ တစ်နည်းတစ်ဖုံ ရှင်သန်ခြင်းပဲလို့ ငါ အမြဲမှတ်ယူထားတယ်။ ဒါပေမဲ့ သူ ငါ့အပေါ် မကောင်းဘူး"

သူ့လေသံ တိုးတိတ် တိမ်ဝင်သွားသည်။

"သူဟာ နည်းနည်းမှ လေးစားလောက်တဲ့ ယောကျ်ားမဟုတ်ဘူး။ ဒါပေမဲ့ ငါ သူ့ကို ချစ်တာပဲ၊ မတတ်နိုင်ဘူး"

သူသည် တဲနောက်ဘက်အပေါက်ဝတွင်ရပ်ကာ ကျွန်မကို ကျောပေးလျက် အဝေးသို့ ငေးမျှော်ကြည့်နေလေသည်။ သူ့တွင် ကျွန်မကဲ့သို့ တိတ်ဆိတ်စွာ ငိုကြွေးရင်း ဖြတ်ကျော်ခဲ့ရသည့် အတိတ်ကာလ ရှိခဲ့သည်။ သူ၏ ငါးလွှာနှမ်းရှိသော အဝတ်များသည် လေတွင် တဖျပ်ဖျပ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေ အမျိုးမျိုးကွ၊ အချို့က ချမ်းသာတဲ့ဒဏ် မခံနိုင်သလို တချို့က ဆင်းရဲတဲ့ဒဏ် မခံနိုင်ဘူး။ ငါ့ယောကျ်ားက ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်ဘူး။ ဟုတ်တယ်၊ သူတကယ်ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်လို့ ငါ့ဆီက ထွက်သွားတာ။ ငါနဲ့နေတုန်းက အရက်သောက်တယ်၊ မူးလာရင် ငါ့ကို ညှဉ်းဆဲတယ်။ ဒါပေမဲ့ ငါ သူ့ကို စကားတောင် မာမာမပြောဖူးဘူး။ သူက ငယ်ငယ်ကတည်းက ပေါ်ကျော့နေတတ်တယ်။ အိမ်ထောင်ဦးစီး ယောကျ်ားတစ်ဦးအနေနဲ့ နည်းနည်းမှ အသုံးကျခဲ့တာ မဟုတ်ဘူး။ တစ်ချိန်လုံး အရက်ပဲ သောက်နေတာ၊ ငါက တစ်အိမ်ထောင်လုံးကို ရှာကျွေးရတယ်။ သူ့အမေရှိတုန်းက ငါ့ကို သနားလွန်းလို့ မျက်ရည်စမ်းစမ်းနဲ့ အမြဲပြောတယ်။ ငါက သမီး သူက သမက်တဲ့"

"သူက ငါ့ရှာကျွေးတာ အရက်ထိုင်သောက်ပြီး အေးအေးမနေနိုင်ပြန်ဘူး။ ငါတို့ ရွာမှာ ဈေးလာရောင်းတဲ့ မြို့က ကုန်သည်မတစ်ယောက်နဲ့ လိုက်သွားပြီး ပြန်မလာတော့ဘူး။ တစ်နယ်တစ်ကျေးမှာ အိမ်ရာထူထောင်နေတယ် ကြားတာပဲ။ အဲဒီကတည်းက ငါ တော်တော် အရေထူကျန်ခဲ့တယ်"

"ဒါပေမဲ့ ငါသိပါတယ်။ သူတစ်သက်လုံး အဲဒီမှာ မနေနိုင်ဘူး။ တစ်နေ့ကျရင် ငါ့ဆီပဲ ပြန်ရောက်လာလိမ့်မယ်။ ငါ့လိုမိန်းမမျိုး၊ ငါ့လို အဖော်မျိုး သူ့အနားမှာ မရှိနိုင်ဘူးဆိုတာ သူသိနေသားပဲ၊ ငါ့ဆီကို ဘယ်လို ပုံစံနဲ့ ရောက်လာရောက်လာ ငါမအံ့သြဘူး။ သူပြန်လာရင် သူ့ကို ငါအသက် ၂၀ လောက်က လက်ထပ်ပြီးစ ခင်ပွန်းလို့ မှတ်ယူမှာပဲ၊ သူဟာ ငါ့အတွက် အပြစ်အနာအဆာမရှိတဲ့ ခင်ပွန်းလေ"

"ကဲ ဒီယောကျ်ားမှ နောင်တမရရင် ဘယ်ယောကျ်ား နောင်တရမလဲ။ ငါပေးအပ်တာတွေကို လက်ခံနိုင်တဲ့ စွမ်းရည်မရှိတာဘဲ ငါဝမ်းနည်းရတယ်။ ငါဟာ သူ့အတွက် ကျွန်တစ်ဦးလိုအဖြစ်ကလွဲပြီး ဒီဘဝမှာ အခြားဖြစ်လာစရာ အကြောင်း မရှိပါဘူး"

"ငါ သူ့ကို နေ့တိုင်း မျှော်နေတယ်ဆိုရင် မင်း ယုံမှာ မဟုတ်ဘူး။ ငါ့တဲရှေ့မှာ ကားတစ်စီးစီးရပ်တိုင်း သူပါလာမလားလို့ ထွက်ကြည့်မိတယ်။ သူပြန်လာမှာပါ။ သူ့မှာ တစ်ယောက်တည်း ရပ်တည်နိုင်စွမ်းမရှိဘူး။ သူ့ကို တစ်ချိန်လုံး ဘယ်မိန်းမက အလေးအမြတ် ပြုနိုင်မှာလဲ"





ကြမ်းတမ်း ညိုညစ်တဲ့ဘဝအောက်မှာရှိသော သူ့နှလုံးသား၏ တိတ်ဆိတ်တိုးတိတ်သော စကားသံကို ကျွန်မ ကြားနေရသည်။ ကျွန်မတို့ နှလုံးသားအစုံသာ ပေါင်းစည်းလျှင် စည်းနိုင်မည်။ နှလုံးသား ပြင်ပ အခြားသော ရုပ်ဝတ္ထုပစ္စည်းများ ကွာဟမှု၌ ဘဝဆိုသော အရာသည် ဆုံးဖြတ်မှုများစွာအောက်တွင် တည်နေလေသည်။

ကျွန်မ အခြေအနေ ကျွန်မ အသိုင်းအဝိုင်းဖြင့် တစ်ခုလပ်၊ တစ်လင်ကွာဟူသော အမည်နာမကို ကျွန်မ ဘယ်နည်းနဲ့မှ ရယူလက်ခံနိုင်စွမ်း မရှိပါ။ ကျွန်မ ဘာလုပ်ရမည်နည်း။ မငိုချင်ဘူးဆိုသည့်ကြားက ရှိုက်မိရသည်။

ကျွန်မထက် ဆိုးဝါးသော ဆင်းရဲပင်ပန်းမှုတွေ သူ့မှာ ရှိနေခဲ့သည်။ ကျွန်မ သိချင်သည်ကို မေးလိုက်သည်။

"တစ်ခုခုများ မလုပ်ခဲ့မိဘူးလားဟင်"

"ပိုက်ဆံရှိရင် လုပ်ဖို့လည်း အခွင့်သာရင် အချိန်လည်းရှိရင် ငါလုပ်မိမှာပေါ့။ ငါ့အနားမှာ ငါလုပ်မှ ပါးစပ်လှုပ်ရမယ့်သူတွေ ရှိနေရတယ်လေ။ ငါဟာ သူများအတွက်လို့ပဲ မှတ်ယူထားတယ်၊ ကြာလာတော့ သူတစ်ပါးအတွက် လူဖြစ်ရတာ ဂုဏ်ယူတတ်လာတယ်။ ဒါပေမဲ့လေ ဘာရယ်မဟုတ် တစ်ခုခုကို စိတ်ပြေလက်ပျောက် လုပ်နေချင်စိတ်တွေက ရှိတော့ ကွမ်းတွေဆေးတွေ တောက်လျှောက်စွဲလာတာသာကြည့်၊ ဒီအရည်တွေတော့ ငါ ဘယ်တော့မှ မသောက်ဘူး"

"မင်းလည်း ဒါပထမဆုံးအကြိမ်ကြောင့်ပါ။ နောက်ဆိုရင် အရေထူသွားလိမ့်မယ်။ သာမန်ကိစ္စတွေလို လျစ်လျူရှုထားနိုင်မှာပါ"

"အို ဘယ်လိုပြောလိုက်တာပါလိမ့်။ ကျွန်မ ဘယ်လို လျစ်လျူရှုထားနိုင်မလဲ"

"ဒါပေမဲ့ မင်းနေတတ်သွားမှာပါ။ သေချာတာကတော့ မင်းယောကျ်ားက မင်းရဲ့ ကြွယ်ဝမှုပေါ်ကနေ ဘယ်မှ ထွက်မပြေးဘူးဆိုတာပဲ"

ညိုညစ်သော သွားများပေါ်အောင် ရယ်လျက် ကျွန်မ၏အဖော်က နိုင်မာစွာ ဆိုလိုက်သည်။

ကျွန်မ ရှေ့ရှိ အဖြူရောင်လွင်ပြင်ကြီးအတွက် ကျွန်မနှလုံးသားသည် ညှိုးလျော်ခြောက်သွေ့၍ တစ်စတစ်စ ဆိတ်သုဉ်းပြီဟု ထင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုသောအရာကို ရယ်မောလျောင်ပြောင်ချင်လာသည်။

"ဟုတ်တယ် ဒါ ပထမဆုံးအကြိမ်ပဲ"

သူ့နောက်မှ သံယောင်လိုက်ကာ ဆိုမိသည်။ ရက်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ ပြီးတော့ မျက်ရည်လည်လာသည်။

"ကျွန်မ ကောင်းကောင်းမွေးပြီး တစ်ရေးကောင်းကောင်း အိပ်လိုက်ချင်တယ်။ ကျွန်မကို ခနိုရည်တိုက်ပါလား၊ ကျွန်မ မွေးမှာသေချာပါတယ်။ ဒါ ပထမဆုံးအကြိမ်နော်"

သူ့ကို ထပ်၍ သတိပေးလိုက်သည်။ သူက အသာတကြည်ထကာ ခနိုရည်ပုလင်းနှင့် အမြည်းများကို ယူလာသည်။

"ဒါ ပထမဆုံးအကြိမ် ဖြစ်သလို နောက်ဆုံးအကြိမ်လည်း ဖြစ်မယ်ဆိုတာ သိလို့ မင်းကို ခွင့်ပြုတာ၊ နောက် မင်း ခံနိုင်ရည်ရှိလာတဲ့အခါ ဒါတို့ မင်းရယ်ချင် ရယ်မိမှာ၊ ငါ့ကိုလည်း ပေါကြောင်ကြောင် အဘွားကြီးလို့ မင်းထင်မှာပဲ"

ကျွန်မ သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ ခနိုရည်ခွက်ကိုကိုင်ကာ နှာခေါင်းပိတ်၍ မော့ချလိုက်သည်။ ကျွန်မ မကြိုက်လှသော ဆိုးဝါးသော အနံ့အသက်သည် လည်ချောင်းထဲမှာ ကျန်ရစ်သည်။

ထိုတစ်ကြိမ်သည် ကျွန်မဘဝတွင် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် မူးယစ်ရန် ကြိုးစားမိခြင်း ဖြစ်သည်။ နောင်တွင် ကျွန်မသည် မည်သည့်အကြောင်းကြောင့်မှ ထိုသို့ ပြုလုပ်ခြင်းမရှိပါ။ ကျွန်မ ယောကျ်ားအား ခွင့်လွှတ်ဖို့ ကြိုးစားရသည့်အခါတိုင်းမှာလည်း ထိုသို့ ပြုလုပ်ရန် မလိုတော့ချေ။ အလေ့အကျင့်များလာသည့်အလျောက် သူ့အပေါ် ခွင့်လွှတ်ခြင်း၌ လွယ်ကူသယောင် ရှိခဲ့၏။

ကျွန်မ စိတ်က အမှန်တရားပေါ်တွင် အလွှာတစ်ခု ရှိနေ၏။ ထိုအလွှာပေါ်တွင် ကျွန်မ ရေးဆွဲစီရင်ထားသော အပြုံးပျော်ရွှင်ခြင်းနှင့် အသက်ရှင်ခြင်း ရှိနေ၏။ သို့သော် ၎င်းကို တိတ်ဆိတ်စွာ စောင့်ကြည့်နေသော တစ်စုံတစ်ရာသည် ပင်ပန်းစွာ ဆိုညည်း၍ ရံဖန်ရံခါ ကျွန်မအား နှိပ်စက်ခြင်း ရှိလေသည်။





နောင်တွင် သူ့တဲသို့ ကျွန်မ အရောက်အပေါက် နည်းသွားသော်လည်း သူ့အား သတိရနေတတ်၏။ သူ့တဲရှေ့မှ ဖြတ်သွားတိုင်း ကားပေါ်မှနေ၍ လက်ပြနှုတ်ဆက်မြဲ၊ သူသည် ကျွန်မကို ငေးမျှော်ကြည့်၍ ကျန်ရစ်တတ်သည်။ ရံဖန်ရံခါ သူ့ကို မတွေ့ရဘဲ အသက် ၅၀ ကျော်အရွယ် လူကြီးတစ်ဦးကို တဲအနီး ပတ်ဝန်းကျင်၌ တွေ့မြင်ရတတ်လေသည်။ ကျွန်မ အံ့သြခြင်း မဖြစ်သော်လည်း သူ့စကားများကို ကြားယောင်ရင်း ပြုံးမိရတတ်ပါသည်။ သူ့အယူအဆနှင့် မျှော်လင့်ချက်မှန်နေပါကလားလို့။

မှုခင်းမှုထောင့်မဂ္ဂဇင်း။ ၁၉၉၉ ခုနှစ် ဇူလိုင်လ အမှတ်စဉ်[၀၀]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရစ်နှောင်မိသော

'ကိုယ်တို့ တစ်နေရာသွားကြတာပေါ့'ဟု သူဆိုလာစဉ် ဘာကြောင့်များ အလွယ်တကူ ခေါင်းညိတ်မိပါလိမ့်၊ သူဖွင့်ပေးတဲ့ကားတံခါးမှာ ဘယ်နှယ် ကြောင့် ခဏလေးတောင် မတွေဝေမိပါလိမ့်။ ခေါင်းကိုသာ အစဉ်ညိတ်ဖို့ ကြိုးစားသည်။ အညို့ခံထားရသူလိုပါလား။

မေယမုန် ဘယ့်နှယ်လုပ်နိုင်မလဲ၊ ပြီးသည်ကို ပြန်စဉ်းစားလိုက်လျှင် လည်းကောင်း လက်ရှိ ရှုံးနိမ့်ရခြင်းကိုလည်းကောင်း ရှေ့ကို ကြိုတွေးလိုက် လျှင်လည်းကောင်း သူမသည် တဈွေခြောက်ခြင်းခံရသူပမာ ခန္ဓာကိုယ်ထဲက ဦးနှောက်ထဲမှာလား၊ နှလုံးသားမှာလား တွယ်ကပ်နေသည် ထင်ရသော ကြီး မားသော ဆွဲအားတစ်ခုကို မုန်းမိသည်။ ထိုအရာသည် မိုးတိမ်များ လက်ဆွဲ ခေါ်ရာ ဟိုးကောင်းကင်ဖျားမှာ လမ်းလျှောက်လိုက်ရဲစေပြီး ပေါ့ပါးလွတ်လပ် စွာ ပြန်ခုန်ချရဲသော သတ္တိကိုလည်း ပေးပြန်၏။ သည်တော့ မေယမုန်သည် မိန့်မူးတွယ်နစ်စွာ လေဟာနယ်မှာ စီးမျောရင်း အကြိမ်ကြိမ် ခုန်ချရဲကာ ဘုန်လှုပ်မောဟိုက်စွာ မျက်ရည်လည် ဝမ်းနည်းရခြင်းတို့နှင့်လည်း အဆမတန် ရင်းနှီးခဲ့လေပြီ။

နောက်ဆုံးတော့ စိတ်၊ စိတ်၊ ဒီအချစ်စိတ်က မိမိကို ကောင်းစွာ ခြယ် လှယ်နေနိုင်သည်မှာ တကယ်တော့ ခံပြင်းစရာ ဒေါသထွက်စရာ။

သူ့နှလုံးအာရုံကြောများသည် အချစ်မှာ ထိတွေ့ နှစ်စိမ်ရမှု ညှတ်နူး သန်စွမ်းလာတယ် ထင်သည်။ ထင်ရတာမဟုတ်၊ ယုံကြည်ရတာ ဟုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေတာ ခက်ရချည်ရဲ့။

တစ်ချိန်ကတော့ အချစ်ကို ရှောင်ရယ်နိုင်ခဲ့သည်။

'ယောကျာ်းတွေ ပြောသမျှ ယုံလို့ နင်တို့ ဒုက္ခရောက်တာ၊ နင် ကောင်တွေ ငါနဲ့ တွေ့စမ်းချင်တယ်၊ အိုးတိုးအတဖြစ်ပြီး မရှိတဲ့အချစ် တစ်ခါတည်း ပျောက်သွားမယ်' ဟုလည်း သူငယ်ချင်းတွေ ကြားမှာ ဘ တော့မှ အချစ်နဲ့ မတွေ့နိုင်သူပမာ စကားတွေနှင့် အနိုင်ယူဖူးသည်။

ယခုမူ အားလုံးရဲ့ ပြောစမှတ်ပြုဖို့ ဖန်လာခဲ့ပြီ။ မေယမုန်ကတေ ဘာမှ ဂရုမစိုက်၊ ငယ်စဉ်ကပဲ လုပ်ချင်တာကို မျက်စိမှိတ် ဇွတ်တိုးကာ ကောင်းတတ်သူမို့ ယခုလည်း စုံလုံးကန်းစိတ် အလိုလိုက်ရာ၌ အင်မတန် ပျော်ရွှင်ခြင်း ရှိနေ၏။

မေယမုန်ကပဲ သူ့ကို ချစ်ဖို့ ဝင့်ကြွေးပါလာလေသလား၊ သူက ဣန္ဒြေသိက္ခာတစ်ခွဲသားနှင့် မာနကြီးလွန်းနေလို့လား၊ ဘယ်သူက ဘယ်သူ စချစ်မိသည်တော့မသိ၊ နှစ်ယောက်စလုံးချစ်နေကြတာသာ သိသည်။ ရန်း အောင်လည်း တွယ်ငြိမိကြပြီ။ နှစ်ဦးသားတွေ့စကပဲ လိုက်သူပြေးသူ ခွဲရ မိမိက ပြေးသူသာ ဖြစ်ချင်ခဲ့သည်။ ပြေးသူလိုက်သူရယ် သီးသန့် မခွဲခြားနိုင် ပေမဲ့ နှစ်ယောက်စလုံး ရပ်နေသူများကားမဟုတ်။

သူ့အဖို့ သူမမျှော်လင့်ချက်ကို အလဟဿမဖြစ်စေဖို့ ကြိုးစားရမယ် တာဝန်တစ်ခု ပိုခဲ့လေမလား၊ တွေးမိရင် မျက်နှာ ဖြန်းခနဲ ပူနွေးသည်။ နေရာမှာ အထက်စီးကနေ လွတ်လပ်စွာ ယုံကြည်စိတ်ချမှုရနေတဲ့ ယောကျာ် တစ်ယောက်အဖို့ ချောက်ချားစရာ အိပ်မက်ကို မိန်းမတစ်ယောက်အတွက် ဖန်တီးပေးရန် သိပ်ကို လွယ်လွန်းနေသည်။ မိန်းမတစ်ယောက်ရဲ့ အားနည်း ချက်ကို သူ့လို မာနရှင်ဆီမှာ သွားပြမိအောင် ဘယ်အရာက ဖန်လေသလဲ ဘာကြောင့် သူနဲ့ သွားဆုံရတာလဲ။

ယခုလည်း သူရှိရာ သူမအရောက်လာခဲ့ပြန်ပြီ။ ခြေလှမ်းတွေကို နေ ကွေးလေးလံစေတဲ့ မာနကို လုံးဝ ဖယ်ထုတ်ထားသည်။ ရဲဝံ့စွန့်စားခြင်းကို လမ်းခင်းလို့ အရောက်လာခဲ့၏။

တကယ်၊ တကယ်၊ မိမိကကို မနေနိုင်တာ၊ ချစ်သူကို မတွေ့ရတဲ့ ရက်တွေကို လက်ချိုးရေပြီး စောင့်ခဲ့တာ၊ နောက်ဆုံး မိမိကသာ သူ့ရှေ့ကို





လွယ်တကူ ရောက်သွားရတာ အို အားလုံးဟာ ပြန်တွေးချင်စရာမကောင်း း၊ သူဟာ မိမိကို ဘယ်လောက်ချစ်သလဲ၊ သူ့အချစ်ကို မိမိ အဆုံးမရှိ ပိုင် ိုင်ခွင့်ရှိရဲ့လား၊ အကဲခတ်ရင်း လေဘာကြီးရင်းနှင့် မိမိအချစ်တွေသာ တတိတိ င် လျှံကျကာ အသုံးချခြင်း ခံနေရ၏။

အချိန်ပြည့်တည်ငြိမ်အေးဆေးတဲ့ မျက်ဝန်းများနဲ့ သူဟာ သူမနဲ့ ဝေး ွာနေချိန်မှာလည်း သူမကို ဦးနှောက်ထဲက ဖယ်ထုတ်ထားနိုင်ပြီး လုပ်စရာ န်သမျှ ပုံမှန်အတိုင်း အေးဆေးစွာ လုပ်ကိုင်နေနိုင်မလား။ အကြိမ်ကြိမ် သိချင်ခဲ့သည်။ အကြိမ်ကြိမ်လည်း မနာလိုဝန်တို ဖြစ်ခဲ့ရသည်။ သူမနှင့် တ်သက်တဲ့ ရင်ခုန်လှုပ်ရှားမှုဟာ သူမကွယ်ရာမှာ ကောင်းကောင်းကြီး မပြ င်ဘူးလား၊ အကြိမ်ကြိမ်သိအောင် ကြိုးစားခဲ့ပါသည်။ သို့သော် ဘယ်တော့မှ သူ့နှလုံးသားကို ထိုးဖောက်နိုင်စွမ်းမရှိခဲ့၊ ဟန်ဆောင်ကောင်းသူလို့သာ ယုံစား ချင်သည်။

မိမိကတော့ ကွယ်ရာတွင်သာ မျက်ရည်ကျဝံ့သည်။ သူ့ရှေ့မှာ မျက် ည်မကျကောင်းသယောင် စွဲမှတ်ကာ ကြိမ်ဖန်များစွာ ထိန်းချုပ်ခဲ့ပါသည်။ ျက်ရည်ဆိုတာ အရှုံးကို ထင်ရှားပေါ်လွင်စေပြီး ထပ်မံ ရှုံးနိမ့်စေတာပဲ။ ါကြောင့် မေယမုန် သူ့ရှေ့မှာ မျက်ရည်မဝေ့မိအောင် မာန်တင်းရခြင်းတစ်ခု ိလာသည်။

အချစ်အတွက်ဆို စွန့်စားချင်ခဲ့ပြီ။ ရဲလည်း ရဲဝံ့ခဲ့ပြီ။ ဘယ်လိုအပြစ် နှာအဆာမှ မိမိအချစ်မှာ မထင်ချင်ရက်၊ နောင်တတွေအတွက်လည်း မျော် ခဲ့ပြီးပြီ။

သည်တော့ ထိုအချစ်က ၎င်း၏ ကြီးကျယ်သယောင် ထင်ရတဲ့ ဂုဏ် ုပ်အတွက် လည်းကောင်း၊ ရက်ရောမှုကို လည်းကောင်း အဆင်း၌ ဘီးတပ် ွေး၏။ ထိုအခါ အချစ်ကြောင့်ပင် ဖြစ်ပေါ်လာတဲ့ အထင်သေးခြင်းခံရလေ လား တွန့်တိုစိတ်တစ်မျိုးကြောင့် ရက်ရောမှုကို အားပြိုင်၏။ မိမိအချစ်မှာ နည်းငယ် သံသယဖြစ်စရာလေးတွေကို ပြုံးပြရှာ၏။ မတွေ့ ဘာမှမတွေ့၊ ယ်လို တစ်ထောင့်တစ်နေရာကမှ မိမိအချစ်တို့ ဆုတ်ယုတ်စရာမရှိ။ ဒါ ကြောင့် မေယမုန်သည် အထိတ်တလန့်နှင့် အခါခါ သက်ပြင်းမောကြီး ျမိနေရတာ ကြာခဲ့ပြီ။

*



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းပြီးနောက် မေယမုန်သည် သူ့လက်မောင်းကို မှီခွဲ သူမနာမည်ပေးထားသော ချစ်သူရဲ့ လမ်းမှာ လျှောက်လှမ်းနေ၏။ ဆောင ဖက်တစ်ချက်မှ ဇီဇဝါပန်းနဲ့တွေက ကြိုင်လှိုင်သောရနံ့ဖြင့် ကောင်းချီးပေး သည်ထင်၏။ ဒီပန်းတွေကို ဘာကြောင့်မှန်းမသိ ဒီကို မကြာခဏရောက်ပြီ မှ ချစ်သွားရသည်။

ဘာစကားမှမဆို နှစ်ဦးသားနီးကပ်ရင်းဖြင့် 'မောင့်ကို ချစ်တယ် သိပ်ချစ်တယ်'ဟု ကဗျာမဆန်စွာပင် ဆိုညည်းမိသည်။ တကယ်ပေ တမ်းတမ်းတတပင်။

ပေးဆပ်ရတယ်ဆိုတာ ဘာကို ခေါ်တာလဲ သည်အချိန်မှာ မေးဝံ့သည် အချစ်နဲ့ပတ်သက်ရင် ပေးဆပ်ရခြင်းကို နားမလည်။ ပေးဆပ်ရသည်ကို မ အကျေနပ်ကြီး ကျေနပ်လျှင် ရယူနေခြင်းတစ်ခုပဲ။ ဒီလိုသာ နားလည်လို ချင်သည်။

သို့သော် ... သို့သော် ...

သူ့ကွယ်ရာမှာ မေယမုန့်အပြုံးတို့ မဲ့ရသည်။ တောက်ပခဲ့သော မျက် လုံးတို့ အရိုးအငွေ့ဝေ့သီရသည်။ ဒါပေမဲ့ နည်းနည်းမှကို အပြစ်မမြင်ပြီ အနိုင်ယူရက်သူရယ်၊ ခြွေရက်သူရယ်လို့ မထင်ရက်၊ မထင်နိုင်လေအောင် မိမိက ရက်ရောသည်။ သတ္တိရှိသည်။ ဖြူစင်လွန်းလျှင်တောင် ဖြူလွန်းတယ် ဆိုတဲ့ အပြစ်က ရှိနေသေးသမို့ ချစ်လွန်လွန်းလို့ဆိုတဲ့ အပြစ်က မိမိအပေါ် ကျရောက်ဖို့ လွယ်လွန်းသည်။ ချစ်သူပေးမယ့်အပြစ်ကိုလည်း ကျေနပ် တောင့်တ၏။ အမြဲတမ်းပြုံးနိုင်ဖို့ ကြိုးစား၏။

သူ့လက်တွေ မေယမုန့်လက်များကို ထွေးဆုပ်လာသည်။ သူ့ရင် မှာ ပါးအပ်မိတော့ တိုးဝှေ့လာတဲ့ ဆံနွယ်တွေကို သူတယုတယ နမ်းရှိုက်နေ သိသည်၊ ဒီအချိန်မှာ မေယုမုန် သူ့ရင်ခွင်ကို လက်ဖဝါးလေးနဲ့ တွန်းကာ ဇီဇဝါပင်တွေကြားလမ်းလျှောက်ထွက်ဖို့ကိုလည်း စိတ်ကူးဖူးပါရဲ့။ ဒါ မေယမုန် ဘာကိုမှ ဥပေက္ခာပြုလို့ မရပါလား။ တစ်စတစ်စ ငြိတွယ်ရစ်နှော လာသမျှ တွန်းဖယ်ရှန်းကန်ဖို့ရာ သူမခွန်အားဟူသမျှကို အင်အားကြီး စုပ်ယူဝါးမျိုခြင်း ခံရသည်။ တန်ခိုးကြီးလှပါကလားဟု ယောင်ယမ်း ထိတ်လန့်တုန်လှုပ်လာရပြန်၏။ ရင်တထိတ်ထိတ်ခုန်နေသည်။ ရင်ထဲ





လေးပင်လှသည်။ သူမသိအောင် ပင့်သက်ဖြာသည်။ ပျော့ညံ့ခြင်းအတွက် ဒေါသပြီးလျှင် ယူကျုံးမရခြင်း၊ နောင်တလို့တော့ ခေါင်းစဉ်မတပ်ချင်။

မေယမုန်ဟာ ပန်းကလေးတစ်ပွင့်ဖြစ်သွားရင်လည်း အကောင်းသား မောင်ရယ်၊ နမ်းရှိုက်ပြီးရင် ပန်းကလေးမှာ ငိုညည်းတမ်းတ ကျန်ရစ်စရာ အသည်းနှလုံးမှ မရှိဘဲကွယ်၊ ရင်ထဲမှာသာ ဆိုညည်းမိသည်။

ပျော့ညံ့ခြင်းအတွက် ရလဒ်က ရှုံးနိမ့်ခြင်းပဲဆိုတာ သိတဲ့အချိန်မှာ ကြွင်းကျန်တဲ့ မာနက နောက်တစ်ကြိမ်အတွက် အာခံချင်သည်။ သူဟာ မိမိ ကို တကယ်ချစ်တာလား။ ချစ်တယ်လို့ ပြောခဲ့သည်ကပင် ဇဝေဇဝါနိုင်လှ သည်ထင်သည်။ သူက အေးဆေးလွန်းသည်။ တည်ငြိမ်လွန်းသည်။ နည်းနည်း မှ အခြေမပျက်နေနိုင်သည်။ အချစ်ဆိုတာက သူ့ကို သွက်သွက်ကြီး လှုပ် ကိုင်နိုင်မည်ဟု မေယမုန် ထင်ယောင်ထင်မှားသာ ဖြစ်နိုင်တော့သည်။

သူက စကားများများ ပြောတတ်သူမဟုတ်။ 'မောင်က မျက်လုံးနဲ့ စကားပြောတတ်တယ်'ဟု မေယမုန် မှတ်ချက်ချဖူးသည်။ သူသည် သူ့မျက်လုံး များနှင့် မေယမုန်ကို သူလိုသလို ဖန်တီးထားသော ရုပ်ပမာ ကြည့်နိုင်သည်။ သူဖန်တီးထားသော ရုပ်ကလေး၏ မျက်နှာပေါ်မှာ သူစိတ်ကြိုက်ထည့်သွင်း နိုင်သော သူ့ကို ချစ်သည့်စိတ်ကိုလည်း ပေါ်လွင်အောင် ခြယ်လှယ်နိုင်သည်။ သည်တော့ မေယမုန်သည် အသည်းနှလုံးရှိသရွေ့ သူ့ကို ချစ်မည်မှာမဆန်း။

*

သူ့အဖို့တော့ မေယမုန့်အချစ်ကို သံသယဖြစ်တတ်တာတော့ နည်းနည်း တရားလွန်နေမလားမသိ။ ဘယ်အရာကိုမဆို လေးလေးနက်နက် သိပ်မရှိလှ တဲ့ သူမဟာ ဒီနေရာမှာကော သေချာသိနိုင်ပါ့မလား။ သူမ ကိုယ့်ကို ဘာ ကြောင့် ချစ်တာလဲ၊ ဘယ်လိုချစ်တာလဲ သူမအချစ်ကို စစ်ကြောဖို့ရာ မဝံ့မရဲ နိုင်လှသည်။

သူ့အဖို့ အင်မတန် နားလည်ရခက်သည်။ သူဟာ တကယ်ဆို အချစ် နဲ့ ဆုံဖို့ မကောင်းဆုံး လူသားပဲ။ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို နား မလည်တာဟာ အတော့်ကို ခက်သည်။ အဲဒီမိန်းမဟာ သိပ်ကို ဟန်ဆောင် ကောင်းရဲ့။ သိသိပ်မျက်ကွယ်ပြုတတ်တဲ့ မိန်းမတစ်ယောက်ရဲ့အချစ်ကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ သံသယဖြစ်နိုင်တဲ့ အခြေအနေမှာ ရှိတယ်။ အပြင်ပန်းက သူမရဲ့သဏ္ဍာန် နဲ့ ဆန့်ကျင်ဘက်တစ်ခုလို ဖြစ်နေတဲ့ ညွတ်နူးသိမ်မွေ့မှုကို တစ်စွန်းတစ်စ ရှာတွေ့မိချိန်ဟာ ကိုယ့်အတွက် ကမ္ဘာတစ်ခုပဲ၊ ဒါပေမဲ့ တစ်စက္ကန့်တောင် ကိုယ်ရှာခွင့် မရှိဘူး၊ ခေါင်းမာမှုလေလား၊ အာခံမှုလေလား သူမကို လွှမ်း ခြုံသွားချိန်မှာ ကိုယ်ဟာ အလိုလို သိမ်ငယ်ပြီး နောက်ဆုတ်လျက်သားပဲ။

ချစ်သူကရေးသည်။ ပြီးတော့ စိတ်ဝင်စားစရာကောင်းသည်။ သူမ လှုပ်ရှားမှုမှန်သမျှ သူ့ကို မဆွဲဆောင်နိုင်တာမရှိ။ မျက်နှာက တစ်ခုခုကို ဖော်ဆောင်ထားသလို ထင်ရ၏။ ဘာလဲတော့ သူမသိ။ တစိမ့်စိမ့်သာ ရှာဖွေလို့ ကြည့်နေချင်သည်။ သူ့စိတ်တွေ အချိန်ပြည့် လိပ်ပြာလေလို ဖျူးဖျူး ဖျတ်ဖျတ်နှင့် သူမထံမှာ ဝေ့လည်နေတာ သူမသိမည် မဟုတ်။

နှစ်ယောက်တွေ့လျှင် မျက်လုံးချင်း ကြာကြာဆုံအောင် ကြည့်ခဲ့သည်။ ကြည့်မိလျှင် သူမက ဖုံးကွယ်ဖို့ ကြိုးစားသည်။ ချောင်ပိတ်မိသူပမာ ရုန်း ထွက်ချင်ဟန် မြင်ရသည်။ သူ့မျက်ဝန်းတွေကိုတော့ အကြိမ်ကြိမ် လျစ်လျူ ရှုမြဲပင်။ သူမက မျက်ဝန်းတံခါး ပိတ်ပြီး အားလုံးကို လုံခြုံအောင် သိမ်း ဆည်းလိုက်လျှင် သူ့ရင်ခွင်ကို တိုးဝှေ့လာတဲ့ ဆံနွယ်များကိုသာ သူကြည့်ငေး ခွင့်ရသည်။

အဲဒီအချိန်မှာ မေယမုန်ကို သေသေချာချာကြည့်လျှင် မသိမသာ တုန်ယင်စပြုတဲ့ နှုတ်ခမ်းလေးကိုတောင်မှ ဖိကိုက်ထားဟန်ကို မြင်ရသည်။ မေယမုန့်အဖို့တော့ သူ့ရှေ့မှာ ဒီလိုမာန်မတင်းလို့ မဖြစ်ဘူး၊ သူက အင်မတန် ထိုးဖောက်မြင်နိုင်စွမ်းရှိတဲ့သူပဲ။ အင်မတန် အနေခက်သည်။

သူတို့နှစ်ယောက်အားရှိသလောက် ကြိုးစကို တစ်ယောက်တစ်ဖက်စီ ဆွဲကြပါရဲ့၊ ပေစောင်းလို့လည်း အားပြိုင်ပါရဲ့၊ တစ်ချက်ကလေးမှ အားမလျှော့ လိုက်နဲ့၊ တစ်ယောက်က ဆောင့်ဆွဲဖို့ အဆင်သင့်။ သို့သော် ဘယ်သူမှ ဘယ်သူ့ဘက်ရောက်မသွား၊ ကြိုးစသာ ပြတ်ထွက်ဖို့ ရှိသည် ထင်၏။

ဒီကြိုးက ဘာကြိုးကြောင့်လဲ၊ ပြတ်ထွက်လို့ ရနိုင်တဲ့ ကြိုးမျိုးလား ဆန်းစစ်ချင်သည်။ ဟင့်အင်းဆိုတဲ့ အငြင်းကို နည်းနည်းလေးမှ မစဉ်းစားမိ အောင် သူ့မျက်နှာကို ကြည့်လျက် မာန်ဝင့်သည်။ အဲသည့်အခါမှာ သူ ပြန် ကြည့်လာတဲ့ အကြည့်ဟာ အသည်းနှလုံးကို ညှစ်ဆုပ်သလို ခံရသည်။ စိမ်း





ခေါ်တာလေလား၊ ဒီကြားထဲမှာ အချစ်ကို မက်မောစွာ ရှာမိပြန်သည်။

ရုန်းထွက်မရပြီကို သိသည်။ မေယမုန်သည် အချစ်နှင့် ရောမွှေခြင်း ခံလိုက်ရပြီ၊ ပွင့်ဖတ်ကလေးလို အဝေးသို့ လွင့်ချင်ပေမဲ့ အင်အားကြီးမားသော အချစ်ဆိုသည့် လေသရမ်းကြီးက အစဉ်မပြဲ ဝှေ့ယမ်း၍ သူ့အနားမှာပဲ ဘဝဲဝဲလည် နေစေသည်။

အထပ်ထပ် တုပ်နှောင်ထားခြင်း ခံရတဲ့ ရာဇဝတ်သားမှာ သူ့အတွက် စီရင်ချက် ကျတဲ့နေ့မှာ အမှောင်ထဲက ကြယ်ရောင်လို လွတ်မြောက်ခြင်းဆိုတာ ရှိနိုင်ပေမဲ့ လွတ်မြောက်လိုပေမဲ့ ရုန်းထွက်ခြင်းကိုသာ ခံသော ရှုံးနိမ့်ခြင်းကို လျစ်လျူရှုကာ စွန့်စားရှာဖွေဖို့ ကြိမ်ဖန်များစွာ သတ္တိရှိခဲ့သော မေယမုန်မှာ တော့ ဆန့်ကျင်ဘက်နှစ်ခုကြားမှ ထူးဆန်းသော အရသာကို ဖက်တွယ်ရင်း တစ်စစ နစ်မြုပ်၍နေ၏။


ဒီကြားထဲ မေယမုန် ပြုံးနိုင်သေးသည်။ ဘာများ ဆန်းကြယ်လေသလဲ ကွယ်။

ကလောင်သစ်မဂ္ဂဇင်း၊ အမှတ်(၁၄)၊ ၁၉၉၉



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒဏ်ရာ

'မြတ်' သည်အလိုလိုနေရင်း နွမ်းလျနေ၏။ ရင်ထဲမှာလည်း အေးစက်သော ခံစားမှုက ဖွဲ့တည်နေသည်။ မောင့်အကြောင်း ရင်ထဲထည့်ထားလျှင် နွေးလေမလား၊ ဒါကလည်း အထင်တစ်ခုသာပါ၊ ခုတော့ အားလုံး မှုန်ဝါး ကျန်ရစ်ခဲ့ပြီပဲ၊ စိတ်လှုပ်ရှားစရာကောင်းတဲ့ အိပ်မက်ဆိုးတစ်ခုလို အိပ်ရာအနီးမှာ မေ့ပျောက်သွားလျှင်လည်း အကောင်းသား။

မြတ်သည် ယော်စဉ်ကတည်းက အချစ်ကို တမ်းတဖူးသည်။ ချစ်ခင်တွယ်တာစရာကိုသာ လက်ဆွဲပြီး ထင်ထင်ရှားရှား ပြချင်လာသည်။ တောကျတဲ့နယ်မြို့တစ်မြို့က သီးသန့်ဆန်လှတဲ့ သုန်သုန်မှုန်မှုန်မျက်နှာထားရှိတဲ့ မိသားတစ်စုကိုလည်း ထင်သလောက် မလွမ်းမိတော့၊ ခုချိန်မှာ ခါးသီးတဲ့ လေသံတွေကကင်းလွတ်ခွင့်ရတာကိုပဲ ပျော်ရွှင်မဆုံး ရှိလှပြီ။

ညီအစ်ကိုမောင်နှမတွေရဲ့ မနာလို ဝန်တိုမှုကလည်း ခါးသက်လွန်းလှသည်။ 'မြတ်'ကို အိမ်ပညာသင်ပေးရတော့ အဖေ၊ အမေတို့ထံမှ မြတ်ဘာမှ နောက်ထပ်ရစရာမရှိစေရ၊ မေတ္တာတရားတောင် မကျန်စေရအောင်လုပ်ရက်ကြသည်။ နောက်ဆုံးတော့ မြတ်သည် သူတို့လိုလားတာ ဘာတစ်ခုမျှ မမက်မောပါဘူးဆိုတာ ပြခဲ့သည်။ 'ပြောမရ၊ ဆိုမရ၊ အင်မတန် ခေါင်းမာတဲ့ကောင်မ၊ ပညာလေး မတောက်တခေါက်တတ်လာတာနဲ့ မိဘကို ဆန့်ခံချင်တယ်၊ သွား အိမ်မှာမနေနဲ့တဲ့၊ အဖေ့ရဲ့ နောက်ဆုံးကြိမ်းမောင်းလိုက်သံက နားထဲမှထွက်။ သွား အိမ်မှာမနေ...နဲ့'ဆိုမှတော့ မြတ်သည် ဘာမှ

www.burmeseclassic.com



စဉ်းစားမနေတော့၊ ဒေါ်သနှင့် မာနက တိုက်တွန်းသလို စိတ်လိုက်မာန်ပါ လုပ်ခဲ့မိသည်။

ဒေါသကြီးလွန်းတဲ့ အဖေက ဘယ်လိုကိစ္စမဆို ဒေါသနှင့်သာ ဆုံးဖြတ်တတ်သည်။ တစ်ခါတစ်ခါတွင် အဖေ့ဒေါသသည် ကြောက်စရာကောင်းအောင် ကြီးမားလှ၏။ အဖေ စိတ်ဆိုးသည့်အခါတိုင်း ဖြူဖြူရော်ရော်မျက်နှာထား နဲ့ သားသမီးတွေကို ငြူစူစိတ်တိုတတ်တဲ့ ပျာယီးပျာယာအမေ့မှာလည်း ဖွေ ဖြားတဲ့ စိတ်ကြောင့် သူ့မေတ္တာကို မြတ်တို့ နွေးထွေးလို့မရ။ လင်ပြောသမျှ ကို ခေါင်းတညိတ်ညိတ်လုပ်နေမှ မိန်းမပီသသူဟုလည်း ယူဆပုံရသည်။ အိမ်မှာ သားသမီးကိစ္စ၊ သမီးပျိုကိစ္စ၊ ဘယ်ကိစ္စမဆို အမေနှင့် ပြီးသွားသည် ဟု မရှိ။ အားလုံး အဖေ့ထံ ရောက်ရကာ၊ အသေးအမွှားရော၊ ကြီးကြီးမား မားပါ အားလုံးဆူညံပွက်သ ဒေါသသံတို့ဖြင့် ကြမ်းကြမ်းတမ်းတမ်း အဆုံး သတ်ရသည်ကသာ များသည်။ မြတ်၏ ကျောင်းပိတ်ရက်များသည် အဖေ အမေကို အားမလို အားမရနှင့် မောင်နှမတွေ အချင်းချင်း ငြူစူကြနှင့် ဘယ်တော့မှ အိမ်မှာ ပျော်ရွှင်ကြည်လင်ခဲ့ရသည်မရှိ။

*

ယခု မြတ်အပြင်ဆော်ဒါဆောင်တစ်ခုမှာ ငှားနေတာ နှစ်ပတ်လည် ခဲ့ပြီ၊ မြတ်ရတဲ့ လခနဲ့ ခြိုးခြံသုံးစွဲလျှင် ထမင်းဝအောင် စားနိုင်တယ်၊ စာအုပ် ဖတ်နိုင်တယ်၊ ဒါထက် ပိုပြီး မက်မောစရာမလို၊ မြတ်အတွက် မက်မောစရာ လည်းမရှိ။

'အစ်မရဲ့ အိမ်က မလာကြဘူးနော် ဝေးလို့ထင်တယ်' ဟုသော အဆောင်မှ မစပ်စုလေးတွေရဲ့ စကားသံကို 'အင်း ဝေးတယ်'ဖြေရမှာထက် 'တို့က တစ်ကောင်ကြွက်လေ၊ ဆွေမျိုးလို့ ပြောရမှာ တချို့တော့ ရှိတာပေါ့ ဒါပေမဲ့ စိမ်းကြတယ်လေ'ဟု အေးစက်စက် မလှုပ်တလှုပ် ပြန်ဖြေရတာ အရသာတွေ့သည်။

'အစ်မက သိပ်အေးတာပဲ'ဟု ဆိုလာလျှင် 'တို့က စာအုပ်ဖတ်နေရရင် ပြီးပြီ'လို့ စာအုပ်ပုံတွေကြားက ပြန်ဖြေရတာကို နှစ်ခြိုက်သည်။ အထင်ကြီး သည်။





စာအုပ်တွေဖတ်ရင်း 'မြတ်' သီးသန့်ပိုဆန်လာသည်။ မိန်းကလေး တွေနဲ့အတူနေပေမယ့် အနေဝေးသလိုရှိသည်။ မြတ်အတွက် ဘာမှ ထိခိုက်စရာ မရှိတဲ့သူတို့ ကြွားလုံးလေးကလည်း တစ်စတစ်စ တိမ်ကောပြီး မြတ်သည် သူတို့ အသိုင်းအဝိုင်းပြင်ပသို့ ရောက်မှန်းမသိ ရောက်သွားသည်။

မိန်းကလေးတွေကြားတွင် မိမိသည် ထူးခြားမြင့်မြတ်တာတွေ ရှိသည် ထင်၏။ မြတ်ကိုယ်တိုင်လည်း နည်းနည်းဘဝင်မြင့်တာ ပါလိမ့်မည်။ 'မိန်းမပီသ တာမှာ အတင်းပြောတတ်တာ၊ မနာလိုအူတိုတာ၊ ပြိုင်ဆိုင်တတ်တာ၊ မဟုတ် တာကို အဟုတ်ဖြစ်အောင်၊ အံ့သြလောက်စွာ ပြောတတ်တာ၊ ဒါတွေကို မြတ် မုန်းတီးသည်။ မိတ်ကပ်နဲ့ နှုတ်ခမ်းနီနဲ့ လေသံချိုချွဲ့ကာ အချိုးအဆစ် ကျတဲ့ ကိုယ်ဟန်နဲ့ အနားကပ်လာလျှင်တော့ မြတ် နှာခေါင်းရှုံ့ချင်သည်။ မိန်းမဖြစ်နေတဲ့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင်၊ ယောကျ်ားတစ်ယောက်လို ကျင့်ကြံချင်လာသည်။ ခံစားချက်ကင်းမဲ့တဲ့ မျက်နှာမျိုးကို အထင်ကြီးစွာ လိုက်ကြည့်တတ်သည်။ ဘတ်စကားပေါ်မှာ၊ မြို့လယ်မှာ၊ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွားတဲ့ မျက်နှာတွေထဲမှာလည်း တွေ့ရတတ်သည်။

အဲဒီအချိန်မှာ အထင်ကြီးစရာ မောင့်ကို သွားတွေ့သည်။ အချစ်ကြောင့် အထင်ကြီးရလေသလား မပြောတတ်၊ နှစ်လိုဖွယ်အပြုံးကတော့ မြတ်အတွက် ထူးခြားသည်အမှန်ပင်။ မောင်ပြုံးလိုက်လျှင် 'ကျွန်တော့်ရင်ထဲမှာ ခင်ဗျား အတွက် စာနာထောက်ထားမှုဟာ ရင်နဲ့အမျှပါ'ဟု ရင်ကို လှစ်ပြနေသယောင် ခံစားသိမိ၏။ အချစ်ကြောင့် ထုံမွှမ်းထားသည့် မောင့်အပြုံးကား၊ မြတ်အတွက် ယစ်မူးစရာ။

*

မြတ်သည် မောင်နှင့်ဆုံပြီး နောက်ပိုင်းတွင် ပို၍ စိတ်ချမ်းသာလာ သည်။ တစ်ခါတစ်ရံတွင် မောင်သည် မြတ်ကို ချစ်မိသည့်အတွက်၊ ဆုံးရှုံး ရမည့်သူပမာ စိုးရိမ်ထိတ်လန့်လျက် 'မောင့်ကို ချစ်တာ သေချာရဲ့လားကွယ်'ဟု ဆိုလာလျှင် မြတ်က ပြုံးပြလိုက်သည်။

မောင်သည် အိမ်တွင်းရေးတွေနှင့် ပတ်သက်ပြီးတော့ မြတ်အပေါ် အပြည့်အဝ နားလည်လာသည်ထင်၏။ နောက်တော့ မြတ်ကို ကြောင်ကြောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



စွာ ထိန်းသိမ်းတတ်လာသည့် အစ်ကိုကြီးတစ်ယောက်လို ဖြစ်လာသည်။

'အိမ်ကို ဘယ်တော့မှ မပြန်ဘူး'ဟု မြတ်က ခေါင်းမာလျှင် အကျိုးသင့်အကြောင်းသင့် 'ဒါ မာနထားစရာ မဟုတ်ဘူး'ဟု ဖျောင်းဖျတတ်သည်။ မြတ်သည် အိမ်ကိုစာလည်းမရေး၊ ပိုက်ဆံလည်း မတောင်းဖြစ်၊ မြတ်အပေါ် လိုလားသည့် အရိပ်အယောင် တစ်စုံတစ်ရာမပြသရွေ့ စာမရေးဟု ဆုံးဖြတ်ထားသည်။

"အိမ်ပြန်လို့လည်း မြတ် နွေးထွေးသွားမှာ မဟုတ်ဘူး၊ အို မြတ်မှာ အိမ်မရှိဘူး။ မြတ်တို့အိမ်ဟာ မုန်တိုင်းထန်မယ့် ပတ်ဝန်းကျင်တစ်ခုလို အမြဲတမ်း အုံ့မှိုင်းနေတာ၊ အရာရာကို မေတ္တာနဲ့ မကြည့်မြင်တတ်ကြဘူး၊ ကြာလာတော့ အကန်းတွေနဲ့ တူတူလာတယ်"

မြတ်သည် ဒီတစ်ခါပဲ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ဖူးသည်။ 'အိမ်က မြတ်ကို အလိုရှိတာ မဟုတ်ဘူး၊ မြတ် တစ်ခုခုဖြစ်သွားလည်း သူတို့ လှုပ်မယ်ထင်လား၊ ချစ်ခင် မြတ်နိုးမှု၊ ရိုးသေလေးစားမှုဆိုတာ မြတ်တို့အိမ်မှာ မရှိဘူး...။

မြတ်၌ ငွေပြတ်သည့်အခါ မောင်က နိုးရိမ်တကြီးဖြင့် ပိုက်ဆံတွေ အတင်းယူလာပေးသည်။ မြတ် မယူတော့ ဒေါသ ထွက်သည်။

'မြတ်ဟာ ချစ်သူဆီက ဘာမှမယူချင်ဘူး၊ မြတ်ပေးနိုင်တာတွေကိုသာ အကုန်ပေးချင်တာ၊ ပြီးတော့ မြတ်ဟာ ချစ်သူဆီက ရသမျှ ယူစားနေတဲ့ မိန်းမလည်း မဟုတ်ဘူး...'ဟု မောင့်မျက်နှာကို စေ့စေ့ကြည့်ကာ မာန်နှင့် ပြောမိသည်။

"မငြင်းနဲ့မြတ်၊ မင်းကို ရိုးရိုးသားသား ကူညီနေတာ၊ မင်းနဲ့ကိုယ်ကြားမှာ မာနဆိုတာ ထည့်ဦးမှာလား၊ ဒီလိုနေရာမျိုးမှာ ငွေမရှိရင် မိန်းကလေးတစ်ယောက် ဘာဖြစ်သွားနိုင်တယ်ဆိုတာ သိရဲ့လား"

မောင့်စကားက မြတ်၏ မာနကို ရိုက်ပုတ်လိုက်သလို နာကျင်ခံခက်သည်။ 'မြတ်ဟာ သိပ်စိတ်ပျော့လွန်းတယ်၊ ဒီကြားထဲ ခေါင်းမာတော့ ပိုမခက်ဘူးလား၊ ဘယ်သူနစ်နာမလဲ၊ မြတ်ပဲ နစ်နာမယ်။ မြတ်ဟာ ကလေးလို ပြောရမယ့်အရွယ်လည်း မဟုတ်ဘူး' မောင်ပေးတဲ့ငွေကို နောက်ပြန်ဆပ်မယ်ဆိုကာ ယူထားလိုက်ပြီး တစ်ပတ်တည်းနဲ့ မြတ်သုံးဖြုန်းပစ်သည်။ ထို့နောက်





မြတ်ထံတွင် အဖိုးတန်ပစ္စည်းအဖြစ် တစ်ခုတည်းသာ ရှိတော့သည့် နားကပ်ကလေးကို ချွတ်ရောင်းကာ မောင့်ကို အကြွေးဆပ်သည်။

'မောင် အခုလိုသာ ပေးနေဦးမယ်ဆိုရင် မြတ်ကတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆပ်ရမှာပဲ' မောင်သည် ဒေါသထွက်ရန်လည်း သတိမရ၊ မြတ်ကိုသာ တအံ့တသြကြည့်ကာ 'မင်းခေါင်းမာတာလွန်ပြီ'ဟု ဆိုလာသည်။ မြတ် ခပ်မဆိတ်ပင် နေလိုက်သည်။ နောက်တော့ မေ့ထားလိုက်ကြသည်။ နောက်တော့...မောင်က ... 'လခနဲ့ အသုံးစရိတ်လောက်ရဲ့လား' ဟု ခဏခဏမေးရုံမှတစ်ပါး မောင်သည် ဘာမှမပေးတော့ချေ။

*

မြတ်သည် ခုလို ပေပေတေတေနဲ့ စည်းကမ်းမဲ့နေရတာကို သဘောအကျကြီးကျ၍ နေ၏။ ပြောမည့်ဆိုမည့်သူမရှိ အင်မတန် လွတ်လပ်ကာ အရသာတွေ့နေသည်။ လက်ဖက်ရည်ဆိုင်မှာ ကျောတောင့်အောင် ထိုင်ပြီး ရင်အောင့်အောင့် လက်ဖက်ရည်ကို သောက်နိုင်သည်။ မိုးရေထဲမှာလည်း ခြေထောက်တွေ ကြွက်တက်အောင် လျှောက်သွားနေဖူးသည်။

အဆောင်ပြန်ရောက်ရင် စောင်ခြုံထဲကွေးပြီး သုံးရက်လောက် အဆစ်အမြစ်ကိုက်ခဲပြီး အားနည်းဖျော့တော့ကာ မူးဝေနေတော့သည်။ မောင်က အပြစ်တင်ချင်ရက်နဲ့ ကရုဏာလွှမ်းတဲ့ မျက်ဝန်းနဲ့ 'ကောင်းတယ်၊ အနားရတာပေါ့'ဟု ပြောတတ်သည်။

မြတ်ကတော့ မောင်ပြန်ရင် ဖျားလိုက်စမ်းပါ၊ ခြေလက်တွေ ညောင်းညာကိုက်ခဲပြီး စောင်ပုံကြီးအောက်မှာ မလှုပ်မယှက်နေချင်စမ်းပါဘိ၊ တစ်ခါတလေ မြတ် သေသွားမလားဟု အောက်မေ့ရလေသည်။ ဒီလို မထင်ရှားတဲ့ ကျဉ်းမြောင်း စုတ်ပြတ်တဲ့ အခန်းထဲမှာ သူစိမ်းတွေကြားထဲမှာ တိတ်တဆိတ် သူ့လိုကိုယ့်လို သေသွားမှာတော့ တုန်လှုပ်မိသည် အမှန်ပင်။

တကယ်တော့ လောကကြီးက ဘာမှမဆန်း၊ လူတွေပဲ ဆန်းပြားခြယ်လှယ်နေကြတာ၊ မြတ်သည် တွယ်တာစရာမှန်သမျှ တွက်ချက်စဉ်းစားရင်း ဘာမှမရှိဟု အဖြေထုတ်ဖို့ ကြိုးစားသည်။ မျက်ရည်အဝဲသားနှင့် ငြင်းချင်သည်။ မောင့်ကို တွေးမိတော့ ရင်ဘတ်တစ်နေရာမှ တင်းခနဲ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

မကြာခဏ ဒီလိုဖြစ်တတ်တဲ့ မြတ်သည် အချစ်ကိုတော့ ထာဝရ အစစ်အမှန်တစ်ခုလို မက်တွယ်ငြိနေသေးသည်။ မြတ်၏ လက်ချောင်းလေးတွေ မောင့်လက်ထဲမှာ နွေးထွေးနေရင်ပဲ မြတ်သည် အားအင်သစ်များဖြင့် သိပ်ကောင်းပါလားလို့ မမြင်နိုင်သည့် အချစ်ကို အထင်ကြီးမိသည်။ ဒါပေမဲ့... မကြာခဏဆိုသလို မောင့်အမေရဲ့ မျက်ဝန်းတွေကို မြင်မိသော မောင့်ကို စွန့်လွှတ်ဖို့ စိတ်ကူးမိလေ ဖြစ်လာသည်။

ပထမအကြိမ်ကတည်းက မောင့်အမေရဲ့ သဘောထားကို သိရသည်။ ယဉ်ကျေးတဲ့ အသိုင်းအဝိုင်းပေမို့ ဟန်ဆောင်ကောင်းမှုတွေကတော့ ချီးမွမ်းစရာကောင်းပါသည်။ ကျွမသားချင်းလို စာနာထောက်ရှုမှုကို ပြသည်။ ဘယ်လိုမှ မစပ်ဟပ်နိုင်တဲ့ ဘဝနှစ်ခုကို နှိုင်းယှဉ်လိုဟန်ဖြင့် သူတို့အသိုင်းအဝိုင်းအကြောင်း ဘယ်လို အပြစ်အနာအဆာမှ မရှိတဲ့ သူတို့ဆွေမျိုးဆက်တွေ အကြောင်းပြောပြရင်း၊ မြတ်ရဲ့ သိမ်ငယ်စရာဘဝကို အလိုလို ထင်ဟပ်ပေါ်လွင်စေသည်။

ဘာမှ အားမငယ်ဖို့အကြောင်း အကူအညီလိုရင် တတ်နိုင်သလောက် ကူညီမည့်အကြောင်းတွေကို ကြည်သာစွာ ပြောရင်း ရင်းနှီးမှုရဲ့နောက်ကွယ်မှာတော့ စိမ်းကားမှုတွေကို မြတ် မြင်ရသည်။

မောင်ကတော့ နက်ရှိုင်းစွာ ခံစားရပုံပေါ်သည်။ အမေတစ်ခု သားတစ်ခု ဘဝမှာ မိခင်နှင့် အတိုက်အခံ ဆန့်ကျင်ခဲ့ကြောင်း မောင့်ရာဇဝင်တွင် မရှိခဲ့။ ယခုတိုင် သားကို နမူးလေးစမ်း၊ ခြေဖျားလေးစမ်းလုပ်နေတတ်သေးတဲ့ မောင့်အမေအတွက်တော့ ဒီကိစ္စဟာ သိပ်ကိုအရေးပါတဲ့ ကိစ္စတစ်ရပ်ပင်။

"မောင်တို့ အချိန်ယူရင် ဖြစ်ပါတယ်၊ မြတ်ရယ်...။ မေမေ မောင့်ကို သိပ်ချစ်တာ၊ တဖြည်းဖြည်းတော့ မေမေလက်ခံနိုင်မှာပါ"

'ထင်သလားမောင်၊ မောင့်အမေက အခြားနေရာမှာတော့ မသိဘူး ဒီလိုနေရာမှာတော့ သိပ်ကို ခေါင်းမာပြတ်သားမယ့်ပုံပဲ၊ မြတ်တစ်ယောက် ခံစားသိနိုင်တဲ့ သူ့အမူအရာတွေကို မြတ် တစ်သက်လုံး ထိခိုက်မခံနိုင်ဘူး မြတ်က အကျဉ်းအကျပ်ဆိုတာကို တစ်စက္ကန့်တောင် မခံနိုင်ဘူး၊ နာစရာ ရင်လည်း မြတ်ပဲ နာပါရစေတော့၊ မောင့်အတွက်ပါ၊ မောင့်ကို သိပ်ချစ်လို့





ပြောရတာပါ'၊ မြတ်အသံလေးသည် တိုးတိတ် တိမ်ဝင်သွားသည်။ 'မောင့်အမေလောက်တော့ မောင့်ကို ဘယ်သူမှ ချစ်နိုင်မှာ မဟုတ်ဘူး၊ မိခင်တစ်ယောက်ရဲ့ အချစ်ကို လေးစားလို့ မောင့်ကို စွန့်လွှတ်တာပါ'ဟု ရင်နာစွာဖြင့် ပြောဖြစ်ခဲ့သည်။

နောက်ဆုံးမှာတော့–

'မြတ်ဟာ ကိုယ့်ကို မလိုလားတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဘယ်တော့မှ တိုးဝင်ဖို့ မကြိုးစားဘူး၊ ဘယ်လောက်ဆုံးရှုံးနစ်နာသွားပါစေ၊ အဝေးကိုပဲ ပြေးချင်တယ်' ဘာကို နာကြည်းမှန်းမသိ ညည်းညူသံတစ်ဝက်က ကျပ်တည်းစွာ ထွက်သွားသည်။

မောင့်မျက်နှာသည် အုံ့မှိုင်းသွားသည်။ သူ့ကိုယ်သူ မထိန်းနိုင်သလို မြတ်ကိုလည်း နှစ်သိမ့်စရာ ရှာတွေ့ပုံမရ၊ ထိုနေ့က ဘာစကားမှ မဆိုနိုင်ကြ၊ ညနေခင်းသည် မျက်ရည်များနှင့် မလှမပ အဆုံးသတ်သည်။

*

နောက်မျှားမကြာမီ မောင့်ကို ဆွေမျိုးတော်စပ်သူ မိန်းကလေးတစ်ယောက်နှင့် စေ့စပ်မည်ဟု သတင်းကြားသည်။ သားကို သိပ်ချစ်သော ဂုဏ်သရေရှိ အသိုင်းအဝိုင်းမှ မိခင်တစ်ယောက်အနေဖြင့် မြတ်ကို မလိုလားတာ သဘာဝကျပါသည်။ မြတ်သည် သူများနှင့် မတူဘူးဆိုတာ ပြချင်လာသည်။

'သမီးလာဖြစ်အောင်လာနော်'တဲ့ မောင့်အမေက ပြောသေးသည်။ သားရဲ့သူငယ်ချင်းမလေးလေ၊ သမီးလိုတူမလို ဖြစ်နေတာ၊ နယ်ကလာပြီး အဆောင်မှာနေ အလုပ်လုပ်ပြီး ရုန်းကန်နေရတာ၊ ခုခေတ်ကလေးတွေက ချီးကျူးစရာပါ...'ဟု ဘေးမှ အဖော်မိန်းမကြီးကို လှည့်ပြောပြီး မိတ်ဆက်ပေးသေးသည်။

အဆောင်မှ သူငယ်ချင်းတွေက မသွားနဲ့ဟု ပြောသူကပြော၊ သွားဖို့ တိုက်တွန်းသူက တိုက်တွန်း၊ သို့သော်...မြတ်က သွားဖြစ်အောင် သွားလိုက်သည်။

မောင်နဲ့ စေ့စပ်သည့် မိန်းကလေးကိုလည်း တွေ့ခဲ့သည်။ မြတ်နှင့် ရင်းတနှီး စကားတွေ ပြောဖြစ်သည်။ သူကတော့ မြတ်ကို ရင်းနှီးပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ ပေါင်းလို့ကောင်းမည့် မောင့်ရဲ့ငယ်ပေါင်းသူငယ်ချင်းတစ်ယောက်လို့ မှတ်ယူလိုက်ပြီဟု ခဏချင်း ရိပ်မိသည်။ (နောင်တွင် မောင်နဲ့ မပြေမလည် အကျိတ်အခဲလေးတွေရှိလျှင်ပင် ယုံကြည်စိတ်ချစွာဖြင့် မြတ်ထံလာပြီး ဆွေးနွေ ဦးမည့် မိန်းကလေးလည်း ဖြစ်နိုင်သည်။)

"သူနဲ့ ကိုယ်က မိတ်ဆွေဖြစ်တာ ကြာပြီလေ၊ သူ့အကြောင်း သိ သိတာပေါ့၊ အပွဲ့ထဲမှာဆို ဆရာကြီးပဲ၊ သူ့ကို ဆန့်ကျင်ပြီး အတိုက်အခံ သွားမငြင်းလိုက်နဲ့၊ ဘယ်တော့မှ မနိုင်ဘူး၊ သူက စကားသိပ်ကြွယ်တာ ဆရာတင်ပြီးမြှောက်သာပြော ညီမရေး ရှိသမျှ အိမ်အလုပ်တစ်ခုမကျန် လုပ် သွားလိမ့်မယ်။ သူမူးလာရင်တော့ ကိုယ်က ဦးဆောင် ကြမ်းထား၊ တစ်ခါ တည်း အမြီးကုပ်ရော၊ သူငယ်ချင်းတွေ အားလုံးကလည်း သူ့ကို ကောင်းချီး ပေးနေကြပြီလေ၊ ဟား ... ဟား"

မြတ်က စိတ်လွတ်ကိုယ်လွတ် ရယ်မောပစ်လိုက်သည်။ မောင်က မျက်လုံးပြူးကြီးများဖြင့် ငေးကြည့်နေသည်။ မောင်သည် မြတ်၏ အမူအရာ ကို တစ်ခုချင်း ဆန်းစစ်နေပုံရသည်။ မြတ်က မောင့်ကို ရဲရဲပြန်မကြည့်ရဲ မြတ်ဟာ ရှုံးနေပြီ။ တစ်ချိန်လုံး ရှုံးခဲ့ပြီးမှပဲ မောင်ရယ်ဟု ရင်ထဲက ထပ်ကာ ထပ်ကာပြောနေသည်။

မောင့်မိန်းကလေးသည် သွက်လက်ဖျတ်လတ်ကာ မိန်းမပီသသည် ယဉ်ကျေးသိမ်မွေ့သည်။ ရုပ်သွင်ဟန်ပန်ကအစ အထင်ကြီးစရာကောင်းသည် အိမ်ထောင်နိုင်နင်းမည့်ပုံပေါ်သည်။ အချစ်နှင့်အတူ လင်ယောကျ်ားကို ဖြ ယုယတော်လျှင်တော့ မောင်ကံကောင်းတာပဲဟု တွေးမိသည်။ တကယ်ဆို ယောကျ်ားတွေလိုတာ ဒါပဲ ... ဒါပဲ မဟုတ်လား။

ပြန်ခါနီးတွင် မောင်က မေးသည်။ 'မြတ်အိမ် မပြန်ဘူးလား' တဲ့ သူ့မျက်လုံးများက အိမ်ပြန်ဖို့ တိုက်တွန်းနေသည်။ မောင်သည် မြတ်ကို နား မလည်ချင်ယောင်ဆောင်နေတာလားဟု ဝေခွဲနေရသည်။ နောက် ဝမ်းနည်းစွာ ပင် 'ပြန်မယ်'ဟု ပြောသည်။ ဒီလေသံမှာ ဘယ်တော့မှ မပြန်ဘူးဟု ခေါင်းဖ လိုက်ကြောင်း မောင်တစ်ယောက်သာ သိပေမည်။

အနက်ရှိုင်းဆုံးသော ခံစားမှုသံစဉ်များဖြင့် မောင့်ကို နှုတ်ဆက်ရ ကြီးစားသည်။ မောင်သည် ဘာစကားမှ မဆိုနိုင်၊ ကျောက်ရုပ်ကြီးတစ်ရုပ်





လို ငြိမ်သက်ကျန်ရစ်သည်။ မြတ်လည်း ဘာလုပ်မိမှန်းပင် မသိလိုက်၊ နောက်ဆုံးအကြိမ် မောင့်မျက်နှာကို ကြည့်မိရင်းက ရုတ်ခြည်း လှည့်ထွက်လာ ခဲ့သည်။ လမ်းပေါ်ရောက်မှ အတားအဆီးမဲ့ကျလာတဲ့ မျက်ရည်များကို သတိပြုမိသည်။

ဆောင်းထားသည့် ထီးကို ပိတ်ပြီး၊ ခေါင်းကို မော့လိုက်တော့ မျက် ရည်အားလုံးသည် မိုးစက်များ ဖြစ်သွားသည်။ မိုးစက်တွေပဲ၊ မောင်လည်း မျက်ရည်မကျပါစေနဲ့။ မောင့်ပါးပေါ်က မိုးစက်တွေကို မြင်ယောင်မိပြန်သည်။ ဩော် ... မောင်က မိုးစိုချင်မှစိုမှာ၊ မောင့်မိန်းကလေးက ထီးလာမိုးပေး ဘဲ နေပါ့မလား။

မြတ်သည် အဆောင်ကို ဘယ်လို ပြန်ရောက်လာမှန်း မသိလိုက်။ မြတ်၏ စိတ်ထဲမှာ အဆမတန် ဆွေးနေသည်။ လေးနေသည်။ ဘာကိုပဲ ကြည့်ကြည့် အရာခပ်သိမ်းသည် အနှစ်မဲ့နေ၏။

မြတ်၏ ပတ်ဝန်းကျင်တစ်ခုလုံးလည်း အဓိပ္ပာယ်မဲ့နေ၏။ ဒီလိုမှန်းကျပ် လှောင်ပိတ်မှုကြားမှ သဲကန္တာရထဲ၌ ရေတွေ့သူလို အေးစက်သောအရာတစ်ခု ကို ကယောင်ကတမ်း စမ်းမိပြန်သည်။


အို ... အို၊ ရင်ခုန်လှုပ်ရှားစွာ ဖမ်းဆုပ်မိသောအရာက 'ဒဏ်ရာတစ်ခု' ပါကလား။

တလောင်းသစ်မွေဇင်း၊ ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ အမှတ် (၂၀)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကြို့ရသည်က

"အခန်းဖော် အသစ်ရောက်နေပြီ စိုးရေ၊ ငါတစ်ယောက်တည်း မဟုတ်တော့ဘူး"

အလုပ်မှ ပြန်လာတဲ့ စိုးကို အဆောင်လှေကားထိပ်ကနေ ဝမ်းသာအားရ ဆွေရည်လှမ်းပြောလိုက်သည်။

"အေး၊ ကောင်းတယ်၊ ဒါမှ ငါလဲ နှားအေးပါးအေးနေရတော့မယ်။ မဟုတ်ရင် နင်က ငါ့အခန်းမှာချည်းပဲ"

"ကြည့်သေးတာပေါ့။ အရင်တုန်းက ငါတစ်ယောက်တည်းလာတယ်။ အခု ငါ့အဖော်ပါ ငါက ခေါ်လာမှာပေါ့"

"နင် အခန်းဖော်ရှိလား"

"မရှိဘူး၊ ပစ္စည်းတွေ နေရာချထားခဲ့ပြီး ဈေးဝယ်သွားတယ်"

"အရင်တစ်ယောက်လို ဖြစ်နေဦးမယ်နော် ဆွေရည်၊ သတိလထားဦး"

"ခွာညိုနဲ့မျှား တခြားစီပါကွာ၊ ကောင်မလေးက သနားကမား ရိုးရိုးသားသားလေး၊ နယ်ကတဲ့"

"အဲဒီ ခုတင်က လူတော့ မမြဲဘူးနော်၊ အဲဒီအခန်းမှာ နင်ကသာ တစ်ပင်တိုင်မင်းသမီး"

"ဒီတစ်ဆောင်လုံးမှာ ငါ့နေရာလေးကို ငါအကြိုက်ဆုံးပဲ"

ဆွေရည့်အခန်းက နှစ်ယောက်ခန်းပေမယ့် အမြဲတမ်းလိုလို ဆွေရည်တစ်ယောက်တည်း ဖြစ်နေတတ်သည်။ လူရောက်လာလျှင်လည်း တစ်လနှစ်လထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုမနေ၊ မကြာခဏ လူသစ်ပြောင်းနေတတ်သည်။ စိုးတို့ အခန်းကတော့ သုံးယောက်ခန်း၊ ဆွေရည်တို့နှင့် မျက်နှာချင်းဆိုင်အခန်းဖြစ်သည်။ ဆွေရည်အပျင်းလျှင် စိုးတို့အခန်းပဲ သွားလည်နေတာများသည်။ အခု အခန်းဖော်ရောက်ပြီဆိုတော့ အနည်းဆုံး ညအိပ်ခါနီး အပျင်းပြေစကားစမြည်လေး ပြောနိုင်သည်ဟု ဝမ်းသာနေမိသည်။

ကောင်မလေးက ရောက်ကတည်းက စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်စွာ သူ့ခုတင်မှာ ထိုင်နေသည်။ အဆောင်နေစ ထုံးစံအတိုင်း အနေအထိုင်မကျ အနည်းငယ် ကသိကအောက်ဖြစ်နေပုံလည်း ပေါ်သည်။ ဆွေရည်တစ်ခွန်းမေးမှ တစ်ခွန်းဖြေသဖြင့် စကားပြောဖော်မရမှာ စိတ်ပူချင်သွားသည်။ သူ့ခမျာ ရောက်စမို့လို့ ထင်ပါရဲ့။

"ညီမလေး လိုတာရှိရင်ပြော၊ လွတ်လွတ်လပ်လပ် ညီမလေး နေတတ်သလို စိတ်ကြိုက်နေ၊ မမကို အားမနာနဲ့နော်၊ ဒါနဲ့ ညစာကော စားပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပြီ"

"ဝယ်စားတာလား"

"ဟုတ်တယ်၊ နောက်နေ့တွေမှ ချက်စားတော့မယ်။ အိုးခွက်ပန်းကန်တွေ ဝယ်လာခဲ့ပြီ"

"ညီမလေး နာမည်"

"သီတာနိုင်ပါ"

သူ့ပုံစံလေးက မျက်နှာလုံးလုံးလေး၊ အသားညိုညို ဆံပင်တိုတို၊ ယုန်သွားလေးလို ရှေ့သွားလေးနှစ်ချောင်းက ပေါ်နေတတ်သဖြင့် တစ်မျိုးလေး ချစ်စရာကောင်းနေသည်။ မျက်နှာလေးက နုသေးသည်။ ဆယ်တန်းအောင်ပြီးစ၊ အဆောင်နေဖို့ စောလွန်းသည့်အရွယ်ဟု ဆွေရည် ထင်မိသည်။

ဆွေရည်နှင့် ရင်းနှီးလာပြီးမှ သူတဖြည်းဖြည်း စကားပြောပွင့်လင်းလာသည်။ အရွန်းအဖောက်ကလေးလည်း ပြောတတ်သည်။ ဆွေရည်မှာ ယခင်ကလောက် အခန်းမလည်ဖြစ်တော့။

စိုးကတောင် 'ဆွေရည်တို့တော့ မြင်ချင်လို့တောင် မမြင်ရတော့ဘူး' ဟု စကားနာထိုးလာသည်။





သီတာက သူ့အလုပ်ရှာနေကြောင်း ပြောသည်။

"အလုပ်ရဖို့လဲ မလွယ်ပါလား မဆွေရယ်၊ သီတာ အလုပ်ရမှ ဖြစ်တော့မယ်၊ ဆယ်တန်းအောင်ဆိုတော့လဲ၊ အနည်းဆုံး အရောင်းစာရေးပဲ ရမှာ၊ ပိုက်ဆံ သုံးလေးထောင်နဲ့က အဆောင်နေစရိတ်၊ စားစရိတ်-ဘယ်လိုမှ မလောက်ဘူး။ မတတ်သာတဲ့ အဆုံးတော့ ဝင်လုပ်ရမှာပဲ"

သီတာက အလိုက်သိသည်။ ဆွေရည်အလုပ်မှ ပြန်ရောက်လာလျှင် အခန်းရှင်းထားတာမျိုး၊ ရံဖန်ရံခါ ဆွေရည့် အဝတ်အစားတွေ ယူလျှော်တာမျိုး၊ ထမင်းဟင်းနွှေးထားတာမျိုးလေးတွေ လုပ်ပေးထားတတ်သည်။ မလုပ်နဲ့ဟု ပြော၍မရ၊ ညနေစာ စားတော့လည်းအတူ၊ နှစ်ယောက်အတူစားရအောင် ဆွေရည်က အပြန်တွင် ဟင်းတစ်ပွဲကောင်းကောင်းဝယ်လာလေ့ရှိသည်။ မနက်ဆိုလျှင်လည်း ဆွေရည်အတွက် ကော်ဖီက ဖျော်ပြီးသား။ သူမသောက်လည်း ဆွေရည့် အထုပ်တွေကို သူ့ဘာသာသူ ယူဖျော်ပေးထားသည်။ နောက်တော့ မဖြစ်ဘူး။ နှစ်ယောက်စာဖျော်၊ ဘာလုပ်လုပ် နှစ်ယောက်စာလုပ်ဆိုကာ သူ့ကို အတင်းကျွေးမှ ဝင်စားရှာသည်။

*

"ဘယ်လိုလဲ အဆင်ပြေရဲ့လား"

စိုးကလည်း မကြာခဏ သတင်းမေးရှာသည်။

"ပြေပါတယ်"

"နင့်မှာ ညီမတစ်ယောက် ကောက်ရတယ်လို့တောင် အဆောင်မှာ ပြောနေကြတယ်။ နင်ကလဲ အဲဒီလောက် ဆေးမကိုင်နဲ့လေ၊ ကိုယ့်ဟာ ကိုယ့်ပစ္စည်းတစ်ခုခုဖြစ်ရင် အလျော်တောင်းလို့ ရတာမျိုးလဲ မဟုတ်ဘူး၊ ခင်တာကလဲ ခင်တာပေါ့ဟာ။ သူ့ပစ္စည်းကိုယ့်ပစ္စည်းဆိုတာ ရှိတာပဲ။ နင်က တစ်ဖက်သားကို အားနာတတ်လွန်းလို့ ငါသတိပေးတာ"

"အေးပါ စိုးရယ်၊ သိပ်လဲ ပူပန်မနေပါနဲ့"

ဆွေရည် ရယ်မော၍ ပြောလိုက်သည်။

တစ်ဆက်တည်း ခွာညို့ကို သတိရသွားသည်။ ခွာညို ဒီကလွင့်တာတောင် လေးငါးလရှိပြီ။ ကိုယ်က တစ်ဖက်သားကို အားနာတတ်တာနဲ့၊ လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



တတ်တာနဲ့ ခင်တတ်တာနဲ့ ဆွေရှည်တော်တော်ခံလိုက်ရသည်။

ခွာညို အဆောင်ဝင်သည့်နေ့က ဆွေရှည်မရှိ။ မြို့ထဲက အစ်မ အိမ်မှာ သွားအိပ်ပြီးနောက်နေ့ညနေစောင်းမှ အဆောင် ပြန်လာသည်။ သို့နှင့် အခန်းဖော်ကို ဖြူသလား၊ မည်းသလား မမြင်ရသေး။ ထိုညနေက မီးလိုင်းကလည်း ပြတ်သွားသဖြင့် အဆောင်ထဲမှာ မှောင်နေသည်။ စမ်းတဝါးဝါး ဝင်သွားရသည်။ သူကလည်း ဆွေရှည့်ကို သူ့အခန်းဖော်မှန်း မသိသေး။

အခန်းဝမှာ ဆွေရှည့်ကို မြင်တော့—

"မမ ... မမညိုနဲ့ အပြင်ခဏအဖော်လိုက်ခဲ့ပေးပါလား၊ ည ဗိုက်ဆာရင် စားစရာမရှိဖြစ်မှာစိုးလို့၊ မုန့်ထွက်ဝယ်ချင်တယ်'ဟု မဝံ့မရဲ အသံကလေးဖြင့် ပြောသည်။

"အေး သွားလေ"

သူ ရုတ်တရက် ထလိုက်တော့ ယိုင်သွားသည်။ တစ်စုံတစ်ခုကို ခပ်မြန်မြန် ဖမ်းဆွဲတာ တွေ့လိုက်ရသည်။ တုတ်ကောက်လေးတစ်ချောင်း။

"အို ... ညီမလေးက"

"ဟုတ်တယ် မမ၊ ကားအက်ဆီးဒင့်ဖြစ်လို့ ခြေတစ်ဖက်မသန်ဖြစ်သွားတာ၊ အရင်က ဒီထက်ဆိုးတာပေါ့။ ခု အများကြီး တိုးတက်လာတာ"

"ညီမလေး သွားလို့ ဖြစ်ပါ့မလား"

"ရပါတယ် မမ၊ တစ်ယောက်တည်းတောင် အဆောင်လာနေတာပဲ"

အသံလေးကလည်း ရှမ်းသံဝဲသဖြင့် နားထောင်၍ပင်ကောင်းသေးသည်။ လမ်းမပေါ်ရှိ ဓာတ်မီးတိုင်အောက်ရောက်မှ သေသေချာချာ ကြည့်မိသည်။ ခွာညိုဆိုပေမဲ့ အသားဖြူဖြူချောချောလေး ဆံပင်ကလည်း အရှည်ကြီး၊ တုတ်ကောက်ကလေးနှင့် ထော့နဲ့ထော့နဲ့ ဖြည်းညင်းစွာ လျှောက်နေပုံက သနားချစ်ခင်ဖွယ်ရာ ဖြစ်နေသည်။

ဆွေရှည့်ရင်ထဲ လှိုက်လှိုက်လှဲလှဲ သနားသွားသည်။ သည်လိုပုံစံမျိုးနဲ့ တစ်ကိုယ်တည်း ရန်ကုန်ရမည့် အဆောင်လိုနေရာမျိုးကို ဘာကြောင့် ရောက်လာသလဲ၊ ခေါ်ယူ ကျွေးမွေးထားမည့်သူ မရှိလို့လား။

"ညီ့တော့ မမကို ဒုက္ခပေးမိပြီ"

"အို မဟုတ်တာ၊ မမကသာ ကူညီပေးရမှာ"





'မမသွားဝယ်ပေးမယ်လေ'ဟု အဆောင်ရှေ့မှာကတည်းက မပြောဖြစ်ခဲ့တာ နောင်တရမိသည်။

"မမကို ဟိုနေ့တွေက မတွေ့ဖူးဘူး၊ ဘယ်အခန်းကလဲ၊ မမက ရုပ်လဲ ချောတယ်၊ သဘောလဲကောင်းတယ်၊ ညိုလေ အခြားအစ်မကြီးတွေကို မပြောရဲဘူး၊ ကြောက်တယ်၊ သူတို့မျက်နှာထားတွေက တင်းနေတာပဲ"

ဆွေရှည်နှင့် သူ တစ်ခန်းတည်းမှန်းသိတော့ သူ သိပ်ပျော်သွားသည်။

'ဟာ သဘောကောင်းတဲ့ မမနဲ့ အတူတူနေရမယ်'ဟု ကလေးဟန်ခွက်ကာ အော်ပြောလိုက်သေးသည်။

"ညို ဘာဖြစ်လို့ အဆောင်လာနေတာလဲ"

သူပြောပြမှ မေးမိတာ မှားလေခြင်းဟု နောင်တရသည်။ လူတစ်ယောက်မှာ ဒီလောက်ထိ ဆိုးတဲ့ ကံတရားတွေ စုပြုံပြီး လာတတ်သလားဟု မယုံကြည်နိုင်လောက်အောင် တအံ့တဩဖြစ်မိသည်။ ဆွေရှည် တစ်ခါမျှ မကြုံစဖူး။

"ညို့မှာ အဖေအမေတွေ မရှိကြတော့ဘူး မမရဲ့၊ အဖေကတော့ ညို ငယ်ငယ်ကပဲ ဆုံးသွားတာလေ၊ အမေက နောက်အိမ်ထောင်ယူတော့ ညို ပထွေးနဲ့ နေရတာပေါ့။ ပထွေးက ညို့ကို အမြဲအပြစ်ရှာပြီး ရိုက်တယ်။ အမေ့မှာ ပထွေးနဲ့ရတဲ့ သားသမီးတွေလည်း ရှိတယ်။ သူတို့က ညို့ကို မနှာလိုဘူး၊ ညိုက စာကောင်းကောင်းကြီး မတော်တောင် အတန်း မှန်မှန် အောင်တယ်။ သူတို့က တစ်တန်းကို နှစ်နှစ်လောက်တက်ကြတယ်။ အမေကလဲ ညို့ဘက်က မဟုတ်ပါဘူး။ အမေမှာ အဖေ့ကိုလဲ စိတ်နာစရာရှိတော့ ညို့ကိုလဲ မချစ်ဘူး။ ပထွေးကပဲ အားလုံး ခြယ်လှယ်နေတာ"

"အမေကလဲ မကြာခင်ကမှ သားအိမ်ကင်ဆာနဲ့ ဆုံးသွားတယ်။ ညို ကားတိုက်ခံရတာက အမေ မဆုံးခင်ကပဲ ခြေထောက်က နှစ်ပတ်လည်အောင် ကုရတယ်။ အိမ်မှာ ညို့ကို မသေရုံတမည် ဆေးကုပေးကြတာ၊ အိမ်မှာ ညို့ကို ဘယ်သူမှ မလိုလားကြဘူး။ အိမ်က နှင်မထုတ်ရုံတမည်ပဲ။ နေရထိုင်ရတာလဲ တစ်စက်ကလေးမှ စိတ်မချမ်းသာဘူး။ ကားတိုက်ခံရတာဟာလဲ ညို့ကို ဘမင်လုပ်ကြတာလို့ သံသယပွားစရာတွေ ရှိတယ်။ အမွေကိစ္စ အရှုပ်အရှင်းတွေ ရှိတယ် မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော်"

"ခြေထောက်ကောင်းရင်တော့ ဒီအိမ်က ငါထွက်မယ်။ ငါ့ဘဝ ငါ ရပ်တည်မယ်ဆိုတဲ့ မာနနဲ့ ညို ထွက်လာတာ၊ ခြေထောက်က ကောင်းရုံခဲ ရှိသေးတယ်၊ တုတ်ကောက်လွှတ်လို့ မရသေးဘူး။ ဒါပေမဲ့ ညို အားမငယ်ဘူး။ ညို့မှာ ရည်မှန်းချက်တွေ ရှိတယ်။ ညို အလုပ်လုပ်မယ်။ ညို့ဘဝ ရပ်တည်နိုင်ကြောင်း သူတို့သိအောင်ပြမယ်"

"အဖေ့စီးပွား၊ အမေ့ပစ္စည်းဥစ္စာတွေလဲ သူတို့ပဲ လက်ဝါးကြီးအုပ်ထား တာ ညို ရသင့်ရထိုက်တာတော့ အန်တီလေးက ရအောင် ကြိုးစားပေးမယ် တဲ့၊ အန်တီလေးက ဖေဖေ့ ညီမလေး"

"ဆွေမျိုးတွေရှိသားနဲ့ ညို့ရယ်၊ ဆွေမျိုးတွေနဲ့ နေရောပေါ့"

"ဆွေမျိုးဆိုတာ အလကားပါ။ သူ့စိမ်းတွေလောက် ကောင်းတာ မဟုတ်ဘူး"

တစ်မျိုးပဲဟု ဆွေရည် မှတ်ချက်ချသည်။

သူ့မှာ အဝတ်အစားလေးတွေကလည်း စုတ်စုတ်နွမ်းနွမ်းလေးတွေသာ။ အသုံးအဆောင်ပစ္စည်းဆိုတာလည်း ဘာမှမပါ။ သူ့လေသံထဲမှာပါသည့် စိတ် မချမ်းသာသည့် သူဌေးသမီးတစ်ယောက်ရဲ့ အဆောင်အယောင်လည်း အပြင် မှာ ဘာမှ မတွေ့ရ။

"ဖေဖေရှိရင် ညို ဒီလိုနေရာမှာ မဟုတ်ဘူး'ဟု ဝမ်းနည်းသံလေးနှင့် ပြောတတ်သည်။

"ညို့တို့ ခြံကြီးက အကျယ်ကြီး မမရဲ့။ အိမ်ကြီးမှာတော့ အားလုံး စုနေတာပေါ့။ ညို့အတွက်က ခြံထောင့်မှာ သီးသန့်တိုက်ပုလေးတစ်ဆောင် ရှိတယ်။ စိတ်ရှုပ်လာရင် ညို့က အဲဒီမှာ သွားသွားနေတာ၊ ညို့ကို ပြုစုဖို့ အဒေါ်ကြီးတစ်ယောက်နဲ့ပေါ့။ အမွေကိစ္စတွေအတွက် ညို့တစ်ခေါက်ပြန်ရရင် မမကို အလည်ခေါ်သွားမယ်၊ မမလဲ တောင်ကြီး အင်းလေး ရောက်ဖူးသွား တာပေါ့"

သူ့ဆီမှာ အသစ်ဆိုလို့ အဝတ်ထည့်သည့် ပီနံအိတ်ကလေးတစ်လုံး၊ တုတ်ကောက်ကလည်း အသစ်ကျပ်ချွတ်၊ အခြားအသုံးအဆောင်များမှာ မျက်နှာသုတ်ပဝါကအစ အားလုံး တစ်ပတ်နွမ်းတွေသာ ဖြစ်သည်။ တစ်ခါ





ဆွေရည်နှင့် စိုး စကော့ဈေးထဲမှာ ပိတောက်သားနှင့် ပန်းပြောက်ကလေးတွေ ဖော်ထားသော တုတ်ကောက်ကလေးများကို တွေ့၍ ဟိုမှာ ညို့တုတ်ကောက် မျိုးဟုတောင် ပြောခဲ့ကြသေးသည်။

စားရေးသောက်ရေးအတွက်တော့ သူ့ဦးလေးတော်သူက မနက်တစ် ကြိမ် ညတစ်ကြိမ် ကားနှင့် လာခေါ်သည်။ သူ့ဦးလေးကိုတော့ ဆွေရည်တို့ မမြင်ဖူးလိုက်၊ လာလျှင် ဘယ်တော့မှ ကားပေါ်ကမဆင်း၊ ညည်းသည်လည်း မခေါ်နိုင်း၊ ဟွန်းက တီတီ သုံးချက်ဆက်၍ နှိပ်လိုက်လျှင် ညို့ထွက်သွား တတ်သည်။

များသောအားဖြင့် အချိန်တန်လျှင် ခြံပေါက်ဝမှာ သူထွက်စောင့်နေ တတ်သည်။

"ဦးလေးဟာ အားကြီးစိတ်တိုတာ၊ စောင့်ရရင် နည်းနည်းမှ စိတ် မရှည်ဘူး"

"ဒီဦးလေးနဲ့ အဒေါ်သာ ရန်ကုန်မှာ ရှိနေလို့၊ ညို ကံကောင်းနေသေး တာ၊ ဒီဦးလေးဟာ ဦးလေးအရင်းကြီး မဟုတ်ပေမယ့် အရင်းတွေထက် အများကြီး ကောင်းတယ်"

"ညို့အဝတ်အစားတွေ ဖြစ်ပျက်နေတာလဲ မမကြည့်ဦး၊ ဒီလောက် အစုတ်ဝတ်ရတာတောင် အဒေါ်ကျေးဇူးကြောင့်၊ မမကို မပြောရသေးဘူးနော်၊ ဒီလာတော့ ကားပေါ်မှာ ညို့လက်ဆွဲအိတ်နဲ့ ကျောပိုးအိတ် ပျောက်သွားတယ်။ ညို့အောက်ကို ခဏလေးအဆင်းမှာ ဖြစ်ရတာ၊ ညို သိပ်ကံဆိုးတယ်၊ ပါလာ သမျှ အကုန်ဆုံးရော၊ အဝတ်တောင် တစ်စုံမကျန်လိုက်ဘူး။ ဒီရောက်တော့ ဦးလေး လာကြိုနေလို့ တော်သေးတယ်"

ဆွေရည် ညို့လက်ထဲမှ တုတ်ကောက်ကို ကြည့်မိသည်။ တုတ်ကောက် က အသစ်ကျပ်ချွတ်ဖြစ်နေသဖြင့် တုတ်ကောက်ပါ လူခိုးခံရပြီး အသစ်ထပ်ဝယ် ထားရတာတော့ မဖြစ်တန်ရာ။ ဆွေရည် စဉ်းစားနေရာမှ ထိုအတွေးကို ပျောက်ပစ်လိုက်သည်။

တစ်ကြိမ်မှာတော့ ဦးလေးနှင့် ရန်ဖြစ်ပြီး စိတ်ကောက်လာသည်ဟု ပြောသည်။ ရန်ဖြစ်ရတာကလည်း ဘီယာဆိုင်မှာဟု ဆိုသည်၊

"ညို့က သူလိုက်ပို့အောင်တောင် မစောင့်ဘူး။ တုတ်ကောက်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ၊ ညိုက စိတ်ကောင်းရင်လဲ အင်မတန် ကောင်းတယ်၊ စိတ်ကြီး ရင်လဲ အင်မတန်ကြီးတာ၊ ညို့ကို မဟုတ်တာပြောရင် မခံနိုင်ဘူး။ သူက ညို အရောင်းစာရေးဝင်လျှောက်မယ်ဆိုတာကို စာရိတ္တပျက်ပြားတဲ့အတိုင်း ပြော လိုက်တာ၊ အလုပ်လုပ်တာပဲ၊ ဘာပဲလုပ်လုပ်ပေါ့"

"ဦးလေးက စေတနာနဲ့ ပြောတာဖြစ်မှာပါကွယ်။ ညို့လို ပုံစံမျိုး အလုပ်ဝင်လုပ်မှာကို မမြင်ရက်လို့ နေမှာပေါ့။ ဖြစ်နိုင်ရင် သူ့အိမ်မှာတောင် ညို့ကို ထားချင်မှာပေါ့"

ဆွေရည်က ချော့မော့ဖျောင်းဖျရသေးသည်။

နောက်ရက်မှာ ခြံရှေ့မှ ကားဟွန်း တတီတီမြည်သံကြားသည်။ ညို က ထွက်မသွား။ ထမင်းလည်း လိုက်မစား။ ဦးလေးဖြစ်သူကလည်း ဆယ် မိနစ်ထက် ပိုမစောင့်ထွက်သွားလေသည်။ နောက်နေ့တွေမှာတော့ သူမျှော်ေ ပုံရသည်။ သို့သော် ဦးလေးကမလာ၊ ဦးလေးကလည်း ဦးလေးပင်။ ကိုယ့် တူမလေး ဒုက္ခတကို သုံးလေးရက် ပစ်ထားနိုင်သည့် ဦးလေး။ ဆွေရည်မှာသ မနေသာ သူ့ကို ချက်ပြုတ်ကျွေးမွေးရသည်။

ဦးလေးက မုန့်ဖိုးလည်း ပေးမသွား၍ လက်ထဲမှာ ပိုက်ဆံမရှိဘူး ဆိုသည်။ ထိုသုံးလေးရက်အတွင်း ဦးလေးထံမှ ဖုန်းခဏခဏဆက်ပုံရသည် ဘာပြဿနာတွေ ထပ်ဖြစ်သေးသည်မသိ။ ဆွေရည်က တယ်လီဖုန်းထားသ ပြတင်းပေါက်နားက ဖြတ်အလျှောက်–

'ခင်ဗျား အလိုရှိရင်သာ ကျုပ်ဆီလာခဲ့၊ ကျုပ်ကတော့ တစ်သက်မ ဘူးမှတ်'ဟု ရင့်ရင့်သီးသီး ပြန်ပြောသံကို ကြားလိုက်ရသည်။

သူ့ဦးလေးကလည်း လုံးဝ ပေါ်မလာတော့ပေ။

ဆွေရည်မှာ စိုးနင့်သာ 'ဘယ်လိုဟာလဲဟာ'ဟု တီးတိုးတီး ဝေဖန်မှုပြုရသည်။

"အေးလေ အံ့သြတယ်၊ ကိုယ့်တူမလေး ရန်ကုန်မှာ ခိုကိုးရာမဲ့ ဖြ နေတဲ့ဟာ ပစ်ထားရတယ်လို့"

"သူပြောတော့ သူ့အပေါ်ကောင်းတယ်တဲ့"

တစ်ရက် ဆွေရည် အလုပ်ကိစ္စဖြင့် သုံးရက်ကြာခရီးထွက်ပြီး ပြ အရောက် ညို့ကို ဝမ်းသာစရာအဖြစ်နှင့် မြင်တွေ့ရသည်က သူ တုတ်ကော





ပေါ်ဘဲ လမ်းလျှောက်၍ ရသွားခြင်းပင်။

လတ်တလော ချက်ချင်းကြီးမို့ 'ဟာ မြန်လှချည်လား။ မမလဲ ဝမ်းသာ တယ်'ဟု တအံ့တသြပင် ပြောဖြစ်သည်။ ကောင်းသွားပြန်တော့လည်း တကယ့် အကောင်းပတိ၊ ပြေးများပင် ပြေးနိုင်သေးသည်။ လမ်းလျှောက်တာမှာလည်း ဆွေရည်တို့ လူကောင်းတွေထက်ပင် မြန်မြန်လျှောက်နိုင်သည်။ ခြေထောက် တွေက သန်မှသန်၊ ကောင်းမှကောင်း။ ယခင်က ဘယ်သွားသွား သူ့ကို ပေးမ၍ ဖြည်းလေးစွာ လျှောက်ခဲ့ရသည်ကို အမှတ်ရသည်။

သူလမ်းလျှောက်နိုင်တာကို တစ်ကြိမ်တစ်ခါမှာတော့ အောချယူရ သည်။ သူအလုပ် လိုက်ရှာနေသည်။ ဘာပဲရရ လုပ်မည်။ လောလောဆယ် တွင် စားသောက်ဆိုင်တစ်ဆိုင်မှာ သီချင်းဆိုဖို့ကိစ္စ အစ်မကြီးတစ်ယောက်နှင့် ဆက်မိထားသည်။ တစ်နေရာမှာ ချိန်းထားသည်။ ဘယ်နေရာလဲဆိုတာ သူ ပြောလည်း မပြောတတ်၊ သွားပဲ သွားတတ်သည်။ မမ အဖော်လိုက်ခဲ့ပါဟု ခါသဖြင့် ဆွေရည်တစ်ခါ လိုက်သွားဖူးသည်။

ဦးဝိစာရလမ်းကို လျှောက်ရသည်ဆို၍ ဟံသာဝတီအဝိုင်းထိ လှည်း တန်းမှ ကားစီးသွားသည်။ ဦးဝိစာရလမ်းတစ်လျှောက် လျှောက်သည်။ ပြီးတော့ သွေးဆေးကန်၊ ရွှေတိဂုံဘုရား၊ မြောက်ဘက်မုခ်ထိ ရောက်လာသည်။ ရောက်ပြီလားဆိုတော့ မရောက်သေးဘူး။ ဘုရားပေါ်တက်ပြီးမှ ရောက်မည် ဟု ဆိုပြန်၍ ဘုရားပေါ်တက်သည်။ တောင်ဘက်မုခ်က ပြန်ဆင်းပြီး ကား တ်တိုင်အလွန်နားတွင် ချိန်းထားသည်ဟု ဆိုကာ ထိုနေရာတွင်ပင် မတ်တတ် ပ်စောင့်နေရပြန်သည်။

သို့သော် ချိန်းထားသူကား ပေါ်မလာ။ တကယ် ချိန်းထားတာလား။ ဆွေရည်ကို ညာခေါ်လာတာလားလည်း လောလောဆယ်မှာ စောလွန်း၍ ခေါင်းစားမိ။ ခြေထောက်တွေကလည်း ပြုတ်ထွက်လုမတတ် ညောင်းလှပြီ။ သူကတော့ အရောင်တောင် မညှိုး၊ အချိန်သာ တဖြည်းဖြည်း လင့်လာ မှောင် လာသည်။ လူနှစ်ယောက် အနားရစ်သီရစ်သီလုပ်ကာ ရိသဲ့သဲ့ လာလုပ်နေသည်။ ဒီဘက်ပလက်ဖောင်းကူး၊ ဒီဘက် ပလက်ဖောင်းကူးကာ စောင့်သည်။ နောက် တော့ ဆွေရည် မျက်နှာမထားတတ်တော့။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် ခင်လာသည်။ ဒေါသလည်း ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ညို၊ ဒီလောက်ဆို မစောင့်နဲ့တော့၊ ပြန်မယ်၊ နောက် မအေး ချာရင် ဒီလိုလမ်းဘေးမှာ မချိန်းနဲ့"

ဆွေရည် ဒေါသကို တော်တော်နှင့် သူမမြင်ခဲ့ဖူး၍ နည်းနည်းတော့ လန့်သွားဟန်ရှိသည်။ ဘာမှ မပြောဘဲ နောက်မှ အသာလိုက်လာသည်။

သူလုပ်တာလေးတွေ တစ်ခါတစ်ခါ မဟုတ်မှန်းသိလျက်နဲ့ နဂိုအ သနားရင်းစွဲ ခင်မင်ရင်းစွဲနဲ့ စေတနာရှိရင်းစွဲနဲ့ အလုပ်ရလျှင်လည်း ရပါစေ ကြောင်း ဆွေရည်လိုက်ကူညီပေးသည်။ အလုပ်ရသွားလျှင် အတည်တကျနေ ရသွားမည်။ ယခု သူ့ဦးလေးကလည်း မလာတော့ပြီ။ လက်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှမရှိ၊ ဆွေရည်က တစ်ခန်းတည်း အတူနေလျက် ကိုယ်တော် ယောက်တည်း စားနေရတာလည်း မျိုမကျ၊ ဆွေရည် သူ့ကို တစ်လနီးနီး ကျွေးမွေးထားရသည်။

သူ့ဦးလေးအကြောင်းလည်း စကားစပ်ကာ မမေးတော့။ သူလည်း မပြောတော့၊ သူ့ဇာတ်ကြောင်းလေးတွေ ပြန်နှောတတ်တာလည်း တိတ်ဆိတ် ကုန်တော့သည်။

ဆွေရည် အလုပ်သွားနေစဉ် သူတစ်နေကုန် အလုပ်ထွက်ရှာသည်ဟု ဆိုသည်။ ဆွေရည်ပြန်လာလျှင် ဆွေရည်ပစ္စည်းတွေ အထားအသို ပျက်နေတာ မျိုးတွေ မကြာခဏ ကြုံရသည်။ ကျောပိုးအိတ်လို၊ လက်ကိုင်အိတ်လို ပစ္စည်း မျိုး၊ ချိတ်ပုံချိတ်နည်း၊ ထားပုံထားနည်း အနေအထား ပျက်နေတာမျိုးတွေ မကြာခဏ ကြုံရသည်။ ဆွေရည် မသိလိုက် မသိဘာသာပဲနေသည်။ အသေး အဖွဲကိစ္စလေးတွေပဲဆိုကာ မိန်းကလေးချင်း ခွင့်လွှတ်ထားခဲ့သည်။

ဒီကြားထဲ အလုပ်ကလည်း မရနိုင်။ ရန်ကုန်မှာ ဒီလိုနေလို့တော့ မဖြစ်တော့ဘူး၊ ဆွေမျိုးတွေရှိရာကိုပဲ ပြန်တာကောင်းမယ်ဟု အားလုံးကလည်း အကြံပေး တိုက်တွန်းကြသည်။

လမ်းစရိတ်ကို ဆွေရည်ကပဲ ကူညီလက်စနဲ့ ဒါ နောက်ဆုံးပဲလေ ကူသိုလ်လည်းရပါတယ်ဟု သဘောထားကာ ကူညီလိုက်သည်။

"အန်တီလေးဆီကို ညို့အတွက် ငွေပို့ပေးဖို့ သံကြိုးရိုက်ထားတယ် ရောက်လာရင် မမဆွေရည်ပဲ လက်ခံထားပေးပါနော်"

ဟု မလျှော့တမ်း ပြောသွားသေးသည်။





သူပြန်မှ ဆွေရည်လည်း အခန်းလေး ဘာလေး သန့်ရှင်းရေးလုပ်ဖို့ ပြင်ဆင်သည်။ ခုတင်အောက်မှာ မဝတ်ဖြစ်တဲ့ အဝတ်အထည်တွေ၊ မဝတ် ချင်တော့တဲ့ အဝတ်အထည်တွေ ထည့်ထားသည့် ပီနံအိတ်ကို ကြွက်များ ကိုက်နေပြီလားဟု ဖွင့်ကြည့်မိသည်။

သေတ္တာထဲတွင် မဆံ့၍ ကျွတ်ကျွတ်အိတ်ဖြင့် အထပ်ထပ်ထုပ်ကာ ထည့်ထားသည့် ဂျာကင်အင်္ကျီ အကောင်းသားစစ်စစ်တစ်ထည် မရှိတော့။ ဆွေရည်မျက်လုံးပြူးသွားသည်။ ပြီးတော့ရော။ ပြီးတော့ အဝတ်ပုံကို ဟိုလှန် သည်လှန် မွှေ၍ ရှာသည်။ သွားပြီ မိမိ မဝတ်တော့သည့် အဟောင်းတွေ မှ လွဲ၍ ခပ်ကောင်းကောင်းမှန်သမျှ အားလုံး ပါသွားသည်။ သေတ္တာကိုတော့ သော့အမြဲခတ်ထားမိ၍ တော်သေးသည်။

ပြီးတော့ ညို့အား သူပြန်မည်ဆိုသည့်နေ့တွင်ပင် ပန်းဆိုးတန်းတစ်နေရာ ၌ စိုးကိုယ်တိုင် မြင်တွေ့ခဲ့ရသည်ဟု ဆိုလာသည်။ ဆွေရည်မျက်လုံးပြူးသွား သည်။

*

သိတာ အလှည့်ကျတော့လည်း စိုးက အားနာလိုက်လျောတတ်သည့် ဆွေရည့်သဘောကို သိနေ၍ စိုးရိမ်ကြောင့်ကြနေခြင်း ဖြစ်သည်။

ရုံးပိတ်ရက်တစ်ရက် စိုးက အဝတ်တွေ တစ်ပုံတစ်ခေါင်း လျှော်၍ မောမောပန်းပန်း တက်လာသည်။ ဆွေရည်အခန်းထဲ ချောင်းကြည့်ပြီး အိပ်ရာ ထဲတွင် စာအုပ်တစ်အုပ်နှင့် ခိမ်ကျနေသော ဆွေရည့်အား —

"မိန်းမ ခိမ်ကျနေလိုက်တာ၊ ရုံးပိတ်ရက်တောင် အဝတ်မလျှော်ရတော့ ဘူးပေါ့ ဟုတ်လား"

"အေးဟာ သိတာက အစောကြီးထပြီး လျှော်ပြီးနေပြီ"

"လှန်းထားတာမှ သူ့အဝတ်ချည်းပဲပါလား၊ နင့်အင်္ကျီက နည်းနည်း လေး။ နေပါဦး သူက လျှော်တာဖွပ်တာတော့ ဟုတ်ပါပြီ။ နင့်ဆပ်ပြာနဲ့ နင့် ဟာ နင့်ပစ္စည်းတွေနဲ့ပဲ လျှော်တာ မဟုတ်လား။ စားတာ သောက်တာကျတော့ လဲ နင်နဲ့ အတူတူလို ဖြစ်နေတော့ ကောင်မလေး ဈေးဝယ်တာတောင် မတွေ့ တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါလဲ ခေါင်းစားနေတယ်။ အားလုံးကို သူပဲ လုပ်ပေး တော့ ငါလဲ ပြောရမှာ အားနာတယ်။ မလုပ်နဲ့ ပြောလို့လဲ မရဘူး။ ငါလည်း သူ့ကို အမြဲတမ်း ဘယ်ပေးနေ ကျွေးနေနိုင်မလဲ၊ ချေးသလိုလိုနဲ့ ပြန်မဆပ် ထားတာတွေလဲ များပြီ၊ မဆွေရေ ကြက်ဥလေးတစ်လုံးလောက်၊ ဆီကလေး နည်းနည်းပေးပါဦး၊ အချိုမှုန့်လေး ဆားကလေးပါ ပါလိုက်သေး။ ငါ တတိတိနဲ့ မွဲတော့မယ်၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာက ငါ့ဆီကပဲ ယူသုံးနေတာ။ တစ်ခါတလေ သူက ငါ မသိဘူးလို့ ထင်တာ သူ့မှာ ဘာတစ်ခုမှ မရှိဘဲနဲ့ ငါမိတ်ကပ်တွေ၊ ငါ့ရေမွှေးတွေ ယူသုံးထား မှ မွှေးနေတာပဲ ပြောမနေချင်တော့ပါဘူးဟာ"

"မပြောဘဲနေရင် ပိုဆိုးမှာပေါ့၊ ကြာရင် ခက်မယ်"

"ဒီနေရာက လူမမြဲတတ်ဘူး၊ စောင့်ကြည့်ဦးမယ်၊ သူပြောင်းချင်ပြောင် သွားမှာပါ"

သို့သော် ဆွေရည် မျှော်လင့်သလို ဖြစ်မလာ၊ သီတာမှာ အဆောင် နီးနီးနားနား၊ သွားရလာရ လွယ်ကူသော စတိုးဆိုင်ကြီးတစ်ဆိုင်တွင် အလုပ် ရသွားသည်။ ဆွေရည်နှင့် စိုး ရင်မောစွာပင် သက်မပြိုင်တူချမိသည်။

သို့နှင့် ဆွေရည်မှာ ကိုယ်နေသားတကျ ခင်တွယ်နေပြီဖြစ်သော အခန်းကလေးမှ ခွဲခွာ၍ အောက်ထပ်အခန်းလွတ်သို့ ပြောင်းခဲ့ရသည်။


'ကြောက်သူပြေးစတမ်းပေါ့'ဟု ဆိုကာ ဆွေရည်နှင့် စိုး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောမိကြသည်။

ရှီးရှီးခင်းစင်းလေး တစ်ခုဖြစ်နေတာက ဆွေရည် ပြောင်းလာသော အခန်းတွင် ဆွေရည်အတွက် အခန်းဖော် မရှိသေးခြင်းပင်။

မှုခင်းရှုထောင့်ရသနဲ့ဝတ္ထုတို

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ၊ အမှတ်စဉ် [၂၃]





www.burmeseclassic.com

www.burmeseclassic.com

# အိမ်အပြန်

နှင်းမှုန်တွေ ကျစပြုတဲ့ ဆောင်းဦးပေါက်ရာသီမှာ ကျွန်မ အိမ်ပြန်လာခဲ့သည်။ မြို့ပြရဲ့ စီးမျောမှုကနေ ခဏတာ ရုန်းထွက်ပြီး အေးချမ်းချင်တာကြာခဲ့ပြီ။ နွမ်းနယ်အားပျော့စွာ ပြတ်ကျော်ခဲ့ရသည့် အလျင်စလိုနိုင်ရသောနေ့ရက်များသည် နွေးထွေးပျော် ရွှင်မှုများနှင့် စည်ဝေခဲ့သော ကျွန်မ၏ ဘဝအစောပိုင်းရက်များနှင့် ဘာမှမဆိုင်ပါ။

အထီးကျန်မှု၊ ဝမ်းနည်းစိတ်ပျက် အားလျော့ခဲ့ရသောညများကို ကျွန်မရင်ဆိုင်ဖြတ်သန်းသည့် ကျဉ်းကြပ်မှောင်မိုက်သည့် အခန်းကလေးကို ကျောခိုင်းပြီး ခရီးဆောင်အိတ်နှင့် အမေ့အတွက် စားသောက်ဖွယ်အချို့ ဝယ်ထည့်ထားတဲ့ အိတ်ကို ဆွဲပြီး ထွက်လာခဲ့သည့်ခဏမှာ ပျော်ရွှင်မှုသည် နှလုံးသားတစ်နေရာမှနေ၍ သွေးကြောမျှင်လေးများထိ ပျံ့နှံ့တိုးဝှေ့သွားသည်ကို ခံစားရလေသည်။

ငယ်စဉ်ကလေးဘဝက နှစ်မြှုပ်ပျော်ရွှင်ခဲ့တဲ့နေရာ၊ ယခုအခါ အိပ်မက်တစ်ခုလို မှုန်ဝါးစပြုခဲ့ပြီ။ ဆောင်းနှင်းငွေ့တို့ ဝေစပြုတော့မည့် ကျွန်မ၏ဇာတိမြို့ကလေးကို မကြာမီ ရောက်ပေတော့မည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်းမှာ ထီးတည်းကြီး ကြာမြင့်စွာက ရှိနေခဲ့တဲ့ ရခိုင်ရိုးမရဲ့ တစ်ဖက်ကို ကျော်လွန်ပြီးမှ အေးချမ်းဆိတ်ငြိမ်ပြီး ရိုးစင်းစွာ လှုပ်ရှားလေ့ရှိတဲ့ ကျွန်မရဲ့မြို့ငယ်လေးကို ရောက်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ရိုးမ၏ အသွယ်သွယ်သော တောင်တန်းများသည် တိမ်ခိုးမှိုင်းများ၊ မြူနှင်းများနှင့် ရောထွေးယှက်နွယ်နေသည်။ နှင်းငွေ့တို့သည် တောင်ခွင်တောင်ကြား အလျှိုလျှိုထိ တိုးဝှေ့ဖြတ်သန်းလျက် တောတောင်နှင့် မိုးကောင်းကင်ကို ပိုင်းခြားမရအောင် ပြုလုပ်၍နေသည်။ ရိုးမပေါ်ရောက်လျှင်တော့ အမြင့်ဆုံးဆိုသောနေရာမှ အို… တိမ်မှိုင်တွေပါလားဟု ခေါင်းပေါ်မှာ အမြဲရှိခဲ့တဲ့ တိမ်တွေကို အသာစီးမှ ငုံ့ကြည့်နိုင်သည်။ ငယ်စဉ်ကလေးဘဝက ဖေဖေ့ကားနှင့် လိုက်လာရသည့်အခါတိုင်း လက်လှမ်းမီရင် ဖမ်းယူနိုင်ကောင်းရဲ့ဟု အံ့သြတွေးဆရသေး၏။

နဝဒေးတံတားမှ ဖြတ်သွားစဉ် ဧရာဝတီမြစ်သည် မှုန်ဝေဝေနှင့် နေရောင်ကြောင့် မျက်စိမဖွင့်ချင်ဖွင့်ချင် အိပ်ရာမှ နိုးထစသူငယ်လို လှိုင်းအိလေးများ တလွန့်လွန့် လှုပ်လူးလျက် ရှိသည်။

လွန်ခဲ့သော နှစ်များကတော့ ဧရာဝတီမြစ်ကို ဆင်တဲဆိပ်ကမ်းကူးဇက်ဖြင့် ဖြတ်ကူးရသည်။ ကျွန်မကလေးဘဝ ပထမဆုံးအကြိမ် ရခိုင်ရိုးမကိုဖြတ်ကျော်၍ မြေပြန့်သို့ လာခဲ့စဉ်က ကားတွေ အများကြီးတင်ကာ မြစ်ကိုဖြတ်ပြေးသွားသော ထိုဇက်ဆိုသော အရာကြီးကို ထူးဆန်းအံ့သြစွာ ကြည့်ဖူးသည်။

တကယ့်ဧရာမကြီးပဲ၊ ကုန်ကားကြီးတွေတောင် သူ့အပေါ်ရောက်မှ ကစားစရာလေးတွေလို ဖြစ်သွားရသည်။ ထိုစဉ်က ဖေဖေ၏ ဂျစ်ကားလေးသည် ကားကြီးများ၊ ရောင်စုံကားလှလှများကြားတွင် ညပ်လျက် ရှိသည်။ ကျွန်မသည် ဖေဖေ့ဂျစ်ကားလေးပေါ်တွင် ထိုင်ကာ ဖုန်ခါရန် နောက်စီးအဖြစ် မေမေချုပ်ထားသည့် ဖေဖေ့ပုဆိုးဟောင်းခန်းဆီးစကို အသာဟ၍ ကားလှလှများကို ပျော်ရွှင်စွာ ကြည့်နေခဲ့ပါသည်။

မြစ်ကြီးက ကျယ်လိုက်တာ၊ ဒီလောက်အကျယ်ကြီး တစ်ခါမျှ မမြင်ဖူးခဲ့။ တို့ဆီမှာ ဒီလိုမြစ်အကျယ်ကြီး မရှိလို့လား၊ အောင်မယ် ဘယ်လောက်ကျယ်ကျယ် တို့ဆီက ပင်လယ်ကြီးလောက် ကျယ်နိုင်လို့လားကွဟု ရယ်မောပျော်ရွှင်သည်ကို ရုပ်တန့်ကာ တွေဝေစဉ်းစားရင်းပင် ဧရာဝတီကို အသာမထေးခဲ့ပါ။

ဇက်ဆိပ်မှာ များပြားလှတဲ့ ကားတွေ၊ ဆိုင်ကယ်တွေ၊ တိုးဝှေ့သွားလာ





ကြတဲ့လူတွေ၊ ခရီးသည်တွေ၊ လှူးလာခေါက်တုံ့လျှောက်နေကြတဲ့ ဈေးသည်တွေ များပြားလိုက်တာ။ အားလုံးသည် ကျွန်မအတွက် ထူးဆန်း အံ့သြစရာများသာ။

'လူတွေ အားလုံး ဒီရောက်နေကြသလား ဖေဖေ' ဆိုတော့ ဖေဖေက–

'ရှေ့ရောက်ရင် သမီး ဒီထက်တွေ့ရဦးမှာ'ဟု ဆိုလေရာ တစ်နေရာတည်းမှာ လူတွေ ဘာကြောင့် တစ်စုတဝေးတည်း တွေ့ရပါလိမ့်ဟု နားမလည်နိုင်အောင် ဖြစ်ခဲ့သည်။

"လူတွေ ဒီလိုပဲ သွားနေကြတာပဲလား၊ ဘယ်သွားနေကြတာလဲ"

"ဖေဖေတို့ သမီးတို့လို ခရီးသွားတွေပေါ့၊ သူတို့လိုရာခရီးကို သွားနေကြတယ်"

ယခု ဖေဖေသာရှိသေးလျှင် 'လူတွေဟာ ခရီးသွားနေကြရတယ် သမီး၊ တရွေ့ရွေ့သွားမှန်းမသိ သွားကြရတာက ဘဝခရီးပဲ'ဟု ပြောပြီး ဖေဖေသည် ကျွန်မတို့အား လုံခြုံနွေးထွေးစွာ လမ်းပြခေါ်ဆောင်ပေလိမ့်မည်။

*

ငယ်စဉ်ကလေးဘဝ တစ်လျှောက်လုံး ဖေဖေ မောင်းနှင်သော ကားမှာ မိသားစု စီးနင်းလိုက်ပါရင်း ကလေးများအဖို့ ဆန်းသစ်ပျော်ရွှင်စရာလောကသစ်အတွက် မျက်စိပွင့်ခဲ့သည်။ ဖေဖေ မောင်းသော ကားတွင် ကျွန်မတို့သည် ကြိမ်ဖန်များစွာ လုံခြုံနွေးထွေးစွာဖြင့် လိုရာခရီးသို့ ရောက်ခဲ့သည်ချည်းပင်။ ရုံးပိတ်ရက်တိုင်း ဖေဖေသည် ကလေးများကို မြို့၏ အနီးပတ်ဝန်းကျင်တစ်နေရာသို့ အလည်အပတ်လိုက်ပို့တတ်ရာ ကျွန်မတို့သည် ကားပေါ်သို့ အလုအယက်တက်၍ ဖေဖေ့ဘေးမှ ရွှင်မြူးစွာ လိုက်ပါသွားလေ့ရှိပါသည်။

ဖေဖေ့ဂျစ်ကားကို အမိုးတွေ အားလုံးဖွင့်ပြီး စီးရလျှင် ကျွန်မ ပျော်သည်။ ဖေဖေဘေးမှနေ၍ တဝှီးဝှီးတိုးနေတဲ့ လေသံကို လွှမ်းအောင် စကားတွေ အော်ပြော၊ ရယ်မောရင်း လိုက်ရတာ ဘယ်တော့မှ မမေ့။ ကျွန်မမျက်နှာကို လေတဝှီးဝှီးဖြတ်တိုက်ပြီး နားထဲမှာ ဆူညံတိုးဝင်နေလျက် အခြား ဘာသံမှ မကြားရသည်ကို သဘောကျသည်။ ဂျစ်ကားစီးလို့ အတိုးခံရတဲ့လေကို



www.burmeseclassic.com

www.burmeseclassic.com



အခြားကားစီး၍ မရနိုင်၊ ဘာနဲ့မှ မလဲနိုင်။ အခြားဘယ်လိုကားကောင်း ကောင်းဖြစ်ဖြစ် ကျွန်မ မစီးချင်၊ မစီးဘူးဟု ဂျစ်ကားပေါ်မှာ ပျော်ရွှင်စွာ စီးနင်းလိုက်ပါရသည့်အခါတိုင်း သူ့ကို ချစ်ရင်းစွဲနဲ့ သံယောဇဉ်ရှိရင်းစွဲနှင့်ခင် မာနကြီးတတ်၏။

ဖေဖေ၏ ဂျစ်ကားဖြင့် ကျွန်မတို့ ခရီးပေါင်းများစွာ ထွက်ဖူးသည်။ သူသည် တာဝန်ကျေကျိုးနွံစွာ ကျွန်မတို့အား ပို့ပေးပါသည်။ ငယ်စဉ်ကတော့ ကျွန်မတို့နေထိုင်ရာ ကင်းမော်ရွာနှင့် သံတွဲမြို့ကြား ၅ မိုင်ခရီးကိုပင် တကယ့် ခရီးဝေးသွားရသည်ဟု ထင်မှတ်မိသည်။ ခရီးသွားရလျှင် ကျွန်မ ပျော်သည်။ ကားစီးရလျှင် ပျော်သည်။

ဖေဖေနှင့် နေရသောကြောင့် ကားတွေကို ကျွန်မချစ်တတ်၏။ ကား တွေမြင်လျှင် မက်မက်မောမော ကြည့်ပြီး နီးစပ်ရာလူနှင့် ကားအကြောင်း ပြောတတ်တာလည်း ဖေဖေ့ဝါသနာကို ကျွန်မ ရထားသောကြောင့် ဖြစ်သည်။ ကားမှာတောင် ဂျစ်ကားမှ ကျွန်မ ရင်ခုန်သည်။ ငယ်စဉ်ကတည်းက ကျွန်မ တစ်လျှောက်လုံး ရင်းနှီးခဲ့သောကားမှာ ဂျစ်ကားပင် ဖြစ်သည်။

သူ့ကို အချစ်နိုင်ဆုံးမှာ ဖေဖေပင်၊ တပွတ်သပ်သပ်နှင့် အမြဲတမ်း ပြုပြင်နေတတ်၏။ ဖေဖေသည် ရုံးအားရက်များတွင်သာမက နေထိုင်မကောင်း၍ ခွင့်ယူသည့်ရက်များ၌ပင် သူ၏ကားအနီးမှာ ရှိတတ်၏။

သူနှင့် ဖေဖေ့ကို ခွဲ၍မရ။ သူရှိလျှင် ဖေဖေအိမ်မှာ ရှိသည်။ သူမရှိ လျှင် ဖေဖေလည်း အိမ်မှာမရှိ။ ဖေဖေ့ကို အိမ်သားများက အားကိုးချစ်ခင်ကြရာ ဖေဖေရောက်ချိန်တန်လျှင် ဖေဖေ့အား သယ်ဆောင်လာမည့် ကားကလေးကို မျှော်ကြသည်။ ခြံထဲသို့ တိုးတိုးအုပ်အုပ် ပြေးဝင်လာသော သူ့အသံလေး သည် အိမ်သားအားလုံးအတွက် သာယာနာပျော်ဖွယ်ပင်။ ပြီးတော့ မည်မျှ အလုပ်ပင်ပန်းစေခဲ့ပါစေ။ အိမ်အပြန် မည်မျှ ညဉ့်နက်နေပါစေ။ ဘယ်တော့ မှ မပျောက်ကွယ်တဲ့ ဖေဖေ့မျက်နှာက အပြုံး။

ဂျစ်ကားလေးသည် အလွန်စိတ်ရှည်သော သူ့သခင်ကို မကြာခဏ ဒုက္ခပေးတတ်သည်။ ဖေဖေ့ခေါင်းမှ ဆံပင်များ မြေမှုန့်အလူးလူးကာ တစ်ကိုယ်လုံးလည်း စက်ဆီတွေ မဲညစ်နေအောင် ကားအောက်ထဲဝင် အလုပ် လုပ်ရပြီဆိုလျှင် ကျွန်မလောက် ဂျစ်ကားမုန်းမည့်သူ မရှိတော့။ သခင်နှင့် ကားကတော့ အဆင်ပြေသည်။ ဘယ်တော့မှ သူ့ကားကို ငြိုငြင်ခြင်းမရှိ။ တောက်ခေါက်ခြင်းမရှိ။ စိတ်တိုခြင်းမရှိ။ ဖေဖေ၏ ကားကိုခေါင်သည် ကား ဝပ်ရှော့အသေးစားလေးပမာ ရှိသည်။

လမ်းတွင် ကားအသစ်အဆန်းတွေ့တိုင်း အသစ်တစ်စီးဝယ်ပေးဖို့ ကျွန်မ အမြဲပူဆာတတ်သည်။

'သမီးစီးဖို့ တစ်စီးမက ဝယ်ပေးမယ်၊ တစ်စီးတည်းနဲ့ ဘာလုပ်မှာလဲ' ဟု ကျွန်မ ကျေနပ်သည်ထက် ပိုဝယ်ပေးလေ့ရှိသော ဖေဖေ့ကားများကို စိတ် ကူးဖြင့်လည်း ကြိမ်ဖန်များစွာ စီးဖူးခဲ့သည်။ မေမေကတော့ ဖေဖေ ကားဝယ် တိုင်း ပွဲပါရုံတင်မက အားလုံးထွက်လိုက်ချင်သည့် မဆိုစလောက်သော သူ့ လက်ဝတ်လက်စားများအတွက် တကြောင့်ကြကြဖြစ်ကာ သမီးကို ကျေနပ် အောင်ပြောသော ဖေဖေ့စကားကိုပင် ငြူစူနေရှာသည်။

ဖေဖေဝယ်ခဲ့သမျှ ကားထဲတွင် မကြိုက်နိုင်ဆုံးမှာ ရာရှားဂျစ်ကားကြီး ပင်။ သူ့အား ဖေဖေဝယ်လာသောနေ့က သူ ခြံထဲသို့ ခေါင်းမော့ပြေးဝင် လာသည်ကို ဖေဖေ့အား မျှော်ရင်း ကလေးများ စောင့်ကြည့်နေကြသည်။ ခွာထောင်ထောင်၊ ဆောင့်ကြွားကြွားနှင့်ဟု ဂျစ်ကားနှင့် စာလျှင် အနည်းငယ် ပိုမြင့်၍ ထည်သော သူ့ကိုယ်ထည်ကို သဘောမတွေ့နိုင်ခဲ့။ သူ့အား မောင်း နှင်လျှင်လည်း ပျင်းရိငိုက်မြည်း၍ ထုံပေလေးလံစွာ သွားတတ်၏။ သူ့စက်သံ ကြီးနှင့် ဟွန်းသံမှာလည်း နားကလောဖွယ် ဖြစ်သည်။

ရာရှားဂျစ်ကြီးနားတွင် အိမ်သားများအားလုံး ဝိုင်းအုံနေစဉ် ဂျစ်ကား လေးနားတွင် ကျွန်မမှလွဲ၍ မည်သူမျှ ရှိမနေပါ။

ဒီကောင်လေးက သိပ်အပိုးကျိုးတယ်၊ ကျိုးနွံတယ်၊ လိမ္မာတယ်၊ ချစ် စရာကောင်းတယ်၊ နင်က အိမ်သားတွေ ဒုက္ခရောက်အောင်လည်း မလုပ်ဘူး၊ အခြားမှာလည်း ဘယ်လိုထိခိုက်မှုမျိုးမှ မလုပ်စဖူး၊ နင်က ဖေဖေ့လက်အောက် မှာ နေရတာကိုး၊ လိမ္မာမှာပေါ့၊ စိတ်ချ– နင့်ကိုပဲ ငါစီးမှာပါ၊ ဟိုကောင်ကြီး ကတော့ ဆောင့်ကြွားကြွားနဲ့ကွာ၊ နင့်လို မသေမဝပ်ဘူး၊ ရှေ့ကကြည့်ရင် လည်း နှာခေါင်းကြီးက ကြီးသေး၊ မျက်လုံးက ပြူးသေးတယ်ကွယ့်၊ အရောင် က အဖြူရောင် ဖြစ်နေလို့၊ အနက်ရောင့်သာဆို တကယ့်ကုလားကြီးနေမှာပဲ၊ ခင့်လို ချစ်စရာမကောင်းတာ အမှန်ပဲ။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့သာ တဖြည်းဖြည်းကြီး ပြင်းလာသည်။ ကျွန်မတို့ နေ့တိုင်းစီးနေကျ ဂျစ်ကားလေးရဲ့ သက်တမ်းကိုတော့ ဘယ်တော့မှ မစစ်ကြောခဲ့။ သူဟာ ကျွန်မစိတ်ထဲမှာ ငယ်ငယ်လေး၊ အမြဲတမ်း အိမ်သား၊ ဘယ်တော့မှ ကြီးလာသည် မထင်။ နေ့စဉ် အသုံးပြုနေကျ မြင်နေကျ သာမန်ပစ္စည်းတစ်ခုသာ မြင်သည်။ သူ့ချွတ်ယွင်းချက်ကတော့ ဖေဖေနှင့်သာ ရင်းနှီးသည်။

"သူ အလုပ်လုပ်တဲ့ သက်တမ်းက မနည်းတော့ဘူး၊ သမီးတို့လဲ သူ့ကျေးဇူးကြောင့် ထမင်းဝခဲ့တာပဲ၊ သမီးတို့ ကျေးဇူးရှင်နော်"

"သူ့ကို ဒါထက်လျှော့ခိုင်းပြီး နားခိုင်းဖို့သင့်ပြီ၊ အခုဆို သူ့အရင်လို မဟုတ်တော့ဘူး၊ ခဏခဏပျက်တယ်၊ သူ့ရှာတာဟာ လောလောဆယ်မှာ သူ့အတွက်ပဲ ဖြစ်နေတယ်၊ ဖေဖေ့မှာ သူ့ကို ကောင်းကောင်းပြုပြင်ရမယ့် တာဝန်ရှိတယ်၊ ဖေဖေ ဘယ်လောက် အခက်ကြုံကြုံ သူ့ကို ရောင်းဖို့ စိတ်မကူးဘူး၊ သူဟာ ဖေဖေတို့သမီးတို့ရဲ့ ကျေးဇူးရှင်ပဲ၊ တစ်ချိန်ကျရင် သူ့ကို မဖြစ်ဖြစ်အောင် ဖေဖေ နားခိုင်းမယ်၊ ဖြစ်နိုင်ရင် အိမ်ဦးမှာတောင် မှန်ခန်းထဲထည့်ထားပြီး ဖေဖေက ကျေးဇူးဆပ်ချင်တာ"

ဖေဖေ့မှာ သူ့ကားကို အလွန်သံယောဇဉ်ရှိလှသည်။ ဒီကားလေးသည် ကျွန်မတို့အသက်ရှင်နေသရွေ့ ကျွန်မတို့လက်ထဲမှာပဲ ရှိရမည်ဟု ဖေဖေ့အားကိုးနှင့် နာရီတိုင်း ယုံကြည်နေခဲ့သည်။ ဖေဖေသံယောဇဉ်ရှိလှသော ကားဖြစ်၍ သူ့အား ကျွန်မတို့၏ ချစ်လှစွာသော အိမ်သားတစ်ဦးအဖြစ် အားလုံးက အသိအမှတ်ပြုကြသည်။

ဖေဖေ ရုတ်တရက် ကွယ်လွန်သွားခြင်းသည် ကျွန်မတို့ မိသားစုအတွက် ပြင်းထန်သော မုန်တိုင်းကြီးတစ်ခု ရိုက်ခတ်လိုက်ခြင်းပင်၊ ကျွန်မတို့သည် ယခင်က မည်သည့်အခက်အခဲကြောင့်မဆို ရှေ့ဆက်ရန် ခြေလှမ်းတုံ့သွားတိုင်း နောက်ပြန်မော်ကြည့်လိုက်လျှင် လုံခြုံစိတ်ချရသော တံတိုင်းကြီးကြောင့် အရာရာအတွက် အားတက်ကာ ရှေ့ဆက်ရန် ခြေလှမ်းသွက်ခဲ့ပြီ။ မိဘတို့၏မေတ္တာကြောင့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမြဲဖြစ်သော ကျွန်မတို့သည် အနာဂတ်အတွက် ဘာမှ ပြင်ဆင်ထားခြင်းမရှိသည်က အမှန်ပင်။

ထိုအချိန်တွင် မပြီးဆုံးနိုင်သေးသည့် ကျွန်မတို့မောင်နှမတစ်စု၏ ပညာသင်ကြားရေးသည် မိသားစုကို အငြိုးကြီးနေချိန် ဖြစ်သည်။





ကျွန်မသည် အိမ်ကို သက်ညှာစွာဖြင့် ရန်ကုန်တွင် အလုပ်လုပ်ရင်း ပညာဆက်သင်ပါသည်။ ထိုအချိန်မှစ၍ ကျွန်မ၏ တစ်နေ့တာသည် အလုပ်မှ ကျောင်းသို့၊ ကျောင်းမှ အလုပ်သို့ ပြေးလွှားကာ ပင်ပန်းနွမ်းနယ်မှုများနှင့် ပြည့်နေသောနေ့များ ဖြစ်ခဲ့သည်။ ကျွန်မအောက် အငယ်နှစ်ယောက်မှာလဲ တက္ကသိုလ်တက်နေကြသည်။ ဖေဖေမရှိသည့် နောက်ပိုင်းတွင် ဂျစ်ကားကလေးသည် ဖေဖေ့မိတ်ဆွေကောင်းပီသစွာ ကျွန်မတို့ အနေအထားမပျက်စေဖို့ တစ်ဖက်တစ်လမ်းမှ စောင့်ရှောက်ခဲ့သည်ဟု အခါခါ ကျေးဇူးတင်နေခဲ့သည်။

ကျွန်မသည် ဂျစ်ကားလေးအား အလွမ်းပြေသွားရောက်တွေ့ဆုံပြီး ခရီးဝေးတစ်ခုကို ပျော်ရွှင်စွာ မောင်းနှင်လိုပါသေးသည်။

*

ကျွန်မကို သယ်ဆောင်လာသည့် ခရီးသည်တင်ကားသည် ရန်ခိုင်ရိုးမကို ဖြတ်ကျော်ခဲ့ပြီး၍ တောင်ကုတ်မြို့ထဲသို့ ချင်းနင်းဝင်ရောက်လာသည်။ တောင်ကုတ်မှ သံတွဲသို့ ခရီးဆက်ရပါဦးမည်။ သံတွဲသို့ ရောက်သောအခါ ည ၈ နာရီခန့်ရှိပြီ ဖြစ်သည်။

မြို့ငယ်လေးသည် နေ့အချိန်တုန်းကလည်း ပြင်းပြင်းထန်ထန် လှုပ်ရှားခဲ့ရခြင်း ရှိပုံမရဘဲနှင့် ကောင်းစွာ ငိုက်မြည်းနေချေပြီ။ မီးရောင်မှိန်မှိန်အချို့သာ ဟိုအနားတစ်ချက်၊ ဒီအနားတစ်ချက် လက်နေတာတွေ့ရသည်။ ကားဂိတ်တွင်လည်း ဆိုက်ကားတစ်စီးတလေမှအပ လူသူကင်းရှင်းနေပေပြီ။ ကံကောင်းထောက်မစွာ ကျွန်မကားတစ်စီးငှား၍ ရလိုက်သည်။

"ကင်းမော်ကို ဘယ်လောက်လဲ"

"တစ်ထောင်ပါ"

ဘုရားရေ၊ ငါးမိုင်သာရှိသည့်ခရီးကို တစ်ထောင်တဲ့၊ များလိုက်တာ၊ ဒါပေမဲ့ ဒီဘက်မှာ လမ်းကလည်း ကြမ်းတယ်လေ၊ ပြီးတော့ အချိန်ကလည်း နှောင်းနေပြီ၊ မစီးရင် အိမ်မရောက်မှန်းသိတော့ စီးလာခဲ့ရသည်။

မြို့ထဲတစ်နေရာတွင် ကျွန်မတို့ရှေ့မှ သွားနေသော ဂျစ်ကားတစ်စီးကို သတိပြုမိသည်။ ကားနံပါတ်ကို ကားမီးရောင်အောက်တွင် အားယူ၍ သေချာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြည့်သည်။ အို… ကျွန်မရဲ့ကားလေး၊ ကျွန်မရဲ့ ကားလေးပဲ။ ကျွန်မ ပျော်ရွှင်သွားသည်။ ရှေ့မှ လမ်းချိုးတစ်ခုထဲ သူ ချိုးကွေ့သွားသည်။ ကျွန်မ လှမ်းမျှော်ကြည့်မိတော့ သူသည် ကားရှေ့မီးအလင်းတန်းနောက်သို့ ပြေး လိုက်ကာ မကြာမီပင် သူ၏ နောက်ပိုင်းသည် အမှောင်ထဲသို့ တိုးဝင်ပျောက် သွားလေသည်။

ကျွန်မတို့ရွာသို့ သွားရာလမ်းသည် ချိုင့်ခွက်ပေါကာ ကြမ်းတမ်းလှ၏။ တစ်ရွာလုံးကို လွှမ်းခြုံထားသည့် ဆောင်း၏ခြုံလွှာသည် ထူထပ်သိပ်သည်းခြင်း မရှိလှသော်လည်း ကျွန်မ၏ ရွာသည် ပြားပြားဝပ်မျှ တိတ်ဆိတ် ငြိမ်ကုပ်လျက် ရှိသည်။

"ရှေ့လမ်းကြားထဲ ဝင်ပေးပါ"

ကားပေါ်ကဆင်း၍ ခြံထဲဝင်လျှင် ဝင်ချင်း မေမေ စိုက်ပျိုးထားသော ဇီဇဝါပန်းရနံ့တို့သည် မွှေးပျံ့လျက် ရှိသည်။ ကျွန်မသည် အိမ်ဆီသို့ လှမ်း လျှောက်လာခဲ့သည်။ လရောင်မရှိ၍ ညအမှောင်သည် ထုထည်ကြီးနေ၏။

အို… ညလေဟာ အေးစက်စူးရှလိုက်တာ၊ လေသည် ကျွန်မအား ဖြတ်၍ အိမ်ဆီသို့ ကသုတ်ကရက် ပြေးဝင်သွားသည်။ မှောင်မိုက်သော အိမ် သဏ္ဌာန်သည် ကျွန်မရှေ့တွင် ထီးတည်းကြီး တည်နေ၏။ အိမ်ခြေ ကား ဂိုဒေါင်ဘက်သို့ ကြည့်မိသည်။ မှောင်မှောင်မည်းမည်းသာ မြင်ရသည်။ ယခင် တုန်းကဆို ဒီအချိန်ဟာ ဂိုဒေါင်ရှေ့မှာ မီးရောင်ထိန်ထိန်နဲ့ ဖေဖေ အလုပ်လုပ် နေတုန်းအချိန်ပဲ။

ကားဟွန်းသံကြောင့် ထင်သည်။ အိမ်ထဲမှ လှုပ်ရှားသံကြားရပြီး မကြာမီ မီးရောင်မှိန်မှိန်မြင်ရသည်။

"မေမေ၊ မေမေ"

'ဘယ်သူလဲ' စူးရှအက်ကွဲသော အသံတစ်သံ အိမ်ထဲမှ ဖောက်ထွက် လာသည်။

"အလတ်ပါ"

တံခါးချက်ဖြုတ်သံကြားရပြီး တံခါးသည် တဖြည်းဖြည်းဟလာသည်။ မီးရောင်သည် တံခါးရွက်ပွင့်သွားသည့်အတိုင်း တရွေ့ရွေ့လိုက်ကာ အပြင် သို့ ဖြာကျလာသည်။ မှန်အိမ်ကိုင်ထားသော လက်အစုံနှင့် မျက်နှာတစ်ခြမ်း





ကို အရင်မြင်ရသည်။

အိမ်ထဲရောက်မှ လုံခြုံနွေးထွေးသွားသည်။ အေးစက်သော ညလေ သည် ကျွန်မအား မထိခိုက်နိုင်တော့။ မေမေသည် ဘာစကားမျှမဆို၊ ကျွန်မ အား အိမ်ထဲသို့ ဦးဆောင်ခေါ်ယူလာသည်။ ကျွန်မသည် မေမေ့အား စကား တတွတ်တွတ် စပြောရင်း သိချင်သည်ကို မေးမိသည်။

"ဂျစ်ကားလေးကို မြို့ထဲမှာ တွေ့ခဲ့တယ် မေမေ၊ သူ့ကို ဒီမှာပဲ ထားတယ် မဟုတ်လား"

မေမေသည် ဆတ်ခနဲ ဖြစ်သွားကာ မှန်အိမ်ကို ကိုယ်မှ ရှေ့သို့ အနည်းငယ်ခွာရင်း ကျွန်မ မျက်နှာကို ကြည့်သည်။ ပြီးတော့ တိုတောင်းစွာ–

"မရှိတော့ဘူး၊ ရောင်းလိုက်ပြီ"

မဖြစ်နိုင်တာ၊ ကျွန်မ အံ့သြသွားသည်။ မေမေ့နှုတ်မှပြောတာ မဖြစ် ပါစေနဲ့၊ ကျွန်မတို့ ဖေဖေဆန္ဒအတိုင်း လုပ်ဆောင် မာန်တင်းထားနိုင်တာ ဘာမှမရှိပါလား၊ ကျွန်မ နှမြောတသစွာ မေးမိသည်။

"သူ့ကို ဘာကြောင့် ရောင်းလိုက်ရတာလဲ"

"နင်တို့အတွက် သူ ရှာပေးနိုင်တာ ဒီတစ်နည်းပဲ ရှိတော့တယ်လေ"

ကျွန်မသည် မေမေ့အား ငေးကြည့်နေမိစဉ်ပင်–

မေမေ့မျက်နှာသည် ဝမ်းနည်းနာကျင်မှုများ ရုတ်တရက်ကျရောက်ကာ ဖြူရော်ခြောက်သွေ့သွားပါသည်။ ထို့နောက် မေမေသည် ဘာမျှမဖြစ်သလိုပင် အေးစက်နေပြီ ဖြစ်သော ညစာကို ကျွန်မအတွက် ပြင်ဆင်ပေးပါသည်။

လုံမလေးမဂ္ဂဇင်း၊ ၂၀၀၀ ခုနှစ်၊ အမှတ် ၁၈၃၊ စက်တင်ဘာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အမွေအနှစ်

'သိပ်လှတာပဲနော် ဖေဖေ"

ဖေဖေနှင့် ဝေသည် ချောင်းကမ်းပါးပေါ်မှနေ၍ နေထွက်သည်ကို ထိုင်ကြည့်နေခဲ့ကြသည်။ နီရဲသည့် ပတ္တမြားရည်တွေ တောင်စောင်းတစ်လျှောက် လျှောဆင်းလာကာ ရေပြင်တွင် တလက်လက် အရိပ်ထင်နေသည်။ ဝေထိုင်လိုက်တော့ ဇော့ခေါင်းက မြက်ပင်ရှည်တွေကြား မြုပ်ဝင်နေသည်။ ထိုစဉ်က ဝေ့အရပ်သည် ဖေဖေ့ခါးနားပဲ ရောက်သေး၏။ မနက်စောစော ဖေဖေနှင့် ဝေ လမ်းလျှောက် ထွက်ပြီးလျှင် ချောင်းကမ်းပါးရှိ လူသွားလမ်းလေးမှ ပတ်၍ ပြန်လာနေကျ၊ နေထွက်သည်ကို ထိုင်ကြည့်နေကျ ဖြစ်သည်။

ဖေဖေက ချောင်းတစ်ဖက်ကမ်းမှ စိုက်ခင်းတွေ၊ လယ်တဲတွေအကြောင်း ပြောပြသည်။ ပြီးတော့ တောင်တန်းကြီးတစ်ဖက်ခြမ်းမှ လူတွေ မြို့ရွာတွေ အကြောင်း ပြောပြလေ့ရှိသည်။

မနက်ပိုင်း ဖေဖေရုံးတက်ရန် မြို့သို့သွားလျှင် ဝေက စက်ဘီးဘားတန်းပေါ်မှ ထိုင်၍ လိုက်သွားတတ်သည်။ လမ်းတွင် တောပန်းတွေ ပွင့်နေတာ မြင်လျှင် ဖေဖေ့အား ခူးဆွတ်ပေးဖို့ ဝေ ပူဆာသည်။ ပြီးလျှင် ဝေ့ဦးထုပ် မှာ ဝေနေအောင် ထိုးစိုက်သည်။ ဖေဖေက သီချင်းဆိုခိုင်းလျှင် ဝေသည် ရေဒီယိုမှ ကြားဖူးနားဝသီချင်းတွေ အားလုံးကို ရောစပ်၍ သီဆိုပြသည်။ ဖေဖေနှင့် လိုက်ရတိုင်း ဘယ်နေရာဖြစ်ဖြစ် ဝေ ပျော်ခဲ့သည်ချည်းပင်။

တစ်နေ့တာရဲ့ နေ့သစ်တစ်နေ့ မွေးဖွားစပြုချိန်ကို ဝေအမှတ်သက်ဆုံး

www.burmeseclassic.com



သဘောကျအပျော်ရွှင်ဆုံး။ ဒါဖြင့် နေဝင်ချိန်ကိုရော၊ ဆွေးထွေးမှုတွေနှင့် အစွမ်းကုန် ထွန်းလင်းတောက်ပပြီး လှပတဲ့ ဆည်းဆာနဲ့ ဝေတို့ကို နှုတ်ဆက်သွားတဲ့ တစ်နေ့တာရဲ့ နေဝင်ချိန်ကိုလည်း ဝေ နှစ်သိမ့်ကြည်နူးစွာ လက်ခံနိုင်ခဲ့သည်။

ဘဝသည် ပုံသေကားချပ်မဟုတ်သလို၊ မည်သူမျှ မခန့်မှန်းနိုင်။ အချိန်သည် လှည့်ကွက်ကလေးများဖြင့် တန်ဆာဆင် ခြယ်လှယ်သွားတတ်သည် မဟုတ်လား။

*

ရာသီဥတုသည် ဒီရက်ပိုင်းမှာ ဖြန်းစားကြီး အေးလာသည်။ ဆေ အလေါထပ်မှ တစ်ထစ်ချင်း နင်းကာ ဆင်းလာသည့် လေကားထစ်များသည် အေးစက်လွန်းလှသည်။ နေရောင်ခြည်သည် ခြံဝင်းတွင်းရှိ ဟိုတစ်စ ဒီတစ်စ ပေါက်နေသော သစ်ပင်နွယ်ပင်များပေါ်သို့ ပြောက်တိပြောက်ကျား ထိုးကျ လျက်ရှိသည်။ မီးဖိုဆောင်မှ တံခါးတစ်ချပ်ပွင့်နေ၍ မေမေ အိပ်ရာမှ ထနေ ပြီမှန်း သိလိုက်သည်။

မေမေသည် မီးဖိုအေားတွင် ထိုင်၍ မီးမြန်မြန်တောက်စေရန် မီးပြောင်းဖြင့် တဖူးဖူးမီးမှုတ်နေသည်။ မီးခိုးငွေ့များ လွှင့်မျောရာသို့လည်း ငေးမျှော်ကြည့်နေလေသည်။ ညက ဖေဖေ့တစ်ညလုံး ချောင်းဆိုးသည်။ တိတ်ဆိတ်ချမ်းအေးလှတဲ့ညမှာ ဖေဖေ့ချောင်းဆိုးသံ ကျယ်လောင်လွန်းလှသည်။

မေမေ့မျက်လုံးတွေ ညိုမှိုင်းနေသည်။ မျက်နှာလည်း ချောင်ကျသွားသည်။

"အိပ်ပျော်ရဲ့လား သမီး၊ သိပ်အေးတယ်"

"ပျော်ပါတယ်"မေမေကကောဟု မမေးဖြစ်တော့၊ မေးစရာ မလို မေမေ့ မျက်နှာကြည့်တာနှင့် သိသာသည်။ ဖေဖေ့အခြေအနေကို မေးမည်ဖြ ပြီးမှ ဝေစကားလွှဲလိုက်ပြန်သည်။ ပြီးတော့ စိတ်ထဲက ဖျောက်ဖို့ ကြိုးစားသည် ငါ ဘာကြောင့် ပုံမှန်မဖြစ်ပါလိမ့်ဟုလည်း တွေးလိုက်မိသေးသည်။

"မေမေရယ်၊ ဈေးသွားရင်ဖြင့် သမီးကြိုက်တဲ့ မုန့်စိမ်းပေါင်းလေး ဝယ်ခဲ့ပါ"ဟု ရယ်သံစွက်ကာ ဗလုံးဗထွေး ပြောလိုက်မိပြန်သည်။ မေမေ





'ညည်းပဲ မငြီး'ဟု ခါတိုင်းလိုပဲ ပြန်ပြောဏ်။ ဝေ သက်ပြင်းကို ကျိတ်ချရင်း လုပ်စရာရှိတာ မြန်မြန်သွက်သွက် လုပ်လိုက်သည်။ မေမေခေါင်းဖြီး၊ သနပ်ခါးလိမ်းကာ ဈေးသွားရန် ပြင်ဆင်သည်ကို လိုက်ကြည့်နေတော့မှ စိတ်ထဲမှာ နေသားတကျ ပုံမှန်ဖြစ်သည်။

အင်း၊ အရင်ကုန်ခဲ့တဲ့ သီတင်းနှစ်ပတ်၊ သုံးပတ်လောက်ကအတိုင်း ပါပဲလေ။ မေမေက ဈေးသွား၊ ချက်ပြုတ်ပြီးရင် ကျောင်းသွားမပေါ့။ ဖေဖေကတော့ နေမကောင်းဖြစ်လို့ ရုံးမတက်ဘဲ အိမ်မှာ ခဏနားနေတာ၊ ဒီတစ်ခုပဲ ထူးခြားတာပါ။ ကျန်တာ ခါတိုင်းလိုပဲ၊ ခါတိုင်းလိုပဲဟု ဝေသည် သီချင်းညည်းစပြုကာ ခါတိုင်းလိုပဲ မီးဖိုထဲဝင်တော့သည်။

မောင်လေးအတာ မျက်နှာသစ်ပြီးသည်နှင့် လက်ဖက်ရည်ဆိုင်ထွက်သွားတာကို အော်မလိုလုပ်ပြီးမှ မအော်ဖြစ်တော့ သူခါတိုင်းလို လုပ်သွားတာကိုပဲ ကျေနပ်နေမိသည်။

မနေ့ကထိတော့ ဖေဖေက သူနေမကောင်းဖြစ်တာ အနားရတာပေါ့၊ မဟုတ်ရင် ခွင့်တစ်ခါမှ ယူဖြစ်မှာ မဟုတ်ဘူးဟု ဆိုနေသေးသည်။ ရုံဖန်ရံခါ ရုံးမှ အလုပ်ကိစ္စတွေ စဉ်းစားရင်း သူသောက်ရမည့် ဆေးတွေတောင် မေ့လျော့နေသေးသည်။

ဝေ အိမ်နီးအိမ်နား ပတ်ဝန်းကျင်မှ အသံဗလံများကို နားစွင့်နေမိသည်။ ရွာလယ်လမ်းမတွင် လူသွား လူလာများကာ လှုပ်ရှားသက်ဝင်လာသည်။ အိမ်တွေမှလည်း မီးခိုးအူအူထွက်ကာ ချက်ပြုတ်နေကြပြီ ဖြစ်သည်။

ရှေ့တူရူရှိ ကွက်လပ်တွင် ကလေးတစ်စု မီးလှုံကာ စာအော်ကျက်နေကြသည်။ ဆော့သူကလည်း ဆော့နေ၏။ ဆောင်းရာသီရဲ့ မီးခိုးရောယှက်တဲ့ နှင်းစွက်သည့်လေကို ဝေ ချစ်သည်။ ဝေတို့ငယ်ငယ်ကလည်း မနက်စောစောမှာ မီးလှုံရင်း စာကျက်ခဲ့ကြသည်။ ကလေးတွေ စာကျက်သံ၊ ပြေးလွှားဆော့ကစားသံ နားထောင်ရင်း ဝေ့စိတ်ထဲ တစ်စုံတစ်ရာ ပျောက်ဆုံးသွားသလို ခံစားမိရသည်။

ဩော်၊ အချိန်ဆိုတာ ကိုယ်လိုချင်တဲ့ အရာရော၊ မလိုချင်တဲ့အရာ အားလုံးကို ယူဆောင်သွားတတ်ပါကလား။ ဘဝမှာ ရယူပိုင်ဆိုင်ခြင်း ဆိုတာ ရှိသလို ဆုံးရှုံးခြင်းလည်း ရှိနေသည်။ အကောင်းအဆိုး အမြဲဒွန်တွဲ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုအရာတို့အတွက် ခံစားရမှု အတိမ်အနက်သည် ခံစားသူ၏ စိတ်အခြေအနေပေါ် မူတည်နေပေမည်။

*

ဖေဖေသည် ဝေတို့အား ငယ်စဉ်ကတည်းက ယခုအချိန်ထိ တစ်ခါမျှ ဆုံးမပိတ်ပင်သည့်စကား မဆိုစဖူး၊ ဝေတို့စိတ်ကို ဘယ်တော့မှ ကန့်သတ် ပိတ်ပင်ခြင်းမရှိ၊ ချုပ်ချယ်ခြင်း မရှိ။

'သမီး ဒါမလုပ်နဲ့'ဟု ဖေဖေ ဘယ်တော့မှ မပြော–

"သမီးလုပ်သမျှ ဖေဖေကြိုက်တယ်။ သမီးကလည်း ဖေဖေလက်မခံနိုင်တာ တစ်ခုမျှ မလုပ်ဘူးဆိုတာ ဖေဖေ သိသားပဲ"

ကလေးဘဝကတည်းက 'ဟုတ်တယ် ဖေဖေ'ဟု အားရပါးရ ထောက်ခံခဲ့သည်။

မေမေ့စကားကိုတောင် 'ဟုတ်လား ဖေဖေ'ဟု အတည်ပြုချက်ယူပြီးမှ ယုံတတ်သည်။

ဖေဖေ ရှေ့ဆောင်လမ်းပြ ကျင့်ကြံသွားသမျှသည် ဝေ့တစ်သက်တာ အတွက် ဝေ့ကိုယ်ထဲ တစိမ့်စိမ့်ဝင်ကျန်ရစ်သည်။ အသက်အရွယ်ကြီးရင့်လာ လေလေ များများလက်ခံနိုင်လေ ဖြစ်သည်။

လောက၌ ဝေအချစ်ဆုံး၊ အားအကိုးဆုံး၊ အယုံကြည်ဆုံး၊ အလေးစားဆုံးပုဂ္ဂိုလ်မှာ ဖေဖေဖြစ်သည်။ ဘယ်လူတစ်ဦးတစ်ယောက်ကိုပဲ ကြည့်ကြည့် ဖေဖေချမှတ်သည့် စံပေတံနှင့် တိုင်းတတ်လာသည်။ အရွယ်ရောက်လို့ ဆင်ခြင်စဉ်းစားနိုင်လာတော့ ဝေအထင်ကြီးထားခဲ့သည့် လူတွေအတွက် ဝမ်းနည်းရသလို၊ ဖေဖေ့ပါရမီကိုလည်း အားကျအထင်ကြီးရသည်။

အရာရာတိုင်းအတွက် မတုန်လှုပ်သည့် အသည်းနှလုံး ဖေဖေ့မှာ ရှိသည်။ ချီးမွမ်းမြှောက်စားမှု၊ စော်ကားမှု၊ ကျေးဇူးပြုမှု စသော လောက၏ ရိုက်ခတ်မှု အားလုံးသည် ဖေဖေနှင့် ဘာမျှမဆိုင်။

"ဒါတွေ လူတွေလုပ်နေကြတာပဲ သမီးရဲ့၊ သူတို့ရဲ့ ကာယကံ ဝစီကံ၊ မနောကံ အားလုံးဟာ သူတို့နဲ့ပဲဆိုင်တယ်။ ဖေဖေတို့နဲ့ ဆိုင်တာမဟုတ်ဘူး' ဝေ ခံပြင်းဒေါသထွက်ရတိုင်း ဖေဖေ နှစ်သိမ့်နေကျ စကား။





ဝေကတော့ ဝမ်းနည်းလျှင်လည်း မျက်ရည်ကျ။ နာကြည်းလျှင်လည်း ငို၊ သူငယ်ချင်းတွေနှင့် ကတောက်ကဆဖြစ်လျှင်လည်း ခံပြင်းဒေါသထွက်၊ ကွယ်ရာရောက်လည်း တိတ်ဆိတ်စွာ မျက်ရည်ကျရသေးသည်။

ဖေဖေကတော့ 'လွယ်ပါတယ် သမီးရယ်၊ ကိုယ့်ကိုယ်သိပေါ့'ဟု ဆိုသည်။

"ကိုယ့်ကိုယ်ကိုယ် သိအောင်နေတော့ ဒါပျက်ရင် ဒါပြင်မယ်။ ဟိုဟာ ပျက်ရင် ဟိုဟာပြင်မယ်။ ဒါပဲပေါ့။ ဘယ်လောက်လွယ်သလဲ"

"ဟင်၊ ဖေဖေကလည်း သမီးကပဲ တစ်ချိန်လုံး သူများ ပြောသမျှ ခံနေရတော့မှာလား"

"သမီးက လူတွေကို လိုက်ပြင်ချင်နေတာကိုး။ မြတ်စွာဘုရားတောင် ပြင်လို့ ရခဲ့တာ မဟုတ်ဘူး။ သူများတွေ မကောင်းတိုင်း ကိုယ်ပါ ပျက်ရတော့မလား"

ထိုစဉ်က ဖေဖေပြောတာ ရေရေရာရာ နားမလည်ခဲ့ပေမဲ့ မှန်သည်ဟုတော့ သဘောပေါက်သည်။

"သမီးဘဝမှာကော ဘာတွေ လုပ်ခဲ့ချင်လဲ။ ဘာတွေဖြစ်ချင်လဲ ဖေဖေ့ကို ပြောပါဦး"

ဝေက အားရပါးရပင် 'ဟာ၊ အများကြီးပဲ ဖေဖေ၊ သမီးက နန်းတော်လောက်ကြီးတဲ့အိမ်နဲ့ နေချင်တယ်။ ပိုက်ဆံတွေ အများကြီးရချင်တယ်။ စိန်တွေ၊ ရွှေတွေ ဝတ်ချင်တယ်

"သမီးက တော်လိုက်တာ"ဟု ဖေဖေက ဆိုသည်။

"အဲဒါတွေ သမီးတစ်ယောက်တည်း လိုချင်တာတွေလို့ ထင်လား"

"လူတိုင်း၊ လိုချင်မှာပေါ့"

"အဲဒါတွေကို ပေးနိုင်တဲ့ကိုယ် မဖြစ်ချင်ဘူးလား"

'ဟာ၊ နှမြောစရာကြီး ဖေဖေရာ' ဝေက လက်ထဲမှာ မရှိသေးသည့် အရာမှန်သမျှ အားလုံးကို နှမြောသွားသည်။

'သမီးက တော်ပြန်ရော' ဖေဖေရယ်တော့ ဝေလည်း လိုက်ရယ်သည်။

"သမီး စဉ်းစားကြည့်လေ။ အဲဒါတွေ ပေးနိုင်တဲ့ ကိုယ်ဆိုတော့ ကိုယ့်မှာ အဲဒါတွေ ရှိနေလို့ ပြည့်စုံနေလို့ပေါ့။ ရှိလို့ပေးနေနိုင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ အမြဲတမ်း အခြားသူတွေကို ဖြည့်ဆည်းပေးနေတဲ့သူ ဖြစ်ချင်တယ်”

“ဝေရောပဲ”

ဘာမှန်းမသိသေးပေမယ့် ဖေဖေ ဖြစ်ချင်တာမို့လို့ ကောင်းမှာပဲဟု တွေး ကာ လိုက်ဖြစ်ချင်သွားသည်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဝေ့ဖိနပ်အသစ်စက်စက်ကလေး မစီးရက်လို့ သိမ်းထားတာကို ‘သမီးနဲ့ မတော်တော့လို့ အိမ်ရှေ့အိမ်က ညီမလေးကို ဖေဖေ ပေးလိုက်ပြီ’ ‘သမီးမှာ ကစားစရာတွေ များလွန်းလို့ နည်းနည်းပေးလိုက်ဦးလေ’ စတဲ့ စကားတွေအတွက် ဝမ်းနည်းစိတ်က ပျောက်ချင်မှ ပျောက်သေးသည်။

ဖေဖေက သာမန် လစဉ်စားနိုင်သောက်နိုင်ရှိရုံ ဝန်ထမ်းတစ်ဦးသာ။ တစ်လတစ်လကို အင်မတန် ခြိုးခြံသုံးစွဲနိုင်လို့ လောက်တာဟု မေမေ့စကားတွေအရ သိရသည်။ ဒါပေမဲ့ ဆွေမျိုးသားချင်း အားလုံးကို လိုအပ်ရင် လိုအပ်သလို ဖေဖေကူညီထောက်ပံ့နိုင်ခဲ့သည်။

မေမေက ‘ဒီအတိုင်းချည်း နေသွားလို့ မဖြစ်ဘူး။ ကလေးတွေလည်း ကြီးလာဦးမှာ၊ စီးပွားရေးတစ်ခုခုလုပ်မှပဲ’ဆိုလျှင်–

“ပူမနေစမ်းပါနဲ့၊ ထမင်းဝအောင် စားရတယ်။ အဝတ်အစားကောင်းကောင်း ဝတ်ရတယ်။ တော်ပြီပေါ့။ ကဲကဲ နင် ဘာလိုချင်လဲ ပြော၊ ခုပြော မနက်ဖြန်ယူမလား၊ နောက်တစ်နေ့ ယူမလား။ ရစေရမယ်”

“နောင်ရေးဆိုတာ ရှိတယ်လေ၊ ကျွန်မတို့ မရှိတော့ရင်လည်း သူတို့အတွက် အမွေအနှစ်ထားခဲ့ရအောင်ပေါ့”

“ဖေဖေက တန်ဖိုးဖြတ်လို့ရတဲ့ အမွေ မပေးဘူး။ တန်ဖိုးဖြတ်လို့မရတဲ့အမွေတွေပဲ ပေးသွားမှာ”

ဝေတို့အိမ်မှာ မေမေက သူလုပ်ချင်သည့် ဆန္ဒတစ်ခုခု ထုတ်ဖော်ပြောလျှင် ဥပမာ–

‘အလှူမလုပ်တာလည်း ကြာပြီ၊ အလှူလေးတစ်ခုလောက် လုပ်ချင်ပါရဲ့’ဆိုပါက ‘ဘယ်နေ့လုပ်ချင်လဲ’ဟု ဖေဖေက စကားပြန်တတ်သည်။ ဖေဖေလေသံရဲ့ နိုင်မာမှုကို ကြည့်၍ မေမေ့နှုတ်မှ ဘယ်နေ့ ဘယ်ရက်ဟု တိကျစွာ ပြောထွက်သွားသည်ချည်း။ ဒါပေမယ့် အဲဒီအချိန်မှာ ဝေတို့အိမ်မှာ အိမ်စရိတ်





ကို သူများဆီက ချေးသုံးနေရတဲ့ လဖြစ်ချင်ဖြစ်မည်။ သို့သော် အားလုံး ချောချောမွေ့မွေ့ စိတ်ကြောင့်ကြကင်းကင်းနှင့် ဖြစ်မြောက်ခဲ့ရသည်ချည်းသာ။

အိမ်မှာမည်မျှလောက် ပြတ်လပ်နေသည့်အခါ ဖြစ်ပါစေ။ အရေးတကြီး လိုအပ်လာပါက ဖေဖေ့အနေနဲ့ သူ့စည်းဝိုင်းအတွင်းမှနေ၍ အကောင်းဆုံး အနေအထားသို့ ရောက်အောင် လုပ်ဆောင်ဖြည့်စွမ်းနိုင်ခဲ့သည်သာ။

ဖေဖေ ဘာကြောင့် လုပ်နိုင်သလဲ။ ထိုစဉ်ကတော့ မသိခဲ့။ ‘ဖေဖေ့မှာ ရွှေတွင်းရှိတယ်’ဆိုတဲ့ စကားကိုတောင် ယုံချင်သလိုလို ဖြစ်ခဲ့သည်။

ဖေဖေသည် သူ့အနီးရှိ လူတွေအားလုံးကို အမြဲတမ်း စိတ်ရောကိုယ်ပါ သက်သောင့်သက်သာ ဖြစ်နေနိုင်စွမ်းသည်။

•

ဝေ မီးဖိုထဲမှာ နေရာလပ်မကျန်အောင် ဆော့ခဲ့ကြည့်သည်။ မျက်စိက ခါတိုင်းလိုမဟုတ်ဘဲ နေသားတကျ မဖြစ်သည့် အရာမှန်သမျှ အားလုံး မြင်နေသည်။

‘တံမြက်စည်းကို အရင်က ဒီမှာ မထောင်ပါဘူး’၊ ‘ဒီရေစစ်က ဒီလို မချိတ်ပါဘူး’၊ ‘စားပွဲခင်းလည်း အရင်ခင်းတဲ့ အလှောင်းကို ပြန်ခင်းဦးမှ’

ဖေဖေ့အခန်းထဲမှ ချောင်းဆိုးသံ ကြားရသည်။ ဝေ့စိတ်ထဲ ပျာသွားသည်။ ချက်ချင်း ငြိမ်သွားအောင် ပြန်ထိန်းသည်။ ဖေဖေ နားပါစေလား။ မအိပ်ရတဲ့ရက်တွေ ဆက်လာပြီ၊ ချောင်းဆိုးပြီးရင် မောတော့မည်။ ဝေ့အောက်မှ ကြမ်းခင်းသည် ထိမိလျှင် ကွဲအက်သွားမလို သတိကြီးစွာဖြင့် ဖေဖေ့အခန်းသို့ တစ်လှမ်းချင်း လှမ်းခဲ့သည်။ သေးငယ်သော အသံကလေးသည်ပင် ဖေဖေ့အား ထိခိုက်သွားမည်လား။ တံခါးလက်ကိုင်ဘုကို ကိုင်ရင်း ချောင်းဆိုးသံရပ်မည်ကို နားစွင့်နေမိသည်။

ဝေတို့တွေ့သမျှ အဆိုးဆုံးအခြေအနေများသည် ဖေဖေ့အတွက် အသေးအဖွဲ့ဖြစ်သွားသည်များကို အခါခါကြုံဖူး၍ ဖေဖေသည် အဆိုးဆုံး အခြေအနေများကို ကျော်လွှားနိုင်သူဟု ဝေ ယုံကြည်သည်။

ဖေဖေက အဆုပ်မကောင်း၊ အဆုပ်ဆေးတွေ မကြာခဏ သောက်ရသည်။ ရန်ကုန်သို့ အလုပ်ကိစ္စနှင့် သွားရတိုင်း ဆေးခန်းပြဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လျှင် သူ့ကျန်းမာရေးထက် အလုပ်တာဝန်နှင့် မိသားစုကိစ္စရပ်များကို အာရုံစိုက်လွန်းသည်။ တစ်လျှောက်လုံး ဆေးစား၊ ဆေးကုနေရသော်လည်း မည်သူကမျှ ရောဂါသည်ဟု မထင်၊ အိမ်သားတွေက ပိုလို့မထင်၊ လူကောင်းတစ်ယောက်နှင့် မခြား လုပ်စရာရှိတာတွေ လုပ်နေနိုင်သည်။

ဖေဖေ ခရီးသွား၍ သုံးလေးရက်လောက် အိပ်ရေးပျက် ပင်ပန်းလာလျှင်လည်း တစ်ညနားရုံနှင့် အိပ်ရေးဝသည်။ အမောပြေသည်ဟု ထင်ရသည်။ မနက်ကျ အချိန်မီ ရုံးတက်နိုင်သည်။ တစ်ခါတစ်ခါ ဖျားနာနေသည်ကိုပင် မေ့လျော့ကာ အလုပ်မှာ နစ်မြုပ်နေတတ်သည်။

ယခုလည်း 'ဖေဖေ ဘာမှ မဖြစ်ဘူး'ဟု ဆိုသည်။ ဖေဖေ့စကားမို့ ဝေ ယုံသည်။ နေ့ရောညပါ တစ်မှေးမှ မှေးစက်ခွင့်မရဘဲ အလူးအလဲ မတန့်တင်း ချောင်းဆိုးကာ မောဟိုက်စွာ နေရသည့်ရက်တွေမှာလည်း ဖေဖေ့နှုတ်မှ တစ်ချက်မညည်း။

'ဖေဖေ နေသာတယ်' 'အလကား အိပ်ရေးပျက်ခံနေကြတယ်' 'ထွေးခံကို ဖေဖေနားရွှေ့ထားခဲ့' 'စောင့်မနေနဲ့ အိပ်ကြတော့' စတဲ့ စကားတွေသာ တွင်တွင်ဆိုသည်။

ဒီတစ်ခေါက် ဖေဖေ့အား ဆရာဝန်က ဆေးတစ်လစာ ပေးလိုက်သည်။ ကောင်းကောင်း နားရမည်။ ပြီးလျှင် ပြန်ပြရမည်ဟု ဆိုလိုက်သည်။ ပြန်လာတော့လည်း ခရီးပန်းလာသည်။ ရာသီဥတုကလည်း အေးသည်။

'ဆေးသောက်ပြီး အနားယူမယ်။ ဆေးပတ်လည်ရင် ကောင်းသွားလိမ့်မယ်' ဆိုကာ ဖေဖေက သူ့အလုပ်ကိစ္စတွေ စဉ်းစားနေသည်။

ဒါပေမဲ့ ဝေ့ရင်ထဲ တင်းကျပ်နေသည်။ ချောင်းမဆိုးပါနဲ့၊ မမောပါနဲ့ ဖေဖေရယ်ဟု ဝေတောင်းပန်နေမိသည်။

ဝေတံခါးဝမှာ အကြာကြီးရပ်နေမိသည်။ ဝေ့နောက်မှ မေမေလာရပ်သည်ကိုပင် ဝေမသိ။

"မေမေ"

မေမေနှင့် ဝေမျက်လုံးချင်း ဆုံမိသည်။ ဝေ့ကို အားပေးသလို ပြုံးပြသည်။ 'မေမေတောင် ဈေးကပြန်ရောက်ပြီ' ဟု တိုးတိတ်စွာ ဆိုသည်။

ဝေ့လက်သည် တံခါးလက်ကိုင်ဘုပေါ်တွင် လည်သွားသည်။





ဖေဖေ့မျက်နှာ ချောင်ကျနေသည်။ နှုတ်ခမ်းများကမူ ပြုံးနေ၏။ ဖေဖေ့မျက်လုံးတွေက ဝေတို့ကို ဟိုးခပ်ဝေးဝေးမှ လှမ်းကြည့်နေသလို ထင်ရသည်။

"ဖေဖေ"

"အေး နေသာတယ်။ သမီး လုပ်စရာရှိတာလုပ်"

ဖေဖေ့မျက်လုံးတွေ ပြန်ပိတ်သွားသည်။ နှုတ်ခမ်းများက ပွင့်ဟနေသည်။ ခန္ဓာကိုယ်သည် အနည်းငယ် လှုပ်ခါချင်နေသည်။ မေမေသည် ကျောင်းဝတ်စုံလဲပြီးမှ ကျောင်းသွား မသွား ချီတုံချတုံဖြစ်နေ၏။ နောက်တော့ ခြင်းတောင်းဆွဲပြီး ခပ်လေးလေးထွက်သွားလေသည်။ ဝေက နေ့လည်တွင် အဝတ်တွေ ဆင်းလျှော်သည်။ သီချင်းလေးလည်း ဆိုစပြုသည်။

အိမ်မှာ ပါးလွှာသည့် ကန့်လန့်ကာတစ်ခု ဖုံးလွှမ်းနေသည်ဟု ဝေထင်သည်။ မောက်တွင်း၍လည်း မြင်နေရ၏။ ကန့်လန့်ကာကို လှစ်လိုက်လျှင် တစ်စုံတစ်ခု ရုတ်ရုတ်သဲသဲ ဖြစ်သွားမည်ထင်သည်။ ကြီးမားသော အင်အားတစ်ခု အိမ်ကိုချုပ်ကိုင် လွှမ်းမိုးထားသည်။ ဖေဖေ၏ အင်အားများပဲ ဖြစ်ပေမည်။ အပြင်ပန်း အနေအထားနှင့် အားလုံး၏ ဣန္ဒြေအတွက်တော့ ဝေကျေနပ်မိသလို ရင်မှာလည်း မချိဖြစ်ရသည်။

ညနေတွင် အိမ်နီးနားချင်းတွေ တစ်ယောက်ပြီးတစ်ယောက် သတင်းမေး ရောက်လာကြသည်။ သူတို့မျက်နှာတွေ မကောင်းကြ။ ဝေ့သူငယ်ချင်းတစ်ယောက်ကလည်း ဝေ့ကို အားပေးဖို့ စကားလုံးရှာသည်။ ဝေက အ သာ အယာ ရှောင်ထွက်လိုက်သည်။

ဒါ ဖေဖေလေ၊ အခြားသူမဟုတ်ဘူး။ သူတို့အားလုံးကို ဒီလောက် စိုးရိမ်စရာ မဟုတ်ကြောင်း ဝေပြောပြချင်နေ၏။ ဧည့်သည်တွေနှင့် စကားပြောစဉ် မေမေ့အသံလေးက လှိုက်လှဲကာ တိုးတိတ်နေလေသည်။

ရေနွေးကြမ်းငှဲ့သံ၊ အသက်ရှူသံ၊ ချောင်းဟန့်သံတွေသာ ကြားရပြီး အားလုံး တိတ်ဆိတ်နေသည်။ ညဉ့်နက်လာသည်နှင့်အမျှ ဧည့်သည်အားလုံး ပြန်ကုန်ကြသည်။

ဖေဖေ့အခန်းထဲတွင် ရေနံဆီမီးအိမ်အလင်းရောင် မှိန်မှိန်နှင့် ဖေဖေ၏ မောမောဟိုက်ဟိုက် အသက်ရှူသံသာ ကျန်ရစ်ခဲ့သည်။ နာရီလက်တံသံ



www.burmeseclassic.com

www.burmeseclassic.com



သည် ကျယ်လောင်လှ၏။ အချိန်ကာလသည် ကြန့်ကြာကာ ဖိစီးလေးလံမှု ရှိနေသည် ထင်ရ၏။ တစ်စုံတစ်ရာ ဝင်ရောက်နှောက်ယှက်နေသည်။ လူ မမှာကို ဘယ်လိုကယ်ရမလဲဟူသော အတွေးသည် ဝေတို့အား နှိပ်စက် ပြုလာသည်။

မေမေသည် အနည်းငယ် ပျာနေသည့်ဟန်ကို ထိန်းထားသည်။ ရွာမှာ လောလောဆယ် ဆရာဝန်မရှိ။ ဆေးရုံဆေးခန်းသို့ အလွယ်တကူ ရောက် သွားနိုင်သည့် လမ်းပန်းဆက်သွယ်မှု အခြေအနေမရှိ။ ဝေ့လည်ချောင်းမှာ တစ်စုံတစ်ခု တစ်ဆို့နေသည်။

ဖေဖေနေကောင်းသွားမှာပါဆိုတဲ့ စကားနဲ့ ဖေဖေ့စွမ်းအားတွေအတွက် ဝေ ထိတ်ထိတ်ပျာပျာဖြစ်လာသည်။ အချိန်သည် ပြတ်သားသော အဖြေတစ်ခု ကို သယ်ဆောင်လာတော့မည်။ ပြီးလျှင် ဝမ်းနည်းဖွယ်ရာ ကာလတို့ကို ဝေ တို့အတွက် ထားရစ်ကာ သူကတော့ ဟူဇြေ့ရရ ရှေ့သို့ ခရီးဆက်ပေမည်။

ဖေဖေ တစ်ညနေလုံး မောနေသည်။ ညတွင် ဝေရော၊ မေမေပါ အနားမှ မခွာနိုင်တော့။ နှစ်ယောက်စလုံးသည် တုန်ရင်စွာ လှုပ်ရှားနေကြ သည်။

ဖေဖေ့အသက်ရှူသံ တဖြည်းဖြည်း မှိမ်းကျပ်လာတာကိုကြည့်ပြီး ဝေ ရင်မှာ ဆို့နင့်လာသည်။ မေမေက ခုတင်တိုင်ကို မှီ၍ရပ်ကာ ဖေဖေ့ကို မမှိတ်မသုန် ကြည့်နေ၏။ ပြတင်းမှန်တံခါးကို ဖြတ်ကျော်ဝင်ရောက်လာ သည့် လရောင်ကြောင့် မေမေ့မျက်ဝန်းမှာ မျက်ရည်တွေ စိုလက်နေတာ ဝေ မြင်ရသည်။

ဝေ ဖေဖေ့ကိုယ်ကို ဖေးမထားသည်။ ဖေဖေ အသက်ရှူရခက်သထက် ခက်လာသည်။ ဖေဖေ့နှလုံးခုန်သံလည်း နှေးသထက်နှေးကာ ဝေနှင့် အဝေး ကြီးဝေးသွားသလို ခံစားလာရ၏။ ဝေ့တစ်ကိုယ်လုံးလည်း မှိမ်းကျပ်သွားပါ သည်။

ဖေဖေ့ နှလုံးသွေးရိုက်ခတ်သံကိုတောင် ဝေ ထင်ထင်ရှားရှား မခံစား ရတော့။ ဒီနှလုံးသားကနေ ဝေ့မှာ မိတ္တူကူးစရာတွေ အများကြီးရှိသေးတယ်။ ဝေ့အနားမှာ ဖေဖေရှိနေတယ်ဆိုတဲ့ အဖြစ်ကို ဝေ တစ်ဘဝစာ ဆုံးရှုံးရတော့ မည်လား။



ဝေ့မျက်ရည်တွေ ခမ်းခြောက်သွားပြီပါသည်။ အခိုက်အတန့်အားဖြင့် လည်း မိန်းမောနေ၏။ ဖေဖေ့ဦးခေါင်းက ဝေ့ဘက်သို့ ငိုက်ကျနေသည်။ ဖေဖေ့ကိုယ်ကို ဝေ တင်းတင်းကျပ်ကျပ်ဖက်ထားသည်။ မေမေသည် ခုတင် တိုင်နားတွင် ပုံလျက်ထိုင်ကာ မျက်နှာကို ခုတင်ပေါ် မှောက်ထား၏။ လက် တစ်ဖက်ကလည်း ဖေဖေ့ကို အထပ်ထပ်ခြုံထားသည့် စောင်တွေကို တင်းတင်း ပါအောင် ဆွဲဆုပ်ထားလေသည်။

ဖေဖေသည် ခရီးရှည်တစ်ခုအတွက် ပြင်ဆင်လေပြီ။ အပြင်ဘက်တွင် လရောင်သည် အတိုင်းမသိ။ လရောင်သည် အမှောင်ကို အစွမ်းရှိသမျှ နှပ် ယူထားသည်။ ပြီးပြည့်စုံသော အလင်းရောင်ဟု မဆိုလိုနိုင်သော်လည်း လောကကို အလှဆင်ထားသည်မှာ ဘာနှင့်မျှ လဲ၍မရပေ။

ဒီအချိန်မှာ ဒီလိုဖြစ်ရမယ်လို့ ဘယ်သူက သတ်မှတ်ပေးလိုက်ပါလိမ့်။ သဘာဝတရားသည် နက်နဲလှ၏။ ကျယ်ပြန့်လှ၏။ အတိုင်းမသိသော လျှို့ဝှက် သိပ်သည်းမှုတွေ၏ နောက်သို့ ဝေတို့ လိုက်နိုင်စွမ်းမရှိ။

ထုတ်တန်းတွင် ဆွဲထားသည့် ရေနံဆီမီးအိမ်သည် အနည်းငယ် လှုပ် ရှားနေသည်။

တစ်ပတ်လုံးလုံး အိပ်ရာပေါ် လှဲခွင့်မရခဲ့တဲ့ ဖေဖေ့ခန္ဓာသည် ယခုမှ ငြိမ်းချမ်းမှု ရရှိသွားသည်။ တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ မည်သည့် အသံတစ်သံမျှ ထွက်မလာပါ။ ဝေ့ခေါင်းကို အမှော် ဝေ့အကြည့်သည် ဖေဖေ့ ခုတင်ခေါင်းရင်းရှိ နံရံတွင် ရေးထားသော စာတန်းဝယ် ရပ်တန့်သွား ပါသည်။

မေတ္တာမှတစ်ပါး အဘယ်အကြွေးမျှ မတင်ပါစေနှင့်

ဖေဖေ

ချယ်ရီ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ၊ အမှတ်(၉၀)

သင်းစုရှည်မင်း

www.burmeseclassic.com